
www.burmeseclassic.com

ထောင်မှူးကြီးသိန်းဝင်း

# အဖန်ငါးကျင်းကမ္ဘာကို မကြောက်ကြသူများ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၃၈၉၀၄၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၅၁၀၀၅၁၁

**စီစဥ်သူ** ။ ကိုတင်ထွန်း

**ပုံနှိပ်ခြင်း**

ပထမအကြိမ် ။ ၂၀၁၁၊ဖွန်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

**ပုံနှိပ်သူ**

နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၅၀၀ကျပ်

၈၉၅ ၊ ၈၃

သိန်းဝင်း၊ထောင်မှူးကြီး
အဖနိုင်ငံရာငါးကမ္ဘာကိုမကြောက်ကြသူများ /ထောင်မှူးကြီးသိန်းဝင်း ။
– ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၂၄၄–စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁) အဖနိုင်ငံရာငါးကမ္ဘာကိုမကြောက်ကြသူများ

## စာရေးသူ၏အမှာစာ

မြတ်စွာဘုရားရှင်သည် မနုဿတ္တဘာဝေါ ဒုလ္လဘောတု ဟောကြားခဲ့ပါသည်။ ဒုလ္လဘတရား (၅) ပါးရှိသည်။

၁။ ဘုရားရှင်နှင့်မိုဖို့၊ ဘုရားရှင်၏သာသနာအတွင်းမှာ လူဖြစ်ဖို့ခက်ခဲခြင်း။

၂။ သူတော်ကောင်းတရားနာကြားဖို့ ထောင်နိုင်တဲ့နားရှိဖို့ ခက်ခဲခြင်း။

၃။ လူသားအဖြစ်ရရှိဖို့ ခက်ခဲခြင်း။

၄။ ယုံကြည်ထိုက်သောတရားများကို ယုံကြည်ဖို့ ခဲယဥ်းပြီး မယုံကြည်ထိုက်သော အဓမ္မတရားများကိုတော့ ယုံကြည်လွယ်ခြင်း။

၅။ ရဟန်းအကျင့်ကိုရရှိဖို့ ခဲယဥ်းခြင်း။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

လူ့ဘဝရရှိဖို့က အလွန်ခက်ခဲပါသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် တစ်နေ့သောအချိန်တွင် ရဟန်းများရှေ့၌ မြေမှုန့်တစ်ဆုပ်ကိုကျုံးပြီး လက်သဲခွံပေါ်တင်လိုက်သည်။ ပြီးနောက် နောက်လိုက်ရဟန်းများအား မေးသည်။ 'ငါ၏လက်သည်းခွံပေါ်၌တင်ရှိသော မြေမှုန့်နှင့် ဤမဟာပထဝီမြေကြီးပေါ်တွင်ရှိသော မြေမှုန့်တို့တွင် ဘယ်မြေမှုန့်က များသနည်း' ဟုမေးရာ နောက်လိုက်ရဟန်းအပေါင်းက 'ဤမဟာပထဝီမြေကြီးပေါ်မှမြေမှုန့်များမှာ တူနိုင်း၍မရအောင် များပါသည်အရှင်ဘုရား' ဟုဖြေကြသည်။

မြတ်စွာဘုရားရှင်က 'ဟုတ်ပေသည်။ ငါ၏လက်သည်းခွံပေါ်တွင်ရှိသော မြေမှုန့်များလောက်သာ လူ၊ နတ်၊ ဗြဟ္မာအားလုံးတို့ စုတေကွယ်လွန်သွားလျှင် လူ၊ နတ်၊ ဗြဟ္မာ ပြန်ဖြစ်နိုင်တယ်။ ကျန်တာအားလုံး အပါယ်လေးဘုံကို ပြန်ဆင်းသွားကြရတယ်။

ဒါကြောင့်မို့ ဝိပဿနာတရားထူးကို မကျင့်သေးတဲ့ပုဂ္ဂိုလ်များအားလုံး အပါယ်ကိုဆင်းရမှာ သေချာတယ်။ အပါယ်ကိုကျသွားပြီးရင်လည်း သုဂတိဘုံကိုပြန်ရဖို့ ခက်ခဲကြောင်း 'လိပ်ကန်း' ဥပမာနဲ့ တရားတော်ကြားခဲ့ပါသည်။

(ကာဏကစ္ဆပသုတ္တန်)

ကျွန်ုပ်၏ ဤဝတ္ထုတွင် ရခဲလှသောလူ့ဘဝကို တန်ဖိုးမထားပဲ မိမိကိုယ်မိမိ အဆုံးစီရင်၍ သတ်သေသူများအကြောင်းကို ရေးဖွဲ့ထားပါသည်။ မိမိကိုယ်မိမိ သတ်သေကြသူများမှာ ရှေးဘဝအစဉ်အဆက်က 'အထုံရေစက်များ'ကြောင့် ဖြစ်ပေသည်။

ယခုဘဝတွင် မိမိကိုယ်မိမိ သတ်သေခြင်းမှာ အစဘဝလော၊ အလယ်ဘဝလော၊ အဆုံးသတ်ဘဝလော သာမန်ပုထုဇဉ်များဖြစ်ကြ၍



လည်း 'ဇာတိသရဉာဏ်'ကို မရနိုင်၍ မမြင်နိုင်ကြပါ။

စိတ်ခံစားမှုဒဏ်ကို မခံနိုင်၍ နောင်ဘဝပေါင်းများစွာ 'အဝန်ငါးရာငါးကမ္ဘာ'ကို မကြောက်မရွံ့ မယုံကြည်ကြသူများ ကမ္ဘာပေါ်၌ များစွာ ရှိနေပါသည်။

သေချင်းတရားလေးပါးတွင် မိမိကိုယ်မိမိ သတ်သေခြင်းမှာ 'ဥပစ္ဆေဒက'ကံထဲ၌ ပါဝင်သော သေချင်းဆိုးဖြစ်သည်။

အထက်တွင် ကျွန်ုပ်ဆိုခဲ့သည့်အတိုင်း လူ့ဘဝသည် အလွန်ရခဲပါသည်။ ထို့ကြောင့် မိမိကိုယ်နှင့်စိတ်ကို မိမိထိန်းသိမ်းပြီး ဆင်ခြင်တုံတရားဖြင့် သတိထားနိုင်ကြပါရန် ဤဝတ္ထုကိုရေးပါသည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၁]

'မနုဿတ္တဘာဝေါ ဒုလ္လဘော'ဟု ဘုရားရှင်က ဟောကြားဆုံးမခဲ့ဖူးပါသည်။ လူ့ဘဝကိုရရှိရန် အလွန်ခဲယဉ်းသည်ဟု ဆိုပါသည်။ ဗြဟ္မာ့ပြည်က အပ်တစ်စင်းပစ်ချလိုက်လျှင် လူ့ပြည်က အပ်တစ်စင်းဖြင့် ဆုံနိုင်သော်လည်း လူ့ဘဝရရှိရန် လွန်စွာခက်ခဲလေသည်။

လူဖြစ်လာလျှင်လည်း ရေးဘဝကုသိုလ်ကံကြောင့် ဆင်းရဲချမ်းသာဘဝများ ကွာခြားကြသည်။ လူတို့ပြုသော ကုသိုလ်ပြုလုပ်ခါနီးရာ၌ပင် လူဖြစ်လျှင် လူချမ်းသာ၊ နတ်ဖြစ်လျှင် နတ်ချမ်းသာ၊ ဗြဟ္မာဖြစ်လျှင် ဗြဟ္မာချမ်းသာဖြစ်စေရန် ရည်သန်၍ ဆုတောင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'အတ္တာဟိ အတ္တနော နတ္ထော'ဟု ဘုရားရှင်က မိန့်ကြားခဲ့ရာ 'မိမိကိုယ်ကိုသာ အားကိုးရာ'ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ လူ့ဘဝတွင် လူပီသသောအလုပ်ကိုလုပ်လျှင် ကံကောင်းမည်။ စေတနာမှန်လျှင် တန်ပြန်ကျေးဇူးကို ခံစားရမည်မှာ ဆုတောင်းစရာမလိုပဲ လောကနိယာမတရားပင် ဖြစ်ပါသည်။

လူ့ဘဝသည် လွန်စွာရခဲလှသည်။ ထိုခက်ခဲစွာရလာသော လူ့ဘဝကို တန်ဘိုးထားရမှန်းမသိပဲ မိမိကိုယ်ကိုစွန့်လွှတ်ရန် ကြံရွယ်သူများမှာ 'ပုဂ္ဂလိက စိတ္တဇ အမြင်'ရှိသူများ၊ မိမိကိုယ်ကိုမိမိ မသုံးသပ်နိုင်ပဲ တရားမရှိသူများ၊ ရှေးဘဝက အထုံရေစက်ရှိကြသူများ ဖြစ်ကြလေသည်။ မိမိကိုယ်ကိုမိမိ အဆုံးစီရင်ခြင်းမှာ စိတ်ခံစားမှုကို မချုပ်တည်းနိုင်ပဲ နောင်ဘဝပေါင်းများစွာ 'အဖန်ငါးရာ ငါးကမ္ဘာ' တိုင်အောင် ခံစားကြရမည့် ဒုက္ခများကို မကြောက်မရွံ့၊ မယုံကြည်ကြသူများဖြစ်ကြပေသည်။ ထိုလူမျိုးများ ကမ္ဘာပေါ်ရှိ တိုင်းပြည်တိုင်း၊ နိုင်ငံတိုင်း၌ ရှိကြသည်မှာ အံ့သြစရာကောင်းလှပေသည်။ ထိုလူများထဲမှ ကျွန်ုပ်နှင့် ရင်းနှီးကျွမ်းဝင်ပြီး မိမိကိုယ်မိမိ အဆုံးစီရင်သူများအကြောင်းကို စာဖတ်သူများအား ကျွန်ုပ်လက်လှမ်းမီသမျှ ဖောက်သည်ချ၍ ရေးသားပါမည်။ ရခဲလှသော လူ့ဘဝကို ဆင်ခြင်သုံးသပ်ပြီး ချင့်ချိန်တန်ဘိုးထားနိုင်ကြပါရန် ရည်ရွယ်၍ ရေးသားရခြင်းဖြစ်ပေသည်။

ကလျာဏပုထုဇဉ်၊ အရိယာပုထုဇဉ်၊ အန္ဓပုထုဇဉ် ပုထုဇဉ်ဟူ၍ ပုထုဇဉ်လေးမျိုးရှိရာ လူသည် နောက်ဆုံးပုထုဇဉ်မျိုး၌ ပါဝင်သည်။ လူဖြစ်သည်နှင့် ပုထုဇဉ်ရိုးရိုးသာဖြစ်၍ အတ္တက တွဲနေသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားများကို သေးချိတ်ပြီး မျက်ကန်း တစ္ဆေမကြောက်ရသည့်နည်းဖြင့် စီးပွားရှာကြသည်။ ထို့ကြောင့် ဒုက္ခအမှားများကို တွေ့





ကြရသည်။ ပြဿနာတိုင်းတွင် အဖြေရှိသည်။ အချိန်ပေး၍စောင့်လျှင် ပြေလည်စွာ ဖြေရှင်းနိုင်မည်ဖြစ်သော်လည်း မစောင့်နိုင်ကြ။ 'တိုက်သာတိုက်ရှုံး၊ ဆက်တိုက်ရှုံး၊ နောက်ဆုံးအောင်ပွဲခံရမည်'ဟူသော စိတ်ဓာတ်မျိုးမရှိကြ။ မိတ်ဆွေကောင်းနှင့် တရားမရှိသူများလည်း ဖြစ်နိုင်လေသည်။

'ဝီရိယနှင့်ဉာဏ်ပါမှ ကံက ကူညီနိုင်မည်'ဆိုသည်ကို မေ့နေကြပုံရသည်။ ဒုက္ခနှင့်သုခသည် လူ့ဘဝသံသရာ၌ လူတိုင်း၌ရှိသည်။ အသက်အရွယ်ကြီးလာလေ ဆင်ခြင်တုံတရားကို သိမြင်လာလေဖြစ်ရပေမည်။ 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ' တရားသည် မွေးဖွားစဉ်ကတည်းက ပါလာပြီးဖြစ်သည်။ မိမိကိုယ်မိမိ မသတ်သော်လည်း တစ်နေ့တွင် သေခြင်း (၄)မျိုးဖြင့် သေရမည်သာဖြစ်သည်။

သေခြင်းတရားလေးပါးတွင် (၁) အာယုက္ခယ – သက်တမ်းကုန်ဆုံး၍သေရခြင်း၊ (၂) ကမ္မက္ခယ–ကံကုန်၍သေရခြင်း၊ (၃) ဥပယက္ခယ – ကံနှင့် သက်တမ်းကုန်ဆုံး၍သေရခြင်း၊ (၄) ဥပစ္ဆေဒက – လုပ်ကြံသတ်ဖြတ်၍ သေရခြင်းတို့ အမျိုးမျိုးရှိရာ ဥပစ္ဆေဒကကံဖြင့် သေရခြင်းမှာ အဆိုးဆုံးဖြစ်သည်။ မိမိကိုယ်မိမိ အဆုံးစီရင်ခြင်းမှာလည်း ဥပစ္ဆေဒကကံဖြင့် အကျုံးဝင်ပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျွန်ုပ်တို့အား အကျဉ်းစီးဌာနက ထောင်မှူးလောင်းအဖြစ် ရွေးချယ်ခန့်အပ်ပြီး အင်းစိန် ဗဟိုအကျဉ်းထောင် (ရွာမ) သင်တန်းကျောင်းတွင် သုံးလခွဲသင်တန်း တက်ရသည်။ သင်တန်းသားမှာ ၆၆ ယောက်ရှိသည်။ (က • သ) အမှတ်စဉ် (၁)က ကိုကျော်ရှိန်၊ နောက်ဆုံးကျောင်းသား (က • သ) အမှတ်စဉ် (၆၆) မှာ ဗလကြီးကိုအေးချို၊ ကျွန်ုပ်က (က • သ) အမှတ် (၅၂)ဖြစ်သည်။

ကျွန်ုပ်တို့ထဲတွင် ကျွန်ုပ်နှင့် က • သအမှတ် (၅၃) ကိုအေးမြင့်၊ က • သ အမှတ် (၅၄) လူပေါ်ကိုမြင့်ဆွေကြီးတို့ ခြားပြီး ရှိနေသူမှာ က • သ အမှတ် (၅၅) ကိုပြုံးချိုဖြစ်သည်။ သူက ကျွန်ုပ်တို့သင်တန်းသား များအထဲ၌ အသက်အငယ်ဆုံးဖြစ်သလို ပြုံးချိုဟူသောနာမည်ဖြင့် လိုက် အောင် အမြဲတမ်း ပြုံးရွှင်စွာနေတတ်သည်။ သဘောကောင်းသဖြင့် လူချစ်လူခင်လည်း များသည်။ စာလည်း အလွန်တော်သည်။ ရုပ်ရည် မှာ ကုလားဆင်ဖြစ်ပြီး အမွှေးအမျှင်သန်စွမ်းသည်။ သင်တန်းဆင်းတော့ သူက စံပြသင်တန်းသားဆုရသည်။ ထိုက်ထိုက်တန်တန်ရခြင်းဖြစ်၍ ကျွန်ုပ်တို့အားလုံး သူ့အတွက် ဂုဏ်ယူမိသည်။ တာဝန်ထမ်းဆောင်ရ





တော့လည်း သူ့ဇာတိ၊ တောင်ငူမြို့တွင် ပြန်လည်တာဝန်ထမ်းဆောင် ရသည်။

၁၉၇၆–၇၇ ခုနှစ်များတွင် ကျွန်ုပ်တို့ အပါတ်စဉ် (၆) ထောင်မှူးသင်တန်းများ၊ ဖောင်ကြီးသင်တန်းကျောင်း ဖေယျသင်တန်း အပါတ်စဉ် (၂၉) နှင့် (၃၀) တို့တွင် နှစ်သုတ်ခွဲ၍ သင်တန်းတက်ကြ ရရာ ဖေယျ (၃၀) သင်တန်းအပါတ်စဉ်တွင် ကိုပြုံးချိုနှင့် ကျွန်ုပ်တို့ ပြန်ဆုံကြသည်။ သူကတော့ ပင်ကိုယ်ဗီဇအတိုင်း ပြုံးပြုံးရွှင်ရွှင် ဖော်ဖော် ရွေရွေပါပင်။ သင်တန်းမှာ ကျွန်ုပ်တို့ အကျဉ်းဦးစီးဌာနတစ်ခုတည်း မဟုတ်ပါ။ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ ကျောင်းဆရာများ၊ စက်မှုလက်မှုပညာရှင်များလည်း ပါဝင်သည်။

ဖောင်ကြီးသင်တန်းမှာ မနက်ပိုင်းတွင် စစ်ရေးပြနှင့် လက် နက်ငယ်သင်တန်း နေ့လယ်စာစားပြီးလျှင် ဦး၊ ရေး၊ ထောက် ဘာသာ ရပ်ဆိုင်ရာ သင်တန်းဖြစ်သည်။ အစားအသောက်မှာ မနက်စာထမင်း ကြော်နှင့် လက်ဖက်ရည်၊ နေ့လယ်စာပဲဟင်း၊ ညနေစာအသားဟင်း ဖြစ်သော်လည်း အလွန်ညံ့သည်။ ထမင်းစားမကောင်းသဖြင့် ဘုရား ကလေး ဈေးသို့ပြေးရသည်မှာလည်း နေ့စဉ်လိုပါပင်။

ကိုပြုံးချိုကတော့ ပျော်ပျော်ရွှင်ရွှင်နေတတ်သည်။ ကျောင်းက ကျွေးတာနှင့် ဖြစ်သလိုစားနိုင်သည်။ အစားအသောက်ဆင်းရဲသော် လည်း သူနှင့်ဆုံလျှင် သူက ဟာသနှောပြီး စားဝင်အောင် အားပေး စကားပြောတတ်သည်။

"အစ်ကိုကြီးတို့ရာ ထမင်းနဲ့ဟင်း ပြည့်စုံတာပဲ။ ကြိုက်သလို အဝစားလို့လည်းရတယ်။ ဟင်းက အများနဲ့ချက်ရတော့ ဘယ်ကောင်း နိုင်မလဲ။ ကျွန်တော်တို့ဆီက လယ်သမားမိသားစုဆိုရင် ပဲဟင်းတောင်



www.burmeseclassic.com

www.burmeseclassic.com



နပ်မှန်အောင် မစားနိုင်ဘူး။ ငါးပိရည်၊ တို့စရာ၊ ချဉ်ပေါင်ရေလုံပြုတ်ဟင်းနဲ့စားရတာ များပါတယ်။ သင်တန်းဆိုတော့လည်း အလေ့အကျင့်ရအောင် ကျွေးတာနဲ့တူပါတယ်''

''ဟဲ့ ...ကောင်ညီလေးရ။ မနက်ပဲဟင်းမို့ မစားနိုင်တာမဟုတ်ဘူး။ ပဲဟင်းက ရေကျဲ။ ညနေကျတော့ အသားဟင်းတော့ မှန်ပါရဲ့။ ဆီမပါ ပျားမပါ၊ အစဝ်အဟပ်ကမတည့်။ ရေလုံပြုတ်ဟင်းပဲ။ မင်းပြောတဲ့ ငါးပိရည်၊ တို့စရာ၊ ချဉ်ပေါင်ဟင်းကလေးနဲ့ စားရရင်တောင် အတော်စားဝင်မှာ။ အခုတော့ကွာ။ တစ်ခါလာလည်း ဝက်သားဟင်း ရေလုံပြုတ်၊ အမဲသားဟင်းဆီမပါ။ ငါးဟင်းကျတော့လည်း တကယ်အရိုးများတဲ့ ပင်လယ်ငါး။ ငါတို့က အရာရှိတွေ။ မစားနိုင်ဘူး။ စက်မှု(၁)က အင်ဂျင်နီယာ ကိုသိန်းလှိုင်က ဝင်ပြောရာ ...''

''အဲဒါပြောတာပေါ့ အစ်ကိုတို့ရ။ ရသာယနဆိုတာ လျှာပေါ်မှာမျက်မျက်ကလေး ခံစားရတာကိုပြောတာ။ ဗိုက်ထဲရောက်သွားတော့လည်း ချေးဖြစ်သွားတာပါပဲ။ မထူးပါဘူးဗျာ''

ထိုစဉ် ဆရာဝန်ကိုမောင်မောင်က ...

''ဟကောင် ...ညီလေး။ ငါတို့က ဆရာဝန်။ အာဟာရတန်ဖိုးကို ပိုနားလည်တယ်။ မင်းပြောတဲ့ ငါးပိရည်တို့၊ တို့စရာ၊ ချဉ်ပေါင်ဟင်းက ဗိုက်တာမင် (A to Z) အထိပါတယ်။ အခု ငါတို့စားနေရတဲ့ပဲဟင်းက ပဲပိုးထိုးတောင် ရေကျဲဟင်း။ ညနေဝက်သား၊ အမဲသားဟင်းတော့မှန်ပါရဲ့။ မန္တမနပ် ရေလုံပြုတ်။ မင်းက ကျောင်းအုပ်ကြီးအမျိုးလား၊ ယောက်ဖလား။ တယ် ....ငါ မပြောလိုက်ချင်ဘူး''

''ဝါး ...ဟား ...ဟား ...ဟား''





ကျွန်ုပ်တို့ ဝိုင်းရယ်ကြသည်။ သို့သော် ကိုပြုံးချိုက အပြုံးမပျက်ပါ။

''အဲဒါကြောင့် အစ်ကိုတို့ ခက်နေတာပေါ့။ ဒါက သင်တန်းလေဗျာ။ ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပေးရတဲ့နေရာလေ။ အစ်ကိုတို့မေ့နေပြီလား။ ရဟန်းသံဃာတွေတောင်မှ ဒါယကာ၊ ဒါယိကာမလောင်းလှူတဲ့ ဆွမ်းဟင်းနဲ့ ရောင့်ရဲတင်းတိမ်ကြရတာ။ သူတို့ကတစ်နပ်ပဲစားရတာ။ ကျွန်တော်တို့က နှစ်နပ်စားရတယ်။ နေ့လယ်ပိုင်းလက်ဖက်ရည်အချိုတောင် သောက်ရသေးတယ်။

ဒီလိုပဲ ရှေ့တန်းက တပ်မတော်သားတွေဆိုရင်လည်း ဖြစ်သလိုစားကြရတာ။ သည်းခံကြပါဗျာ။ လခွဲသင်တန်းဆိုတာ ခဏကလေး။ ပျော်ပျော်ရွှင်ရွှင်နဲ့ ပြီးသွားမှာပါ။ အရေးကြီးတာက အစ်ကိုတို့ ကိုယ်ချင်းစာတရား လက်ကိုင်ထားဖို့ပဲ။ ထောင်ကအရာရှိတွေက အကျဉ်းသား၊ အချုပ်သားတွေကို ကိုယ်ချင်းစာတရားနဲ့ ဝလင်လင်ကျွေးပါ။ ဆရာဝန်တွေကလည်း လူနာကို ကိုယ့်ဆွေမျိုးလိုသဘောထားပြီး ဖိဖိစီးစီးကုပါ။ ဝလင်အောင်ကျွေးပါ''

''ဟယ် ...မအေ ....ကလေး။ ငါတို့ကို ပညာပြန်ပေးနေတာ။ ဝိုင်းထုကြစမ်းကွာ''

အရပ် ၆ ပေကျော်ရှိသော ဆရာဝန်ဦးမောင်မောင်က သူ့ဘက်လှည့်ပြောလာ၍ မနာမကျင်ထုသော်လည်း ကျွန်ုပ်နှင့် အင်ဂျင်နီယာကိုသိန်းလှိုင်က တကယ်ထုကြသဖြင့် တရားရေအေးတိုက်ကျွေးသူ ကိုပြုံးချိုကလေး ခွေးပြေးဝက်ပြေး ပြေးရတော့သည်။

ဖောင်ကြီးသင်တန်းမှာ အလွန်ပင်ပန်းသော်လည်း ကိုပြုံးချိုက ပျော်ရွှင်စွာနေတတ်သည်။ အစားအသောက်ဆင်းရဲသော်လည်း သူက



www.burmeseclassic.com

www.burmeseclassic.com



ဟာသနှောပြီး စားဝင်အောင် အားပေးစကားပြောတတ်သည်။ နေပူထဲ၌ လက်နက်ငယ်သင်တန်းနှင့် စစ်သင်တန်းလေ့ကျင့်မောင်းနှင်တော့ ကျောင်းသားများ နေပူဒဏ်ကြောင့် လွန်စွာပင်ပန်းဆင်းရဲကြသည်။ ထိုအချိန်တွင် ကိုပြုံးချိုက နုပေါင်းအသင်းများအား အားပေးစကား ပြောကြားပြန်သည်။

"အစ်ကိုကြီးတို့ရာ ခန္ဓာကိုယ်ကြီးကို စိတ်ကဦးဆောင်တာပါ။ နေပူတယ်ဆိုတာကြီးကို စိတ်ထဲမှာဖျောက်ပြီး လသာတယ်လို့ အောက်မေ့လိုက်စမ်းပါ။ ကမ္မဋ္ဌာန်းထိုင်သလိုပေါ့။ သတိနဲ့အသိကိုထိန်းပြီး ခန္ဓာကိုယ်က ဝေဒနာကို လစ်လျူရှု၊ ပယ်ထုတ်လိုက်စမ်းပါ။ ပတ်ဝန်းကျင်နဲ့ သဟဇာတထည့်ပြီး နေသာထိုင်သာ ရှိသွားပါလိမ့်မယ်"

"အေးကွာ . . . ညီလေးရာ။ မင်းက အသက်ငယ်ပေမဲ့ အပြောအဆိုကောင်းတော့ အစ်ကိုတို့ စမ်းကြည့်ရမှာပေါ့။ မဟုတ်ရင်တော့ မင်းနာပြီသာမှတ်"

ကျွန်ုပ်ကပြောရာ . . .

"ကျွန်တော်ပြောတာ အမှန်ပါအစ်ကိုတို့ရာ။ စမ်းကြည့်လုပ်ကြည့်ကြစမ်းပါ။ မဟုတ်ရင် ညီလေးကို ကြိုက်သလိုလုပ်ပါ"

"အေးပါကွာ . . . ကမ္မဋ္ဌာန်းနည်းဆိုတော့ မင်းလိမ်ပြောမှာတော့မဟုတ်ပါဘူး။ ကဲ . . . ကျွန်တော်တို့စမ်းကြည့်ရအောင် ဦးမောင်မောင်ရေ။ ဒီတစ်ခါတော့ ကောင်လေးပြောတဲ့နည်းက လက်ခံစရာကောင်းပါတယ်"

ကျွန်ုပ်တို့စမ်းကြည့်ကြရာ ဟုတ်လည်းဟုတ်ပါသည်။ သတိနှင့်အသိကို ဆင်ခြင်သုံးသပ်မိတော့ ပတ်ဝန်းကျင်ကို ဥပေက္ခာပြုနိုင်ပါတယ်။ ခန္ဓာကိုယ်ကြီး၏ ပူခြင်းအေးခြင်းကိုလည်း အတော်ခံနိုင်ရည်





ရှိလာကြသည်။ စိတ်ဆောင်၍ထင်ပါသည်။ အပူဒဏ်တစ်ဝက် သက်သာသွားသည်။

ကိုပြုံးချိုက မိန်းမများအခြောက်ကလေးလို နွဲ့နွဲ့နှောင်းနှောင်း ဖြစ်သော်လည်း သူက နေပူထဲ၌ အပြုံးမပျက်ပါ။ တာဝန်ကိုကျေပွန်အောင်ထမ်းဆောင်သည်။ ဆင်းရဲပင်ပန်းလှသော ဖောင်ကြီးသင်တန်းကို ကျွန်ုပ်တို့ညီငယ် ကိုပြုံးချို၏နည်းဖြင့် အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ကြသည်။

သင်တန်းဆင်းပြီးနောက် ကျွန်ုပ် နယ်မြေဒေသအနှံ့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ကြရပြီး အခက်အခဲရှိလာတိုင်း ကိုပြုံးချို၏ သတိနှင့်အသိ ကမ္မဋ္ဌာန်းနည်းကို ကျင့်သုံးသဖြင့် အခက်အခဲများကို ကျော်ဖြတ်နိုင်ပြီး ရာထူးများလည်း တိုးခဲ့ကြသည်။

အသက်အရွယ်လည်း ရလာကြပြီဖြစ်၍ ပင်ပန်းဆင်းရဲလှသော အခြေခံသင်တန်းများဖြင့်လည်း အလှမ်းဝေးခဲ့ကြပါသည်။ အိမ်ထောင်များလည်းကျကြပြီး အရာရှိကြီးများလည်း ဖြစ်လာကြပြီဖြစ်ပေသည်။

တစ်နေ့ အင်းစိန်ထောင်၌ ကျွန်ုပ် တာဝန်ထမ်းဆောင်နေစဉ် သတင်းဆိုးတစ်ခုကို ကြားရသည်။ သတင်းဆိုးကို သယ်ဆောင်လာသူက အကျဉ်းဦးစီးဌာနရုံးချုပ် 'ရေး'ဌာနတွင် တာဝန်ထမ်းဆောင်နေသော ကျွန်ုပ်၏ဖနီးဖြစ်သူ ထောင်မှူးကြီး ဒေါ်ခင်မြကြွယ်ဖြစ်သည်။

"ရှင်တို့ အပါတ်စဉ် (၆)ကတစ်ယောက်တော့ လွန်သွား ပြန်ပြီ"

"ဟေ . . . ဘယ်သူ ဘာဖြစ်လို့လဲ"

"ကလေးမြို့အကျဉ်းထောင်က ကိုပြုံးချိုလေ။ သူကိုယ်သူ Suicide လုပ်သွားတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ … ဒီကောင်လေး၊ တာဝန်ခံ ထောင်ပိုင်အဆင့် (၁) တောင်ဖြစ်နေပြီးမှ နှမြောစရာကွာ။ ဘာများ စိတ်ညစ်စရာရှိလို့ပါလိမ့်။ ဆက်ဆံရေးကောင်းပြီး အလွန်တော်သူပဲ"

"စပါးကိစ္စလို့ ကြားတာပဲ"

"ဘယ်လိုစပါးကိစ္စလဲ"

"အကြမ်းဖျင်းပဲ သိတာနော်။ အသေးစိတ်မသိရသေးဘူး။ ထောင်လယ်ထွက်စပါးတွေကို စပါးဈေးတက်နေနေပေမဲ့ ရုံးချုပ်ကို မြို့ပေါက်ဈေးနဲ့ရောင်းတယ်ဆိုပြီး ငွေသွင်းတယ်။ တကယ်တော့ တက်ရိပ်မြင်လို့ လှောင်ထားတာ။ ဒါပေမဲ့ စပါးဈေးက တဟုန်ထိုးပြုတ်ကျသွားတော့ သိန်းအတော်များများ အရှုံးပေါ်သွားတာတဲ့။ ဒါကြောင့် သူ့ကိုယ်သူ အဆုံးစီရင်သွားတာလို့ သိရတယ်"

"ဟာကွာ … မကြံအပ်မစည်ရာ။ ပစ္စည်းသခါရ၊ လူသခါရပဲ။ ဥစ္စာ ဘာမက်မောစရာရှိသလဲ။ လူကျန်းမာနေသရွေ့ ရှာလို့ရတာပဲ။ တခြားအကြောင်းလည်း ရှိဦးမယ်ထင်ပါရဲ့"

"တခြားအကြောင်းလည်း ရှိကောင်းရှိမှာပေါ့။ အခုဟာက အကြမ်းဖျင်းပဲသိရတာ"

"ဘယ်လို Suicide လုပ်တာတဲ့လဲ"

"သူ့မိသားစုနဲ့အတူ ကလေးမြို့ပေါ် ဈေးတက်ဝယ်ကြရင်း သူက ဧည့်ဂေဟာမှာ အနားယူမယ်ဆိုပြီး ကျန်နေခဲ့သတဲ့။ သေနတ်သံကြားလို့ တာဝန်ရှိသူတွေသွားကြည့်မှ ခြောက်လုံးပြူးသေနတ်ကို ပါးစပ်နဲ့ငုံပြီး သူ့ကိုယ်သူ သတ်သေသွားတာတဲ့။ သွေးတွေနဲ့ ဦးနှောက်တွေဆိုရင် ကြမ်းပြင်မှာ ပြန့်ကျဲနေတာပဲတဲ့"

"ဩော် … ညီလေးပြူးချိုရယ်၊ မိုက်လိုက်တာကွာ။ မင်း





ငါတို့ကိုပေးခဲ့တဲ့ ဖောင်ကြီးသင်တန်းတုန်းက စကားတွေကို ပြန်ပြီးကြားယောင်နေမိပါတယ် ငါ့ညီရာ။ ခန္ဓာကိုယ်ကြီးကို စိတ်ကဦးဆောင်နေတာတဲ့။

ပတ်ဝန်းကျင်ရဲ့ ထိုးနှက်မှုဒဏ်ကိုခံရရင် သတိနဲ့အသိကိုထိန်းပြီး ကမ္မဋ္ဌာန်းရှုသလို ဆင်ခြင်သုံးသပ်ပါဆို။ ပတ်ဝန်းကျင်နဲ့ နေသားကျပြီး အဆင်ပြေသွားမယ်လို့ မင်းပြောခဲ့ဖူးတယ်လေ။ အခုတော့ကွာ မင်းကိုယ်မင်း အသိနဲ့သတိ လွတ်ကင်းသွားပြီထင်ပါရဲ့။ ပေါင်းသင်းဆက်ဆံရေးကောင်းပြီး အလွန်တော်တဲ့ကောင်။

ငယ်ငယ်ရွယ်ရွယ်ကတည်းက ဘာသာရေးကို လေ့လာလိုက်စားပြီး လူမှုဆက်ဆံရေးနှံ့စပ်သူတစ်ယောက် ဖြစ်လျက်သားနဲ့ မနုဿတ္တဘာဝေါ ဒုလ္လဘောကိုမေ့ပြီး အဖန်ငါးရာငါးကမ္ဘာ သံသရာဝဋ်ဆင်းရဲကို မကြောက်မရွံ့ ရင်ဆိုင်သွားတော့တာပဲနော်။

ငါထင်ပါတယ် မင်းလို အဘက်ဘက်ကတော်ပြီး ပြည့်စုံတဲ့သူတစ်ယောက်ဟာ စပါးကိစ္စ၊ ငွေရေးကြေးရေးကြောင့်တော့ ဟုတ်ဟန်မတူပါဘူး။ တခြား ကြီးကြီးမားမား အကြောင်းတစ်စုံတစ်ရာလည်း ရှိပါလိမ့်ဦးမယ်။ ဒါမှမဟုတ်လည်း နောက်တဝက ကပ်ပါလာတဲ့ ဥပစ္ဆေဒကကံအကြောင့်များလား။ အဲဒီကံကြောင့်ဆိုရင် ဒီဘဝမှာ အဆုံးသတ်ပါစေကွာ။ ညီလေးပြူးချို မင်းလုပ်ခဲ့တဲ့ ကုသိုလ်ကံတရားတွေကြောင့် ကောင်းရာသုဂတိဘုံဘဝ ရောက်ပါစေလို့ ငါအထပ်ထပ်အခါခါ ဆုတောင်းမေတ္တာ ပို့လိုက်ပါတယ် ညီလေးရာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

ဒုတိယတစ်ဦးကတော့ ဗိုလ်ကြီးထွန်းအောင်ကျော်။ သူက တပ်ကပြောင်းလာပြီး ထောင်အရာရှိဖြစ်လာတာ။ ရခိုင်လူမျိုး။ ဖြူဖြူ ခန့်ခန့်။ တောင့်တင်းသန်မာသူတစ်ယောက်ပဲ။ သဘောမနော အလွန်ကောင်းတယ်။ သူ ပထမအလုပ်စဝင်တော့ အကျဉ်းဦးစီးဌာန (ရုံးချုပ်) မှာပါ။ နောက်တော့ အင်းစိန်ထောင် တာဝန်ခံထောင်ပိုင်ကြီး ဖြစ်လာတယ်။ ကျွန်ုပ်နှင့် အလွန်ရင်းနှီးပါတယ်။

သူရောက်လာတော့ ကျွန်ုပ်နှင့် ဒုတိယထောင်ပိုင် ဦးအုံးလွင်ကို ထောင်ဘူးဝအလယ်ထပ် ထောင်ပိုင်ကြီးအိမ်ပေါ်မှာ မကြာခဏခေါ်ပြီး အရက်ဝိုင်းလုပ်လေ့ရှိတယ်။ သူက ရခိုင်လူမျိုးဆိုတော့ အရက်အလွန်ကြိုက်ပုံရပါတယ်။ အရက်ကြိုက်တယ်ဆိုပေမဲ့ စည်းနဲ့ကမ်းနဲ့ သောက်တတ်သူပါ။ အပြင်ထွက်ပြီးလည်း သောက်လေ့မရှိပါဘူး။

သူက လူတစ်မျိုး။ အလွန်အသန့်အရှင်း ကြိုက်တယ်။ အချိန်နာရီကိုလည်း အလွန်လေးစားတယ်။ သူချိန်းတတ်တဲ့ ည (၇)နာရီကို တိတိကျကျရောက်မှ ကြိုက်တယ်။ အချိန်စောလည်း မကြိုက်ဘူး။ နောက်ကျတာကိုလည်း မကြိုက်ဘူး။ သူချိန်းတဲ့ညမှာ ရေမိုးချိုးပြီး သန့်သန့်ရှင်းရှင်းဝတ်လာမှ သူက သဘောကျတယ်။





ထောင်ပိုင်ကြီးနေတဲ့အခန်းဟာ အင်္ဂလိပ်ခေတ်ကတည်းက အဆောက်အဦကြီးဖြစ်လို့ အလွန်ကြီးပြီး ကျယ်ဝန်းတယ်။ သူ့အိမ်ပေါ်မှာထားတဲ့ ဘီရို၊ ကုလားထိုင်၊ စားပွဲတွေဟာ နေရာတကျ ထားသိုပြင်ဆင်ထားပြီး ပြောင်လက်တောက်ပနေတာပဲ။ ကြမ်းပြင်ဆိုရင်လည်း ပါကေးတုံးတွေဟာ ပေါလစ်ရောင်ပြောင်လက်နေပြီး မှန်ရောင်တောက်နေတယ်။

ကျွန်ုပ်တို့ကို ညှော်ခံတာကတော့ ညှော်ခန်းနောက်က ထမင်းစားခန်းထဲမှာပဲ။ ဆုံလည်ထမင်းစားပွဲဝိုင်းကြီးရှိတယ်လေ။ ကျွန်ုပ်တို့ သူ့အိမ်ပေါ်ကို ည(၇)နာရီတိတိရောက်တာနဲ့ ...

"ကိုသိန်းဝင်းနဲ့ကိုအုံးလွင် ရေချိုးပြီးကြပြီလား"

"ဟုတ်ကဲ့ ... ချိုးပြီးပါပြီခင်ဗျာ"

သူကလည်း ရေမိုးချိုးပြီး သပ်သပ်ရပ်ရပ် ဝတ်စားထားသည်။

"ကဲ ... လာကြဗျာ၊ ထိုင်ကြပါ။ ကျွန်တော်နဲ့ ကျွန်တော့်ဇနီး မဦးတို့ ချက်ပြုတ်ကြော်လှော်ထားတာတွေကိုပဲ အရင်စားကြဗျာ။ ပြီးရင်တော့ ထုံးစံအတိုင်း ခင်ဗျားတို့တတ်သလောက် ကြော်ချက်ထားတာတွေကိုမြည်းမယ်"

ကျွန်ုပ်တို့ စားသောက်ကြရင်း ထောင်အတွေ့အကြုံများကို ပြောပြရသည်။ သူက တပ်ကပြောင်းလာသူဖြစ်၍ ထောင်အတွေ့အကြုံနည်းသောကြောင့် ကျွန်ုပ်တို့ထံမှ နည်းနာယူခြင်းဖြစ်သည်။

စားကြသောက်ကြရင်း အမြည်းနည်းလာသည်နှင့် ညှော်သည် ကျွန်ုပ်တို့က တစ်လှည့်စီ မီးဖိုခန်းဝင်ပြီး အသင့်တန်းစီ စီစဉ်ထားသော ကိုက်လံ၊ ဂေါ်ဖီပန်း၊ မုန်ညင်းရွက်၊ ဝက်အူချောင်း၊ ကြက်ဥတို့ကို ကြော်လှော်ပေးရသည်။ ကျွန်ုပ်တို့က မတတ်တတတ် ကြော်လှော်ထား



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ပေါ့သည်၊ ငန်သည်ကို ဘယ်တော့မျှအပြစ်မတင်။ ကောင်းသည်ဟုပဲ မှတ်ချက်ချသည်။

ကျွန်ုပ်တို့ ကနဦးက စားသောက်ကြသည့် အမြည်းများကတော့ ဗိုလ်ကြီးကိုယ်တိုင် ချက်ပြုတ်ကြော်လှော်ထားခြင်းဟု သိရသည်။ အစပ်အဟပ်တည့်၍ လက်ရာအလွန်ကောင်းသည်။

စစ်သားဘဝက လာခဲ့သူဖြစ်သော်လည်း သူက အချက်အပြုတ်၊ အကြော်အလှော်ကို ဝါသနာပါ၍ အတော်နိုင်နင်းသည်။ စားပွဲကို စနစ်တကျ ပြင်ဆင်ခင်းကျင်းခြင်းကိုလည်း ဗိုလ်ကြီးက အလွန်ဝါသနာပါသည်။

✿ ✿ ✿

❑

နောက်တစ်နှစ်ခန့်ကြာတော့ ဗိုလ်ကြီးထွန်းအောင်ကျော်သည် ထောင်ပိုင်အဆင့် (၂) ရာထူးမှ ညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသည်။ ထို့ကြောင့် အင်းစိန်ထောင်ဘူးကြီးပေါ်ရှိ ထောင်ပိုင်ကြီးအိမ်မှ သီးသန့်ထောင် (Annex Jail) အပေါ်ထပ်သို့ ပြောင်းရွှေ့နေထိုင်ရသည်။ ကျွန်ုပ်တို့က အင်းစိန်ထောင်ကြီးရှေ့တွင် နေထိုင်ကြသဖြင့် အတော်အလှမ်းဝေးသွားသည်။

သို့သော် ကျွန်ုပ်တို့ဆုံနေကျ ညနေခင်းအရက်ဝိုင်းကလေးကတော့ တစ်လတစ်ကြိမ်ခန့် ဖြစ်ဆဲပင်။ ဗိုလ်ကြီးထွန်းအောင်ကျော် ညွှန်ကြားရေးမှူးဖြစ်၍ ရာထူးတိုးတက်သွားသော်လည်း ကျွန်ုပ်တို့က သူ့ကို ညွှန်မှူးဟုမခေါ်ပါ။ ဗိုလ်ကြီးဟုပဲ နှုတ်ကျိုးနေသဖြင့် ခေါ်သည်။ သူကလည်း ရာထူးတက်သွားသော်လည်း အပြောင်းအလဲမရှိပါ။ ယခင်ကအတိုင်းပင် ကျွန်ုပ်တို့ကို ခင်ခင်မင်မင်ဆက်ဆံသည်။ ညနေအရက်ဝိုင်းကလေးက စိုပြေဆဲ။

ကျွန်ုပ်နှင့် ဗိုလ်ကြီးထွန်းအောင်ကျော်၊ ထောင်ပိုင်ဦးအုန်းလွင်တို့ကလည်း လက်တွဲဆဲပင်ဖြစ်သည်။ ဗိုလ်ကြီး၏ ထူးခြားချက်ကတော့ ကျွန်ုပ်တို့ဆုံနေကျ အရက်ဝိုင်းတွင် တခြားညှော်သည် တစ်စုံတစ်ယောက်ကိုမျှ ဖိတ်ခေါ်လေ့မရှိခြင်းပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရ သောကြာနေ့ ညနေခင်းတစ်ခုတွင်ဖြစ်သည်။ ဦးအုန်းလွင် ကျွန်ုပ်ထံရောက်လာပြီး ဗိုလ်ကြီးက ညနေဝိုင်းလုပ်ရန် ဖိတ်ကြားကြောင်း အကြောင်းကြားလာသည်။ ယခင်က ဝိုင်းလုပ်လျှင် မနက်ကတည်းက အကြောင်းကြားတတ်သဖြင့် ယနေ့ အတော်ထူးခြားနေပါသည်။ ထို့ပြင် ယခင်က စနေ၊ တနင်္ဂနွေ ပိတ်ရက်မျိုးတွင်သာ လုပ်တတ်သည်။ ယခုတော့ သောကြာနေ့ကြီးဖြစ်သည်။

ကျွန်ုပ်က ။ ''ဆရာဦးအုန်းလွင် နေ့မှားတာများလား''

''မဟုတ်ဘူးဗျ။ အစောကလေးကမှ ကျွန်တော့်ဆီကို ဖုန်းဆက်ပြီးပြောတာ။ ခင်ဗျား အပြင်ထွက်သွားမှာစိုးလို့ ကျွန်တော့်ကို ချက်ချင်းကြီး ပြောခိုင်းတာ။ မနက်ဖြန်သဘက်ခါ သူခရီးထွက်စရာရှိလို့လားမှ မသိတာ။ ခင်ဗျားကိုတော့ သူအတော်ခင်တာဗျ''

''ဟုတ်ကဲ့ ... ကျွန်တော်ပြင်ဆင်ပြီး ဆက်ဆက်လာခဲ့ပါ့မယ်။ ထုံးစံအတိုင်း ည(၇)နာရီပဲမဟုတ်လား''

''ခင်ဗျားကလည်း ပြောနေစရာလိုသေးလား။ ဒါ သူ့သတ်မှတ်ချိန်ပဲ။ ရေချိုးပြီး အဝတ်အစားသန့်သန့်ဝတ်လာဖို့လည်း မမေ့နဲ့ဦး''

''ဟား ... ဟား ... ဟား ... မမေ့ပါဘူး ဦးအုန်းလွင်ရယ်။ ဒါလည်း ဗိုလ်ကြီးရဲ့ သတ်မှတ်ချက်၊ ထုံးစံအတိုင်းပဲမဟုတ်လား''

''ဟုတ်ပါ့ဗျာ ... ကျွန်တော်တို့ဗိုလ်ကြီးကတော့ စည်းကမ်းအတော်ကြီးကဲ့လူပဲ။ ဒီနေ့တော့ ဘာစိတ်ကူးပေါက်ပြီး ကြားရက်ကြီး ဝိုင်းလုပ်တာလည်းမသိဘူး။ ကဲ ... ပြင်ဆင်တော့ဗျို့။ ကျွန်တော်လည်း အိမ်ပြန်ရေမိုးချိုးပြီး ပြင်ဆင်လိုက်ဦးမယ်။ အခုမှ ရုံးကပြန်လာတာ။ ယူနီဖောင်းတောင် မလဲရသေးဘူး''





''ဟုတ်ပါပြီ ဆရာရေ''

ယခင်အခါများက ဝိုင်းလုပ်လျှင် ကြိုတင်အကြောင်းကြားတတ်သော်လည်း ယနေ့တော့ အချိန်ကပ်၍ဖိတ်သဖြင့် ကျွန်ုပ်လည်း ယခင်ဝယ်နေကျ 'မြေနီကုန်း'ဆိုင်က မဝယ်နိုင်တော့ပဲ အင်းစိန်လေဟာပြင်ဈေးအတွင်းဆိုင်မှ Johnnie Walker (Red Label) တစ်လုံးကို ဝယ်လိုက်သည်။ ပြီးနောက် ရေမိုးချိုး အဝတ်အစားလဲပြီး ည(၇)နာရီတွင် ဗိုလ်ကြီးနေထိုင်ရာ သီးသန့်ထောင်အပေါ်ထပ်အခန်းတွင် ဆုံကြသည်၊

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ယနေ့ထူးခြားနေသည်မှာ အမြည်းအတွက် အကြော်အလှော် အမျိုးမျိုးကို စားပွဲဝိုင်းကြီးပေါ်၌ ခင်းကျင်းထားသည့်အပြင် တူများ၊ ဇွန်းများ၊ လက်သုပ်ပဝါများကိုလည်း တစ်ယောက်စီအတွက် သီးခြားပြင်ဆင်ထားပေးသည့်အပြင် ဗိုလ်ကြီး၏သားနှင့် ကားဒရိုင်ဘာချုပ်ကြီးတို့အား စားပွဲဝိုင်းကြီးအနီး၌ ရပ်နေစေသည်။ ဗိုလ်ကြီးက ဇနီးဖြစ်သူမဦးကိုလည်း စားပွဲဝိုင်း၌ ထိုင်ခိုင်းထားသည်။ ကျွန်ုပ်တို့ကိုယ်စီ စားပွဲဝိုင်း၌ ထိုင်လိုက်သည်နှင့် ...

"ကဲ ... ကိုသိန်းဝင်းနဲ့ကိုအုံးလွင် ဒီနေ့ညတော့ ထူးထူးခြားခြားကလေးဖြစ်သွားအောင် ပုံမှန်ချက်ပြုတ်၊ ကြော်လှော်ထားတဲ့အပြင် အပြင်ဆိုင်က အစာလေးတွေကိုလည်း စားကြရအောင်။ တစ်ယောက်တစ်မျိုးစီမှာကြပါ။ နောက်ပြီး ကျွန်တော်တို့ဝိုင်းမှာ အဖွဲ့ဝင်သစ်တစ်ယောက်တိုးတယ်။ ကျွန်တော့်ဇနီးမဦးပဲ။





အရင်နေ့တွေက ကျွန်တော်တို့ စားသောက်နေကြရင် သူတစ်ယောက်တည်း အိပ်ခန်းထဲမှာ ပျင်းနေရှာတာ။ ဒါကြောင့် ကျွန်တော်တို့ဝိုင်းထဲကို ဆွဲသွင်းလိုက်တာ။ လူရင်းတွေပဲဗျာ ခင်ခင်မင်မင်ပေါ့။ မဦးကိုလည်း ကျွန်တော်လေ့ကျင့်ပေးထားလို့ အနည်းအကျဉ်းရပါတယ်။ ကဲ ... ကျွန်တော်က အရင်မှာမယ်။ ကြက်ကုန်းဘောင်ကြီးကြော် တစ်ပွဲ။ မဦးက ဘာမှာမလဲ"

"ကျွန်မက က,ကတစ်ငါးပေါင်း"

"ကိုသိန်းဝင်းနဲ့ ကိုအုံးလွင်တို့လည်း မှာကြဗျာ။ ဒါမှ စုံစုံလင်လင် စားရအောင်"

"ဗိုလ်ကြီး ပြည့်စုံနေပြီပဲ။ ကျွန်တော်တို့မှာဖို့ မလိုတော့ဘူးထင်တယ်"

"ဒီနေ့ည အထူးညစာစားပွဲဗျာ။ ထမင်းပါကျွေးမှာပါ။ ဒါကြောင့် အားမနာပါနဲ့။ မှာပါဗျာ"

"အဲဒါဆို ကျွန်တော်က ဝက်ချိုချဉ်တစ်ပွဲဗျာ"

ဦးအုံးလွင်ကလည်း ...

"ကျွန်တော်ကတော့ ငါးခေါင်းနဲ့ မျှစ်ချဉ်ဟင်းဗျာ"

"ကဲ .. သားနဲ့ဒရိုင်ဘာချုပ်ကြီးတို့ ကြားတယ်နော်။ မှာတဲ့ဟင်းအမယ်တွေ မမှားစေနဲ့။ မမေ့စေနဲ့။ မြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့။ အင်းစိန်ပန်းခြံနားက 'ဒေဝဥယျာဉ်' စားသောက်ဆိုင်ကပဲဝယ်။ တခြားက မဝယ်နဲ့။ ဟင်းတွေကိုစောင့်ရင်း မင်းတို့လည်း တစ်ခါတည်း စားလာခဲ့။ ငါတို့က အရက်ဝိုင်းပြီးတာနဲ့ ထမင်းစားကြမှာ။ တစ်နာရီတိတိ အချိန်ပေးမယ်။ ကြားလား"

"ဟုတ်ကဲ့ ဖေဖေ။ ဟုတ်ကဲ့ပျို"



www.burmeseclassic.com

www.burmeseclassic.com



ဟင်းသွားဝယ်သူများက သွားကြတော့ ကျွန်ုပ်တို့ ဝိုင်း,စကြသည်။ ယနေ့ ဗိုလ်ကြီး အတော်ပျော်နေပုံရသည်။ အတော်လည်း သောက်နိုင်သည်။ သောက်ကြည့်မှ Jonnie Walker မှာ အတုဖြစ် ကြောင်း ကျွန်တော်သိလိုက်သည်။ ထောင်ပိုင်ဦးအုန်းလွင်လည်း သိပုံ ရသည်။ ဗိုလ်ကြီးကတော့ အရက်အကြောင်းကိုမပြော။ သူတို့ငယ်စဉ် ကရခိုင်တွင်ကျောင်းနေစဉ် ပျော်စရာကောင်းပုံတွေကို ပြောနေသည်။ သူ့ဇနီးမဦးကလည်း နားစိုက်ထောင်ရင်း အမြည်းစားလိုက်၊ အရက်သောက်လိုက်လုပ်နေသည်။ စကားပြတ်သည်နှင့် ကျွန်ုပ်က . . .

"ဗိုလ်ကြီး ကျွန်တော်ဝယ်လာခဲ့တဲ့ အရက်ပုလင်းက အတုထင်တယ်။ အနံ့ကတော့တူတယ်။ အရသာက ပေါ့နေသလိုပဲ။ ကျွန်တော့်မှာ စက်ဘီးပါပါတယ်။ နောက်တစ်ပုလင်း ပြေးဝယ်လိုက်မယ်"

"နေပါစေ ကိုသိန်းဝင်းရယ်။ အရက်ဆိုတာ အယ်လ်ကိုဟောပါပဲ။ အိပ်ဆေးတစ်မျိုးပေါ့။ အဝင်ကောင်းရင် ပြီးတာပါပဲ။ ကဲ . . . ကဲ . . . သောက်ကြပါ၊ စားကြပါ။ ကျွန်တော်ဒီည အလွန်ပျော်နေတယ်။ ကဲ . . မဦးလည်း သောက်ဦး"

ကျွန်ုပ်တို့ အရက်တုကို သောက်နေရသော်လည်း ထိုညက ဘာဖြစ်မှန်းမသိ ဗိုလ်ကြီးထံမှ အပျော်တွေကူးစက်ပြီး ပျော်နေမိသည်။ ဗိုလ်ကြီးကတော့ ယခင်အခါများနှင့်မတူ စကားတွေ ရွှန်းရွှန်းဝေအောင် ပြောနေသည်။ တစ်နာရီခန့်ကြာ၍ ဗိုလ်ကြီး၏သားနှင့် ကားဆရာချိုကြီးတို့ ဟင်းမျိုးစုံဖြင့် ပြန်ရောက်လာကြတော့လည်း ညစာထမင်း စားကြပြန်သည်။

ဗိုလ်ကြီးကတော် မဦးကတော့ အရက်နှစ်ခွက်သောက်ပြီး အမြည်းစားကာ ထမင်းပင်မစားနိုင်တော့ပဲ အိပ်ခန်းထဲဝင်သွားတော့





သည်။ ကျွန်ုပ်တို့ဝိုင်းသိမ်းတော့ ည (၁၀)နာရီပင်ထိုးချေပြီ။ ယခင်အကြိမ်များက ည (၉)နာရီတွင် ဝိုင်းသိမ်းပြီး ပြန်နေကျ။ ယနေ့ညတော့ ဝိုင်းထိုင်သည်မှာ (၃)နာရီတိတိ ကြာသွားသည်။

"ဗိုလ်ကြီး . . . နောက်တစ်ခါဆုံရင် ကျွန်တော်နဲ့ကိုသိန်းဝင်း ပြည့်ပြည့်စုံစုံ ဝယ်လာခဲ့ပါ့မယ်။ ဗိုလ်ကြီးအိမ်မှာ ဘာမှ ချက်ပြုတ်ကြော်လှော်မထားပါနဲ့"

ထောင်ပိုင်ဦးအုံးလွင်ကပြောရာ ဗိုလ်ကြီးက . . .

"နောက်တစ်ခါ တော်တော်နဲ့ဆုံဖြစ်ကြမှာမဟုတ်ဘူး။ ကျွန်တော့်မှာ အလုပ်ရှိသေးတယ်။ ဒါကြောင့် ဒီညပြည့်စုံအောင် ပြုရတာပါ။ ကဲ . . . ပြန်ကြတော့။ ဂွတ်ဘိုင်"

"ဂွတ်ဘိုင်"

ကျွန်ုပ်တို့ပြန်လာကြတော့ လမ်းတွင် ဦးအုံးလွင်က . . .

"ဦးသိန်းဝင်းရေ . . . ဒီနေ့ည ဗိုလ်ကြီးနဲ့ဆက်ဆံရတာ တစ်မျိုးကြီးဖြစ်မနေဘူးလား။ အတော်ထူးခြားတယ်နော်"

"အင်း . . . ထူးတော့ ထူးခြားတယ်ဗျ။ ဒါပေမဲ့ ပျော်စရာကောင်းပါတယ်"

ကျွန်ုပ်နှင့် ထောင်ပိုင်ဦးအုံးလွင်တို့ စက်ဘီးကိုယ်စီဖြင့် လမ်းခွဲ၍ ပြန်ခဲ့ကြသည်။ ယနေ့ညအရက်ဝိုင်းသည် နောက်ဆုံးအရက်ဝိုင်းဖြစ်မှန်း ကျွန်ုပ်တို့မရိပ်မိ။ မသိခဲ့ကြပါ။ သို့သော် ထူးခြားနေသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

နောက်တစ်နေ့ညနေ (၂)နာရီခန့်တွင် သတင်းဆိုးတစ်ခုကို ကြားရတော့သည်။ ကြားစက မယုံချင်။ ကိုယ်တိုင်ပြေးကြည့်မှ ယုံလိုက်ရတော့သည်။ ဗိုလ်ကြီးတွန်းအောင်ကျော်တစ်ယောက် ဇနီးသန့်



www.burmeseclassic.com

www.burmeseclassic.com



ထောင်အပေါ်ထပ် ၎င်း၏အိမ်အိပ်ခန်း၌ သူ့ကိုသူ ကြိုးဆွဲချ၍ သတ်သေသွားခြင်းဖြစ်သည်။

မယုံနိုင်စရာဖြစ်သော်လည်း မျက်မြင်ဖြစ်၍ ယုံလိုက်ရသည်။ မသေသုံးမီ မနက်ပိုင်းက အင်းစိန်ထောင်အတွင်း မာဇဒါဂျစ်ကားဖြင့် ဝင်လာပြီး Main jail က ဝန်ထမ်းများအား နှုတ်ဆက်ကြောင်း၊ အလုပ်ဘက်ဝင်းထဲအထိသွားပြီး ဝန်ထမ်းနှင့်အရာရှိများအား နှုတ်ဆက်ကြောင်း၊ အပြန်တွင် ကားအဆုတ် ပန်းအိုးကြီးတစ်လုံးကို တိုက်မိ၍ ကွဲသွားကြောင်း၊ တံခါးမကြီး၌လည်း ကားဖြင့်ပွတ်မိကြောင်း ဝန်ထမ်းများက ပြန်ပြောပြသည်ကို ကြားရသည်။

ထို့အပြင် ဗိုလ်ကြီးမသေသုံးမီ ဘုရားဆွမ်းတော်ကပ်ခြင်း၊ အမွေးတိုင် ထွန်းညှိပူဇော်ပြီး ပုတီးစိပ်ခြင်းအမှုအလုပ်များကို ပြုသွားကြောင်းလည်း သူ့ဇနီးမဦးက ငိုယို၍ ပြန်ပြောပြသည်။ လူရှင်းသည့် နေ့လယ်ခင်းအချိန်ကိုရွေး၍ လုပ်သွားခြင်းလည်း ဖြစ်ပေသည်။

ထိုအချိန်က မဦးက ဈေးသွားသည်။ ကလေးများက ကျောင်းသွားကြသည်။ သူတို့အိမ်တွင် အိမ်ဖော်အမျိုးသမီးကလေးသာရှိကြောင်း သိရသည်။ အိမ်ဖော်အမျိုးသမီးကလေးကလည်း သူ့အလုပ်ဖြင့်သူ ရှုပ်နေသည်။

ကျွန်ုပ်တို့အမြင်၌ ဗိုလ်ကြီးတွင် စိတ်ညစ်စရာ အကြောင်းမရှိပါ။ ဥစ္စာပစ္စည်း၊ ရာထူးလည်း ပြည့်စုံသည်။ ဇနီးနှင့် သားသမီးများကလည်း အလွန်လိမ္မာ ရိုးသားကြသည်။ ဗိုလ်ကြီးက ပွင့်လင်းပြီး စိတ်ကောင်းရှိသူဖြစ်သဖြင့် မုန်းသူရန်ငြိုးလည်း ရှိမည်မထင်ပါ။ ဒါဖြင့် သူဘာကြောင့် မိမိကိုယ်ကိုမိမိ သတ်သေရသနည်းဟူသော မေးခွန်းရှိလာပေပြီ။ ထိုမေးခွန်းကို သူ့မိသားစုလည်း မဖြေနိုင်ကြပါ။ ရဲနှင့် ဌာန





ဆိုင်ရာကလည်း အမျိုးမျိုးအဖုံဖုံ စစ်ဆေးကြသည်။ သို့သော် အဖြေမပေါ်ပါ။

ထောင်ကျောင်းဆရာတော် ဦးကောဝိဒ မိန့်ကြားသည်ကတော့ လက်ခံဖွယ်ရာဖြစ်သည်။ ဟိုးရှေးဘဝက အထုံရေစက်၊ ဘဝကုသိုလ်အဆက်ပါ၍ မိမိကိုယ်မိမိ လုပ်ကြခြင်းဖြစ်ကြောင်း၊ ထိုဥပစ္ဆေဒကကံမှာ အချိန်ကျလာလျှင် တားဆီး၍မရနိုင်ကြောင်း၊ မည်မျှပင် ကြွယ်ဝချမ်းသာသည်ဖြစ်စေ၊ မည်မျှပင် ပညာတတ်သည်ဖြစ်စေ၊ အချိန်ကျလာလျှင် မနေနိုင်၊ မထိုင်နိုင်ဖြစ်တတ်ကြောင်း ဟောကြားပါသည်။

ကျွန်ုပ်တို့ လက်မခံချင်ပါ။ မယုံချင်ပါ။ သို့သော် ကျွန်ုပ်တို့၏ ရှေ့၌ပင် ထူးဆန်းမှုများပြခဲ့ပြီး ကြိုတင်ပြီး စနစ်တကျစီစဉ်၍ လုပ်ကြသွားခြင်းအတွက်တော့ ယူကြုံးမရဖြစ်မိသည်။ မနုဿတ္တဘာဝေါ၊ ဒုလ္လဘောဟူသော ရခဲလှသည့်လူ့ဘဝကို အလွယ်တကူ စွန့်လွှတ်သွားခြင်းအတွက်တော့ လွန်စွာ အံ့သြမိပါတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

တတိယတစ်ဦးကတော့ တပ်သားကလေး မြင့်ဦးဖြစ်သည်။ အိမ်ထောင်ရှိသည်။ (၇)နှစ်အရွယ် သားလေးတစ်ယောက်လည်း ရှိသည်။ ကျွန်ုပ်တို့ လူပျိုထောင်မှူးများနေထိုင်ရာ ဘူးသစ်ဟူသော သုံးထပ်အဆောက်အဦကြီး၏အနီးရှိ ၇ မျှော်စင်တွင် တာဝန်ကျသော ကင်းစောင့်တပ်သားကလေးဖြစ်သည်။

မျှော်စင်ကင်းတာဝန်မှာ နေ့အဆိုင်း၊ ညအဆိုင်းတာဝန်ကို ခွဲထားသည်။ မြင့်ဦးက ညအဆိုင်းတာဝန်ကို ယူထားသူဖြစ်သဖြင့် ည ၆ နာရီကစ၍ မျှော်စင်ပေါ်တက်ရသည်။ ညအဆိုင်းတာဝန်ကျသူမှာ နှစ်ယောက်ဖြစ်သည်။

ကျွန်ုပ်တို့တာဝန်မှာ တစ်ရက်ခြား မနက် ၅ နာရီ ထောင်ဖွင့်ရပြီး၊ ည ၇ နာရီခန့်မှ ထောင်ပိတ်၍ အပြင်ထွက်ရသည်။ နောက်တစ်ရက်တွင် မနက် ၇ နာရီမှ ထောင်ထဲဝင်ရပြီး ညနေ (၄း၃၀) နာရီတွင် ထောင်ပြင်ထွက်၍ အနားယူရသည်။ (၂၄) နာရီ တာဝန်ရှိသူများဖြစ်ကြ၍ အရေးပေါ်လျှင်တော့ အချိန်မရွေး ထောင်တွင်းပြန်ဝင်ပြီး တာဝန်ထမ်းဆောင်ကြရသည်။





ကျွန်ုပ်တို့ ညနေ (၄း၃၀) နာရီ စောစောထွက်ရသောနေ့များတွင် တပ်သားမြင့်ဦးက ကျွန်ုပ်တို့နေထိုင်ရာ အပေါ်ထပ်တက်သည့် ဘူးသစ်လှေတံခါးခြေရင်း အုတ်ခုံပေါ်၌ထိုင်ကာ ရိုင်ဖယ်သေနတ်ကို ပိုက်ပြီး ထမင်းချိုင့်ဘေးမှာချ၍ သူ့သားကလေးဖြင့် စကားပြောရင်း မျှော်စင်သော့ကိုဖွင့်ပေးမည့် ဂါတ်ခန်းက တပ်ကြပ်ကြီးကို စောင့်နေကြ၊

ထို့ကြောင့်လည်း ကျွန်ုပ်တို့ စောစောထွက်ရသည့်ရက်များတွင် ညနေ ၅ နာရီ ပုံမှန် လှေကားတံခါးရင်း၌ ဆုံနေကြပင်ဖြစ်သည်။ တပ်သားလေးမြင့်ဦးနှင့် ကျွန်ုပ်တို့လည်း ခင်မင်ရင်းနှီးနေကြသည်။

တစ်နေ့တော့ ကျွန်ုပ်တို့ အချိန်မှန် ညနေ ၅ နာရီခန့် ဘူးသစ်လှေတံခါးရင်းသို့ ရောက်သော်လည်း တပ်သားကလေးမြင့်ဦးတို့သားအဖကို မတွေ့ရပါ။ ကျွန်ုပ်တို့အမြင်တွင် တစ်ခုခုလိုနေသလို ဖြစ်နေပါသည်။ ကျွန်ုပ်တို့ လှေခါးရင်းတွင် ခေတ္တရပ်နေမိစဉ် . . .

''ဆရာရေ . . . ဒီနေ့ ကျွန်တော်နောက်ကျတယ်ဗျို့၊ မိန်းမ ဈေးသွားတာ အပြန်နောက်ကျလို့ ကျွန်တော်လည်း ထမင်းချက်ဟင်းချက်နောက်ကျသွားတယ်''

ကျွန်တော်တို့နောက်ကျောမှ တပ်သားကလေးမြင့်ဦး ရိုင်ဖယ်သေနတ်ကိုထမ်းကာ သားကလေးလက်ကို ဆွဲလာသည်။ သားကလေးက ထမင်းချိုင့်ကို ကိုင်လာသည်။

''မြင့်ဦး . . . ဘာဟင်းချက်သလဲကွ''

''ဟင်းမကောင်းပါဘူး ဆရာရယ်။ ကန်စွန်းရွက်ကြော်ပါ''

''ဒါနဲ့ မင်းမိန်းမ ဈေးသွားတယ်ဆို။ သားငါးဝယ်မလာဘူးလား။ မင်းတို့က ညကင်းစောင့်ရတော့ အိပ်ရေးပျက်တယ်။ အသားလေး



www.burmeseclassic.com

www.burmeseclassic.com



ငါးလေး၊ ကြက်ဥ၊ ဘဲဥကလေးနဲ့လည်း တွဲစားဦး။ ကြာရင် အာဟာရ ချို့တဲ့နေဦးမယ်''

''မတတ်နိုင်ပါဘူး ဆရာရယ်။ ကျွန်တော်ကတော့ နေ့စဉ် ထောင်ထဲက တောင်ယာစိုက်ခင်းကရတဲ့ အသီးအရွက်နဲ့ပဲ နှစ်ပါးသွား ရတာပါ။ အိမ်မှာတော့ မိန်းမနဲ့သားအတွက် ငါးလေး၊ အသားလေး ချက်စားကြပါတယ်။ ကျွန်တော်က မိန်းမနဲ့ကလေးကို ဦးစားပေးတာ ပါ။ သူတို့က ကျွန်တော့်လို မစားနိုင်ကြဘူးလေ ဆရာရဲ့''

''သားငါးမစားနိုင်ရင်လည်း ပဲဟင်းတို့၊ ငါးပိတို့လောက်နဲ့တော့ တွဲစားသင့်တယ်လေကွာ။ ပဲဟင်းက အသားဓာတ်ပါတယ်။ ငါးပိက သတ္တုဓာတ်နဲ့ ဗိုက်တာမင်အတော်ပါတယ်။ ထမင်းလည်း မြိန်တာပေါ့။ မင်းကိုမေးလိုက်ရင် ကန်စွန်းရွက်ကြော်၊ ကိုက်လံကြော်၊ မုန်လာဥနဲ့ မုန်ညင်းရွက်ကြော်ချည်းပဲ။ နားရက်ကလေး ဘာလေးကျတော့လည်း အိမ်မှာ ဈေးပေါတဲ့သားငါးကလေးဘာလေး ဝယ်ချက်စားဦးပေါ့ကွာ''

''ဟုတ်ကဲ့ပါ ဆရာ၊ ဆရာတို့လို လူပျိုလူလွတ်နေနိုင်ရင် အလွန်ကောင်းတာပါပဲ။ အိမ်ထောင်ရေးကိစ္စ မပူပင်ရတော့ဘူးပေါ့။ အခုတော့ ကျွန်တော့်မှာ သားကျွေးမှု၊ မယားကျွေးမှုအပြင် အိမ်ထောင် ရေးကိစ္စနဲ့ ကလေးကျောင်းကိစ္စတွေ ပူပင်နေရတာနဲ့ အတော်စိတ်ဆင်း ရဲရပါတယ် ဆရာရယ်''

''အေး ... အဲဒါကတော့ ကိုယ့်အပူကိုယ်ရှာတာမျိုးပေါ့။ ငါ့ အထင်ပြောရရင်တော့ အိမ်ထောင်ရေးကိစ္စဟာ ငွေကြေးပြည့်စုံမှယူတာ အကောင်းဆုံးပဲလို့ ခံယူထားတယ်။ မပြည့်စုံခင်ယူကြတော့ စီးပွားရေး မပြေလည်တာနဲ့ အိမ်ထောင်ရေးပါ မသာယာတော့ဘူးပေါ့။ မင်းမိန်းမ က ဘာအလုပ်မှ မလုပ်ဘူးလား။ ဝန်ထမ်းမိန်းမ အတော်များများဟာ





ဈေးရောင်းကြတယ်။ အိမ်တွင်း စက်ချုပ်လုပ်ငန်းလုပ်ကြတယ်။ တစ်ပိုင် တစ်နိုင်ဝက်မွေးပြီးလည်း စီးပွားရှာကြ၊ စုကြတယ်''

''ကျွန်တော့်မိန်းမကတော့ မလုပ်ပါဘူး ဆရာရယ်။ သူက ချမ်းသာတဲ့မိသားစုက ပေါက်ဖွားလာတော့ ထမင်းဟင်းတောင် ကောင်း ကောင်းမချက်တတ်ပါဘူး။ ကျွန်တော်ပဲ အလုပ်မဝင်ခင် ချက်ပြုတ် ကြော်လှော်ပေးရတာပါ။ သူက ကလေးကျောင်းကြိုကျောင်းပို့၊ ဈေး သွား၊ အဝတ်လျှော်ရုံလောက်ပါပဲ ဆရာ''

''ဟ ... မြင့်ဦးရ၊ မင်းမိန်းမက ဘွဲ့ရလား။ မိန်းမဆိုတာ အိမ်တွင်းမှုတာဝန်ကို နိုင်နင်းရမယ်။ အချက်အပြုတ်ကလေးလောက် တော့ တတ်မှပေါ့ကွာ။ မင်းက အလိုလိုက်ထားတယ်ထင်ပါရဲ့။ နောင် ကလေးတွေများလာရင် ပိုဆိုးလိမ့်မယ်''

''နောင်ကလေးလည်း မရနိုင်တော့ပါဘူး ဆရာရယ်''

''မင်းမိန်းမက ငယ်သေးတယ်မဟုတ်လား။ ဘယ့်နှယ့် ကလေး မရနိုင်ရမှာလဲ''

''ကျွန်တော့်ဇနီးက ဘွဲ့ရလည်း မဟုတ်ပါဘူးဆရာ။ (၇)တန်း အောင်ရုံပါပဲ။ သူက ငယ်သေးတော့ ခက်တာပေါ့ဆရာရယ်။ အလှအပ အလွန်ကြိုက်တယ်။ အခု ဒီသားကလေးကိုမွေးပြီး နှစ်ယောက်ကိုယ်ဝန် ပျက်သွားတယ်။ အဖတ်သာတင်ရင်တော့ ကျွန်တော်တို့တော်ပြီ။ ဆရာဝန် ပြောတာကတော့ ကျွန်တော့်ဇနီးသားအိမ်က ကလေးမရနိုင်တော့ဘူး တဲ့ဗျာ''

''ကဲ ... သား မင်းပြန်တော့။ စာကိုကြိုးစား။ အဖေ့လို မဖြစ်စေနဲ့။ လိမ်လိမ်မာမာနေ ...။ ကြားလား''

''ဟုတ်ကဲ့ပါ အဖေ''



www.burmeseclassic.com

www.burmeseclassic.com



ကာလေးပြန်သွားတော့ ကျွန်ုပ်လည်း ဘူးသစ်အပေါ်ထပ်သို့ တက်ခဲ့ပြီး သမိုင်းရှိ အမေ့အိမ်သို့ပြန်ရန် ယူနီဖောင်းချွတ်ပြီး အရပ်ဝတ်လဲသည်။ ပြီးနောက် အခန်းတံခါးသော့ခတ်ပြီး ပြန်ဆင်းလာသည်။ မြင့်ဦးကတော့ ဂါတ်ခန်းတပ်ကြပ်ကြီးကိုစောင့်ရင်း ထိုင်လျက် ငိုင်နေသည်။

"ကဲ ... မြင့်ဦးရေ၊ ငါတော့ သမိုင်းက အမေ့အိမ်ပြန်ပြီး ညစာစားမယ်။ မနက်ဖြန်မနက်စောစော ထောင်ဖွင့်ရဦးမှာဆိုတော့ စားသောက်ပြီး မိုးအတော်ချုပ်မှ ပြန်ရောက်မယ်။ ငါ့ဘော်ဒါတွေလာရင်လည်း ပြောပေးပါ"

"ဟုတ်ကဲ့ပါဆရာ။ ကျွန်တော်နဲ့ဆုံရင် ပြောလိုက်ပါ့မယ်"

"မင်းက ကင်းသမားပဲ။ ဘာမဆုံစရာရှိသလဲ"

"ဟုတ်ကဲ့ပါဆရာ။ ဘိုင့်ဘိုင့်"

သူက လက်ပြနှုတ်ဆက်တော့ ကျွန်ုပ်ကလည်း လက်ပြနှုတ်ဆက်ပြီး ထွက်ခဲ့သည်။ အချိန်က ညနေငါးနာရီခွဲခန့်သာ ရှိသေးသည်။ မြင့်ဦးက ၆ နာရီမှ မျှော်စင်ပေါ်တက်ရမည်ဖြစ်၍ နာရီဝက်ခန့်စောင့်ရဦးမည်ဖြစ်သည်။ ကျွန်ုပ် ထောင်ဝင်းထဲမှထွက်ခဲ့ပြီး ဟီးနိုးဂိတ်လေဟာပြင်ဈေးရှေ့သို့ လမ်းလျှောက်ရသည်။ ခရီးက တစ်မိုင်ခန့်ဝေးသည်။

အင်းစိန်နှင့်သမိုင်းမှာ (၁၀)ပြားခရီးသာဖြစ်သည်။ (၁၅)မိနစ်ခန့် ကားစီးရသည်။ ကျွန်ုပ်ကားစီးရင်း တပ်သားမြင့်ဦးတို့မိသားစု အကြောင်းကို တစ်လမ်းလုံး စဉ်းစားလာမိသည်။ ဘာကြောင့်မှန်းမသိ အတွေးစကိုဖြတ်သော်လည်း တပ်သားမြင့်ဦးကိုသာ တရေးရေး ပြန်လည်မြင်ယောင်နေမိသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တတ်နိုင်သမျှ ငွေရေးကြေးရေးကူညီရန် ဆုံးဖြတ်လိုက်မိတော့သည်။





အမေ့အိမ်တွင် ရေချိုးပြီး စကားပြောရင်း ညစာစားကြသည်။ လူစိမ်းသူစိမ်းမရှိ။ မိသားစုချင်းသာဖြစ်၍ သာရေးနာရေး၊ ကျန်းမာရေး အကြောင်းတွေကို ဆွေးနွေးတိုင်ပင်ကြသည်။ သားဖြစ်သူ ကျွန်ုပ်မှာ မိဘ၊ မောင်နှမများဖြင့် အတူနေသော်လည်း ထောင်ဝန်ထမ်းဖြစ်သဖြင့် ညမိုးချုပ်မှသာ အိမ်ပြန်ရောက်တတ်သည်။

တစ်ပတ်တစ်ကြိမ်လည်း တာဝန်မှူးကျသဖြင့် ထောင်ကုန်း၌ အိပ်ရသည်။ အရေးအပေါ်အခြေအနေများ၌လည်း ထောင်လုံခြုံရေးအရ ထောင်တွင်း၌ပင် နေရသည်။ ရုတ်တရက် အတွေးစတစ်ခု ဝင်လာသည်။

ဘူးမျှော်စင်ပေါ်၌သာ ကင်းစောင့်ရင်း တစ်ယောက်တစ်လဲစီ အိပ်ရသော တပ်သားမြင့်ဦး၏ဇနီးမှာ မရိုးဖြောင့်ပါက လွတ်လပ်စွာ ဖောက်ပြန်နိုင်ပေသည်။ မြင့်ဦးတို့ ကင်းစောင့်တာဝန်မှာ အနည်းဆုံး တစ်လ၊ ကိုးသီတင်း တာဝန်ကျတတ်သည်။ မြင့်ဦးစိတ်ညစ်နေသည်မှာ ဤကိစ္စကြောင့်လည်း ဖြစ်နိုင်ပေသည်။ မိသားစု စကားဝိုင်းကောင်းသော်လည်း ကျွန်ုပ်၏စိတ်က မသိစိတ်၏ လှုံ့ဆော်မှုကြောင့်လားမသိ အင်းစိန်သို့ ပြန်ရောက်နေမိသည်။

ထို့ကြောင့် ည ၉ နာရီထိုးသည်နှင့် ကျွန်ုပ် အင်းစိန်သို့ ပြန်ခဲ့တော့သည်။ ထောင်အပြင်ဂိတ်ဝကြီးသို့ ည ၉း၃၀ နာရီတွင် ပြန်ရောက်သည်။ ထောင်ဂိတ်ဝတွင် စုစုဝေးဝေးဖြစ်နေသည်။ ကျွန်ုပ် စိတ်ထင့်နေသလို ထောင်တွင်း၌ အရေးပေါ်ပြီထင်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

တော်ပါသေးသည်။ ကျွန်ုပ်ထင်သလို မဟုတ်ပါ။ **စုဝေးနေကြ**သူများမှာ ကျွန်ုပ်နှင့် ဘူးသစ်ပေါ်တွင် အတူနေကြသော ထောင်မှူးများဖြစ်ကြသည်။ ကျွန်ုပ်ကိုမြင်သည်နှင့် ထောင်မှူးကိုစောလှိုင်က ...

"သူငယ်ချင်း ဗိုးသိန်းဝင်း၊ မြန်မြန်လာကွာ။ ငါတို့ မင်းကို စောင့်နေတာ"

"ဘာကိစ္စလဲ။ ညသန်းခေါင် ဟင်းချက်စားဖို့လား။ ငါ ညစာစားပြီးပြီ။ မနက်ဖြန်မနက်လည်း ထောင်စောစောဖွင့်ရဦးမယ်။ ငါမပါတော့ဘူး"

"သူငယ်ချင်း မင်းကလည်း စိတ်ချည်းပဲ။ ဒီမှာ ဘာဖြစ်နေသလဲ မင်းသိလို့လား"

"ဘာဖြစ်နေလို့လဲ **ကိုစောလှိုင်**။ ထောင်ကြီးဘက်က အေးအေးဆေးဆေးပါပဲ။ ဝန်ထမ်းတွေ စုစုဝေးဝေးလည်း မတွေ့ရပါဘူး"

"အေး ... အဲဒါကိုပြောမလို့။ ထောင်မကြီးဘက်က ဘာမှမဖြစ်ဘူး။ ကိုယ်တို့ဘူးသစ်မှာ ပြဿနာဖြစ်နေတာ"

"ဘူးသစ်မှာ ဘာပြဿနာဖြစ်သလဲ။ လူတစ်ယောက်မှမရှိတာ။ သရဲခြောက်လို့လား။ ဖောက်ထွင်းခံရလို့လား"





"တစ်ခုမှမဟုတ်ဘူး။ ကိုယ်ပြောတာကို နားထောင်ပါဦး။ (၇) မျှော်စင်က ကင်းတပ်သားမြင့်ဦးလေ။ ဘူးသစ်လှေခါးခြေရင်းမှာ ထိုင်နေကျ ကောင်လေးပေါ့။ အဲဒါ ညနေ ၆း၀၀ နာရီလောက်က သူ့ရှိင်ဖယ်သေနတ်ကို ပါးစပ်နဲ့ငုံ၊ ခြေမနဲ့ခလုတ်ဖြုတ်ပြီး သူ့ကိုယ်သူ သတ်သေသွားလို့ ရှောသွားပြီ။

အဲဒါကြောင့် ဘူးသစ်ပေါ်မှာ ငါတို့မအိပ်ရဲတော့လို့ ထောင်ထဲက ရိက္ခာရုံးမှာ သွားအိပ်ကြဖို့ တိုင်ပင်နေကြတာ။ အဲဒါ မင်းဆန္ဒက ဘယ်လိုလဲ"

"ဟာ ... ကိုယ်နဲ့ ညနေ ၅ နာရီလောက်မှာကြုံလို့ ဒီနေ့စကားတွေတောင် အတော်ပြောမိကြတယ်။ ကောင်လေး ... ငွေကြေးကိစ္စ အဆင်ပြေပုံမရလို့ တတ်နိုင်သမျှကူညီမယ်လို့တောင် စိတ်ကူးထားမိသေးတယ်"

ကျွန်ုပ်နှင့် တပ်သားမြင့်ဦးတို့ ကြုံ၍ စကားပြောခဲ့ကြပုံများကို ခရေစေ့တွင်းကျ ပြန်ပြောပြလိုက်သည်။ တိုက်ဆိုင်ဆက်နွယ်နေသည်မှာ ကျွန်ုပ် တပ်သားမြင့်ဦးအား မျက်စိထဲ၌ မြင်ယောင်နေမိခြင်း၊ သူ့စကားသံများကို ကြားယောင်နေမိခြင်းတို့မှာ ကျွန်ုပ်၏ မသိစိတ်က သတိပေးနေခြင်း ဖြစ်မည်ထင်သည်။

"ကဲ ... ဘယ်လိုလုပ်ကြမလဲ သူငယ်ချင်း"

ထောင်မှူးဦးစောလှိုင်က ကျွန်ုပ်ငိုင်တွေ စဉ်းစားနေခြင်းကို ဝင်၍ သတိပေးလာသည်။

"ဘယ်လိုလုပ်ရမလဲ ကိုစောလှိုင်ရယ်။ တစ်နေ့တစ်ရက်တည်းကိစ္စမှမဟုတ်တာ။ ကျွန်တော်တို့ ဒီထောင်ကမပြောင်းသရွေ့ ရင်ဆိုင်နေရမယ့်ပြဿနာပဲ ရှောင်ပြေးလို့မှမရတာ။ ဗိုလ်နေမြဲ၊ ကျားနေမြဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း ... မင်းက ဘူးသစ်မှာပဲပြန်အိပ်မယ်လို့ ဆိုလိုတာမဟုတ်လား"

"အေး ... ဟုတ်တယ်လေ။ ရှေ့တန်းက တပ်မတော်သားတွေဆိုရင် အေးတဲ့ဒေသမှာ စောင်မရှိလို့ တိုက်ပွဲအတွင်းကျဆုံးခဲ့တဲ့ ရဲဘော်အလောင်းကိုတောင် ကတုတ်ကျင်းထဲမှာ ဖက်အိပ်ရတယ်လို့ ငါစာတွေထဲမှာ ဖတ်ဖူးတယ်"

"အေး ... မင်းတစ်ယောက်တည်း သတ္တိကောင်းနေ။ ငါတို့တော့ဒီည ဘူးသစ်မှာ မအိပ်ရဲတော့ဘူး။ ထောင်ထဲက ရိက္ခာရုံးမှာပဲ ဝင်အိပ်တော့မယ်"

"အေးလေ ... မင်းတို့သဘောပဲ။ ငါကတော့ ဘူးသစ်တံခါးဝ အစွန်ဆုံးအခန်းမှာ တစ်ယောက်တည်းနေတာ။ မင်းတို့က ၃ ယောက် ပေါင်းနေတာ။ အကျဉ်းထောင်အံရာရှိတွေ လုပ်နေကြပြီး သတ္တိနည်းလှချည်လား။ ငါကတော့ တံခါးတွေလုံအောင်ပိတ်ပြီး အိပ်လိုက်ရင် ဟတ်ရေးပဲ။ မနက်ထောင်ဖွင့်ခါနီးမှ နိုးမှာ။ ဒါဆို ငါတစ်ယောက်တည်းပဲ ပြန်အိပ်တော့မယ်"

ထိုစဉ် ထောင်မှူးဦးအောင်ကျော်ဒွေးက ...

"သူငယ်ချင်းတို့ရယ် ကိုသိန်းဝင်းပြောတာ မှန်ပါတယ်။ တစ်နေ့တည်း ပြီးသွားမယ့်ကိစ္စမှမဟုတ်ပဲ။ ထောင်မှူးကြီး ဦးတင်ရွှေသိသွားရင်လည်း သတ္တိကြောင်လှချည်လားဆိုပြီး ထောင်ဥပဒေ ၅၄ (၁) နဲ့ အရေးယူခံနေရဦးမယ်။ ငါတို့ မနက်လည်း ထောင်ဖွင့်ရဦးမှာဆိုတော့ ယူနီဖောင်းတွေလည်း လိုလိမ့်ဦးမယ်၊ ကဲ ... အဖွဲ့တောင့်တာပဲ။ ဘူးသစ်ပြန်အိပ်ကြမယ်"

"ကျွန်တော်လည်း အဲဒါကို သဘောတူတယ်။ ဘူးသစ်ပြန်အိပ်





ကြမယ်။ တစ်ချိန်လုံး နှုတ်ဆိတ်နေသော ထောင်မှူးဝင်းဆန်းကလည်း ပြောလာသဖြင့် ထောင်မှူးဦးစောလှိုင် ရေငုံနှုတ်ပိတ်သွားတော့သည်။

"အေး ... အဲဒီလို ယောက်ျားပီသကြစမ်းပါ။ ငါတို့နေကြတဲ့ ဘူးသစ်က နဂိုကတည်းက သရဲတစ္ဆေခြောက်တာ မင်းတို့အားလုံးအသိပဲ။ အခု သရဲတစ္ဆေတစ်ကောင် တိုးလာလို့လည်း မထူးပါဘူး။ ငါတို့ အိပ်ခါနီးရင်တော့ တပ်သားကလေးမြင့်ဦးကို အမျှအတမ်းဝေပြီး ကောင်းရာသုဂတိလားပါစေဖို့ ဆုတောင်းကြတာပေါ့။ တစ္ဆေသရဲဆိုတာ လူသေမှဖြစ်တာပါ။ တို့ကလူ။ တစ္ဆေသရဲကို မကြောက်သင့်ဘူး။ တစ္ဆေသရဲကသာ တို့လိုလူကို ကြောက်ရမှာ။ ပြောင်းပြန်ဖြစ်နေပြီ"

"အခု မြင့်ဦးသေတာက ရိုးရိုးသေတာမဟုတ်ဘူး ကိုသိန်းဝင်းရ။ အစိမ်းသေ သေတာ"

ထောင်မှူးဦးအောင်ကျော်ဒွေးက ဝင်ပြောပြန်သည်။

"အစိမ်းသေသေ၊ အကျက်သေသေဗျာ။ သေသွားပြီးမှပဲ ဘာဆန်းတော့လို့လဲ။ လှုပ်ရှားနိုင်တာလည်း မဟုတ်တော့ဘူး။ ဒါနဲ့ တပ်သားမြင့်ဦးက သူ့ကိုယ်သူ ဘာကြောင့် သတ်သေသွားတာလဲ။ သိကြသလား"

ထောင်ဘူးတံခါးကြီးတွင် တာဝန်ကျသဖြင့် အလုံးစုံသိနေသော ထောင်မှူးဦးဝင်းဆန်းက ...

"ကိုသိန်းဝင်းရေ ... တပ်သားမြင့်ဦးမိန်းမငယ်က ရှုပ်တယ်ဗျ။ ပွင့်ပွင့်လင်းလင်းပြောရရင် လင်ငယ်နေပြီး နောက်မီးလင်းလို့တဲ့ဗျ။ သိပြီလား"

ကရင်လူမျိုးပီပီ ဟောဟောဒိုင်းဒိုင်း၊ ပွင့်ပွင့်လင်းလင်း ပြောတတ်သော ထောင်မှူးဦးဝင်းဆန်း၏ စကားကြောင့် ကျွန်ုပ်တို့အားလုံး ဝိုင်းရယ်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ...ဟား ...ဟား ..."

"ကရင်နဲ့တွေ့မှ ပွဲပြတ်သွားတော့တာပဲ"

ထောင်မှူးဦးအောင်ကျော်ဒွေးက မှတ်ချက်ချသည်။

ကျွန်ုပ်တို့ ထောင်မှူးလေးယောက် တန်းစီရင်ဘောင်တန်းပြီး ထောင်ဗဟိုလမ်းမကြီးအား တက္ကသိုလ် အဓိပတိလမ်းမကြီးအမှတ်ဖြင့် လမ်းလျှောက်လာကြသည်။ ထောင်ဝင်းကြီးတစ်ခုလုံး ချောက်ချားဖွယ် ရာ ငြိမ်သက်တိတ်ဆိတ်နေသည်။

အင်းစိန် ဗဟိုအကျဉ်းထောင်ကြီးကတော့ မီးများ ထိန်ထိန် လင်းနေသည်။ ကျွန်ုပ်တို့နေသော အမျိုးသမီးအဆောင်ဘက်အခြမ်း ဘူးသစ်ဘက်ကတော့ အလင်းရောင်အားနည်းပြီး မှောင်မဲတိတ်ဆိတ် နေသည်။ ဘူးသစ်ပေါ်၌လည်း လူတစ်ဦးမှမရှိ၍ မီးမလင်းပါ။

မျှော်စင် (၇)နှင့် ဘူးသစ်လှော်တံခါးကြားမှာ အုတ်ရိုးမဲမဲကြီး သာရှိ၍ မှောင်အတိကျနေသည်။ မျှော်စင် (၇)အပေါ်၌လည်း တစ်ပွင့် တည်းသောမီးလုံးကလေးက မှိန်မှိန်ကလေးသာ လင်းနေသည်။ လွန်စွာ ချောက်ချားစရာကောင်းသော အနေအထားဖြစ်ပေသည်။

❁ ❁ ❁

❑

ကျွန်ုပ်တို့ဘူးသစ်လှော်တံခါးခြေရင်း တပ်သားမြင့်ဦး Suicide လုပ်သွားသော နေရာသို့ရောက်တော့ ရေဆေးထားသော်လည်း သွေးညှီ နံ့နှင့် ယမ်းခိုးနံ့က ရနေသည်။

ကျွန်ုပ်လည်း လှော်တံခါးခြေရင်း၌ရပ်၍ တပ်သားမြင့်ဦးတို့ သားအဖအား မျက်စိထဲတွင် မြင်ယောင်နေမိစဉ် မျှော်စင် (၇)အပေါ်မှ ည (၁၀)နာရီ သံချောင်းခေါက်သံကို ကြားလိုက်ရသည်။

"ဆရာသိန်းဝင်းတို့ ပြန်လာကြပြီလား။ တော်ပါသေးရဲ့ဗျား။ ကျွန်တော်တို့လည်း မျှော်စင်ပေါ်မှာ မနေရဲဘူးဖြစ်နေတာ"

"ရဲစိန်မဟုတ်လား။ မင်းတို့က နှစ်ယောက်တောင်ပဲ။ ဘာ ကြောက်စရာရှိသလဲ။ သေနတ်တွေလည်း ရှိရက်သားနဲ့ကွာ"

"သေနတ်က သေနတ်ပဲ။ ကြောက်တာက ကြောက်တာပဲ။ ဆရာရေ မြင့်ဦးက ကျွန်တော်တို့ရှေ့မှာတင် သတ်သေသွားတာ။ နောက် ပြီး သူက ကျွန်တော်တို့မျှော်စင်ပေါ်က ကင်းသမားဆရာရဲ့။ သူမရှိတော့ လို့ တပ်သားတင်ဝင်းကို ဂိတ်ခန်းက အစားထိုးပေးထားတာ။ တင်ဝင်း ကလည်း အာဂကောင်။ စောင်ခေါင်းမြီးခြုံပြီး အိပ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတွေပဲ သတ္တိရှိစမ်းပါကွာ။ ငါတို့လည်း ပြန်ရောက်ကြပါပြီ။ ဘာမှမကြောက်နဲ့။ အရေးရှိရင် လှမ်းအော်လိုက်။ ငါတို့အခန်း ပြတင်းပေါက်တွေ ဖွင့်ထားမယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ဆရာတို့ပြန်လာလို့ ကျွန်တော်အားရှိပါပြီ။ မကြောက်တော့ပါဘူး"

"ထောင်ဝန်ထမ်းပဲကွာ။ ဒါတွေက ကြုံနေရမှာပဲ။ သွားလေသူကို မေတ္တာပို့ အမျှဝေပါ။ ကြောက်စရာမရှိဘူး"

"ဟုတ်ကဲ့ဆရာ"

ထိုညက ကျွန်ုပ်အိပ်ရာဝင်ခါနီး ဘုရားရှိခိုးပုတီးစိပ်ပြီး မေတ္တာပို့အမျှဝေသည်။ အထူးသဖြင့် ကွယ်လွန်သွားရှာပြီဖြစ်သော တပ်သားမြင့်ဦးအား ရည်မှန်း၍ မေတ္တာပို့အမျှဝေသည်။ ည (၁၁)နာရီကျော်မှ ကျွန်ုပ် အိပ်ပျော်သွားသည်။ ဘာအနှောင့်အယှက်၊ အသံပလံ၊ ခြေသံကိုမှ မကြားရပါ။

ယခင်ညများက ကျွန်ုပ်တို့ ဘူးသစ်အပေါ်ထပ်နှင့် လှေတံခါးပေါ်တွင် ညလူခြေတိတ်သည်နှင့် ခြေသံတရှပ်ရှပ်ကို ကြားရမြဲဖြစ်သည်။ တံခါးခေါက်သံကိုလည်း တစ်ခါတစ်ရံ ကြားရတတ်သည်။

ယခင်က ဘူးသစ်ပေါ်၌ လူနေခြင်းမရှိ။ ပိတ်ထားသည်မှာ နှစ်အတန်ကြာပြီဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့ရောက်မှသာ နေရာချထားပေးခြင်းဖြစ်သည်။ တစ်ဘက်၌ အမျိုးသမီးထောင်ကျဆောင် (၇)ရှိသဖြင့် လုံခြုံရေးအရ လူမထားခြင်းလည်း ဖြစ်ပေလိမ့်မည်။

အမျိုးသမီးများချည်းနေသော နေရာများတွင် အမျိုးသမီးတို့သဘာဝအတိုင်း လွတ်လပ်စွာနေတတ်သော အကျင့်ရှိသဖြင့်လည်း မသင့်တော်ရာမမြင်နိုင်စေရန် မှန်ပြတင်းများအား အထပ်သားများဖြင့်





ပိတ်ထားသေးသည်။

စိတ်ဟူသည်မှာ လွန်စွာဆန်းကြယ်လှသည်။ ကြောက်လျှင်လည်း သည်စိတ်၊ ရဲလျှင်လည်း သည်စိတ်ပင်ဖြစ်သည်။ 'စိတ်ကြောင့်သေ၊ လက်ကြောင့်ကြေ' ဟူသောစကားပုံပင် ရှိသည်မဟုတ်ပါလော။

လူများတွင် အခါအားလျော်စွာ စိတ်ဆိုးစိတ်ယုတ်နှင့် ကောင်းမွန်သော စိတ်များဒွန်တွဲပြီး လွန်ဆွဲလေ့ရှိသည်။ ကောင်းသောအမှုကိစ္စဖြစ်စေ၊ ဆိုးသောအမှုကိစ္စဖြစ်စေ၊ စိတ်ကောင်းနှင့်စိတ်ယုတ်တို့ ယှဉ်ပြိုင်ကြပြီး အနိုင်ရသည့်ဘက်ကို ခန္ဓာကိုယ်က လိုက်လုပ်ခြင်းသာ ဖြစ်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

စတုတ္ထ တစ်ယောက်အကြောင်းကိုလည်း ရေးရပေဦးမည်။ အနိဋ္ဌာအာရုံတွေအကြောင်းချည်း ရေးနေရတော့ လက်ကမသွက်ချင်ပါ။

မန္တလေးဗဟိုအကျဉ်းထောင်သစ် ဆောက်လုပ်စဉ်က အဖြစ်အပျက်ဖြစ်သည်။ ၂၀၀၀-ခုနှစ်ခန့်ကဖြစ်သည်။ မန္တလေးဗဟိုအကျဉ်းထောင်ဟောင်းမှာ နန်းမြို့ရိုးအနောက်မြောက်ထောင့် နန်းတွင်း၌ရှိသည်။ အကျဉ်းထောင်အသစ်ကို 'အိုးဘို' ဟူသောအရပ်၌ စတင်ဆောက်လုပ်နေစဉ်ကဖြစ်သည်။

ထောင်ဧရိယာမှာ လွန်စွာကျယ်ဝန်းသဖြင့် ထောင်သစ်ဧရိယာအတွင်း၌ အိုးဘိုသချိုင်းဟောင်းလည်း ပါဝင်သည်။ မြေကြမ်းသဖြင့် အခြောက်အလှန့်ကလည်း အားကြီးသည်။ ထောင်အုတ်ရိုးဆိုသည်မှာ သာမန်အုတ်ရိုးမျိုးမဟုတ်။ မဖောက်နိုင်ရန်၊ မကျော်လွှားနိုင်ရန် မြေရှူးလည်းအများကြီးယူပြီး အုတ်ရိုးအမြင့်က (၁၈) ပေမှ (၂၄)ပေအထိမြင့်အောင်ဆောက်ရသည်။ ငလျင်ဒဏ်၊ လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန်လည်း တောင့်တင်းခိုင်မာရသည်။





အကျဉ်းထောင်အင်္ဂါရပ်များနှင့်အညီ အမျိုးသားအိပ်ဆောင်၊ အမျိုးသမီးအိပ်ဆောင်၊ ပြစ်ဒဏ်တိုက်ခန်းများ၊ စည်းကမ်းထိန်းသိမ်းရေးရုံး၊ Main Jail၊ ထမင်းချက်ဖိုကြီး၊ ထောင်ဆေးရုံ၊ အလုပ်ဌာနနှင့် တောင်ယာခင်းများ၊ မျှော်စင်ကင်းများ၊ အနောက်ဂိတ်ကြီး၊ အရှေ့ဂိတ်ကြီးနှင့် တာဝန်ခံထောင်ပိုင်ကြီးနေအိမ်၊ လက်နက်တိုက်တို့ကို စနစ်တကျပုံစံဆွဲ၊ နေရာချပြီး ဆောက်လုပ်ရသည်။ ဆောက်လုပ်ပြီးမှ ပြန်လည်ပြုပြင်ဆင်ဆောက်လုပ်ရန် အလေ့အထမရှိပေ။

ထို့ကြောင့် စတင်ဆောက်လုပ်စဉ်ကပင် အမှားအယွင်း ပျောက်ကွက်ဟာကွက်မရှိအောင် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေ့စဉ် ထပ်ခါတလဲလဲ စစ်ဆေးကြရသည်။

ပစ္စည်းထိမ်း (Store Keeper) မှာ ထောင်မှူးဦးတင်ဋ္ဌေးဖြစ်သည်။ သူက ကျောင်းဆရာဘဝမှ ထောင်မှူးအဖြစ် ဝင်ရောက်လာသူ၊ ရိုးသားဖြောင့်မတ်ပြီး ဘွဲ့ရပညာတတ်လည်း ဖြစ်သည်။ လူကြီးများကယုံကြည်၍ သူ့အား ပစ္စည်းထိမ်းတာဝန်ခံ ခန့်ထားခြင်းလည်းဖြစ်ပေသည်။ သူကိုင်ရသောပစ္စည်းများမှာ သံထည်ပစ္စည်းများ၊ ဘိလပ်မြေနှင့် အုတ်၊ သဲ၊ သစ်များဖြစ်သည်။

ထောင်မှူးဦးတင်ဋ္ဌေးက ကျောင်းဆရာဖြစ်သော်လည်း သစ်တန်တွက်နည်းနှင့် သံချောင်းဆိုဒ်စုံတန်ဖွဲ့ပုံကို နားမလည်။ လေ့လည်းမလေ့လာ။ ကျောင်းဆရာဖြစ်၍ အခြားသူ တစ်စုံတစ်ဦးကိုလည်း ဆရာမတင်ချင်ပါ။

ထို့ကြောင့် သူက သူနားလည်သလို သစ်ဘယ်နှချောင်း ဆောက်လုပ်ရေး၊ သံချောင်းဘယ်နှချောင်း၊ ဘိလပ်မြေဘယ်နှအိတ်၊ အုတ်ဘယ်နှလုံးဆိုတာကိုတော့ ငယ်စာရင်းကလေး တေးထားတော



www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့သော် လူကြီးများ လာစစ်ဆေးလျှင်တော့ သူ့မှာ အခက်အခဲတွေ့ရတော့သည်။ ပြင်ပမှာ လာရောက်ပေးသွင်းသော ပစ္စည်းများမှာ ပြေစာနှင့် ရေးသွင်းထားသဖြင့် အတိုင်းအတာ အရေအတွက်ရှိသည်။

သူထုတ်ပေးလိုက်သော ပစ္စည်းများကိုတော့ တန်၊ ပေ၊ ကုဗဖွဲ့နည်းဖြင့် သူမဖြေတတ်။ လစဉ် အစည်းအဝေးလုပ်လျှင် သူပင် အမြဲတမ်း လူကြီးများ၏ အကြိမ်းအမောင်းကိုခံရသည်။

ထို့ကြောင့် လူကြီးများလာလျှင် သူအကြောင်းပြပြီး ရှောင်နေတတ်သည်။ မရှိးမဖြောင့်တော့ သူမလုပ်။ ပစ္စည်းများလည်း ပျောက်ရှခြင်းမရှိ။ သို့သော် လူကြီးများကိုတော့ သူအလွန်ကြောက်သည်။ မေးမြန်းလျှင် မဖြေတတ်မှာကို သူအလွန်စိုးရိမ်ရှာသည်။

✿ ✿ ✿

❑

စနေနေ့တစ်ရက်တွင် ဖြစ်သည်။ ပိတ်ရက်ဖြစ်သော်လည်း ထောင်မှူးတင်ဌေးမှာ ပစ္စည်းထိန်းဖြစ်၍ မနားရ။ ဆောက်လုပ်ရေးဝန်ထမ်းများသာ သူ့အလှည့်ဖြင့်သူ နားကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းကတော့ နေ့အဆိုင်း၊ ညအဆိုင်းဖြင့် အရေးပေါ်ဆောက်လုပ်နေကြခြင်းဖြစ်သည်။

ထိုနေ့က ရန်ကုန်ရုံးချုပ်၊ အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင်၊ အိုးဘိုထောင်သစ်သို့ လာရောက်စစ်ဆေးမည်ဟူသော သတင်းရသည်။ ထို့ကြောင့် ထောင်မှူးတင်ဌေး ဖင်တုန်အောင် ကြောက်လန့်နေရှာသည်။

ထောင်မှူးတင်ဌေးမှာ စနေသားဖြစ်သည်။ သို့သော် သူက မထက်။ အယူကလေးတော့ရှိသည်။ စနေနေ့ဟူသည်မှာ ငယ်စဉ်ကပင် အစွဲအလမ်းကြောင့်လားမသိ။ ကံဆိုးကံကောင်း တစ်ခုခုဖြစ်တတ်သည်။ အများအားဖြင့်တော့ ကံဆိုးလေ့ရှိသည်။

ထို့ကြောင့် သူ စနေနေ့ရောက်မှာကို အလွန်ကြောက်သည်။ ထို့ကြောင့် ဖြစ်လိုရာဖြစ်စေတော့ဟု ဆုံးဖြတ်ကာ မိတ်ဆွေတစ်ဦးထံမှ မော်တော်ဆိုင်ကယ်ငှားပြီး ကျောက်ဆည်မြို့ဘက်သို့ ရှောင်ထွက်ခဲ့သည်။ ကံဆိုးသည်လား၊ ကံကောင်းသည်လားတော့မသိ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘဲလင်း ကျောက်ထုတ်လုပ်ရေး ရဲဘက်စခန်းရှေ့တွင် စခန်းဘက်မှထွက်လာသည့် ဆိုင်ကယ်တစ်စီးဖြင့် တိုက်မိကြသည်။ နှစ်ဦးစလုံးဒဏ်ရာရသဖြင့် ဝန်ထမ်းများက ကျောက်ဆည်ဆေးရုံကြီးသို့ စခန်းကကားဖြင့် ပို့သည်။ နှစ်ဦးစလုံးဝန်ထမ်းများဖြစ်ကြ၍ အမှုမလုပ်ကြ။

ကျိုးပဲ့သွားခြင်းမရှိပဲ ပေါက်ပြဲပွန်းပဲ့ရုံသာဖြစ်၍ ကံကောင်းပြန်သည်။ သို့လိုပင် ထောင်မှူးတင်ဌေး၏ဘဝမှာ စနေနေ့ရောက်လျှင် ကံဆိုးကံကောင်းရောက်နေတတ်သည်။

ဆေးရုံတွင် တစ်ညအိပ်နှစ်ရက်နေပြီးမှ ဆေးရုံကဆင်းရသည်။ မန္တလေးထောင်ပိုင်ကြီး ဦးထွန်းအောင်ကျော်မှာ သဘောကောင်းသူဖြစ်သဖြင့် ဆူပူရုံဖြင့် ကိစ္စပြီးသည်။ သို့သော် မပြီးသေးပါ။

လဆန်းရက်တစ်ရက်တွင် အကျဉ်းဦးစီးဌာနမှ လူကြီးများနှင့် ပြည်ထဲရေးဌာနမှလူကြီးများ စုပေါင်း၍ အိုးဘိုအကျဉ်းထောင်သစ်ဆောက်လုပ်ရေးလုပ်ငန်းကို လာရောက်စစ်ဆေးမည်ဟု သတင်းရပြန်သည်။

ပစ္စည်းထိမ်းတာဝန်ခံ ထောင်မှူးတင်ဌေး အခက်တွေ့ပြန်သည်။ ဤတစ်ကြိမ်တွင်တော့ ရှောင်လွှဲ၍ရမည်မဟုတ်တော့။ ရှောင်လွှဲပါက မန္တလေးထောင်ပိုင် ဦးထွန်းအောင်ကျော်က ခွင့်လွှတ်တော့မည်မဟုတ်သည်ကို ထောင်မှူးတင်ဌေး ကောင်းစွာသိနေသည်။

ထောင်မှူးတင်ဌေး ဆင်ကြံကြံ၍ စဉ်းစားရင်း အလွန်တည်ငြိမ်နေသည်။ လူကြီးများမလာမီ တစ်ရက်၌ လက်ကျန်ပစ္စည်းများနှင့် ထုတ်ပေးပြီး နေရာအနှံ့ ပြန့်ကျဲနေသောပစ္စည်းများကို လိုက်လံစစ်ဆေးပြီး သူ့နည်းသူ့ဟန်ဖြင့် စာရင်းကောက်သည်။ မျှော်စင် (မူး)များ





ဆောက်လုပ်သည့်နေရာများတွင် တာဝန်ချထားသော လက်နက်ကိုင်အစောင့်တပ်သားများအားလည်း လိုက်လံစစ်ဆေးသည်။

ဆောက်လုပ်ဆဲ အမှတ် (၅) မျှော်စင်အနီးတွင် ရိုင်ဖယ်သေနတ်ကိုပိုက်၍ ထိုင်ခုံဖြင့်ထိုင်နေသော ကင်းစောင့်ရဲဘော်အေးကျော်အနီးရောက်တော့ အေးကျော်က နေရာမှထပြီးနှုတ်ဆက်သည်။

"အားလုံးကောင်းပါတယ် ဆရာ"

ကင်းတပ်သားများမှာ လုပ်အားပေးရဲဘက်များနှင့် ပစ္စည်းများလုံခြုံရေးအတွက် ကင်းစောင့်နေကြရခြင်းဖြစ်သည်။ ထောင်မှူးတင်ဌေးက ...

"မှန်းစမ်းပါဦး။ မင်း သေနတ်ပြောင်းတွေဘာတွေရော ပုံမှန်တိုက်ရဲ့လား"

"တိုက်ပါတယ် ဆရာ"

ကင်းရဲဘော်အေးကျော်က မတ်တတ်ရပ်၍ နေရာဖယ်ပေးပြီး ထောင်မှူးတင်ဌေးအား ထိုင်စေသည်။ ထောင်မှူးတင်ဌေးက ထိုင်ခုံတွင် အကျအနဝင်ထိုင်ပြီး ...

"မင်း သေနတ်ကို ငါ့ပြပါဦး"

အေးကျော်ထံမှ သေနတ်ကိုတောင်းယူပြီး မင်းတုန်းနှင့် ကျည်ရည်အိမ်တို့ကို ဖြုတ်၍ ပြောင်းရင်းမှ သေနတ်ကို မိုးပေါ်ထောင်ကြည့်သည်။

"ဟ ... မောင်အေးကျော်ရဲ့။ မင်းက သေနတ်တိုက်တယ်သာဆိုတယ်။ ပြောင်းထဲမှာ ချေးတွေချည်းပဲ။ ပြောင်းရစ်တောင်မပေါ်တော့ဘူး။ သွားစမ်းကွာ။ အဝတ်စုတ်သန့်သန့်တစ်ခုနဲ့ ဒီဇယ်ဆီနည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းယူလာခဲ့။ ငါစတိုရုံခန်းက စားပွဲအောက်မှာရှိတယ်။ ကျည်ဆန် တွေပါထားခဲ့။ ငါအကုန်တိုက်ပေးမယ်''

''ဟုတ်ကဲ့ ဆရာ''

တပ်သားအေးကျော် စတိုခန်းသို့ပြေးပြီး အဝတ်စုတ်နှင့် ဒီဇယ် ဆီယူလာတော့ ထောင်မှူးတင်ဋ္ဌေးက သေနတ်အစိတ်အပိုင်းများကို တစ်စစီဖြုတ်၍ စနစ်တကျ တိုက်ချွတ်ဆေးကြောသည်။

သူက စစ်သင်တန်းဆင်းပြီးသည်မှာ မကြာသေး၍ ကျွမ်းကျင် သည်။ သေနတ်အတွင်းအပြင် တိုက်ပြီးတော့မှ ကျည်အိမ်နှင့်ကျည်ဆန် များကို တစ်ခုချင်း အသေးစိတ်တိုက်ပြန်သည်။

ထောင်မှူးတင်ဋ္ဌေးက ကုလားထိုင်တွင်ထိုင်၍ အချိန်ကြာစွာ တိုက်ချွတ်နေသော်လည်း မတ်တတ်ရပ်၍ အနီးတွင်စောင့်ကြည့်နေရ သော ကင်းတပ်သားအေးကျော်မှာ ညောင်းညာလာပြီး အပေါ့သွားလို သဖြင့် ...

''ဆရာ ကျွန်တော် အပေါ့ခဏသွားပါရစေ''

''အေး ... အေး ... သွား၊ ငါရှိနေတာပဲ။ စိတ်ချလက်ချ သွား''

တပ်သားအေးကျော် အတန်ငယ်လှမ်းသော အိမ်သာဘက် သို့ အပြေးသွားပြီး အပေါ့စွန့်သည်။ (၅)မိနစ်ခန့်ပင် ကြာမည်ထင်ပါ သည်။ အိမ်သာမှအထွက်တွင် သေနတ်သံတစ်ချက်ကို ကြားလိုက်ရ သည်။

''ဒိန်း''

သေနတ်သံမှာ တိုပြီးပြတ်သည်။ မတော်တဆ ကျည်ဆန် ထွက်သွားပြီး တစ်စုံတစ်ရာကိုမှန်သော အသံမျိုးဖြစ်သည်။ အေးကျော်





လည်း အိမ်သာမှ တာဝန်ကျရာဆီသို့ အပြေးသွားရတော့သည်။

တပ်သားအေးကျော် တာဝန်ကျရာ မျှော်စင်အမှတ် (၅)အနီး ရောက်တော့ ထောင်မှူးတင်ဋ္ဌေးမှာ ကုလားထိုင်နှင့်အတူ နောက်ပြန် လဲပြီး သေနတ်တခြားလူတခြား ဖြစ်နေသည်။ တပ်သားအေးကျော်မှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။ လဲကျနေသော ရိုင်ဖယ်သေနတ်ကြီးကို အနီးရှိအုတ်ပုံတွင် ထောင်လိုက်ပြီးမှ သူ့ဆရာထောင်မှူးတင်ဋ္ဌေးကို ပွေ့ချီ၍ ...

''ဆရာ ... ဆရာ ... ထပါဦး။ ဘယ်လိုဖြစ်တာလဲ။ လုပ် ကြပါဦးဗျို့။ ဟောဒီမှာဆရာ ...''

ထောင်မှူးတင်ဋ္ဌေးကတော့ နေရာကမထနိုင်တော့ပါ။ ကျည် ဆန်က မေးအောက်ကဝင်၍ ဦးနှောက်ကို ဖောက်သွားခြင်းဖြစ်သည်။ သွေးများက ပန်းထွက်နေသဖြင့် တပ်သားအေးကျော်တစ်ကိုယ်လုံး ပေကျံ ကုန်သည်။

မကြာမီ အလုပ်သမားများနှင့် တာဝန်ရှိလူကြီးများ ရောက်၊ လာကြသည်။ ထောင်မှူးတင်ဋ္ဌေးထိုင်ခဲ့သည့် ကုလားထိုင်အနီးတွင် ကျည် ဆန် (Miss Fire) နစ်တောင့်က ပြန့်ကျဲနေပြီး သေနတ်ပြောင်းရင်း တွင် ကျည်ဆန်ခွံတစ်ခုရှိသည်။

ကျည်အိမ်ထဲ၌ မပစ်ရသေးသည့် ကျည်ဆန်နှစ်တောင့်က အကောင်းအတိုင်းကျန်နေသေးသည်။ ကျည်ဆန်မထွက်မချင်း အသေ အချာခလုတ်ဆွဲ၍ (Suicide) လုပ်သွားခြင်းဖြစ်ပေသည်။

ထိုနေ့က စနေနေ့ဖြစ်သည်။ ထောင်မှူးတင်ဋ္ဌေး စွဲလမ်းယုံ ကြည်ထားသော ကံကောင်းကံဆိုး ရောနေတတ်သည့် စနေနေ့မှာ ယခု တော့ စနေဂြိုဟ်စီး၍ ပြတ်ပြတ်သားသား ကံဆိုးသွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုသည်မှာ အစွဲအလမ်းကြောင့်လည်းကောင်း၊ ဥပါဒါဏ်ကြောင့် ဥပါဒ်ရောက်တတ်သည်။ စိတ်ဖိစီးမှုဒဏ်ကြောင့်လည်း ဤကမ္ဘာပေါ်၌ မိမိကိုယ်ကိုမိမိ လုပ်ကြံသတ်ဖြတ်သွားသူများ များစွာရှိကြသည်။

ဤသူများမှာ နောင်ဘဝများတွင်ပါ အထုံရေစက်ပါပြီး အဖန်ငါးရာငါးကမ္ဘာတိုင်အောင် ခံစားကြရမည့်ဒုက္ခကို မကြောက်ကြသူများဖြစ်ကြသည်။ ဗုဒ္ဓဘုရားရှင်ကလည်း ဆုံးမခဲ့ဖူးပါသည်။ ထို့ကြောင့် ကျွန်ုပ်တင်ပြလိုသည်မှာ သံသရာဝဋ်ကို ကြောက်ကြပါ။ စိတ်ဖိစီးမှုဒဏ်နှင့် ဥပါဒ်ဒဏ်အစွဲအလမ်းများကို တခြားနည်းလမ်းများဖြင့် ဖြေရှင်းကြပါ။

ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါကလည်း မိမိ၏ ဆရာသမားနှင့် ရဟန်းသံဃာ၊ ဆရာတော်ကြီးများ၊ မိတ်ဆွေကောင်းများဖြင့် တိုင်ပင်ဆွေးနွေး အဖြေရှာကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

✿ ✿ ✿

## အခန်း [၂]

❑

၁၉၈၄ ခုနှစ်က ကျွန်ုပ် ကော့သောင်းစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ မိသားစုနှင့်ခွဲခွာရ၍ အလွမ်းစိတ်ဖိစီးရမိသည်။ ရန်ကုန်–မန္တလေး အမြန်လမ်း (ပဲခူးရိုးမ)တွင် တာဝန်ကျစဉ်က အင်းစိန်နှင့်မဝေးလှသဖြင့် နှစ်လတစ်ကြိမ်၊ (၆)လတစ်ကြိမ်ခန့်တော့ အိမ်ပြန်လေ့ရှိသည်။

ယခုတော့ မိုင်ရာကျော်ဝေးသော ရေလမ်းခရီး၊ လေကြောင်းခရီးဖြစ်၍ တစ်နှစ်တစ်ခေါက်တောင် ပြန်နိုင်မည်မဟုတ်။ ထို့ကြောင့် အလွမ်းစိတ်ညစ်မိသည်။ တာဝန်ကျသည်မှာလည်း မြို့ပေါ်မဟုတ်။ ဆက်သွယ်ရေးရေးဒေသဖြစ်ပ တောထဲ၌ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေရတော့လည်း တနင်္သာရီရိုးမတောင်ခြေရင်း တောတွင်း၌ဖြစ်သည်။ ရောက်စက အခင်မပြေ၊ နေမထိထိုင်မသာဖြစ်၍ အလုပ်ထွက်ပြီး အိမ်ပြန်ရန်ပင် အကြိမ်ကြိမ်စိတ်ကူးမိသည်။

သို့သော် ကျွန်ုပ်ရှေ့ အရင်ရောက်နှင့်နေကြသော မိတ်ဆွေထောင်မှူးများက ရောက်စတွင် မပျော်သော်လည်း အခြေကျသွားလျှင် အလွန်ပျော်စရာကောင်းကြောင်း နှစ်သိမ့်မှုပေးကြသည်။

သို့သော် ကျွန်ုပ်အနေဖြင့် ပျော်စရာမမြင်။ ရှုမဆုံးနိုင်သော ဆီအုန်းခင်းကြီးများနှင့် တနင်္သာရီရိုးမတောကြီးကို ကြည့်ပြီး ပိုမို၍ပင် လွမ်းဆွေးလာမိသည်။ ကျွန်ုပ်တို့တာဝန်ကျရာ ပါဆယ်ပါညွန်းဆီအုန်းစခန်းနှင့် (၁၀)မိုင်ရွာမှာ တောလမ်းခရီး (၁၀)မိုင်ကျော်ဝေးသည်။

(၁၀) မိုင်ရွာနှင့် ကော့သောင်းမြို့မှာ (၁၀)မိုင်ခရီးဖြစ်သော်လည်း တောင်ဆင်းတောင်တက်၊ တောင်ပတ်လမ်းဖြစ်၍ ကတ္တရာလမ်းဖြစ်သော်လည်း ခရီးလှမ်း၍ကြမ်းသည်။ စခန်းတွင် စားသောက်စရာရောင်းချသောဆိုင် ဘာဆိုင်မျှမရှိ။ စခန်းကကျွေးသော ထမင်းကိုသာ စားရန်ရှိသည်။

ကျွန်ုပ်အား ထောင်ပိုင်ကြီးက စခန်း၌ပျော်စေရန် ဟင်းကောင်းချက်ကျွေးသည်။ စခန်းအတွေ့အကြုံ၊ တောအတွေ့အကြုံများကို ရှင်းပြသည်။ သွားလေရာသို့လည်း ဆိုင်ကယ်တစ်စီးဖြင့် ခေါ်တတ်သည်။ သို့သော် ကျွန်ုပ်မပျော်ပါ။ အလုပ်တာဝန်ထမ်းဆောင်နေစဉ်၌သာ ခေတ္တဘဝကို မေ့နေတတ်သည်။

ထို့ကြောင့် ညနေခင်းတွင် မုဆိုးတင်မောင်ဆိုသူအား အဖော်ပြု၍ ဆီအုန်းခင်းလမ်းမကြီးအတိုင်း လမ်းလျှောက်ကြပြီး မုဆိုးအတွေ့အကြုံများအား ဖလှယ်ကြသည်။ တောပစ်ဝါသနာပါသူဖြစ်၍ မုဆိုးတင်





မောင်ပြောသည်များမှာ လွန်စွာ စိတ်ဝင်စားဖွယ်ရာကောင်းသည်။

ထို့အပြင် မုဆိုးတင်မောင်က တနင်္သာရီရိုးမအပေါ်ရှိ ထူးဆန်းသော သစ်ပင်များ၊ တိရစ္ဆာန်များ၊ သစ်ခွပန်းများအကြောင်းကို ပြောပြရာ နဂိုရ်ရှိဗဟုသုတ ရှိသူဖြစ်၍ ထိုအချိန်တွင် သူ့စကားများနားထောင်ရင်း ပျော်ရွှင်နေမိသည်။

ထို့ကြောင့် နောက်တစ်နေ့မှစပြီး အလုပ်အားသည်နှင့် မုဆိုးတင်မောင်နှင့်တွဲပြီး ပင်လယ်ကမ်းစပ်ဘက်ထွက်၍ အမဲလည်သည်။ ပင်လယ်ငှက်ကြီးများ၊ မျောက်တံငါများကို ပစ်ကြသည်။ အမှတ်မထင် တောဝက်အုပ်နှင့်ရင်ဆိုင်ရတော့ ဝက်မကြီးတစ်ကောင်ကို ကိုယ်တိုင်ပစ်ခတ်ရရှိသည်။

ထိုကတည်းက ဗီဇဝါသနာအလျောက် စိတ်ညစ်ခြင်းပျောက်၍ တောပျော်မုဆိုးဖြစ်ပါသည်။ သစ်ခွပန်းများစုသည်။ မရောက်ဖူးသေးသည်။ တောတွင်းကို လည်ပတ်သည်။ ထူးဆန်းသောအပင်များနှင့် နွယ်များကိုလေ့လာသည်။ စုဆောင်းသည်။ တောကောင်အမျိုးမျိုးကို ပစ်ခတ်သည်။ ထို့ကြောင့် ကော့သောင်းစခန်းသို့ရောက်ပြီး တစ်လခန့်ကြာတော့ ကျွန်ုပ်တွင် စိတ်ညစ်စရာများမရှိတော့။ တစ်ခါတစ်ရံ မိသားစုကိုပင် မေ့နေသည်။

ကျွန်ုပ် ဤသို့ရေးသည်မှာ ကျွန်ုပ်ဇာတ်လမ်းကို ရေးလို၍မဟုတ်ပါ။ စိတ်ညစ်သူ၊ စိတ်ဓာတ်ကျသူ၊ စိတ်ဖိစီးမှုဒဏ်ကို ခံရသူများအတွက် ထွက်ပေါက်ကို ညွှန်ပြခြင်းမျှသာဖြစ်သည်။ ဆိုလိုရင်းမှာ စိတ်ညစ်လျှင် အပေါင်းအသင်းမိတ်ဆွေကောင်းများဖြင့် တိုင်ပင်ပြီး စိတ်ဝင်စားပြီး ဝါသနာပါရာလုပ်ငန်းတစ်ခုကို လုပ်ကိုင်ရန်ဖြစ်သည်။

ထိုလုပ်ငန်းက သင့်ကို စိတ်ညစ်ညူးမှုမှ သမျှ မေ့ချိန်ရလာ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ပြေပျောက်သွားစေလိမ့်မည် ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်၏ ကိုယ်တွေ့ပင်ဖြစ်သည်။

ယခု ကျွန်ုပ် ဆက်လက်တင်ပြမည့် စိတ်ဖိစီးမှုဒဏ်ကို မခံနိုင်၍ မိမိကိုယ်ကိုမိမိ အဆုံးစီရင်သူကတော့ အလွန်ထူးဆန်းလှသည်။ သူက စိတ်ညစ်သူတော့ ဟုတ်ဟန်မတူ။ မိမိအထက်လူကြီး အရှင်သခင်ကိုအားနာ၍ အပြစ်မဖြစ်စေရန် ကိုယ်ကျိုးစွန့်သွားသူဟု ကျွန်ုပ်တို့ ယုံကြည်မိသည်။

သူ့အမည်က မောင်ချစ်စရာ။ သူ့ကို စခန်းတစ်ခုလုံးက မောင်ချစ်ဟုပဲ အဖျားစွတ်၍ ခေါ်ကြသည်။ မောင်ချစ်က ဓားခုတ်မှုဖြင့် ထောင် (၃)နှစ်ကျသူ ရဲဘက်တစ်ဦးသာဖြစ်သည်။ အတန်းပညာက (၁၀) တန်းအောင်ပြီးသား လက်ရေးလက်သားကောင်းပြီး ရုံးလုပ်ငန်းကို နိုင်နင်းသူဖြစ်သည်။

ကျွန်ုပ်တို့ ပါဆယ်ပါညန်းစခန်းတွင် သူက ရဲဘက်ရုံးစာရေး၊ ထောင်ပိုင်ကြီး၏ လူယုံတစ်ဦးလည်း ဖြစ်သည်။ ဖင်ပေါ့သည်။ ရဲဘက်ရုံးစာရေးဆိုသော်လည်း ထောင်ပိုင်ကြီးကတော်၏ လက်စွဲတော်ခိုင်းဖက်။ ထောင်မှူးများ၏ မင်းစေ၊ ပြာတာလည်းဖြစ်သည်။

ရုံးကိစ္စသာမက ထမင်းပွဲပြင်ဆင်ခြင်း၊ အဝတ်လျှော်ဖွတ်ခြင်း၊ မီးပူတိုက်ပေးခြင်း၊ ဗာဟီရကိစ္စမှန်သမျှ သူက မငြီးမငြူပဲ ဆောင်ရွက်ပေးတတ်သည်။

တစ်နေ့ လကုန်ရက်တစ်ရက်တွင် ရန်ကုန်မှ လာမည့်ရဲဘက် ဝန်ထမ်းနှင့် ရိက္ခာပို့ တောင်ကြီးသဘော်ကြီး ဆိုက်ရောက်မည်ဖြစ်သဖြင့် ကျွန်ုပ်တို့ စခန်းတာဝန်ခံများ ဆိုင်ကယ်ကိုယ်စီဖြင့် ကော့သောင်းမြို့သို့ ဆင်းကြရသည်။





ကွပ်ကဲမှုရုံးမှ ထောင်ပိုင်ကြီးဦးဘညို၊ ဦးစိန်အောင်၊ ထောင်မှူးကြီးဦးတင်ဝင်းတို့ဖြစ်ပြီး ကျွန်ုပ်က ဆိုင်ကယ်တစ်စီး၊ ပါဆယ်ပါညန်းစခန်းတာဝန်ခံ ထောင်ပိုင်ဦးယဉ်မောင်က သူ့လူယုံမောင်ချစ်နှင့်အတူ ဆိုင်ကယ်တစ်စီးဖြစ်သည်။ ကြိုဆိုကူညီမည့် ဝန်ထမ်းနှင့် ရဲဘက်များက HINO RANGER, TE ကားကြီးများဖြင့် လိုက်ပါလာကြသည်။

ပါဆယ်ပါညန်း ဆီအုန်းခင်းကိုကျော်တော့ ပါဆယ်ပါညန်းရွာနှင့် အင်မနိုင်းရွာကို ဖြတ်ရသည်။ မြေလမ်းသာဖြစ်သည်။ တောင်ဆင်းတောင်တက်ကလည်း အလွန်များသည်။ မိုးရာသီတွင် ကားများဘီးချော်ပြီး တောင်မတက်နိုင်၍ နားထားရသည်။ ထိုအချိန်တွင် လယ်ထွန်စက်၊ မော်တော်ဆိုင်ကယ်နှင့် ရေလမ်းကိုသာ အားထားရတော့သည်။

လွန်စွာမတ်စောက်သော ရေတံခွန်ချောက်ကို ကျော်ပြီးသည်နှင့် ရေတံခွန်ဆီအုန်းစခန်းကိုရောက်သည်။ စခန်းတာဝန်ခံ ဦးကျော်ရှိန်က ဆိုင်ကယ်တစ်စီးဖြင့် အသင့်စောင့်နေသည်။ သူ့စခန်းတွင်လည်း မော်တော်ယာဉ်ဌာနရှိရာ HINO RANGER ကားများကိုလည်း ရဲဘက်နှင့် ပစ္စည်းသယ်ယူရန် ခေါ်ဆောင်ရသည်။ စုပေါင်းလိုက်တော့ ကျွန်ုပ်တို့ယာဉ်တန်းမှာ မနည်းလှ။ ကားငါးစီး၊ ဆိုင်ကယ် (၅)စီး၊ တစ်သီတစ်တန်းကြီးဖြစ်၍ ပျော်စရာအလွန်ကောင်းသည်။

(၇)မိုင်လေယာဉ်ကွင်းကိုကျော်ပြီး (၃)မိုင်ကုန်းဆင်း၊ အကျဉ်းဦးစီးဌာန ညှော်ရိပ်သာကုန်းဆင်း၊ လွန်းထိုးအကွေ့ကိုကျော်မှ ကော့သောင်းဆေးရုံကိုကျော်ပြီး မြို့ထဲဝင်လာသည်။ ကားများ ဆိပ်ကမ်းတွင် တန်းစီ၍ ရပ်ကြသည်။ ကျွန်ုပ်တို့ကတော့ နီးစပ်ရာစားသောက်ဆိုင်များတွင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ထိုးပြီး စားသောက်ရင်း သင်္ဘောကြီးကိုစောင့်ရသည်။

သင်္ဘောကြီးများမှာ ဟားခါး၊ တောင်ကြီး၊ မြစ်ကြီးနားဟု (၃) စီးရှိသည်။ ယနေ့ တောင်ကြီးသင်္ဘော ဆိုက်ကပ်မည်ဖြစ်သည်။ သင်္ဘောဆိုက်ချိန်မှာ (၁၂)နာရီကျော်ခန့်ဖြစ်သော်လည်း ယနေ့မှ တောင်ကြီးသင်္ဘောကြီး နောက်ကျနေသည်။

ကျွန်ုပ်တို့ သင်္ဘောဆင်းကြိုကြခြင်းမှာ နောက်မှရောက်လာကြသည့် အရာရှိ၊ ဝန်ထမ်းရဲဘက်များအား အားပေးကြိုဆိုခြင်းဖြစ်သလို ပြည်မမှ ပြောင်းရွှေ့ဝန်ထမ်းများနှင့် ပေးပို့လာသည့်စာနှင့် အစားအသောက်များကို လက်ခံယူရန်အတွက်လည်း ဖြစ်သည်။

ထိုနေ့က တောင်ကြီးသင်္ဘောကြီး ညနေ (၃)နာရီခန့်မှ ဥသြဆွဲ၍ ဝင်ရောက်လာသည်။

"တူ ...ဝူ ...ဝူ ...တူ ...ဝူ ...ဝူ"

သင်္ဘောကြီး ရေလယ်တွင်ကျောက်ချသည်နှင့် ကျွန်ုပ်တို့ ကြိုဆိုရေးအဖွဲ့ဝင်များ၊ အသင့်ငှားထားသော စက်လှေကြီးများဖြင့် သင်္ဘောကြီးဆီသို့ သွားရောက်ကြိုဆိုကြသည်။ ထောင်ပိုင်ဦးသန်းစိန်နှင့်အဖွဲ့ပါလာသည်။

ရဲဘက်(၄၀၀)၊ ပြောင်းရွှေ့ဝန်ထမ်း (၂၅)ဦး ဆန်၊ ဆီ၊ ပဲအိတ်များလည်း ပါလာသည်။ စက်လှေကြီးနှစ်စီးဖြင့် အခေါက်ခေါက်အခါခါ ကြိုရသည်။ ပထမရဲဘက်များနှင့် ဝန်ထမ်းများကိုကြိုပြီး အသင့်စီစဉ်ထားသောဆိပ်ကမ်းမှ ကားများပေါ်သို့တင်ပြီး ရေတံခွန်စခန်းသို့ပို့ရသည်။ ရိက္ခာပစ္စည်းများကိုတော့ စက်လှေကြီးများဖြင့် ကဲ့ပြီး ဆိပ်ကမ်းတွင် စနစ်တကျစုပုံရသည်။

✿ ✿ ✿

❑

ကားသမားများကတော့ ယနေ့မချောင်ပါ။ အခေါက်ခေါက်အခါခါ တစ်ညနေလုံး ပို့ကြရသည်။ ညမိုးချုပ်မှ ရိက္ခာအစောင့်များချ၍ ကျွန်ုပ်တို့လည်း စားသောက်ပြီး ပြန်ခဲ့ကြသည်။ ပါဆယ်ပါညန်းဆီအုန်းစခန်း ထောင်ပိုင်ဦးယဉ်မောင်မှာ အပြန်တွင် ဆိုင်ကယ်မစီးတော့ပဲ ပြောင်းရွှေ့လာသည့် ထောင်ပိုင်ဦးသန်းစိန်နှင့်အတူ HINO RANGER ကားခေါင်းထဲမှ စီး၍ ပြန်ခဲ့ကြသည်။

ကျွန်ုပ်တို့ ပါဆယ်ပါညန်းစခန်းရောက်တော့ ည (၇)နာရီခန့်ရှိချေပြီ။ ထိုချိန်ကျမှ ထောင်ပိုင်ဦးယဉ်မောင် သူ့လူယုံတပည့်မောင်ချစ်ကို သတိရတော့ဟန်တူသည်။

"မောင်ချစ်ကော ... မောင်ချစ် .. ပါမလာဘူးလား။ ဦးသိန်းဝင်းတို့ မြင်မိကြသေးသလား"

"မြင်တယ်လေဆရာ။ ကော့သောင်းဆိပ်ကမ်းမှာ အိတ်မဲကြီးဆွဲပြီး ဆရာ့နောက်က တကောက်ကောက်လိုက်နေတာမဟုတ်လား"

"ဟုတ်တယ်ဗျ။ ကျွန်တော်နဲ့ဦးသိန်းဝင်းတို့ စားသောက်ကြပြီး စကားကောင်းနေကြတာနဲ့ သူ့ကိုမေ့သွားတာ။ ကားနောက်ခန်းကပါလာတယ်မှတ်တာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ဆရာ့အိတ်ထဲမှာ ဘာတွေပါသလဲ"

"ခြောက်လုံးပြူးသေနတ်နဲ့ ငွေတွေရယ်၊ စာရွက်စာတမ်းတွေ ပါတာပေါ့။ ဒီကောင်လေးက အလွန်သစ္စာရှိပါတယ်။ ဘယ်လိုဖြစ်ပါလိမ့်"

"ကဲ ... ဆရာ၊ ကျွန်တော်တို့ ကော့သောင်းပြန်ဆင်းကြစို့။ ညမိုးချုပ်တော့ ဆိုင်ကယ်နဲ့တော့မကောင်းဘူး။ အန္တရာယ်ရှိတယ်။ တွတ်ကြီးရဲ့ RANGER ကားနဲ့ဆင်းကြမယ်။ ကျွန်တော် စီစဉ်လိုက်မယ်"

"လုပ်ပါဦး ကိုသိန်းဝင်းရယ်။ ကျွန်တော်ကတော့ ခေါင်းတွေမူးနေလို့ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ဘူး"

ကျွန်တော် မော်တော်ယာဉ်ဘက်ထွက်လာတော့ တွတ်ကြီးတို့အဖွဲ့ အရက်ဝိုင်းလုပ်နေကြသည်။

"တွတ်ကြီးရေ"

"ဗျာ ... ဆရာ"

"ကော့သောင်းပြန်ဆင်းရမယ်။ မင်းကား အဆင်သင့်လုပ်"

"ဘာကိစ္စရှိလို့လဲဆရာ"

"မေးမနေနဲ့။ အရေးပေါ်ကိစ္စ"

ကျွန်ုပ် ရုံးခန်းပြန့်ရောက်ပြီး အရေးပေါ်ခရီးထွက်ရန် ပြင်ဆင်နေကြစဉ် တွတ်ကြီးကား စက်နှိုးသံကြားရပြီး ကားထွက်လာသံကို ကြားရသည်။ ကျွန်ုပ်တို့ ကားပေါ်တက်ရန် ပြင်ဆင်နေကြစဉ် အင်မဒိုင်းရွာဆီအုန်းခင်းတွင် တာဝန်ကျသော တပ်ကြပ်ကိုမောင်မောင် အိတ်ကြီးဆွဲ၍ အပြေးရောက်လာသည်။

"ဆရာ ... ဆရာ ... ဒီမှာ မောင်ချစ် ကျွန်တော့်တဲကို





ဝင်လာပြီး ဆရာဦးယဉ်မောင်ရဲ့အိတ်ကို ပေးသွားတယ်။ အရေးကြီးလို့တဲ့။ ဆိုင်ကယ်နဲ့ ပြန်ထွက်သွားတယ်"

"ဟာ ... ဒီကောင်လေး၊ ဘယ်လိုဖြစ်ပါလိမ့်"

ကျွန်ုပ်တို့ ကားပေါ်မှပြန်ဆင်းကြပြီး ရုံးခန်းထဲပြန်ဝင်၍ အိတ်ကြီးကိုဖွင့်ကြည့်တော့ ခြောက်လုံးပြူးသေနတ်နှင့် ငွေများ၊ စာရွက်စာတမ်းများထွက်လာသည်။ ဆရာဦးယဉ်မောင်က စစ်ကြည့်တော့ ဘာတစ်ခုမျှမပျောက်။

"ပစ္စည်းတွေ ပြည့်စုံတယ်။ ဘာတစ်ခုမှမပျောက်ဘူး"

"ဒါပေမဲ့ ဆရာရေ၊ ဒီကောင်လေးက ရဲဘက်အကျဉ်းသား။ ထွက်ပြေးတာများလား"

"မဟုတ်နိုင်ဘူး ကိုသိန်းဝင်း။ ထွက်ပြေးရင် ကျွန်တော့်ငွေတွေနဲ့ ပစ္စည်းတွေကို ယူသွားမှာပေါ့။ ဒီကောင်လေး ဆရာသမားအပေါ်မှာသစ္စာရှိလို့ ဆိုင်ကယ်ငှားပြီး တစ်ကူးတက လာပြန်ပေးတာ။ ဘာကိစ္စ အရေးကြီးသလဲမသိဘူး"

တပည့်လူယုံဖြစ်၍ ထောင်ပိုင်ဦးယဉ်မောင်က အကျဉ်းထောင်လက်စွဲဥပဒေ ပုဒ်မ (၂၂၄)ဖြင့် ချက်ချင်း အမှုမဖွင့်ပါ။ (၂၂၄)ဆိုသည်မှာ တရားခံပြေးအမှုဖြစ်သည်။ ကျွန်ုပ်တို့ နှစ်ရက်သုံးရက်ကြာအောင် စောင့်ကြည့်နေကြသည်။ ကျွန်ုပ်တို့ရုံးခန်းတွင် မောင်ချစ်မရှိ၍ ပျင်းခြောက်ခြောက်ပင် ဖြစ်နေကြသည်။

သုံးရက်မြောက်သော ညနေခင်းတွင် မောင်ချစ်တစ်ယောက် ဆိုင်ကယ်ကယ်ရီဖြင့် ပြန်ရောက်လာသည်။ သူ့ဆရာအတွက် စားစရာသောက်စရာများလည်း ပါလာသေးသည်။ ရောက်ရောက်ချင်းပင် ဆရာဦးယဉ်မောင်အား မြေပေါ်တွင် ထိုင်ကန်တော့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဆိုင်ကယ် ကယ်ရီခလေး ရှင်းပေးလိုက်ပါဦး။ ကျွန်တော့်ကိစ္စ အရေးကြီးလို့ပါ။ အခုတော့ ပြီးသွားပါပြီ။ ကျွန်တော့်ကို ကြိုက်သလို အရေးယူပါတော့ ဆရာ"

"ဩော် . . . တပည့်ရယ်"

ဆရာဦးယဉ်မောင်မှာ ဆိုင်ကယ်ခရှင်းပေးပြီးနောက် . . .

"မင်း ထမင်းကော စားပြီးပြီလား"

"မစားရသေးပါဘူး ဆရာ"

"အေး . . . အေး . . . စားလိုက်ဦး။ ပြီးမှ စကားပြောကြတာပေါ့"

အနီးတွင်ရှိနေသော ကျွန်ုပ်တို့လည်း သူတို့ဆရာတပည့် သံယောဇဉ်ကို မြင်ကြရသဖြင့် ဝမ်းနည်းဝမ်းသာ ဖြစ်ကြရသည်။ မောင်ချစ် ထမင်းကို အငမ်းမရစားနေစဉ် ကျွန်ုပ်က . . .

"မောင်ချစ် . . . မင်း နေ့လယ်စာထမင်းလည်း မစားရသေးဘူးထင်တယ်"

"ဟုတ်ပါတယ် ဆရာ။ နှစ်ရက်သုံးရက်ရှိပါပြီ။ ပိုက်ဆံကလည်း မလုံလောက်တော့ ဖြစ်သလို အဆာပြေပဲ စားခဲ့ရပါတယ်"

"မင်းကိစ္စက ဘယ်လိုဖြစ်တာလဲ"

"တောင်ကြီးသင်္ဘောကြိုတဲ့ ညနေက ကျွန်တော့်ရန်သူတော်ကြီး မိုးကျော်ကို ကော့သောင်းဆိပ်ကမ်းမှာ တွေ့လိုက်ရတယ်ဆရာ။ ဆရာတို့အပြန် ကားပေါ်တက်နေတဲ့ အချိန်ပေါ့။

အဲဒါကြောင့် သူ့နောက်ကို နောက်ယောင်ခံလိုက်ရင်း တစ်ဖက်ကမ်း ရနောင်းမြို့ကို ရောက်သွားတယ်။ သူက 'ဆီရာနောင်းဟိုတယ်' တတိယထပ်၊ အခန်းအမှတ် (၁၃)မှာတည်းတာ ဆရာ။ ဒါကြောင့် ကျွန်တော်လည်း ဆရာ့အိတ်ကြီးထဲမှာ ငွေတွေနဲ့ သေနတ်ပါလာတာကြောင့် စိတ်ပူနေမှာစိုးပြီး ပြန်လာပေးတာ။

ညတွင်းချင်းပဲ ကော့သောင်းပြန်ဆင်းပြီး မိတ်ဆွေတစ်ယောက်ဆီက ပိုက်ဆံချေးတယ်။ ရတာနဲ့ ရနောင်းဘက်ကမ်းကို စက်လှေနဲ့ပြန်ကူးပြီး ဆီရာနောင်းဟိုတယ်မှာ တည်းခိုနေတဲ့ မိုးကျော်ကို ဓားမြှောင်နဲ့လုပ်ကြံခဲ့တယ် ဆရာ။ ရင်အုံကို နှစ်ချက်တောင်ထိုးခဲ့လို့ သေမှာပါပဲဆရာ။

အဲဒါနဲ့ ညတွင်းချင်း စက်လှေနဲ့ပြန်ကူးခဲ့ပြီး ဓားမြှောင်ကိုတော့ ပင်လယ်ထဲပစ်ချခဲ့ပါတယ်။ ကော့သောင်းက မိတ်ဆွေအိမ်မှာ နှစ်ညတည်းခိုခဲ့ပြီးမှ ဆရာတို့စိတ်ပူနေမှာစိုးလို့ စခန်းကို ပြန်လာခဲ့တာပါခင်ဗျား"

"မင်းက ရန်ငြိုး ဒီလောက်တောင်ကြီးရအောင် မိုးကျော်နဲ့ မင်းက ဘာဖြစ်ခဲ့ကြလို့လဲ"

"ပြောရမှာတော့ အရှည်ကြီးပဲဆရာ"

"ကျွန်တော်က ကျုံပျော်သားပါ။ မြစ်သုံးဆိုင် တစ်ဖက်ကမ်း သံလျက်စွန်းရွာမှာနေတယ်။ မိသားစုစီးပွားရေးက ငှက်ပျောစိုက်တဲ့ တောင်သူအလုပ်ပါဆရာ။ ကျွန်တော့်မှာ မိဘနှစ်ပါးအပြင် ညီမလေး တစ်ယောက်လည်း ရှိပါတယ်။

ကျွန်တော်က (၁၀)တန်း၊ ညီမလေးက (၉)တန်းပါ။ စာမေးပွဲကြီးတွေဖြေပြီးကျတော့ ကျွန်တော်နဲ့ညီမလေးပါ မိဘတွေရဲ့ ငှက်ပျောခြံအလုပ်ကို ဝိုင်းကူရတော့တာပေါ့။ ကျွန်တော်တို့ငှက်ပျောမျိုးတွေက ဒေသခံရာသီမျိုးတွေ မဟုတ်ဘူးဆရာ။

ယိုးဒယားမျိုးသီးမွှေးတွေပဲ။ ရေနဲ့ ဓာတ်မြေဩဇာသည့်ရင်




စိတ်ကူးသစ်စာပေ
www.burmeseclassic.com

www.burmeseclassic.com



ရာသီမရွေးသီးပါတယ်။ ကျွန်တော်တို့ တင့်တောင်းတင့်တယ် နေနိုင်တာလည်း ဒီငှက်ပျောခြံတွေကြောင့်ပဲ။ ကျွန်တော်တို့ခြံတွေက သံလျက်စွန်းရွာ နတ်စင်ငူချောင်းကမ်းဘေးနဲ့ ချင်းယားချောင်းစပ်၊ ခဲပေါင်ရွာမှာ အများဆုံးရှိတယ်ဆရာ။

အဲ ... တစ်နေ့မှာတော့ အင်းရဲကြီးဘက်က ညီအစ်ကိုနှစ်ယောက် ငှက်ပျောစိုက်ချင်လို့ဆိုပြီး သားတက်တွေ လာဝယ်ပါတယ်။ ငှက်ပျောသားတက်က မိုးရာသီမှပွားတာမို့ မိုးတွင်းမှလာဝယ်ဖို့ ကျွန်တော်ကပြောလိုက်တော့ သူတို့ စမ်းပြီးစိုက်ချင်လို့ လေးငါးပင်လောက်အရင်ရောင်းပါလို့ ဆိုပြန်တယ်။

ကျွန်တော်တို့ ငှက်ပျောတောတွေက ချောင်းကမ်းစပ်မှာ အတန်းလိုက်စိုက်ထားတာ။ နွေရာသီဆိုပေမဲ့ ရေနုံ့နီးတော့ သားတက်တွေထွက်နေတယ်၊ ဒါပေမဲ့ မိုးရာသီလောက်တော့ မများဘူးပေါ့။ အလွန်သဘောကောင်းတဲ့ ကျွန်တော့်အဖေက ...

"ကလေးတို့စိုက်ချင်ရင်တော့ အဘပေးလိုက်ပါ့မယ်။ မရောင်းပါဘူး။ (၃)ပင်ယူသွားပါ။ နွေရာသီမှာ သားတက်ခွဲပေးရတာ အပင်နာတယ်၊ အားယုတ်တယ်။ ရေမှန်မှန်လောင်းပြီးစိုက်ပါ။ အဘတို့ခြံက မျိုးသန့်တော့ ငှက်ပျောခေါင်းကို ကတုံး(ခေါင်းတုံး) တုံးစရာမလိုဘူး။ ဒီအတိုင်း အမြစ်ပါအောင်စိုက်ပါ။ များများလိုချင်ရင်တော့ မိုးတွင်းမှလာကြပါ"

"ဟုတ်ကဲ့ပါအဘ။ ကျေးဇူးတင်ပါတယ်"

"အဲဒီ အင်းရဲကြီးက ညီအစ်ကိုနှစ်ယောက်ဆိုတာက အခု ကျွန်တော်နဲ့ ရန်သူကြီးတွေဖြစ်နေကြတဲ့ မိုးကျော်နဲ့ မိုးဇော်တို့ညီအစ်ကိုပဲ"





"မင်းနဲ့ ဘယ်လိုရန်ငြိုးရန်စ ဖြစ်ကြတာလဲ"

"ပြောပါ့မယ်ဆရာ။ ငှက်ပျောစို့လာဝယ်ရင်း မိုးကျော်တို့ညီအစ်ကိုနှစ်ယောက်က ကျွန်တော်တို့အိမ်ကို အဝင်အထွက်ရှိလာတယ်။ ကျွန်တော့်မိဘတွေနဲ့ သင့်တင့်အောင်ပေါင်းတယ်။ သူတို့ရွာကထွက်တဲ့ အင်းရဲကြီးမှျင်တို့၊ အင်းရဲကြီးငါးခြောက်တို့ကို ယူယူလာပြီး လက်ဆောင်ပေးတတ်တယ်။

ကျွန်တော်နဲ့လည်း လူငယ်သဘာဝ တည့်အောင်ပေါင်းတယ်။ အဲဒါအပြင် ကလေးစိတ်မကုန်သေးတဲ့ ကျွန်တော့်ညီမကလေးကို ထန်းသီးတို့၊ အုန်းထန်းလျက်တို့၊ မြေပဲလှော်တို့ လက်ဆောင်ပေးတတ်တယ်။ အဲဒီလိုနဲ့ ရင်းနှီးခင်မင်ကြတယ်ဆိုပါတော့ ဆရာရယ်။

မိုးရာသီရောက်တော့ စာမေးပွဲ အောင်စာရင်းတွေထွက်တယ်။ ကျွန်တော်နဲ့ညီမလေး ကိုးတန်းဆယ်တန်းအောင်ကြသလို မိုးကျော်နဲ့ မိုးဇော်တို့လည်း အောင်ကြပါတယ်။ ကျွန်တော်တို့လည်း လူငယ်ကျောင်းသားချင်းဆိုတော့ အလွန်ပဲခင်ကြပါတယ်။

တစ်နေ့ ငှက်ပျောစို့တွေဝယ်ပြီး မိုးကျော်တို့က ငှက်ပျောခြံစိုက်တော့ ကျွန်တော်ပဲ သူတို့နေတဲ့ အင်းရဲကြီးကျွန်းကိုလိုက်သွားပြီး ညအိပ် စိုက်ပျိုးပေးရတာ။ အင်းရဲကြီးကျွန်းက အလွန်သာယာတာပဲဆရာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

အဲဒီလိုနဲ့ နှစ်အိမ်ထောင်ရင်းနှီးလာရာက ကျွန်တော့်ညီမလေး မိငြိမ်းချမ်းနဲ့ ကိုမိုးကျော်တို့ ရည်စားဖြစ်ကြတယ်ဆရာ။ ကျွန်တော်တို့ဘက်ကတော့ အဆင့်အတန်းမခွဲခြားတတ်တာမို့ လူငယ်သဘာဝ လွတ်လပ်ခွင့်ပေးထားပါတယ်။ ညီမလေးကိုတော့ ဆင်ဆင်ခြင်ခြင်နေဖို့ ဆုံးမထားပါတယ်။

ကျောင်းကြီးတွေပြန်ဖွင့်တော့ ကျွန်တော် ရန်ကုန်တက္ကသိုလ်တက်ဖို့ လုံးပန်းနေရတာနဲ့ အိမ်နဲ့ကင်းကွာသွားမိတယ်။ ကျွန်တော် ရန်ကုန်က ကျုပျော်ပြန်ရောက်တော့ အမေက တိုးတိုးတိတ်တိတ်ပြောလာတယ်။ ညီမလေးမှာ မိုးကျော်နဲ့ ကိုယ်ဝန်ရှိနေပြီတဲ့လေ။

ညီမလေးကလည်း အော့အန်ပြီး တငိုငိုတရယ်ရယ်ပဲ။ မိုးကျော်တို့ညီအစ်ကိုလည်း မလာတာကြာပြီလို့သိရတယ်။ ဒါကြောင့် ကျွန်တော်လည်း ခရီးရောက်မဆိုက် ညနေခင်းမှာပဲ အင်းရဲကြီးရွာဘက်ကို စက်ဘီးနဲ့ထွက်ခဲ့တယ်။

အင်းရဲကြီးကျွန်းရွာရောက်တော့ မိုးကျော်တို့ညီအစ်ကိုက သူတို့အိမ်မှာမရှိဘူး။ ငှက်ပျောခင်းထဲသွားတယ်ဆိုလို့ ကျွန်တော်လိုက်သွားခဲ့တယ်။ ကျွန်တော်စိုက်ပျိုးပေးထားလို့ ဖြစ်ထွန်းနေတဲ့ ငှက်ပျော





ခြံထဲက တဲကလေးမှာ သူတို့ညီအစ်ကိုနှစ်ယောက်နဲ့ အပေါင်းအသင်းတစ်စု အရက်သောက်နေကြတယ်။

ကျွန်တော်လည်း သူစိမ်းတွေရှေ့မှာ မပြောချင်တာနဲ့ မိုးကျော်ကိုခေါ်ထုတ်တော့ သူ့ညီမိုးဇော်ကလည်း ဓားရှည်တစ်လက်ကိုင်ပြီး လိုက်လာတယ်။ သူတို့ပုံစံကြည့်ရတာ အရင်နဲ့မတူတာတော့ အမှန်ပဲ။ အရက်သောက်ထားလို့လားတော့မသိဘူး ကျွန်တော့်ကိုလည်း အရင်ကလို လိုက်လိုက်လှဲလှဲ မရှိတဲ့အပြင် သူစိမ်းဆန်နေသလိုပဲ။

"ဘာကိစ္စလဲ မောင်ချစ်။ ဒီမှာ ငါ့အပေါင်းအသင်းတွေ လာလည်လို့ အရက်တိုက်နေတာ။ ပြောစရာရှိရင် မြန်မြန်ပြော"

"ဘယ်လိုဖြစ်တာလဲ ကိုမိုးကျော်ရယ်။ ကျွန်တော်က အဝေးကြီးကလာခဲ့ရတာပါ၊ ဒီနေ့ပဲ ရန်ကုန်ကပြန်ရောက်ပြီး ရောက်ရောက်ချင်းပဲ ညီမလေးနဲ့ခင်ဗျားကိစ္စကို လာပြောတာပါ"

"ဘာကိစ္စလဲ။ ငါတို့အိမ်က မင်းညီမနဲ့သဘောမတူလို့ အဆက်ဖြတ်လိုက်တာ။ အဲဒါဘာဖြစ်သလဲ"

"ဘာဖြစ်ရမလဲ ကိုမိုးကျော်ရယ်၊ ညီမလေးမှာ ကိုယ်လေးလက်ဝန်ရှိနေပြီ။ ခင်ဗျားယောကျ်ားပဲ တာဝန်ယူရမှာပေါ့"

"အဲဒါ ငါနဲ့ဘာဆိုင်သလဲ။ မင်းညီမ ကမျင်းထလို့ရချင်တဲ့သူနဲ့ ကိုယ်ဝန်ရတာဖြစ်မှာပေါ့"

"ကိုမိုးကျော်ရယ် ညီမချင်း ကိုယ်ချင်းစာပါဗျာ။ ညီမလေးက ခင်ဗျားနဲ့ပဲ တွဲတာပါ။ ဘယ်သူနဲ့မှ နီးနီးစပ်စပ် နေဖူးတာမဟုတ်ဘူး"

"ဘာအခုမှ ငါ့ကို လာလွှဲချနေတာလဲ။ ကိုယ့်ကိစ္စကိုယ်ရှင်းမင်းပြန်တော့"

"ကိုမိုးကျော်ရယ် ... ကျွန်တော် မိန်းကလေးနှင်ဘတ်က



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်နေတာပါဗျာ။ ခင်ဗျား ညီမလေးနဲ့ တရားဝင်လက်ထပ်ပါ။ နောက်မှ မပေါင်းချင်ရင်လည်း ကွာရှင်းလိုက်ပါ။ ကျွန်တော့်ညီမလေး နာမည်မပျက်အောင်လို့ပါဗျာ။ ကူညီပါဗျာ နော်”

“အခုမှ ပိုက်ဘောင်ကို လာဖမ်းခိုင်းမနေနဲ့။ မင်း အေးအေး ဆေးဆေးပြန်တော့။ ငါတို့က တောကြိုအုံကြား၊ ငှက်ပျောတောထဲက မိန်းမကို ယူမဲ့သူတွေမဟုတ်ဘူး။ ငါ့မှာ ကျုံပျော်မြို့ပေါ်က ရွှေဆိုင်ပိုင်ရှင် သမီးနဲ့ စေ့စပ်ပြီးသား။ လာရှုပ်မနေနဲ့ မောင်ချစ်။ သွားတော့”

“ကိုမိုးကျော် ...ခင်ဗျား နှမချင်းစာနာပြီး ကိုယ်ချင်းစာ စိတ် ထားစမ်းပါဗျာ”

“ဟ ...ငါနဲ့ ဘာဆိုင်လို့လဲ။ ပြန်တော့လို့ ပြောနေတယ် နော်”

“ဟုတ်တယ် ...။ အစ်ကိုကြီးပြောတာ မှန်တယ်။ ခင်ဗျား ပြန်တော့”

ညီဖြစ်သူ မိုးဇော်ကလည်း ဓားတဝင့်ဝင့်နှင့် ဝင်ပြောလာ သည်။

ကျွန်တော်လည်း အောက်ကျခံပြောဆိုနေရာက မခံမရပ်နိုင် သောစိတ် အထိတ်အထိပ်သို့ ရောက်သွားပြီး ...

“ဩော် ...ခင်ဗျားတို့က ဒီလိုလား။ မောင်ချစ်တဲ့ တစ် ယောက်တည်းလာရဲတာကိုက သတ္တိရှိလို့ပဲ။ ကျုပ်မှာ ဘာလက်နက်မှ မပါဘူး။ ကဲ ...လာ ဝင်ကြ”

ပြောပြောဆိုဆိုပင် ကျွန်တော် ရှေ့သို့ တစ်လှမ်းအတက် မိုး ဇော်က ဓားဖြင့် ဝင်ပိုင်းသည်။ ကျွန်တော် ကိုယ်ကိုယို့၍ ရှောင်လိုက်ရာ ကျွန်တော့်အနီးမှ သီးမွှေးငှက်ပျောပင်ကြီး ခါးလယ်က ပြတ်ကျသွား၍





မိုးဇော်ဘက်သို့အလဲ ကျွန်တော်က ညာခြေဖြင့် မိုးဇော်၏အောက်ပိုင်း အား ပတ်၍ကန်လိုက်ရာ မိုးဇော် လူတခြား၊ ဓားတခြား ဖြစ်သွားပြီး ငှက်ပျောလက်များပိနေစဉ် ကျွန်တော် ဓားကို ဆွဲလုယူလိုက်နိုင်သည်။

ထိုစဉ် မိုးကျော်က ထင်းပုံအနီးမှ ဝါးစိမ်းတုတ်ကိုင်ပြီး ကျွန် တော့်ကို ပြေးရိုက်သည်။ ကျွန်တော် မိုးဓားဖြင့်ခံလိုက်ပြီး တစ်ပတ် လည်၍ဆွဲလိုက်ရာ မိုးကျော်လက်မောင်းကို ထိသွားသည်။

ထိုစဉ် လွင့်စင်သွားသော ဝါးစိမ်းတုတ်ကိုကိုင်၍ ညီဖြစ်သူ မိုးဇော်က ပြေးဝင်လာပြန်သည်။ ကျွန်တော် လေးကွက်သိုင်းဖြင့် တစ် ပတ်လှည့်ရှောင်လိုက်ပြီး စုံကိုင်၍ရိုက်သော မိုးဇော်၏လက်ကို ခုတ်ချ လိုက်ရာ လက်မနှစ်ချောင်းပြတ်သွားသည်။

သွေးသံရဲရဲဖြင့် မိုးကျော်တို့ညီအစ်ကိုနှစ်ယောက် အပြေး၊ ကျွန်တော်က လိုက်အခုတ်၊ ရပ်ရွာလူကြီးများနှင့် အရက်သောက်နေသူ များ ဝိုင်းတား၍ ကျွန်တော် လက်နက်ချပြီး အဖမ်းခံလိုက်ရပါသည်။

“ဒါနဲ့မောင်ချစ် မင်းက မိုးဓားတွေ၊ ပတ်ဓားတွေနဲ့ အကွက် တွေဘာတွေရောသိနေတော့ မင်းက သိုင်းသမားလား။ ဘယ်ဆရာဆီ မှာ သင်ခဲ့တာလဲ”

“ကျွန်တော်တို့ သန်လျက်စွန်းရွာက ရှမ်းသိုင်းဆရာကြီး ဦးစော ဝီလျှံဆီမှာ သင်ခဲ့တာပါဆရာ”

“မောင်ချစ် ...မင်း ထောင်ဘယ်နှနှစ်ကျသလဲ”

“သုံးနှစ်ပါဆရာ။ ကျွန်တော် ထောင်မှာ တစ်နှစ်နေသားရှိပြီး စခန်းမှာ တစ်နှစ်ကျော်ပြီဆိုတော့ လွတ်ခါနီးပါပြီဆရာ”

ထိုစဉ် တစ်ချိန်လုံး ငြိမ်၍နားထောင်နေသော ထောင်ပိုင် ဦးယဉ်မောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"မောင်ချစ် ... မင်းရဲ့ သစ္စာရှိမှုနဲ့ သဘောကောင်းတာ၊ ဆရာမိဘတွေအပေါ်မှာ ရှိသေလေးစားချစ်ခင်တာတွေကို ထောက်ပြီး ငါ့အကျဉ်းထောင်လက်စွဲ ဥပဒေပုဒ်မ (၂၂၄)နဲ့တော့ ရဲဘက်ပြေးမှု မဖွင့်ပါဘူး။

ဒါပေမဲ့ တစ်ဖက်နိုင်ငံမှာ လူသတ်မှု ကျူးလွန်ခဲ့တာဆိုတော့ မင်းကို လောလောဆယ် ခြေကျဉ်းတော့ ခတ်ထားရလိမ့်မယ်။ တစ်ဖက်နိုင်ငံကလည်း မြန်မာလူမျိုးချင်းဆိုတော့ ဒီဘက်ကမ်းကို လှမ်းအကြောင်းကြားမှာပါပဲ။

ဒါပေမဲ့ မင်းအပြောအရ မင်းခံစားရမှုနဲ့ အမှုကိစ္စကို ငါတို့က ကိုယ်ချင်းစာလို့ မင်းကိုဖမ်းပြီး ရဲလက်တော့ မအပ်ပါဘူး။ မီးနီးကြွက်လျှောက်လိုက်လာရင်တော့ ငါတို့လည်း မတတ်နိုင်ဘူး။ ငါတို့က ဥပဒေဘက်တော်သားတွေလေ။ မင်းက ကံစီမံရာကိုသာ မင်းနာခံပေတော့ ... မောင်ချစ်ရေ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်လည်း လက်စားချေပြီးပြီဖြစ်လို့ ကံစီမံတဲ့အတိုင်း နာခံပါ့မယ်"

"အေး ... အေး ... အဲဒါမှ ယောက်ျားကောင်းကွ"

တစ်ပတ်နှစ်ပတ်ကြာတော့ ကျွန်ုပ်တို့လည်း အလုပ်ကိစ္စများဖြင့် မောင်ချစ်၏အမှုကိစ္စအား မေ့လျော့နေတော့သည်။ ခြေကျဉ်းကြီးတချွင်ချွင်ဖြင့် ရုံးခန်းအတွင်း၌ သွားလာနေသော မောင်ချစ်ကိုမြင်မှသာ သတိရမိတော့သည်။

သုံးပတ်ခန့်အကြာတွင် ရေတံခွန်စခန်းမှ စခန်းတာဝန်ခံ ထောင်မှူးကြီးဦးကျော်ရှိန် ဆိုင်ကယ်ဖြင့်ရောက်လာပြီး မောင်ချစ်၏အမှုအား တည်းခိုအိမ်မှဖော်သဖြင့် ပေါ်သွားပြီဖြစ်ကြောင်း နှစ်နိုင်ငံ





နယ်စပ် ဖြတ်ကျော်မှုခင်းများကိစ္စအား လက်တွဲလုပ်ဆောင်ကြသဖြင့် မကြာမီ စခန်းသို့ ရဲများလိုက်လာတော့မည်ဖြစ်ကြောင်း၊ အသိပေးရာ စခန်းတာဝန်ခံ ဦးယဉ်မောင်မှာ မရှုနိုင်မကယ်နိုင် ဖြစ်ရတော့သည်။

"ကဲ ... ကိုသိန်းဝင်းတို့၊ ကိုမြင့်ဦးတို့ ကျွန်တော် ဘယ်လိုလုပ်ရမလဲ အကြံပေးကြပါဦး"

"သစ္စာရှိတပည့်ရင်းဆိုတော့လည်း မောင်ချစ်ဘက်ကလိုက်ပြီး စဉ်းစားကြရမှာပေါ့ ဆရာရယ်"

ထောင်မှူးဦးမြင့်ဦးက အကြံပေးလာသည်။

"ဆရာတို့ ကျွန်တော့်ဘက်က စဉ်းစားစရာမလိုပါဘူး။ လုပ်ရဲရင် ခံရဲပါတယ်။ ကျွန်တော် ကျေနပ်ပါတယ်။ တရားဥပဒေကပေးတဲ့အပြစ်ကို ကျွန်တော်ခံပါ့မယ်"

"မောင်ချစ် ... ငါပြောတာနားထောင်။ ဟိုတစ်ယောက်က သေသလား၊ ရှင်သလားမသိရသေးပဲနဲ့ မင်းဘာလို့ အဖမ်းခံရမှာလဲ။ ငါတို့စုံစမ်းဦးမယ်။ ဒါတွေဟာ မင်းအတွက်ပြောနေရတာ။ တောထဲမှာသွားနေ။ အစွန်အဖျားက အုန်းကင်းစောင့်တဲတစ်တဲနဲ့ အဆက်အသွယ်လုပ်။ ငါတို့အမဲလိုက်ရင် လာလာတွေ့မယ်။ ရိက္ခာလည်း လာပို့မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

မောင်ချစ်ကို ခြေကျဉ်းဖြုတ်ပေးလိုက်ပြီး အထုပ်အပိုးနှင့်ရိက္ခာပါ ထုတ်ပေးလိုက်ပါသည်။ မကြာပါ ညနေစောင်းတွင် ကော့သောင်းရဲစခန်းမှ စခန်းမှူး ဦးသက်နိုင်တို့အဖွဲ့ ပါဆယ်ပါညွန်းစခန်းသို့ ရောက်လာကြသည်။ ယခင်ကတည်းက ဆက်သွယ်ပေါင်းသင်းနေရသူတွေ ကြားသဖြင့် ခင်မင်ရင်းနှီးပြီးလည်းဖြစ်သည်။

"ကဲ ... ဆရာထောင်ပိုင်ကြီးတို့ ကျွန်တော်တို့[illegible]တဲ့ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကို သိပြီးသားဖြစ်မှာပါ။ ရဲဘက်ပြေး မောင်ချစ်ကိစ္စပဲ။ ဘယ်လိုလုပ်ကြမလဲ''

''ရဲဘက်ပြေးကိစ္စဆိုမှတော့ ရဲဘက်ပြေးဆဲပေါ့ ဆရာဦးသက်နိုင်ရယ်။ ကျွန်တော်တို့ အကျဉ်းထောင်လက်စွဲ ဥပဒေအရတော့ (၇) ရက်စောင့်ပြီးမှ အမှုဖွင့်ရပါတယ်။ အခုလည်း ကျွန်တော်တို့စခန်းက လက်စွဲဥပဒေနဲ့အညီ အမှုဖွင့်ဖို့ ရေးသားပြီးပါပြီ။ ဟောသည်မှာပါ။ ဆရာတို့ပဲ ဆက်လုပ်ကြပါတော့''

''ကျွန်တော်တို့လည်း နှစ်နိုင်ငံမှုခင်း ဖြတ်ကျော်အစီအစဉ်နဲ့ ထုံးစံအတိုင်း လာစစ်ဆေးရတာပါ ဆရာတို့ရယ်။ ရဲဘက်ပြေးမှုတွေက အမြဲတမ်းရှိနေတာပါပဲ။ အခုဟာကတော့ ရဲဘက်ပြေးမှုဖြစ်ပြီး တစ်ဖက်နိုင်ငံမှာ လူသတ်မှုဖြစ်တာဆိုတော့ နည်းနည်းအလုပ်ပိုရှုပ်တာပေါ့ ဆရာတို့ရယ်''

''ဟိုတစ်ယောက်က ဘာဖြစ်သွားသလဲ ဆရာဦးသက်နိုင်။ သေသွားတာလား''

''On the Spot ပဲဗျို့။ ဓားဒဏ်ရာက နှလုံးသားကိုဖောက်သွားတော့ သေတမ်းစစ်ချက်တောင် ပေးမသွားနိုင်ခဲ့ပါဘူး။ အခုဟာက ညနက်မှ ဟိုဘက်ကမ်းကပြန်လာတဲ့ မောင်ချစ်ကို သံသယရှိကြတာပါပဲ။ မျက်မြင်သက်သေတော့ မရှိပါဘူး။ မောင်ချစ်ကိုဖမ်းမိရင်တောင် သူ့ဖော်မှ ပေါ်မှာပါ။ သက်သေခံလက်နက်လည်း မမိသေးပါဘူးလေ''

''ကဲ ... ထားပါဗျာ။ ကျွန်တော်တို့တွေ့ရင်လည်း ဖမ်းပြီး ပို့ပေးပါ့မယ်။ ဆရာတို့ဝတ္တရားရှိသလို ဆက်လုပ်ကြပါ''

''ဟုတ်ပါတယ် ဆရာသိန်းဝင်းရယ်။ ကျွန်တော်တို့လည်း တာဝန်ဝတ္တရားအရ ကွင်းဆင်းပြီး စစ်မေးရတာပါ။ ဘယ်လိုမှ သဘော





မထားပါနဲ့။ ရဲဘက်ပြေးဆိုတာ စခန်းအခြေ ဘယ်ပြန်ကပ်မလဲ။ ဝေးရာပြေးရောပေါ့။

ဒီမှာက နယ်စပ်မြို့ဆိုတော့ ရေလမ်းခရီးစက်လှေတွေနဲ့လည်း ပြေးနိုင်တာပါပဲ။ ကဲ ... ကျွန်တော်တို့ကို ခွင့်ပြုပါဦး။ မမှောင်ခင် ကော့သောင်းအရောက် ပြန်ကြရမှာ''

''နေပါဦး ဦးသက်နိုင်ရယ်။ ကျွန်တော်တို့ တောစခန်းရောက်မှတော့ တောစာတောင်စာကလေးများလည်း စားသွားပါဦး''

''ဘာကောင်တွေရထားလို့လဲ ဆရာဦးသိန်းဝင်းရ''

''မုဆိုးတင်မောင် ထောင်တဲ့ကိုင်းကမ်းလို့ ဝက်မတစ်ကောင်ကို အမျိုးမျိုးချက်ထားပါတယ်။ ခင်ဗျားတို့တောဝက်သား စားရခဲပါတယ်။ စားသွားကြပါ''

''အေးဗျာ ... အဲဒါဆိုရင်လည်း ထမင်းတော့ အချိန်မရလို့ မစားတော့ပါဘူး။ ကျွန်တော်တို့ကားထဲမှာ မဲခေါင်အရက်နဲ့ Singer Beer တွေပါ ပါတယ်။ ဝိုင်းလိုက်ကြတာပေါ့''

ကျွန်ုပ်တို့ ဝိုင်းဖွဲ့ကြသည်။ ယခင်က ဝိုင်းဖွဲ့လျှင် ရဲဘက်ပြေး မောင်ချစ်က ပြင်ဆင်ပေးနေကျ။ ယခုတော့ မောင်ချစ်တစ်ယောက် တောထဲတောင်ထဲ၌ မှတ်၊ ခြင်၊ ဖြုတ်များဖြင့် ဒုက္ခရောက်နေလောက်ပြီထင်ပါသည်။ တောကောင်များရန်ကလည်း ရှိသေးသည်။ ကျွန်ုပ်မေ့ပြီး ဆေးဝါးမပေးလိုက်ရသည်ကို စိတ်မကောင်းဖြစ်မိပါသည်။

ည (၇)နာရီခန့်မှ ဝိုင်းပြီးသည်။ မိုးလည်းချုပ်ပြီဖြစ်သည်။

''ကဲ ... ဆရာထောင်ပိုင်ကြီး ဦးယဉ်မောင်နဲ့ ဆရာသိန်းဝင်းတို့ ကျွန်တော်တို့ကို ခွင့်ပြုကြပါဦး။ တောဝက်သားမစားရတာကြတော့ အတော်စားကောင်းတယ်ဗျာ။ ကျေးဇူးဝဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဦးသက်နိုင်တို့အုပ်စုက အင်အားတောင့်ပါတယ်။ ဂျစ်ကားနဲ့ လက်နက်တွေပါ ပါတော့ လမ်းခရီးစိတ်ချရပါတယ်။ ကုန်းဆင်းတွေတော့ သတိထား။

စောမောင်ချစ်ကုန်းဆင်းက ရှည်လျားပြီး မတ်စောက်တယ်။ ကျန်တာတွေက မိုင်နာတွေပါ။ အဲ ... ရေတံခွန်ချောက်ကုန်းတက်လည်း သတိထားဗျို့။ ဂီယာကြီးနဲ့ တဖြည်းဖြည်းတက်"

"ကျေးဇူးပဲ ဦးသိန်းဝင်းရေ။ ကဲ ... ကျွန်တော်တို့ လစ်တော့မယ်။ ဘိုင့်ဘိုင်"

"ဘိုင့်ဘိုင်"

"ဦးသက်နိုင်တို့ပြန်သွားတော့ ကျွန်ုပ်တို့အုပ်စု အရက်ဝိုင်းဆက်ကြပြီး စကားပြောကြသည်။

အမှုမှာ ကျွန်ုပ်တို့ထင်သလောက် လေးနက်ပြီး ကျယ်ပြန့်မတွေ့ပါ။ ဦးသက်နိုင်တို့ ရဲများအနေဖြင့်လည်း ဝတ္တရားအရ ဆောင်ရွက်ကြရခြင်းဖြစ်ပေသည်။

ထိုညက ကျွန်ုပ် အရက်သောက်ထားသော်လည်း နှစ်ခြိုက်စွာ အိပ်မပျော်ပါ။ မကြာခဏ နိုးနေသည်။ အိပ်ရာထ၊ အပေါ့အပါးသွားပြီး ရေသောက်၍ ပြန်အိပ်သည်။ သို့သော် မောင်ချစ်စရာမျက်နှာလေးကို ပြန်လည်မြင်ယောင်နေမိသဖြင့် အတော်နှင့် ပြန်အိပ်မပျော်ပါ။ အိပ်ပျော်တော့လည်း ခဏပင်။ အိပ်မက်ဆိုးများ မက်မက်နေသဖြင့် ခဏခဏလန့်နိုးသည်။

✿ ✿ ✿

❑

ထိုနေ့က ကျွန်ုပ်နေမြင့်မှ အိပ်ရာကနိုးသည်။ နိုးသည်မှာလည်း ထောင်မှူးကိုမြင့်ဦး လာနှိုးသောကြောင့်ဖြစ်သည်။

"သူငယ်ချင်း ထထ၊ ပြဿနာပေါ်နေပြီ"

"ဟင် ... ဘာဖြစ်လို့လဲ ကိုမြင့်ဦး"

"မောင်ချစ်တော့ သွားရှာပြီ"

"မောင်ချစ်ဘာဖြစ်လို့လဲ ကိုမြင့်ဦး"

"စခန်းတောင်ယာက သရက်ပင်ကြီးမှာ သူ့ကိုယ်သူ ကြိုးဆွဲချသတ်သေသွားပြီ"

"ဟာဗျာ ... ဒါလေးက်တောင် ကျွန်တော်တို့အကာအကွယ်ပေးထားပါလျက်နဲ့ ဘယ်လိုဖြစ်ရတာလဲ"

"ရော့ ... ဟော့ဒီမှာ သူ့အိတ်ထဲကရတဲ့စာ။ သူငယ်ချင်းဖတ်ကြည့်ပါဦး။ ထောင်ပိုင်ကြီးနဲ့ ကိုယ်တို့အဖွဲ့တွေကို အားနာလို့တဲ့။ သူ့အတွက်လည်း ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်ဘူးတဲ့လေ"

"ဟာ ... ဒီကောင်လေးဟာ ဘာစိတ်ကူးပေါက်ပါလိမ့်"

ကျွန်ုပ် ကမန်းကတန်း စာကိုဖတ်ကြည့်တော့ မညီမညာဖြစ်ကတတ်ဆန်းရေးထားသော မောင်ချစ်၏စာကို ဖတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာထောင်ပိုင်ကြီးနှင့် ဆရာထောင်မှူးများသို့ ...

ကျွန်တော် လေးစားစွာ အစီရင်ခံအပ်ပါသည်။

ကျွန်တော့်ဘဝက မထူးတော့ပါ။ လက်စားလည်း ချေပြီးပြီ။ တောထဲ၌ ကျွန်တော် အတော်ဒုက္ခရောက်ပါသည်။ ညမိုးချုပ်သည်နှင့် မှက်၊ ခြင်များကိုက်ခဲခြင်းကို ခံရသည်။ ဒီခန္ဓာကိုယ်ကြီး ရှိနေခြင်းကြောင့်ဖြစ်သည်။ ဆရာတို့အခက်အခဲကိုလည်း ကျွန်တော် သိပါသည်။ ကော့သောင်းမှ ရဲများ လိုက်လာတာကိုလည်း သိပါသည်။ ဆရာတို့ကိုလည်း အလွန်အားနာပါသည်။ ကိစ္စက ကျွန်တော်မရှိမှဖြစ်မည်ကိုလည်း နားလည်သဘောပေါက်ပါသည်။

ထို့ကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် အဆုံးစီရင်၍ ထွက်ပေါက်ရှာသွားပါပြီ။ တခြားလူပယောဂ တစ်စုံတစ်ရာမပါပါ။ ဆရာတို့ကိုလည်း ဝန်ထုပ်ဝန်ပိုး မဖြစ်စေလိုပါ။

ကျေးဇူးရှင်ဆရာများကို ဂါရဝပြုလျက် ...

မောင်ချစ်စရာ

ကျွန်ုပ် စာဖတ်ပြီး ငိုင်တွေစဉ်းစားနေစဉ် ထောင်မှူးကိုမြင့်ဦးက မေးမြန်းလာသည်။

"ဘယ်လိုလုပ်ကြမလဲ ကိုသိန်းဝင်း"

"ဆရာဦးယဉ်မောင် အခုဘယ်မှာလဲ"

"စခန်းတောင်ယာဘက်ကို လိုက်သွားတယ်"

"ဘယ်သူက မောင်ချစ်အလောင်းကို စတွေ့တာလဲ"

"စခန်းတောင်ယာတာဝန်ခံ တပ်ကြပ်ဦးအေးမောင်ပေါ့"





"ကဲ ... လာ ... ကျွန်တော်တို့လည်း လိုက်သွားကြစို့။ ဒီစာကိုတော့ ခင်ဗျားသိမ်းထား။ ရဲအပ်လို့ မဖြစ်ဘူး။ ကျွန်တော်တို့ မောင်ချစ်ကို ရိုက်ထားတယ်လို့ထင်သွားရင် မကောင်းဘူး"

ကျွန်ုပ်တို့စခန်းနှင့် မဝေးလှသော တောင်ယာသို့ အပြေးတစ်ပိုင်း လှမ်းခဲ့ကြသည်။ စခန်းတောင်ယာမှာ ဆီအုန်းခင်းများအလယ်၌ ရှိပြီး အရှေ့ဘက်၌ တနင်္သာရီရိုးမတောင်တန်းကြီးက ကာဆီးထားသည်။

ကျွန်ုပ်ညက စိုးရိမ်နေသလိုပင် မှက်၊ ခြင်၊ ယင်ဒဏ်ကိုပင် မခံနိုင်သည့် လူနု၊ လူအေး မောင်ချစ်တစ်ယောက် ကျွန်ုပ်တို့ကို အားနာ၍ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် သူ့ကိုယ်သူ အဆုံးစီရင်သွားခြင်းမှာ ရင်နာစရာ အလွန်ကောင်းလှသည်။

ကျွန်ုပ်တို့ တောင်ယာထဲရောက်တော့ ဆရာဦးယဉ်မောင်နှင့် ဝန်ထမ်းများ၊ တောင်ယာတာဝန်ခံ တပ်ကြပ်ဦးအေးမောင်နှင့် တောင်ယာရဲဘက်လေးငါးဦး စုဝေးရောက်ရှိနေကြသည်။

"လာဗျို့ ... ဦးသိန်းဝင်းနဲ့ ဦးမြင့်ဦးတို့ ဘယ်လိုလုပ်ကြမလဲ"

"အောက်ချိုင့်ဆေးရုံက ဆရာဝန်ကြီးဦးမောင်မောင်ကိုခေါ်ပြီး ဆေးစစ်ချက်လုပ်ရမှာပေါ့ ဆရာရယ်။ ကော့သောင်းရဲစခန်းက စခန်းမှူး ဦးသက်နိုင်တို့ကိုလည်း အကြောင်းကြားရမှာပေါ့"

"ကဲ ... လုပ်ကြပါဦးဗျာ။ ကျွန်တော်တော့ အတော်ခေါင်းကိုက်နေပြီ။ ဘယ်လိုလုပ်ရမယ်မှန်းတောင် မသိတော့ပါဘူး"

"ဆရာ ... စိတ်အေးအေးထားပါ။ ကျွန်တော် ဆေးရုံပြန်ပြီး ဆရာဝန်ကြီးဦးမောင်မောင်ကို ခေါ်မယ်။ ကိုမြင့်ဦးက ဘွတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



Ranger ကားနဲ့ ကော့သောင်းဆင်းပြီး ရဲအဖွဲ့ကိုခေါ်ပါ။ ထမင်းစားချိန်လောက် ရောက်ကြမှာဆိုတော့ စခန်းမှာလည်း ချက်ပြုတ်ဖို့ ကျွန်တော်စီစဉ်ခိုင်းလိုက်ပါ့မယ်။ ဆရာကတော့ တောင်ယာထဲက သစ်ပင်အောက်မှာ နားနားနေနေ စောင့်ပါ။ အလောင်းကိုလည်း ပုံစံမပျက် ဘယ်သူမှမထိပါစေနဲ့ ဆရာဝန်ကြီးလာမှ သူ့အမိန့်အတိုင်း ဆက်လုပ်ကြတာပေါ့နော် ဆရာ''

''ကောင်းပါပြီခင်ဗျား။ ကျွန်တော်တို့ စောင့်နေပါ့မယ်''

''ရဲဘက်တွေ၊ ဝန်ထမ်းတွေ အခုလောလောဆယ် စခန်းကိုတစ်ယောက်မှ မပြန်ပါစေနဲ့ဆရာ။ သတင်းပေါက်ကြားသွားရင် စခန်းမှာ လှုပ်လှုပ်ရွရွဖြစ်ကုန်မယ်။ ကိစ္စပြီးတော့မှ သိပါစေ''

ကျွန်ုပ် စခန်းသို့ပြန်ခဲ့ပြီး ဆိုင်ကယ်တစ်စီးကိုဆွဲ၍အထွက်ထောင်မှူးကိုမြင့်ဦးကလည်း တွတ်ကြီး၏ HINO RANGER ကားဖြင့်ကော့သောင်းမြို့သို့ ထွက်သွားကြသည်။

ကျွန်ုပ်တို့ ပါဆယ်ပါညန်းစခန်းနှင့် အောက်ချိုင့်ခြဲဆေးရုံမှာရွာလမ်းရိုးရိုးကသွားလျှင် (၂)မိုင်ကျော် (၃)မိုင်ခန့်ဝေးသည်။ ဆီအုန်းခင်းထဲမှဖြတ်သွားလျှင် (၂)မိုင်ခန့်သာဝေးသဖြင့် ကျွန်ုပ် ဆီအုန်းခင်းထဲက ဖြတ်၍ဝင်ခဲ့သည်။

ပါဆယ်ပါညန်းဆီအုန်းခြံနှင့် အောက်ချိုင့်ခြံအကူးတွင် (၁၀)ပေကျော်ခန့်ကျယ်သော စမ်းချောင်းကလေးရှိသည်။ ရေကတော့မနက်လှ။ (၁) ပေခန့်သာနက်သည်။ ဆိုင်ကယ်တော့ စီးမရ၍ စက်ပိတ်ပြီးဆင်းတွန်းရသည်။ တစ်ဖက်တွင် အောက်ချိုင့်ရွာ သင်္ချိုင်းကုန်းရှိသည်။

သင်္ချိုင်းကုန်းကိုကျော်ပြီး တောင်ကုန်းပေါ်တက်ရသည်။ ဆေးရုံမှာ တောင်ကုန်းပေါ်၌ရှိသည်။ တောတွင်းမှ စခန်းဆေးရုံဖြစ်သည့်အတိုင်း





အဆောက်အဦက ကြီးမားခြင်းမရှိပါ။ ယာယီအဆောက်အဦများသာဖြစ်ကြသည်။

ကျွန်တော့်ဆိုင်ကယ် ဆရာဝန်ကြီးအိမ်အရှေ့ တောင်ကုန်းပေါ်သို့အရောက်တွင် မနက်စာ Breakfast စားနေသော ဆရာဝန်ကြီးက နေရာမှထလာပြီး ...

''ကိုသိန်းဝင်း ... စောစောစီးစီး ကျွန်တော့်ဆီရောက်လာတာ မင်္ဂလာသတင်းတော့ မဖြစ်နိုင်ဘူးထင်တယ်''

''ဆရာထင်တဲ့အတိုင်းပါပဲ။ မင်္ဂလာသတင်း မဟုတ်ပါဘူး။ အမင်္ဂလာသတင်းပါ။ ကဲ ... ကျွန်တော့်လည်း ကျွေးပါဦး။ ကျွန်တော်လည်း ဘာမှစားမလာခဲ့ရသေးဘူး''

ကျွန်ုပ်နှင့် ဆရာဦးမောင်မောင်မှာ အင်းစိန်ထောင်မှာကတည်းက ရင်းနှီးကျွမ်းဝင်သူများ ဖြစ်ကြပါသည်။ သို့အတွက် တစ်ယောက်ကိုတစ်ယောက် အားနာစရာမရှိပါ။

''ကြက်ဥထမင်းကြော်နဲ့ ကော်ဖီပဲဗျို့။ ကဲ ... သံချောင်းရေမင်းဆရာထောင်မှူးအတွက် နောက်တစ်ပွဲလုပ်ပေးပါဦး''

''ဟုတ်ကဲ့ပါ ဆရာ''

ကျွန်ုပ်တို့ စားသောက်ရင်း မောင်ချစ်ကိစ္စအား ပြောပြရတော့သည်။ ဆရာဝန်ကြီးကလည်း မောင်ချစ်နှင့် ရင်းနှီးပြီးသားဖြစ်သည်။

''ဩော် ... သည်ကောင်လေးလား။ ဆရာဦးယဉ်မောင်ရဲ့ လက်ကတုံး တောင်ဝှေးကလေးပဲ။ သနားစရာဗျာ''

ကျွန်ုပ်တို့ စားသောက်ပြီးသည်နှင့် ...

''ကဲ ... ဆရာဦးမောင်မောင်၊ ကျွန်တော့်ဆိုင်ကယ်နောက်ကယ်ရီယာပေါ်ကပဲ လိုက်ခဲ့ပေတော့။ ဟိုမှာ ဆရာဦးယဉ်မောင်တို့ မျှော်



www.burmeseclassic.com

www.burmeseclassic.com



နေလောက်ပြီ''

''ကိုသိန်းဝင်း . . . ခင်ဗျားဆိုင်ကယ်က ကျွန်တော့်ခန္ဓာကိုယ်ကို နိုင်ပါ့မလား''

''HONDA ပါဆရာရယ်။ စိတ်ချလက်ချ စီးစမ်းပါ''

အတော်ဝပြီး အရပ် (၆)ပေခန့်ရှိသော ဆရာဝန်ကြီးအား ကျွန်ုပ်၏ HONDA (CG 125) ဆိုင်ကယ်က အသာပင် တင်ဆောင်မောင်းနှင်နိုင်ခဲ့ပါသည်။ စခန်းတောင်ယာသို့ရောက်တော့ ထောင်ပိုင်ဦးယဉ်မောင်က ကြိုဆိုပြီး ဆရာဝန်ကြီးက ချက်ချင်းစစ်ဆေးပါသည်။ မောင်ချစ်မှာ Hanging လုပ်၍ သေဆုံးသော်လည်း သရက်ပင်ကိုင်းတွင် ကြိုးချည်၍ မတ်တတ်အနေအထားနှင့် ခြေထောက်မှာ မြေကြီးဖြင့်မထိတထိ။

ဆရာဝန်ကြီးက နှလုံးအား နားကျပ်ဖြင့်ထောက်၍လည်းကောင်း၊ သွေးတိုးနှုန်းစမ်း၍လည်းကောင်း၊ မျက်စိ၊ နား၊ နှာခေါင်းတို့ကို စစ်ဆေး၍လည်းကောင်း စမ်းသပ်ပြီးသည်နှင့် ဝန်ထမ်းများအားကြိုးကိုဖြုတ်နိုင်းပြီး မြေပေါ်သို့ ညင်သာစွာချနိုင်းသည်။ ပြီးနောက်ကုလားထိုင်တွင် ထိုင်၍ ဆေးမှတ်တမ်းရေးတော့သည်။

''ကိုသိန်းဝင်းရေ . . . မောင်ချစ်ဆုံးတာ (၁၂)နာရီကျော်ပြီဗျ။ ညဦးပိုင်းကတည်းက Suicide လုပ်သွားတဲ့ပုံစံပဲ။ သွေးတွေတောင်ခဲနေပြီ။ Suicide လုပ်ကြောင်း သေချာတာကတော့ မျက်စိ၊ နား၊ နှာခေါင်းမှာ သွေးစတွေတွေ့ရတယ်။ အင်္ဂါမှာလည်း သုက်ထွက်နေတာတွေ့ရတယ်။ ဇက်လည်းကျိုးနေပြီ။ အာရုံကြောမကြီး ပြတ်သွားတာပေါ့''

မောင်ချစ်အသုံးအဖြတ် မှားသည်ဟု ကျွန်ုပ်ထင်ပါသည်။





ကျွန်ုပ်တို့ဘက်က ကူညီကယ်တင်ရန် နည်းလမ်းများစွာကို စဉ်းစားထားပြီးဖြစ်သည်။ သို့တည်းမဟုတ် ကျွန်ုပ်တို့ဘက်က အသုံးအဖြတ်မှားတာလည်း ဖြစ်နိုင်သည်။

ကော့သောင်းစခန်းက ရဲများလာစဉ် တရားဥပဒေနှင့်အညီ ကျွန်ုပ်တို့က မောင်ချစ်အား ရဲလက်အပ်လိုက်လျှင် ယခုလို စောစီးစွာ သေဆုံးမည်တော့မဟုတ်ပေ။ ဂရုဏာအများကို တရားကဝင်၍ စီစဉ်သွားခြင်းလားတော့မသိတော့ပါ။ တစ်ဖက်ဖက်က မှားနေခြင်းကတော့ အသေအချာပင်ဖြစ်သည်။

မနက် (၁၀) နာရီကျော်ခန့်တွင် ကော့သောင်းစခန်းမှ ရဲများရောက်လာသည်။ ကော့သောင်းဆေးရုံကြီးမှ ဆရာဝန်တစ်ဦးလည်း ပါလာသည်။

''ကဲ . . . ဦးသက်ခိုင်ရေ၊ ရဲဘက်ပြေးကို အရှင်မဖမ်းနိုင်ပေမဲ့ အသေတော့ အပ်နိုင်ပါတယ်ဗျာ''

''အေးဗျာ . . . ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး။ ဒါပေမဲ့လည်း တစ်ခုကောင်းသွားတာက နယ်စပ်ဖြတ်ကျော် လူသတ်မှုကြီးကို ပိတ်သိမ်းလိုက်နိုင်တာပါပဲ''

''ကဲ . . . ဒီမှာ ကော့သောင်းဆေးရုံကြီးက ဆရာဝန်ဦးနေဝင်းလည်း ပါလာပါတယ်''

ကျွန်တော်တို့စခန်းမှာလည်း ဆရာဝန်ဦးမောင်မောင်ရှိလို့ စစ်ဆေးပြီး ဆေးမှတ်တမ်းပါ ရေးပြီးပါပြီ။ ဒါပေမဲ့ ဆရာတို့ဘက်ကလည်း ထပ်မံစစ်ဆေးပါဦးခင်ဗျား''

ဆရာဝန်ဦးနေဝင်းနှင့် ဦးမောင်မောင်တို့ တွေ့ဆုံကြပြီး နှစ်ဦးညှိနှိုင်းတိုင်ပင်၍ ထပ်မံစစ်ဆေးကြပြီး ဆေးလက်မှတ်ပေါ်တွင် မှတ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုရန် လက်မှတ်ရေးထိုးပေးကြပါသည်။

"ကဲ . . . ဒီက ထောင်အရာရှိများခင်ဗျား ကျွန်တော်တို့ ဆေးဘက်ဆိုင်ရာကတော့ စစ်ဆေးလို့ပြီးပါပြီ။ လူသတ်မှုကို တစ်ဖက်နိုင်ငံမှာ ကျူးလွန်ခဲ့သူဖြစ်ကြောင်းကိုတော့ သက်သေပြရပါဦးမယ်။ ဒါကြောင့် အလောင်းကို ကော့သောင်းမြို့ဆေးရုံကြီးကို သယ်ဆောင်သွားပြီး တစ်ဖက်နိုင်ငံက ရဲတွေကိုခေါ်ပြ၊ သက်သေတွေနဲ့ စစ်ဆေးပြီးမှ အမှုပိတ်သိမ်းလို့ရပါမယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာဦးနေဝင်း ခင်ဗျား။ သယ်ဆောင်သွားဖို့အခေါင်းပါ ကျွန်တော်တို့ ချက်ချင်းစီစဉ်ပေးပါ့မယ်။ စခန်းက ကားနဲ့လည်း လိုက်ပို့ပါ့မယ်။ အခုတော့ ခေတ္တခဏစောင့်ရင်း စခန်းမှာ နေ့လယ်စာစားကြဖို့ ကြွကြပါခင်ဗျား"

"အကောင်းဆုံး အစီအစဉ်က အခုမှစတာကိုး"

စခန်းမှူးဦးသက်နိုင်က လူရင်းပီပီ မှတ်ချက်ချသည်။ စခန်းရုံးခန်း၌ ခေတ္တနားနေကြပြီး နေ့လယ်စာစားရန် ပြင်ဆင်နေကြစဉ် ကျွန်ုပ်နှင့်ထောင်မှူးဦးမြင့်ဦးတို့ကတော့ အနားမရကြသေးပါ။ ပျဉ်ရှာ၍ အခေါင်းရိုက်ရန် လက်သမားဘုတ်ကိုထုတ်၍ ဦးမြင့်ဦးက စခန်းတောင်ယာသို့သွားသည်။

ကျွန်ုပ်ကလည်း ရဲဘက်တပည့်မောင်ချစ်အား သရဏဂုံတင်ရန်အတွက် တွတ်ကြီး၏ Ranger ကားကြီးဖြင့် ချုန်းဖန်းရွာသို့ပြေးရပြီး ဘုန်းကြီးပင့်ရပါတော့သည်။ ချုန်းဖန်းရွာတွင် အုန်းသီးနှင့် ငှက်ပျောသီးကို အပြေးအလွှားရှာဝယ်ပြီး ချုန်းဖန်းဆရာတော်ကျောင်းဝင်၍ လျှောက်ထားပင့်ဆောင်ရပါသည်။

ဆရာတော်မှာလည်း ကျွန်တော်တို့စခန်းဖြင့် မဝေးပါ။ ဘာသာ





ခြားကိုးကွယ်သော ပသျှူးလူမျိုးများကြားထဲတွင် ကျောင်းထိုင်နေရသော်လည်း ကျွန်ုပ်တို့စခန်းများ၌ သာရေးနာရေးကိစ္စများတွင် မကြာခဏ ဆုံဖူးသဖြင့် ရင်းနှီးကျွမ်းဝင်နေပါသည်။

ထို့ကြောင့် ဆရာတော်က ချက်ချင်းထ၍ကြွလာသည်။ ကျွန်ုပ်က အကျိုးအကြောင်းလျှောက်ထားပြီး စခန်းသို့ ပင့်ဆောင်လာသည်။ တော်ပါသေးသည်။ စခန်းမှဧည့်သည်များ နေ့လယ်စာထမင်းမစားကြသေးပါ။

ထုံးစံအတိုင်း စခန်းမှူးဦးသက်နိုင်က ဦးစီးပြီး စောစီးစွာ အရက်ပွဲကျင်းပနေသဖြင့် ဆရာတော်အား ဦးဦးဖျားဖျား နေ့ဆွမ်းကပ်နိုင်ပါသည်။ ဆွမ်းစားပြီတော့ ရဲဘက်မောင်ချစ်အား ခေါင်းသွင်းပြီးကြောင်း ထောင်မှူးဦးမြင့်ဦးက လာ၍အကြောင်းကြားသဖြင့် ကျွန်ုပ်နှင့် ထောင်ပိုင်ကြီးတို့အဖွဲ့ ဆရာတော်အားပင့်ဆောင်ပြီး စခန်းတောင်ယာ၌ တရားနာကြပါသည်။ ပြီးနောက် သရဏဂုံတင်၍ အမျှအတန်းဝေသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

□

ဆရာတော်ဘုရားအား ချန်းဖန်းဘုန်းတော်ကြီးကျောင်းသို့ ပြန်ပို့အပြီး ကျွန်ုပ်တို့စခန်းပြန်ရောက်တော့ ညွှေ့သည်များ၏ နေ့လယ်စာစားပွဲလည်း ပြီးစီးလုပင်ဖြစ်သည်။ ကျွန်ုပ်တို့လည်း နေ့လယ်စာ ဝင်စားကြပြီးနောက် စခန်းမှူးဦးသက်ခိုင်တို့ ဂျစ်ကားက ရှေ့က၊ ကျွန်ုပ်တို့၏ အခေါင်းတင်ထားသော Ranger ကားက နောက်က တန်းစီ၍ ကော့သောင်းမြို့ဖက်သို့ ထွက်ခဲ့ပါသည်။

ကော့သောင်းမြို့သို့ရောက်တော့ စခန်းမှူးဦးသက်ခိုင်၏ အစီအစဉ်ကောင်းမှုကြောင့် တစ်ဖက်နိုင်ငံမှ ရဲများနှင့်သက်သေများ ရောက်လာသည်။ ဓာတ်ပုံများရိုက်ကြသည်။ ရဲဘက်ပြေးပုံစံတွင်ပါသော ဓာတ်ပုံနှင့် တိုက်ဆိုင်စစ်ဆေးကြသည်။ ပြီးနောက် သဂြိုဟ်ခွင့်ပြု၍ ပြန်သွားကြသည်။

မပြန်နိုင်သေးသူများက ကျွန်ုပ်တို့အဖွဲ့ ဖြစ်သည်။ ညနေစောင်း နေဝင်ရီတရောအချိန်၌ပင် ကော့သောင်းဆေးရုံအနောက်ဘက်ရှိ သင်္ချိုင်း၌ မောင်ချစ်၏အလောင်းအား စနစ်တကျမြှုပ်နှံရန် စီစဉ်ကြရတော့သည်။ သုဘရာဇာကြီးကလည်း ဌာနဆိုင်ရာနှင့် ပတ်သက်သဖြင့် စိတ်ရှည်လက်ရှည် ဆောင်ရွက်ပေးရှာပါသည်။ အလောင်းမြေမြှုပ်ပြီးတော့ မိုးပင်အတော်ချုပ်ချေပြီ။





"ကဲ ...ဆရာသိန်းဝင်းနဲ့အဖွဲ့ ညစာစားပြီးမှ အေးအေးဆေးဆေး ပြန်ကြပေရော့ဗျာ။ ခင်ဗျားတို့စခန်းမှာ ကျွန်တော်က ထမင်းနှစ်နပ်တောင်စားပြီးတော့ ဒီနေ့ ကျွန်တော့်အလှည့်ပေါ့။ ကဲ ...မြို့ထဲက ဦးကျော်ဆိုင်ကို ချီတက်ကြမယ်"

"ဦးသက်ခိုင် နေပါစေဗျာ။ ကျွန်တော်တို့အဖွဲ့က (၅)ယောက်တောင်။ လူများပါတယ်။ အပြန်မှ (၇)မိုင်ရွာက မရီဆိုင်ဝင်စားဖို့ ကျွန်တော်စီစဉ်ထားပါတယ်"

"အားမနာနဲ့ ဆရာသိန်းဝင်းရေ။ ကျွန်တော်က မနက်ဖြန်သဘက် ခင်ဗျားတို့ဆီကို လာရဦးမှာ။ နှစ်ဘက်ရဲတွေ ညှိနှိုင်းပြီးတာနဲ့ အမှုပိတ်သိမ်းကြောင်း စာလာပို့ရဦးမှာ။

အဲဒီတော့လည်း ခင်ဗျားတို့စခန်းမှာ ထမင်းစားရဦးမှာ။ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့စခန်းမှာ စားရသောက်ရတာ အလွန်ပျော်တယ်ဗျာ၊ တောထဲတောင်ထဲမှာမို့လားမသိဘူး ကျွန်တော်တော့ အရမ်းပျော်တယ်၊ တောကောင်သားစားရတာလည်း အလွန်အရသာရှိပါတယ်။

ကဲ ...လာပါဗျာ။ မိုးချုပ်လို့ ကျွန်တော်က ခင်ဗျားတို့ကို စိတ်မချလို့ လိုက်ပို့၊ ခင်ဗျားတို့ကလည်း ကျွန်တော့်ကိုစိတ်မချလို့ လိုက်ပို့နဲ့ တစ်ညလုံး ရှာလည်နေလိမ့်မယ်"

ကျွန်ုပ်တို့စားနေကျ ဦးကျော်ဆိုင်တွင် စားကြသောက်ကြသည်၊ ကိစ္စကြီးတစ်ခုပြီးဆုံးသွားသဖြင့် စိတ်အေးချမ်းစွာ အနားယူစားသောက်ကြသည်။ ထို့ကြောင့်လည်း ည (၉)နာရီထိုးမှ ဝိုင်းသိမ်းနိုင်သည်။

"ကဲ ...ဦးသက်ခိုင်ရေ၊ ကျွန်တော်တို့ပြန်ကြမယ်။ ခင်ဗျားတို့လာရင်တော့ တောကောင်သားအစုံစားရအောင် ကျွန်တော် စီစဉ်ထားမယ်။ တောဝက်သားနဲ့ ချေသားအပြင်၊ မြွေနဲ့တောကြောင်သား



www.burmeseclassic.com

www.burmeseclassic.com



သင်းခွေချပ်သား၊ ပျောက်သွားပါရအောင် ကျွန်တော် စီစဉ်ထားမယ်''

''ကောင်းဗျာ ...။ ဒီတစ်ခါလာရင် ညအိပ်ချင်လည်း အိပ်မယ်ဗျို့။ အရက်အကောင်းစားတွေကိုတော့ ကျွန်တော်ပဲ 'ယူလာခဲ့မယ်။ ညမိုးချုပ်နေပြီ အဆင်ပြေပါ့မလား။ ကျွန်တော်တို့အဖွဲ့ လိုက်ပို့ရဦးမလား''

''ရပါပြီ ဦးသက်နိုင်။ ကျေးဇူးပါပဲ။ ကျွန်တော်တို့အဖွဲ့က (၅) ယောက်တောင်။ ကားကြီးနဲ့ပဲ အဆင်ပြေပါတယ်။ ကဲ ... ပြန်ပြီဗျို့။ ဘိုင့်ဘိုင်''

''ဘိုင့်ဘိုင်''

ကျွန်တော်တို့ Ranger ကားကြီးမှာ စက်ကောင်းမီးကောင်းပြီး ဒရိုင်ဘာတွတ်ကြီးကလည်း လမ်းခရီးကျွမ်းကျင်သဖြင့် တောလမ်းခရီးဖြစ်သော်လည်း အဆင်ပြေပါသည်။ သို့သော်လည်း စခန်းတောစပ်ရေတံခွန်ချောက်ကုန်းဆင်းရောက်သည်နှင့် ကားထဲတွင် အပုပ်နံ့ရလာသည်။

မနေ့ကသေသောအလောင်းက ကားထဲ၌ အနံ့စွဲ ကျန်နေခဲ့စရာ အကြောင်းမရှိပါ။ တပည့်မောင်ချစ် နှုတ်ဆက်ဟန်တူပါသည်။ ကျွန်ုပ်၏ ကောင်းမှုကုသိုလ်အစုစုအား အမျှအတမ်းပေးဝေလိုက်မှ အပုပ်နံ့မှာ ပျောက်သွားသည်။

ကျွန်ုပ်တို့ ပါဆယ်ပါညန်းစခန်းသို့ ပြန်ရောက်တော့ ည(၁၂) နာရီပင် ထိုးလုပြီဖြစ်သည်။ ရေချိုးချင်သော်လည်း ရေမချိုးနိုင်တော့။ ကိုယ်လက်မျက်နှာသစ်ဆေးကြောပြီး အိပ်ရာဝင်ခဲ့ရတော့သည်။ စိတ်စွဲလမ်း၍လားမသိပါ။

မောင်ချစ်က ကျွန်ုပ်၏အိပ်မက်ထဲအထိ လိုက်လာသည်။ ကျွ





ပျော်မြို့မှ သူ့မိဘများနှင့် သူ့ညီမလေးအား အကြောင်းကြားပေးဖို့နှင့် စောင့်ရှောက်ပေးပါရန် အသနားခံ တောင်းပန်နေခြင်းဖြစ်သည်။ ထိုးစံအရ အကြောင်းကြားအသိပေးရမည်မှာ ကျွန်ုပ်တို့တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်အိပ်မက်ထဲ၌ မောင်ချစ်ကို ကတိပေးလိုက်ပါသည်။

ကျွန်ုပ် ယခုမှသတိရမိသည်။ မောင်ချစ်သေဆုံး၍ မြူပ်နှံစဉ်က သေဆုံး၍လွှတ်သည်ဆိုသော လွှတ်လက်မှတ်ကို ကျွန်ုပ်တို့ အလုပ်များနေသဖြင့် မထည့်လိုက်ရပါ။ မောင်ချစ်၏ဝိညာဉ်မှာ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ ဝေ့ဝဲ၍သွားလာနေမည်မှာ အမှန်ပင်ဖြစ်သည်။

နောက်တစ်နေ့မနက် လက်ဖက်ရည်ဝိုင်း၌ စခန်းတာဝန်ခံ ဆရာဦးယဉ်မောင်က ...

''ဦးသိန်းဝင်းရေ ... ကျွန်တော့်စိတ် စွဲလမ်းနေလို့လားမသိဘူး မောင်ချစ်ကို ညက အိပ်မက်မက်တယ်။ သူ့မိသားစုကို အကြောင်းကြားပေးပြီး စောင့်ရှောက်ပေးပါတဲ့။ သူ့ကိုမြှုပ်နှံစဉ်ကလည်း လွှတ်လက်မှတ်ကို ကျွန်တော်တို့ လုပ်မပေးလိုက်ရဘူးထင်တယ်''

''ဟုတ်ပါတယ် ဆရာ။ သူက ဟိုဘက်အမှုက တန်းလန်းနဲ့ဆိုတော့ ကျွန်တော်တို့လည်း မေ့သွားတယ်။ ကော့သောင်းက ဆရာဦးသက်နိုင်တို့ဘက်က အမှုရုပ်သိမ်းကြောင်း အကြောင်းကြားလာမှ လွှတ်လက်မှတ်လုပ်ပြီး အမိန့်ပြန်မယ်။

(၅)ရက်လည်တဲ့နေ့မှာ ကျွန်တော်တို့တစ်တွေ ရပေါင်းထည့်ဝင်ကြပြီး သပိတ်သွတ်ဆွမ်းကျွေးကလေး လုပ်မလားလို့ ကျွန်တော် စဉ်းစားထားပါတယ်ဆရာ။ နောက်ပြီး ဆရာ့လိုပဲ မောင်ချစ်ကိုစွဲလမ်းလို့လားမသိဘူး ကျွန်တော်လည်း ညက အိပ်မက်မက်ပါတယ်''

''အေးဗျာ ... ဦးသိန်းဝင်းကောင်းသလို စီစဉ်ပါ။ သူ့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ကို အကြောင်းကြားပေးနိုင်ပေမဲ့ ဒီကိုလိုက်လာဖို့ ခရီးစရိတ်၊ လမ်းစရိတ်က မနည်းကုန်မှာ။ ကျုံပျော်နဲ့ ကော့သောင်းကို တစ်လလောက် အချိန်ကကုန်ဦးမှာ''

''တာဝန်အရတော့ အကြောင်းကြားပေးရမှာပါ ဆရာ။ သူ့မိသားစုကို ကြည့်ရှုကူညီစောင့်ရှောက်ဖို့ကတော့ အလုပ်ဝေးပါတယ်။ ရန်ကုန်ပြန်ရောက်မှပဲ လုပ်နိုင်မှာပါဆရာ''

''ကဲ ... ဆရာရေ၊ ကျွန်တော်တော့ ညွှသည်တွေလာရင် ညွှခံဖို့ မုဆိုးတင်မောင်နဲ့တွဲပြီး တောလည်လိုက်ဦးမယ်။ ရှေ့တန်းတပ်စိတ်တွေက ဖြူတို့၊ သင်းခွေချပ်တို့ရရင်လည်း စုဆောင်းထားပါဦး''

''အေးဗျာ ... ခင်ဗျားတို့ရှိနေတာ အလွန်အားကိုးရပါတယ်။ တကယ်တော့ ရဲဘက်မောင်ချစ်ဟာ ကျွန်တော့်တပည့်ရင်းပါ။ ကျွန်တော့်မှာသာ လုံးဝတာဝန်ရှိတာပါ။ ခင်ဗျားတို့က မှူဝေပြီး တာဝန်ထမ်းဆောင်ကြလို့ ကျွန်တော်သက်သာတာပါ။ အလွန်ကျေးဇူးတင်ပါတယ်ဗျာ''

ထိုနေ့က မုဆိုးတင်မောင်နှင့်ကျွန်ုပ် တောလည်ရန် တောထဲဝင်တော့ စခန်းတောင်ယာခင်းကို ဖြတ်ရသည်။ ရဲဘက်မောင်ချစ် ကြိုးဆွဲချ၍သေသော သရက်ပင်ပြီးအောက်သို့ ရောက်တော့ ကျွန်ုပ် သတိတရအမှူဝေမိသည်။

ယနေ့လည်း တောလည်ရသည်မှာ မောင်ချစ်နှင့်ပတ်သက်သော အမှုကိစ္စအတွက် ရဲအရာရှိများအားညွှခံရန် ဖြစ်သဖြင့် တောကောင်များများရရန်အတွက် ကူညီရန် ကျွန်ုပ်စိတ်ထဲက တောင်းဆိုမိသည်။





ဆီအုန်းခင်းထဲ၌ပင် ချေပေါက်တစ်ကောင်ကို ပစ်ခတ်ရရှိသည်၊ ဆီအုန်းခင်းဆုံးသည်နှင့် မီးတားလမ်းအကျော်တောစပ်၌ တနသ်ာရီ ရိုးမပေါ်မှဆင်းလာသည့် ဝက်အုပ်ဖြင့် တိုးပြန်သဖြင့် ဝောဝက်နှစ်ကောင်ရပြန်သည်။

တကယ်ပင် ရဲဘက်မောင်ချစ် ကူညီနေသလားမသိပါ။ သေနတ်သံကြောင့် စခန်းတောင်ယာမှ တပ်ကြပ်ဦးအေးမောင်နှင့် ရဲဘက်များလိုက်လာသဖြင့် တောကောင်သေများအား ထမ်းပိုးသယ်ဆောင်ရန် အဆင်ပြေပါသည်။

နေ့လယ် ကျွန်ုပ်တို့ ပါဆယ်ပါညန်းစခန်းပြန်ရောက်ပြီး ရေမိုးချိုး၍ အဝတ်အစားလဲလှယ်နေစဉ် ကော့သောင်းရဲစခန်းမှ စခန်းမှူးဦးသက်ခိုင်တို့အဖွဲ့ ရောက်လာကြပြန်သည်။ တောကောင်များ ဖျက်နေကြသည်ကို မြင်သည်နှင့် ...

''ဟာ ... ဆရာသိန်းဝင်းတို့က အပြောနဲ့အလုပ် တကယ်ညီပေတာပဲ။ ကဲ ... ရော့ဗျို့။ အမှုပိတ်သိမ်းကြောင်းစာ လာပေးတာ ဒီည ကျွန်တော်တို့ ဒီမှာအိပ်မှာနော်။ အရက်အကောင်းစားနဲ့ ဘီယာပုလင်းတွေ အများကြီးပါလာတယ်။

ကျွန်တော်ဝယ်လာတာတော့မဟုတ်ဘူး ဆရာတို့ရေ။ ဟိုဘက်ကမ်းက ရဲအဖွဲ့က အမှုပြီးဆုံးအောင် ဆောင်ရွက်ပေးလို့ လက်ဆောင်ပေးသွားတာ''

''ဘယ်လိုပဲရရပေါ့ ဦးသက်ခိုင်ရယ်။ ကျွန်တော်တို့ မုဆိုးကြိုးစားကြလို့ ကိစ္စကြီးတစ်ခု ပြီးဆုံးသွားတာပဲမဟုတ်လား။ ဒီတော့ ဆုလာဘ်လို့ခေါ်ရမှာပေါ့။

ကဲ ... ခင်ဗျားတို့လည်း ဒီစခန်းမှာ ညအိပ်မှာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးအရပ်ဝတ်လဲပြီး နားနားနေနေ အပန်းဖြေရင်း စားကြသောက်ကြပါဗျာ။ တောကောင်သားတွေ တစ်ဝကြီး စုံစုံလင်လင် စားကြရမှာပါ''

''ကောင်းဗျာ''

ထိုနေ့နေ့လယ်ကတည်းက ဝိုင်းဖွဲ့စကားပြောရင်း စားကြသောက်ကြသည်။ ကော့သောင်းမြို့သား ဧည့်သည်များက တောဝက်သားကလီစာဟင်း၊ ဝက်ခေါင်းသုပ်၊ ဝက်ခြေထောက်စွပ်ပြုတ်တို့ကို အလွန်ကြိုက်ကြသည်။ ထမင်းနှင့်ပင် တွဲမစားကြတော့။ နေ့လယ်နှင့်ညနေ အရက်ဝိုင်းမှာ ဆက်သွားသည်။

ကျွန်ုပ်တို့ကတော့ နေ့လယ်ပိုင်း ဘီယာသာသောက်ကြပြီး ညနေပိုင်းကျမှ အရက်ပြင်းကို သောက်ကြသည်။ ညနေဘက်ဟင်းများကတော့ ဝက်သားနီချက်၊ ချေသားဟင်း၊ ကလီစာဟင်း၊ ဖြူသားဟင်းဆီပြန်၊ သင်းခွေချပ်ဟင်း၊ ပုတတ်စာနှင့် ချေခြောက်ထောက်ဟင်းခါးတို့ဖြစ်ကြသည်။

ညနေစာကိုတော့ ဧည့်သည်ဦးသက်ခိုင်တို့အဖွဲ့ ခေါင်းမဖော်တမ်း ထမင်းနှင့်ဟင်းကို စားကြသည်။ ဟင်းအကြဲပေးသူက ကျွန်ုပ်။ တကယ်တမ်းချက်သူက မုဆိုးတင်မောင်သာဖြစ်ပေသည်။

ထိုညက ဦးသက်ခိုင်တို့ရဲ့အဖွဲ့ ကျွန်ုပ်တို့စခန်း၌ တပျော်တပါးစားသောက်ညအိပ်ကြပြီး မနက်စောစောတွင်ပြန်သွားရာ စခန်းမှ မောင်ချစ်မိသားစု (ကျုံ့ပျော်မြို့)ထံသို့ သေဆုံးသဖြင့် လွှတ်ပြီး ကောင်းမွန်စွာသဂြိုလ်ပြီးစီးကြောင်း အကြောင်းကြားစာကို စာတိုက်မှတစ်ဆင့် ထည့်နိုင်းလိုက်ရသည်။

(၆) ရက်မြောက်နေ့တွင် ကျွန်ုပ်တို့ ကော့သောင်းမြို့သို့ ကား





ဖြင့်ဆင်းပြီး မောင်ချစ်ရက်လည်ဆွမ်းကျွေးအတွက် ကျွေးမွေးရန်နှင့် လှူဖွယ်ပစ္စည်းများဝယ်သည်။ အပြန်တွင် သချိုင်းသို့သွား၍ မောင်ချစ်ဝိညာဉ်အား တရားနာရန်ဖိတ်ခဲ့ပြီး လွတ်လက်မှတ်နှင့် အမိန့်စာကို ဖတ်ခဲ့သည်။

ထိုညက ညဥ့်နက်သည့်တိုင် ပြင်ဆင်ကြပြီးနောက် တစ်နေ့မှာ တနင်္ဂနွေ အလုပ်ပိတ်ရက်ဖြင့်လည်း ကြုံသဖြင့် ရဲဘက်များအား အထူးပဲကုလားဟင်း ချက်ကျွေးသည်။ နေ့ဆွမ်းကပ်ရန် ငါးနှင့်ကြက်သားဟင်း စီစဉ်ထားသော်လည်း မနက်စောစော မုဆိုးတင်မောင် တောဝင် ကိုင်းလိုက်ရင်း တောဝက်မတစ်ကောင်မိသဖြင့် တောဝက်သားဟင်းပါ တိုးလာသည်။ ထို့ကြောင့်လည်း ရဲဘက်များအတွက်လည်း ဝက်သားပဲကုလားဟင်း ဖြစ်သွားတော့သည်။

ချန်းဖန်းကျောင်းဆရာတော်နှင့် ဘုန်းတော်ကြီး (၅)ပါးအား ပင့်ဖိတ်ပြီး နေ့ဆွမ်းကပ်၍ တရားတော်နာ အမျှဝေ မေတ္တာပို့ပါသည်။ သေဆုံးသွားသူ မောင်ချစ်အားလည်း ဖိတ်ကြားထားသဖြင့် အမျှရပြီး သာဓုခေါ်နိုင်မည်ဟု ထင်ပါသည်။ ကျွန်ုပ်တို့လုပ်ပေးနိုင်သမျှ တတ်စွမ်းသလို လုပ်ကိုင်ပေးကြခြင်းဖြစ်ပေသည်။

တိုက်ဆိုင်သည်ဟု ဆိုရမည်လား မောင်ချစ်ဝိညာဉ်ကပင် အကြောင်းကြား အသိပေးလေသည်လားမသိ။ ကျွန်ုပ်တော်တို့တရားနာပြီး အမျှဝေနေစဥ်မှာပင် ကော့သောင်း၊ ချန်းဖန်းရွာပြေးဆွဲသော ချက်ဗလက်ဗိုက်ပူဘတ်စ်ကားကြီး စခန်းရှေ့၌ရပ်ပြီး ဧည့်သည်များဆင်းလာကြသည်။

ကွယ်လွန်သူ မောင်ချစ်၏ မိဘနှစ်ပါးနှင့်ညီမအပြင် (၂)နှစ်သားအရွယ် သားကလေးတစ်ယောက်ရည်း ပါလာသည်။ ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



က ကြိုဆိုကြပြီး နေရာထိုင်ခင်းပေး၍ အကျိုးအကြောင်းကို ရှင်းပြရသည်။

ဖခင်ဖြစ်သူမှာ တရားရှိဟန်တူပါသည်။ အေးဆေးတည်ငြိမ်စွာ နားထောင်နိုင်သော်လည်း မိခင်ဖြစ်သူနှင့် ညီမဖြစ်သူတို့မှာ သည်းထန်စွာ ငိုကျွေးကြသည်။ အမေငိုသဖြင့် ကလေးကလည်း လိုက်ငိုသည်။

ကျွန်ုပ်တို့လည်း အမှုဖြစ်စဉ်နှင့် ရဲဘက်မောင်ချစ် သစ္စာရှိပုံ၊ ကျိုးနွံပုံတို့ကိုရှင်းပြပြီး သူနောက်ဆုံးရေးခဲ့သောစာအား ထုတ်ပြတော့မှ မိခင်နှင့် ညီမသာမက ဖခင်ဖြစ်သူကလည်း လိုက်ငိုတော့သည်။

ပုထုဇဉ်များသာဖြစ်ကြသဖြင့် အရိယပုထုဇဉ်တို့လို ခံနိုင်ရည်မရှိကြ။ သဗ္ဗေသတ္တာ ကမ္မသကာဟုဆိုသော်လည်း အဖြစ်ဆိုးလှသော သေခြင်းနှင့်သေရသည့် သားဖြစ်သူအတွက် မိဘများကတော့ ဖြေဆည်နိုင်ဟန်မတူပါ။ ကျွန်ုပ်တို့လည်း စိတ်မကောင်းဖြစ်မိကြသည်။

လူဆိုသည်မှာ မွေးလာစဉ်ကတည်းက အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားများနှင့်ရင်ဆိုင်၍ မွေးလာခြင်းဖြစ်သည်။ စောစောသေသည်နှင့် နောက်ကျမှသေခြင်းသာ ကွာခြားသည်။ သို့သော် သေခြင်း (၄)မျိုးရှိသည့်အနက် ဥပစ္ဆေဒကကံဖြင့် သေဆုံးရခြင်းကတော့ အဆိုးဝါးဆုံးဖြစ်ပေလိမ့်မည်။

✿ ✿ ✿

# အခန်း [၃]

❑

နောက်တစ်ယောက်က မင်းမောင်။ သူက ရေနံချောင်းသား။ လူသတ်မှုဖြင့် ထောင် (၁၀)နှစ်ကျလာသူဖြစ်သည်။ အမှုတွဲလည်း ပါလာသည်။ လူသတ်မှုဖြစ်သော်လည်း သက်သေမခိုင်လုံသဖြင့် အယူခံနိုင်ပြီး ကြိုးမိန့်မှ ထောင်ဒဏ် (၁၀)နှစ်သို့ပြောင်းပြီး ကျွန်ုပ်တို့ ကော့သောင်း၊ ဆီအုန်းစခန်းသို့ ရဲဘက်အဖြစ် ပြောင်းလာရသူဖြစ်သည်။

ဗလတောင့်တောင့်၊ အသားနီစပ်စပ်ဖြင့် တကယ့် လူဆိုးလူမိုက်ပုံစံပင်။ သူ့အမှုတွဲက စောရဲလေး ကရင်လူမျိုးပင်ဖြစ်သည်။ စောရဲလေးကတော့ သေးသေးကွေးကွေး၊ လူဗလံလေးဖြစ်သည်။ မင်းမောင်၏တပည့်ဟု ဆိုရပေမည်။ လူကသေးကွေးသော်လည်း အလွန်လျင်မြန်ဖျတ်လတ်သည်။ အလုပ်ကိုလည်း မနိုင်မကပ် လုပ်ဆောင်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်ကတော့ ဆရာကြီးဂိုက်ဆိုက်ဖြင့် အလုပ်ကို နိုကပ်တတ်သည်။ သူ့ဗလပင်အားမနာ။ ပြဿနာလည်း အလွန်ရှာသူ ရဲဘက်တစ်ဦးဖြစ်သည်။ ကျွန်ုပ်တို့ရောက်မှ တောင်ကြီးသဘော်နှင့်ပါလာသူ ရဲဘက်တစ်ဦးသာဖြစ်၍ သူ့ကို နေရာမပေးနိုင်။ ရဲဘက်၊ ဘုတ်သားသစ်တစ်ဦးအနေဖြင့်သာ ခိုင်းစေနေရသည်။

ဆီအုန်း တိုးချဲ့စိုက်ပျိုးရန်အတွက် တနင်္သာရီရိုးမတောင်ခြေ၊ တောများအားရှင်းပြီး ကျွန်းခွေ၊ ငုတ်ထုတ် မီးရှို့ရသည်ဖြစ်ရာ နေအလွန်ပြင်းသော ကော့သောင်းမြို့ရာသီဥတုအောက်တွင် ပန်ထမ်းရဲဘက်များ အလွန်ပင်ပန်းကြသည်။ နေပူသည့်ကြားထဲ ငုတ်ထုတ် မီးရှို့ရသည့်အလုပ်မှာ ဆိုးဝါးပြင်းထန်လှသည်။

သို့သော်လည်း ရဲဘက်တစ်ခွဲကြီးတစ်ခုလုံး စိမ်ကိန်းတာဝန်ဖြင့် လုပ်ဆောင်ရသည်ဖြစ်ရာ နိုကပ်၍မရ။ မိမိတပ်စိတ် ကိုတာပြည့်အောင်တော့ မောင်းကြရသည်။ နေပူပြင်းသဖြင့် မနက် ၇ နာရီမှစ၍ အလုပ်လုပ်ရပြီး (၁၁)နာရီမှ မွန်းလွဲ (၂)နာရီအထိ နားချိန်ပေးပြီး နေ့လယ်စာကျွေး၍ အိပ်ခွင့်ပေးသည်။

ရိုးမတောင်ခြေတောထဲဝင်၍ နားကြရခြင်းဖြစ်သည်။ အချို့ရဲဘက်များက မိမိတို့တပ်စိတ်အလိုက် သစ်ပင်များအောက်တွင် အနားယူအိပ်စက်ကြသော်လည်း အချို့ရဲဘက်များက တပ်စိတ်ဆရာနှင့် ပေါင်း၍ ချက်ပြုတ်စားရန် တောထွက်အသီးအနှံများ ရှာကြသည်။

ပသျှူးလူမျိုး ခြံဟောင်းများလည်းရှိသဖြင့် ပသျှူးတညင်းသီး၊ မြန်မာတညင်းသီး၊ ရှောက်ပင်၊ သံပရာပင်၊ ပိန္နဲပင်၊ သရက်ပင်များလည်း ရှိသည်။ တို့စရာ၊ မြှုပ်စရာ ဟင်းချက်စားရန် အတော်စုံသည်။





အချို့က တောင်ခြေ၊ တောစပ်၊ မြောင်းငယ်နှင့် ဝက်လူးအိုင်များတွင် ငါးပက်ကြသည်။ ပသျှူးလူမျိုးများမှာ ရေချိုငါးနှင့် အကြေးခွံမပါသောငါးကို မစားကြ၍ ငါးရံ့၊ ငါးခူ၊ ငါးမွေထိုး၊ ငါးပြေမငါးများမှာ အလွန်ပေါသည်။ အကောင်လည်း အလွန်ကြီးကြသည်။

အိုင်တစ်အိုင်ပက်သည်နှင့် လေးငါးပိဿာ အသာကလေးရသည်။ ပျော်စရာလည်း အလွန်ကောင်းသည်။ အိုင်ထဲမှ ခရုမျိုးစုံ၊ လိပ်၊ ဖား၊ ငါးရှဉ့်ကအစ ချမ်းသာမပေးကြ။

မြောင်းရိုးအတွင်း ပေါက်ရောက်နေသည့် ဖရစ်ရိုးကြီးများကလည်း အလွန်သန်စွမ်းကြသည်။ လက်မောင်း၊ လက်ဖျံရိုးခန့်ပင်ရှိသည်။ ဖရစ်ရိုးနှင့် ငါးချဉ်ရည်ဟင်းမှာ အလွန်ထမင်းမြိန်စေသည်။ တောတွင်းစခန်းဖြစ်၍ နားချိန်တွင် ချက်ပြုတ်စားရန် ခွင့်ပြုထားရာ မီးဖိုကလေးများကိုယ်စီဖြင့် ဟင်းရနံ့က မျိုးစုံထွက်နေသည်။

ဆီအုန်းပင်မှာ (၃)နှစ်ကြာလျှင် အသီးသီးသည်။ (၅)နှစ်ကြာမှာ တန်းဝင်ဆီကြိတ်လုပ်ငန်း လုပ်နိုင်မည်ဖြစ်သဖြင့် အပင်အရွယ်စုံ စိုက်ပျိုးထားသော ဆီအုန်းခင်းကြီးအထဲ၌ အချို့က ဝေဆာစွာသီးပွင့်နေပြီး အချို့က အုန်းခေါင်းပင်မထွက်သေး။ အချို့က စိုက်လက်စ။ အချို့က စိုက်ပျိုးရန် ကျွန်းခွေမီးရှို့ ငုတ်ထုတ်ဆဲ။ ကျင်းတူးသောအဆင့်၌ပင် ရှိပါသေးသည်။

အသီးသီးသောအပင်များမှာ မှည့်ရင့်၍ ကြွေကျသော ဆီအုန်းသီးများကို တောဝက်နှင့် ချေ၊ ဖြူနှင့် ပွေး၊ မြွေကြွက်တို့က အလွန်ကြိုက်ကြသည်။ အပင်မညီ၍ ခူးဆွတ်ပြီးဆီကြိတ်ရန်လည်း မဖြစ်နိုင်သေး။ ထို့ကြောင့်လည်း ပေါင်းမြက်များရှင်းသည်နှင့် တောကောင်မျိုးစုံရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်များထက် ဦးနှောက်ကြီး၍ ဉာဏ်ရှိသော ရဲဘက်များက ဆီအုန်းသီးကိုထု၍ ရေနှင့်ပြုတ်သည်။ ရေနွေးဆူ၍ ပွက်လာပြီး အသီးခွံမှ အဆီများထွက်လာသည်နှင့် ဖွန်းဖြင့်ခပ်ပြီး အကြော်လှော် ချက်ပြုတ်ရန် အသုံးပြုကြတော့သည်။

ဆီအုန်းသီးအဆံကတော့ အုန်းသီးဆံနှင့်တူသည်။ အလွန်ဆိမ့်၍ အပျင်းပြေ ဝါးစားကြသည်။ ထို့ကြောင့်လည်း ဆီအုန်းခင်းထဲ၌ တာဝန်ထမ်းဆောင်ကြရသော ဝန်ထမ်းနှင့် ရဲဘက်တို့မှာ စားစရာ ချက်ပြုတ်ရန်ဆီကတော့ အလျှံပယ်ပင်။

နားချိန်၌ ဟိုနေရာက တရှဲရှဲ၊ သည်နေရာက တရှဲရှဲဖြင့် ကြော်နံ့ပေါင်းစုံ ထွက်နေတတ်သည်။ လူမရှုးလျှင်လည်း တိရစ္ဆာန်က စားသဖြင့် ကျွန်ုပ်တို့ မရှုးဆွတ်ရန် တားမြစ်မထားပါ။ ရှုးဆွတ်ရန် ခွင့်ပြုထားခြင်းလည်း မရှိပါ။

ဒေသခံ ပသျှူးလူမျိုးများကတော့ ဆီမစားသဖြင့် ဆီအုန်းခင်းဖြင့်လည်း မပတ်သက်ပါ။ သူတို့က ဟင်းချက်စားလျှင် ပေါ်များလှသော အုန်းသီးကိုသာ အသုံးပြုကြသည်။ အသားဟင်းချက်လျှင်လည်း အုန်းသီးကိုညှစ်၍ အုန်းနို့ဖြင့်သာ ချက်စားလေ့ရှိကြသည်။ သူတို့ဟင်းများမှာ ကျွန်ုပ်တို့လျှာဖြင့်တော့ ခံတွင်းမတွေ့ပါ။ ဒေသရိုးရာ အစားအစာများပင် ဖြစ်ပါလိမ့်မည်။

တစ်နေ့ ကျွန်းခွေ မီးရှို့နေရာသို့ ကျွန်ုပ်နှင့် မုဆိုးတင်မောင်တို့ ရောက်ရှိသွားကြသည်။ သစ်ပင်သစ်ကိုင်းများအား ရှင်းလင်းသူက ရှင်းလင်း၍ ပင်စည်ဖြတ်သူ၊ အမြစ်ဖော်သူ၊ ကိုင်းခြောက်နှင့်သစ်ရွက်များအား မီးရှို့သူဖြင့် အလွန် အလုပ်များနေကြသည်။

ကျွန်ုပ်တို့ ရှေ့တန်းတပ်ခွဲမှူးဖြင့် ထိုင်၍ လုပ်ငန်းအကြောင်း





ပြောဆိုကြရင်း ရေနွေးကြမ်းပူပူကို မှုတ်သောက်နေကြစဉ် ရဲဘက်တပ်ခွဲမှူးတင်ဝင်းက အရေးပေါ်လာရောက် သတင်းပို့သည်။

“ဆရာကြီး . . . ဆရာကြီး . . . သစ်ပင်ခုတ်တဲ့လူမောင် လက်ကိုဓားထိပြီး လက်မပြတ်သွားတယ်။ သွေးတွေကို ရဲနေတာပဲ”

“ဟာ . . . အေး . . . အေး . . . ဒီကိုအရင်ခေါ်လာခဲ့။ ပြီးတော့မှ စခန်းဆေးရုံကိုပို့မယ်”

ရဲဘက်နှစ်ဦးတွဲခေါ်လာသော လူမောင်အား ရှေ့တန်းတပ်ခွဲတပ်ကြပ်ကြီးဦးထွန်းမောင်က သွေးတိတ်စေရန် မန်းမှုတ်၍ သစ်ရွက်စိမ်းများအုံပေးသည်။ ပြီးနောက် အဝတ်စတစ်စဖြင့် ချည်နှောင်ပြီး အောက်ချိုင့်ခြိမ်ဆေးရုံသို့ အရေးပေါ်ပို့သည်။ ထိုနေ့က ကျွန်ုပ်တို့လည်း စိတ်မကောင်းဖြစ်ကြရသည်။

ရဲဘက်လူမောင်သည်လည်း ရှေ့တန်းအလုပ်သမားတစ်ဦးဖြစ်သဖြင့် ကျွန်ုပ်တို့ စိတ်မကောင်းကြခြင်းဖြစ်သည်။ လက်မပြတ်သော ဒဏ်ရာမှ အသက်အန္တရာယ်ကို မထိခိုက်နိုင်သော်လည်း သွေးထွက်လွန်လျှင် စိုးရိမ်ဖွယ်ရာပင်ဖြစ်ပေသည်။

စခန်းဆေးရုံမှာ အရေးပေါ်သွေးသွင်းပေးရန် ပစ္စည်းတန်ဆာပလာ ရှိသည်မဟုတ်။ ဖျားနာသူများလောက်ကိုသာ ကုသနိုင်သော တောတွင်းဆေးရုံငယ်ကလေးသာ ဖြစ်ပေသည်။ ဆေးဝါးကလည်း မပြည့်စုံပါ။ အရေးကြီးပါက ကော့သောင်းမြို့ဆေးရုံသို့သာ ကားဖြင့် တင်ပို့ရလေ့ရှိသည်။

ထိုနေ့က ရဲဘက်လူမောင်ကို အောက်ချိုင့်ခြိမ်ဆေးရုံတွင်တင်၍ ကုသရာ တစ်ပတ်ခန့်အနားရပြီး ဆေးရုံကဆင်းတော့လည်း အောက်တန်းဖိုကြီးတွင် အထွေထွေလုပ်သားအဖြစ် ပြောင်းလဲတာဝန်ချထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

နောက်တစ်ပတ်ခန့်အကြာတွင် ရှေ့တန်းတပ်ခွဲမှ ရဲဘက်တစ်ဦး လက်မအားထိ၍ ပြတ်ပြန်သည်။ နှစ်ဦးရှိပြီဖြစ်၍ အုပ်ချုပ်ရေးညှိနှိုင်းသည်ဟုဆိုကာ ထောင်ပိုင်က တပ်ခွဲတပ်ကြပ်ကြီး ဦးထွန်းရမောင်နှင့် တပ်သားများ၊ တပ်စိတ်မှူးများအား ခေါ်၍ဆူသည်။ လက်မပြတ်သူမှာ ကျွန်ုပ်တို့၏ဖာတ်လိုက် မင်းမောင်ဖြစ်နေသည်။ သူ့ကိုလည်း အောက်ချိုင့်ခြံဆေးရုံသို့ တင်ပို့ကုသရပြန်သည်။

ညဘက်တွင် တပ်ခွဲတပ်ကြပ်ကြီး ကျွန်ုပ်ထံရောက်လာပြီး ..

"ဆရာ ကျွန်တော် စကားနည်းနည်း ပြောစရာရှိလို့ပါ"

"ပြောပါ ဦးထွန်းမောင်၊ ဘာလိုအပ်လို့လဲ"

"ထောင်ပိုင်ဆူတာဆဲတာကတော့ ထုံးစံဖြစ်နေပါပြီ ဆရာရယ်။ ဒါပေမဲ့ မင်းမောင်ကိစ္စကတော့ ကျွန်တော် မကျေနပ်ဖူးဆရာ။ ဒီကောင် သက်သက်မဲ့အနားယူပြီး နောက်တန်းပြန်ချင်လို့ လုပ်တာပါ။ ဒီကောင့်ကို သစ်ခုတ်တာဝန်ပေးထားတာ မဟုတ်ဘူးဆရာ။ သူတို့က ငုတ်ထုတ်၊ ကျွန်းခွေမီးရှို့တဲ့အဖွဲ့"

"လူတစ်ယောက်က သက်သက်မဲ့အနာခံပြီး လူ့လက်မသူ ခုတ်ဖြတ်ပါ့မလား ဦးထွန်းမောင်ရယ်"

"ဆရာ မသိဘူးနော်။ ဒီကောင်က လူဆိုးလူမိုက်။ အတော်ထိန်းရတာ။ ပြဿနာလည်း အမြဲတမ်းရှာတယ်။ နောက်မှရောက်လာပြီး ရဲဘက်အချင်းချင်းအပေါ် ဗိုလ်လုပ်ချင်တယ်။ ရန်ဖြစ်တာလည်း အကြိမ်ကြိမ်ပဲ။ အခုလည်း မိုက်ရူးရဲလုပ်ပြီး သူ့လက်မသူ ခုတ်ဖြတ်တာ"

"ဦးထွန်းမောင်ရယ် ... ထောင်ပိုင် ဆူတာကိုလည်း စိတ်ထဲ





မထားပါနဲ့။ သူက အုပ်ချုပ်ရေးတာဝန်ခံဆိုတော့ ပြောရမှာပေါ့။ နောက်ပြီး မင်းမောင်လက်မပြတ်တဲ့ကိစ္စက မတော်တဆဖြစ်စေ၊ တမင်လုပ်လို့ဖြစ်စေ ဆေးဝါးအကူအညီနဲ့ အနားပေးရမှာက ကျွန်တော်တို့ဝန်ထမ်းတွေရဲ့ လူသားချင်းညှာတာမှုအပေါ်မှာ တည်ပါတယ်။ သည်းခံပါဗျာ။ ကျွန်တော်လည်း အောင်ချိုင့်ခြံကို ပြောင်းရဖို့ရှိပါတယ်။ အဲဒီတော့မှ ခင်ဗျားကိုပါ ကျွန်တော်တစ်ခါတည်း ခေါ်သွားမယ်။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ"

ထိုညဉ့်ပင် ကျွန်ုပ် ဆူးကြိုးဝင်းလုံခြုံရေးအား စစ်ဆေးရင်း မင်းမောင်၏အမှုတွဲ စောရဲလေးကို ဆူးကြိုးဝင်းအပြင်မှ တစ်ယောက်ချင်းခေါ်တွေ့သည်။

"စောရဲလေး ... မင်းညစာ စားပြီးပြီလား။ စားလို့ရောကောင်းလား။ အလုပ်လုပ်ရတာရော အဆင်ပြေရဲ့လား"

"ညစာ စားပြီးပါပြီ။ စားလို့လည်း ကောင်းပါတယ်ဆရာ။ ကျွန်တော်တို့တောမှာလည်း ဒီလိုပဲ စားရတာပါ။ အလုပ်ကပင်ပန်းပေမဲ့ အခုအထိုင်ကျသွားတော့လည်း နေသာပါတယ်ဆရာ"

"အေးကွာ ...။ သည်းခံပြီးလုပ်ကြပေါ့။ မင်းတို့ ကျွန်းခွေမီးရှို့ပြီးရင် ပြီးပါပြီ။ ငါတို့စိုက်ကေလည်း ပြည့်ပါပြီ။ လကုန်လောက်ပြီးမှာပါ။ အဲဒီတော့လည်း ဆီအုန်းပျိုးပင်တွေ စိုက်ပြီးတာနဲ့ မင်းတို့သက်သာပါပြီ။

နောက်အလုပ်တွေက ပေါင်းရှင်းပြီး ဓာတ်မြေသြဇာကျွေးရုံပဲ။ သက်သာပါတယ်။ ဒီလိုပဲပေါ့ ...။ အရိပ်လိုချင်ရင် နေပူထဲမှာ စောင့်ရတယ်ဆိုမဟုတ်လား။ တဖြည်းဖြည်း သက်သာလာမှာပါ။ မင်းတို့ချည်း မဟုတ်ပါဘူး။ ငါတို့ဝန်ထမ်းတွေလည်း နေပူထဲမှာလုပ်ကြရ

www.burmeseclassic.com



တာပါပဲ။

နောက်အလုပ်တွေကတော့ သက်သာသွားပါပြီ။ ဒါနဲ့ မင်းနဲ့ မင်းမောင်က ဘယ်လိုတွဲမိကြတာလဲ။ မင်းတို့အကြောင်းနဲ့ အမှုအကြောင်းကို စုံစုံစေ့စေ့ ပြောပြစမ်းပါဦး''

''ကိုမင်းမောင်က ကျွန်တော်တို့ ဓနုဖြူမြို့နယ်၊ မယ်တယို ကျေးရွာက သူကြီးသားပါဆရာ။ ကျွန်တော်ကတော့ သူ့တပည့်လူယုံပါ။ ငယ်ပေါင်းတွေလည်း ဖြစ်ပါတယ်။ ကိုမင်းမောင်တို့က လယ်ဧကရာနဲ့ချီပြီးပိုင်တော့ ချမ်းသာကြပါတယ်။ ကျွန်တော့်မိဘတွေလည်း လယ်သမားတွေပါပဲ။ ဒါပေမဲ့ စားနိုင်သောက်နိုင်ရှိပါပဲ။

ကိုမင်းမောင်က စိတ်ကြီးတယ်၊ လောင်းကစားလည်း ဝါသနာပါတယ်။ အထူးသဖြင့် ကြက်တိုက်တာပါ။ ကြက်တိုက်ရမယ်ဆိုရင် ဘယ်လောက်ဝေးဝေး ညအိပ်ညနေတောင် သွားတိုက်တာ။ အသောက်အစားကတော့ ထုံးစံအတိုင်းပါပဲ။ ကိုမင်းမောင်က အရက်ထက် ပင်ကျထန်းရည်ခါးကို ပိုကြိုက်ပါတယ်။

ကိုမင်းမောင်ရဲ့ ကောင်းကွက်ကတော့ လောင်းကစားလုပ်၊ အရက်သောက်ပေမဲ့ သူများသားမယားကိုတော့ မဖျက်ဆီးတတ်ဘူး ဆရာ''

''အခုအမှုဖြစ်ရတာကောကွာ''

''လူသတ်မှုဖြစ်တာပါ ဆရာ။ ပင်လောင်းရွာက လူမိုက်ချက်ကြီးနဲ့ ဖြစ်ကြတာပါ။ ချက်ကြီးဆိုတာက နယ်နယ်ရရ မဟုတ်ဘူးဆရာ။ ကျေးရွာ (၆)ရွာ အုပ်စုခေါင်းဆောင် သူကြီးဦးလူမင်းရဲ့သား။ အလွန်ဆိုးတဲ့ ပေတဲ့သူ။

သူ့အုပ်စုကလည်း အလွန်တောင့်တယ်။ သတ်ရဲဖြတ်ရဲတဲ့





သူတွေချည်းပဲ။ ငွေအင်အားကလည်း အလွန်တောင့်တော့ တော်ရုံသူ ချက်ကြီးကို မယှဉ်နိုင်ဘူး။ ကျွန်တော့်ဆရာ မင်းမောင်နဲ့တွေ့မှ ချက်ကြီး ခံသွားရတာ။

အမှုဖြစ်တာက ဒီလိုဆရာ ..။ ကျွန်တော်တို့ရွာ မယ်တယိုနဲ့ ကိုချက်ကြီးတို့ရွာကြားမှာ သုံးပန်လှဆိုတဲ့ရွာကလေး ရှိတယ်ဆရာ။ အဲဒီရွာက ဆယ်အိမ်ခေါင်းသမီး မမယ်လှက အလွန်ချောတယ်။ ကြွေရုပ်ကလေးတစ်မျှကို ချောတာ။ ရွာကွမ်းတောင်ကိုင်ပေါ့ ဆရာရယ်။

မမယ်လှကို ကျွန်တော့်ဆရာရော ကိုချက်ကြီးတို့ပါ ဝိုင်းပိုးကြတာ လူသိရှင်ကြားပါပဲ။ ဒါပေမဲ့ မမယ်လှက ဘယ်သူ့ကိုမှ အဖြေမပေးဘူး။ နှစ်ဘက်စလုံးကို သင့်တင့်အောင်ပေါင်းတယ်။ ကျွန်တော့်အထင်တော့ ကျွန်တော့်ဆရာ ကိုမင်းမောင်ဘက်ကို နည်းနည်းပါတယ်လို့ထင်တာပဲ။

ကျွန်တော့်ဆရာမင်းမောင်က သတ္တိကောင်းတယ်။ သိုင်းတတ်တယ်။ သူများသားပျိုသမီးပျိုကို မဖျက်ဆီးဘူး။ ကိုချက်ကြီးကတော့ တွေ့မရှောင်ပဲ။ မိန်းမကိစ္စမှာ နာမည်ပျက်ရှိတယ်။ မမယ်လှအနေနဲ့လည်း ကျေးရွာအုပ်စုသူကြီးသားဆိုတော့ ကြောက်ရလို့ မှန်တန်းဆက်ဆံတာထင်ပါရဲ့။

တစ်ခုထူးခြားတာကတော့ မိန်းမကိစ္စမှာ အပွဲပွဲနွှဲလာခဲ့ပြီး အောင်နိုင်ခဲ့ပေမဲ့ ကိုချက်ကြီးဟာ မမယ်လှကိုတော့ အတော်ချစ်ပုံရတယ်။ အပေါစီးနဲ့ မဆက်ဆံဘူး။ နောက်တစ်ခုက မမယ်လှရဲ့အစ်ကိုနှစ်ယောက်ကလည်း လက်ရဲဇက်ရဲတွေ။ သိုင်းဆရာတွေ။ ဒါကြောင့်လည်း ကိုချက်ကြီး ငြိမ်နေဟန်တူပါတယ်။

ကြက်ပွဲမှာ ကိုချက်ကြီးနဲ့ ဆရာမင်းမောင်တို့ ဆုံကြတော့

www.burmeseclassic.com



နှစ်ဘက်စကားများကြပြီး ခနဲ့တဲ့တဲ့စကားတွေပြောကြရင်း စိန်ခေါ်ကြတော့တာပဲ။ ကိုချက်ကြီး အမြဲတမ်းပြောတတ်တာကတော့ . . .

"ဟေ့ကောင် . . . မင်းမောင်။ မင်းနဲ့ငါ တစ်ယောက်ယောက် မရှိမှ အေးမယ်"

ဆိုတာပဲ။ ကျွန်တော့်ဆရာကလည်း ခေသူမဟုတ်တော့ . . .

"ကြုံကြိုက်တဲ့အချိန်၊ ကြုံကြိုက်တဲ့နေရာမှာစမ်း အမြဲတမ်းအသင့်ပဲ ချက်ကြီးရေ"

လို့ပြောတတ်တယ်။ ဒါပေမဲ့ သူတို့နှစ်ဦးဟာ လူမိုက်တွေဖြစ်ပေမဲ့ စကားနဲ့သာတိုက်ခိုက်ကြပြီး လက်တွေ့တော့ မလုပ်ကြပါဘူး။ ဒါပေမဲ့ တစ်ယောက်ကိုတစ်ယောက် အလစ်အငိုက်ကို ချောင်းနေတယ်လို့တော့ အားလုံးကထင်ကြတယ်။

တစ်ခုထူးခြားတာကတော့ ကျွန်တော်နဲ့ ဆရာမင်းမောင်က နှစ်ယောက်တည်းပဲတွဲတယ်။ ကိုချက်ကြီးတို့အုပ်စုကတော့ လေးငါးယောက်တောင်ရှိတယ်။ တစ်နေ့ညမှာ ကျွန်တော်နဲ့ ဆရာမင်းမောင်တို့ သုံးပန်လှရွာကလေးမှာ မမယ်လှကို လူပျိုလှည့်ပြီး ရွာထန်းတောမှာ ထန်းရည်သောက်နေကြတုန်း ကိုချက်ကြီးတို့အဖွဲ့ရောက်လာတယ်။

ထုံးစံအတိုင်းပေါ့ ဆရာရယ်။ တွေ့ကြပြောကြပြီး ရန်ဆောင်ကြတယ်။ ကြိမ်းကြ မောင်းကြတာပေါ့။ အဲဒီအချိန်မှာ ထန်းတောကို ရောက်လာတဲ့ မမယ်လှအဖေ ဆယ်အိမ်ခေါင်းဦးစိန်လှ ဝင်ဖြန်ဖြေတာနဲ့ ရန်ပွဲပြီးသွားတယ်။

ကျွန်တော်နဲ့ ဆရာမင်းမောင်တို့ မယ်တယိုရွာပြန်လာကြတော့ အတော်မိုးချုပ်နေပြီ။ လမ်းကျမှ ဆရာမင်းမောင်က သူ့ဓားမြှောင် မမယ်လှတို့အိမ်မှာ ကျန်နေခဲ့ကြောင်းပြောတယ်။ ကိုချက်ကြီးတို့နဲ့သာ





တကယ်တမ်းရန်ဖြစ်ရင် လက်နက်မရှိလို့ ကျွန်တော်တို့ဘက်က ရှုံးဖို့များတာပေါ့။

ကျွန်တော့်မှာ ငှက်ကြီးတောင်ဓားပါပေမဲ့ ကျွန်တော်က လက်နက်နဲ့တစ်ယောက်တည်း။ ကိုချက်ကြီးတို့ဘက်က ငှက်ကြီးတောင်ဓားကိုယ်စီနဲ့ ငါးယောက်တောင်။ ဝင်ဖြန်ဖြေပေးတဲ့ ဆယ်အိမ်ခေါင်း ဦးစိန်လှကို ကြဖန်ကျေးဇူးတင်နေမိပါတယ်။

ဆရာမင်းမောင်ကိုလည်း အနေအထိုင်ဆင်ခြင်ဖို့နဲ့ အသွားအလာသတိထားဖို့ အဲဒီညက လမ်းမှာ ကျွန်တော် သတိပေးမိပါသေးတယ်။

နောက်တစ်နေ့မနက်မှာ ရွာလူကြီးတွေနဲ့ရဲတွေ ကျွန်တော်နဲ့ ဆရာမင်းမောင်ကို မယ်တယိုရွာက အိမ်တွေမှာ လာဖမ်းပါတယ်။ ပင်လောင်းရွာက သူကြီးသားကိုချက်ကြီး အိမ်အောက်ထပ်မှာအိပ်နေတုန်း ဓားမြှောင်နဲ့ထိုးပြီး အသတ်ခံရတာတဲ့။ ဓားမြှောင်ကလည်း ကိုမင်းမောင် ဓားမြှောင်တဲ့လေ။ ကျွန်တော်တို့ငြင်းပေမဲ့ မရပါဘူး။

နေချင်းပဲ နေဖြူရဲစခန်းကို ဖမ်းခေါ်သွားပြီး စစ်ချက်ယူတယ်။ ရဲစခန်းမှာချုပ်ထားတယ်။ ကျွန်တော်တို့သတ်တာမဟုတ်လို့ ဝန်မခံပါဘူး။ ရိုက်နှက်စစ်ဆေးပေမဲ့ ကျွန်တော်တို့က ဘူးခံနေခဲ့တယ်။

နောက်ဆုံးတော့ ကျွန်တော်တို့နှစ်ယောက်ကို ပုသိမ်ထောင်ပို့ပြီး ရုံးတင်တရားစွဲပါတယ်။ မျက်မြင်သက်သေမရှိပေမဲ့ ခက်နေတာက ကျွန်တော့်ဆရာမင်းမောင်ရဲ့ ဓားမြှောင်မှာ သူ့လက်ဗွေရာပဲရှိတယ်။

တခြားသူလက်ဗွေရာမရှိဘူး။ သတ်သူက တမင်အကွက်ဆင်ပြီး လက်အိတ်နဲ့ကိုင် လုပ်ကြံခဲ့တာဖြစ်မှာပါ။ ကျွန်တော့်အထင်ပြောရရင်တော့ မမယ်လှရဲ့အစ်ကိုတွေ လက်ချက်ဖြစ်မှာပါ။ ကျည်းဒေါ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ၄က်နှစ်ကောင်ကို ပစ်လိုက်တာပါ။ အဆစ်ပါချင်တော့ ကြားထဲက ကျွန်တော်လည်း အမှုတွဲပါတယ်။

တရားရုံးက နှစ်ဖက်သက်သေတွေကို စစ်ဆေးပြီး ဆရာမင်းမောင်က ကြိုးမိန့်၊ ကျွန်တော်က ကြံရာပါဆိုပြီး ထောင်ဒဏ်အနှစ် (၂၀)ကျပါတယ်။ ကျွန်တော်တို့ကိုလည်း အင်းစိန်ထောင်ကို ပြောင်းပါတယ်။

အဲဒါ အယူခံဝင်တော့မှ မျက်မြင်သက်သေ မခိုင်လုံဘူးဆိုပြီး ဆရာမင်းမောင်က ထောင်ဒဏ် (၁၀)နှစ်၊ ကျွန်တော်က ထောင်ဒဏ် (၅)နှစ် ပြင်ဆင်ပေးပြီး ဒီစခန်းကို ရောက်လာတာပါဆရာ။

ဒါကြောင့် ဆရာမင်းမောင်က မကျေမနပ်ဖြစ်နေတာ။ သူက ပြေးဖို့လည်း ကျွန်တော့်ကိုတိုင်ပင်ပြီး အကြိမ်ကြိမ်ကြိုးစားဖူးပါတယ်။ ကျွန်တော်တားထားလို့ ငြိမ်နေတာပါဆရာ''

''အေးကွာ ... မဟုတ်ပဲနဲ့ ခံရတာဆိုရင်တော့ ပေါက်ကွဲစရာပေါ့။ ဒါပေမဲ့ မပြေးသော်လည်း ကန်ရာရှိဆိုသလို ဘေးမြောင်မှာ လက်ဖွဲ့ရာကကျန်နေခဲ့တော့ မင်းတို့နှစ်လျှော့တာတောင် ကံကောင်းတယ်မှတ်ပါ။

ကဲ ... အိပ်ချိန်လည်းရောက်ပြီ အိပ်တော့။ မင်းဆရာလည်း မကြာခင် ဆေးရုံကဆင်းလာမှာပါ။ မင်းတို့နှစ်ဦးပြန်ဆုံကျမှ ငါ့နောက်တန်းမှာ အလုပ်ပြန်ပြောင်းပေးပါ့မယ်။ မင်းဆရာကိုလည်း ပြောပြလိုက်ပါ''

''ဟုတ်ကဲ့ပါ ဆရာ''

✿ ✿ ✿

❑

လကုန်ပိုင်းတွင် ရဲဘက်သစ်၊ ဝန်ထမ်းသစ်များနှင့် ရိက္ခာလာပို့မည့်သင်္ဘောကြီး ရောက်မည်ဖြစ်၍ ကျွန်ုပ်တို့ကြိုဆိုရန် ပြင်ဆင်ကြရပြန်သည်။ ယခုအပတ်ကတော့ တောင်ကြီးသင်္ဘောကြီးဖြစ်သည်။ ကျွန်ုပ်တို့ကြိုဆိုကြပြီး ရေတံခွန်စခန်းပြန်လာကြရာ ခေနဖြူသား ကိုတင်ထွန်းဟူသော ထောင်မှူးလေးတစ်ယောက် ပါလာသည်။ သူက နယ်ထောင် (ပုသိမ်)မှ ပြောင်းရွှေ့လာသူဖြစ်သဖြင့် ကျွန်ုပ်တို့ဖြင့် မရင်းနှီးပါ။

သို့သော် သူက အတော်မွန်ရည်သည်။ လမ်းခရီးတစ်လျှောက်လုံး သူက ဆီအုန်းစခန်းများအကြောင်း မေးလာသည်။ စိုက်ပျိုးရေးနှင့် တောတောင်သဘာဝကိုလည်း စိတ်ဝင်စားဟန်ရှိသည်။

ခေနဖြူကဆို၍ ကျွန်ုပ်လည်း ထောင်မှူးတင်ထွန်းအား စိတ်ဝင်စားမိသဖြင့် မင်းမောင်နှင့် စောရဲလေးတို့အကြောင်း မေးမြန်းမိတော့သည်။

''ကိုတင်ထွန်း ... လူသတ်မှုနဲ့ ပုသိမ်ထောင်ကပြောင်းလာတဲ့ မင်းမောင်နဲ့ စောရဲလေးကို သိသလား''

www.burmeseclassic.com



"သိတာပေါ့ ဆရာရယ်။ မယ်တယိုရွာက သူကြီးနဲ့ ဆယ်အိမ်ခေါင်းသား လူမိုက်တွေပဲ။ ဒါပေမဲ့ လူသတ်မှုမှာ သူတို့အမှုဆင်ခံလိုက်ရတာဆရာ"

"ဘယ်လိုဖြစ်တာလဲ ပြောပြစမ်းပါဦး ကိုတင်ထွန်းရယ်"

"သုံးပန်လှရွာက သူကြီးသမီး မမယ်လှကို အပြိုင်ပိုးကြတာ ဆရာ။ ပင်လောင်းရွာက အုပ်စုသူကြီးသား ချက်ကြီးတို့က အုပ်စုနဲ့ ဗိုလ်ကျပြီးမိုက်တာ။ မယ်တယိုရွာက သူကြီးသားမင်းမောင်ကတော့ သူ့တပည့်လက်စွဲတော် စောရဲလေးနဲ့တွဲပြီးမိုက်တာ။ သူတို့က သိုင်းကျွမ်းတော့ ချက်ကြီးတို့အုပ်စုကို မကြောက်ဘူး။ နှစ်ဘက်အုပ်စုတွေ့တာနဲ့ ရန်စောင်ကြတော့တာပဲ။ ရှည်းစားလုဘက်ဆိုတော့ ပိုဆိုးတာပေါ့ဆရာရယ်။

သုံးပန်လှရွာက သူကြီးဦးလှကြီးကလည်း ပင်လောင်းရွာသူကြီးလက်အောက်ခံဆိုတော့ သူကြီးသားချက်ကြီးကို မလှန်ရဲဘူး။ မတတ်သာလို့သာ ဆက်ဆံနေရပေမဲ့ ရွံ့ကြောက်ကြီးပေါ့ဆရာ။ ဒါကြောင့်လည်း သမီးရှင်အနေနဲ့ အလိုက်အထိုက် ဆက်ဆံနေတယ်။

သုံးပန်လှရွာသူကြီးသား အောင်ကြီးနှင့် အောင်လေးကလည်း သိုင်းဆရာတွေပဲ။ သူတို့က ချက်ကြီးကိုလည်း သူ့တို့ညီမနဲ့ သဘောမတူဘူး။ မယ်တယိုရွာက သူကြီးသားမင်းမောင်ကိုလည်း မကြိုက်ကြဘူး။

ဘယ်ကြိုက်ကြမလဲ ဆရာရယ်။ သူကြီးသားဆိုပြီး အရက်သောက်၊ ဖဲရိုက်၊ လောင်းကစားလုပ်နေတဲ့ လူမိုက်တွေကိုး။ သူတို့ညီမကွမ်းတောင်ကိုင် အချောအလှနဲ့ ဘယ်သဘောတူကြမလဲ။ မတတ်သာလို့သာ ဆက်ဆံနေကြရတာ။





ဒါကြောင့် သူကြီးသားအဖက အခွင့်ရတာနဲ့ ကျည်တစ်တောင့်နဲ့ ငှက်နှစ်ကောင်ဖမ်းလိုက်တာ"

"ဘယ်လိုဖြစ်တာလဲ ကိုတင်ထွန်း"

"မယ်တယိုရွာက သူကြီးသားမင်းမောင်တို့ လူပျိုလှည့်လာတုန်း မင်းမောင်ကျန်ခဲ့တဲ့ဓားမြှောင်နဲ့ အရက်မူးပြီး အိပ်ပျော်နေတဲ့ ပင်လောင်းရွာက သူကြီးသားချက်ကြီးကို သွားသတ်လိုက်တာပေါ့။ ဓားမြှောင်ကလည်း မင်းမောင်ကိုင်နေကျဓားမြှောင်။

အဲဒီညက ချက်ကြီးတို့အုပ်စုနဲ့ မင်းမောင်တို့အုပ်စု ရန်ဖြစ်ကြတာကလည်း အထင်အရှားဆိုတော့ ဖြန်ဖြေပေးတဲ့ သုံးပန်လှရွာသူကြီး ဦးလှကြီးက သားတွေနဲ့တိုင်ပင်၊ စီစဉ်အကွက်ချပြီး လုပ်ကြလိုက်တာပေါ့။

ရွာကလူတွေက ရိပ်မိကြပေမဲ့ မျက်မြင်သက်သေလည်း မရှိဘူး။ ဒါ့အပြင် သူကြီးသားနှစ်ယောက်ကို မျက်မုန်းကျိုးနေကြတော့ ရေငုံနှုတ်ပိတ် နေကြတာပေါ့"

"တရားကို နတ်စောင့်တယ်ဆိုတဲ့စကားရှိတယ်ဗျ . . . ကိုတင်ထွန်းရေ။ ဥပဒေအရ အမှုမှန်ဆိုတာ တစ်နေ့ပေါ်လာမှာပါ"

"ဆရာရေ . . . အများညီရင် 'ဤ' တောင် ကျွဲဖြစ်သေးတာ။ သားပျိုသမီးပျိုတွေကို စော်ကားတဲ့ချက်ကြီးကသေတယ်။ သိုင်းတတ်လို့ မူးယစ်ရမ်းကားတတ်တဲ့ မင်းမောင်တို့က ထောင်ကျတယ်။ အရှုပ်တွေရှင်းသွားတာပေါ့။ ဒါကြောင့် အကြောင်းသိ ရွာလူထုက လူသတ်သမားတွေကို ကျေးဇူးတောင်တင်နေကြသေးတယ်။ ဘယ်အမှုနဲ့က ပေါ်မှာလဲ ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုတင်ထွန်းရယ်၊ ပင်လောင်းရွာအုပ်စုမှာ အတော်ကို ငြိမ်သက်သွားမှာပေါ့နော်"

"ဟုတ်ပါတယ် ဆရာ။ အတော်ကို သာယာအေးချမ်းသွားပါတယ်။ ဒါပေမဲ့ ဆရာရယ် ကွမ်းတောင်ကိုင်အပျိုချော မမယ်လှကတော့ ကံမကောင်းရှာပါဘူး"

"ဘာဖြစ်လို့လဲ ကိုတင်ထွန်း"

"မမယ်လှက အလွန်လှတာဆရာ။ ကြွေရုပ်လိုချောမောတာ။ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ အချိုးအဆက်အလွန်လှတယ်။ အသားအရည်ကလည်း ဝါဝင်းပြီး အရပ်ကလည်း မြင့်တယ်။ ပြစ်မျိုးမဲ့မထင်ဆိုတဲ့ အလှမျိုးပဲ။

လူဆိုးလူရမ်းကားတွေနဲ့ လွတ်ကင်းတော့ ရွာကိုစပါးလာဝယ်တဲ့ စပါးဒိုင်မှူးသားနဲ့ ရည်းစားဖြစ်ကြတယ်။ လူငယ်တို့သဘာဝ ကျူးကျူးလွန်လွန်ဖြစ်ကြပြီး မမယ်လှမှာ ကိုယ်ဝန်ရှိတယ်။

စပါးဒိုင်မှူးကလည်း ပုသိမ်ကလိုလို၊ ရေဖြူကလိုလိုနဲ့ သားအဖနှစ်ယောက်စလုံး ပျောက်သွားကြတယ်။ မမယ်လှအစ်ကိုတွေက မြေလှန်ရှာကြပေမဲ့ မတွေ့တော့ဘူး။

ဒါကြောင့် မမယ်လှလည်း ရွာနံဘေးကချောင်းထဲ ခုန်ဆင်းပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားရှာတယ်"

"ဟာ ... ဒီလောက်တောင် ဖြစ်သွားရသလား။ ဒီခေတ်ကြီးမှာ ဆေးဝါးတွေစုံတာပဲ။ မလုပ်ကောင်းလုပ်ကောင်း မမယ်လှလေး သနားစရာပဲနော်"

"ဆေးဝါးစုံတာ သိတယ်ဆရာ။ သူတို့မှာ ပိုက်ဆံလည်းရှိကြပါတယ်။ အရှက်တရားက အကြောက်တရားကို အနိုင်ယူသွားတာပါ။





မမယ်လှက ရွာကွမ်းတောင်ကိုင်။ ပင်လောင်းရွာအုပ်စုမှာ အချောအလှဆုံးဆိုတော့ အရှက်ကို အသက်နဲ့လဲသွားတာပေါ့ ဆရာရယ်"

"မိမိကိုယ်ကိုမိမိ သတ်သေတယ်ဆိုတာ ရခဲလှတဲ့လူ့ဘဝကို စွန့်လွှတ်ပြီး အဖန်ငါးရာငါးကမ္ဘာကို မကြောက်ကြတဲ့သူများရဲ့ အလုပ်ပါပဲ။ ဒါလည်း ဘဝသံသရာက ဝဋ်ဒုက္ခပါပဲလေ"

"ဇာတ်လမ်းက မဆုံးသေးဘူးဆရာရဲ့"

"ဟင် ... မမယ်လှသေတာတောင် ဇာတ်လမ်းက မဆုံးသေးဘူးလား"

"ဟုတ်ပါတယ် ဆရာ။ စပါးဒိုင်မှူးသားလေးက မမယ်လှကို တကယ်ချစ်ရှာတာပါ။ ကြောရရုံကြွသွားတာ မဟုတ်ပါဘူး။ သူ့ခမျာ ယာဉ်တိုက်မှုနဲ့ ဆေးရုံတက်နေရလို့ သုံးလေးလကြာသွားတာပေါ့။

ဆေးရုံကဆင်းပြီး သုံးပန်လှရွာကို အပြေးအလာ ရွာအဝင်ထန်းတောမှာ ထန်းရည်သောက်နေကြတဲ့ သူကြီးသား အောင်ကြီး၊ အောင်လေးတို့နဲ့တွေ့ကြပြီး တောင်းပန်နေတဲ့ကြားထဲက အသတ်ခံလိုက်ရတာပါ"

"အင်း ... အလွန်ကြေကွဲစရာ အဖြစ်အပျက်ပါပဲ"

"အောင်ကြီးနဲ့အောင်လေးလည်း လူသတ်မှုနဲ့ ထောင်အနှစ် (၂၀)စီ ကျကြတယ်ဆရာ။ အခု အင်းစိန်ထောင်မှာ ရှိနေပါတယ်"

"အင်း ... တရားဥပဒေက ဒဏ်ခတ်တာပါပဲ။ ချက်ကြီးကို သတ်မှုတုန်းက လွတ်နေပေမဲ့ အခု စပါးဒိုင်မှူးသားကျတော့ ခံရပြီပေါ့။ ဒါပေမဲ့ ဆက်ရန်ရှိဦးမယ်ထင်တယ် ကိုတင်ထွန်းရေ"

"ဘယ်လိုဆက်ရန်ရှိတာလဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အခုရာသီက ပွင့်လင်းရာသီ။ ကော့သောင်းဆီအုန်းစခန်းက အော်ကြီးတို့၊ ဟပ်စတင်းတို့စတဲ့ စခန်းသစ်တွေ တိုးချဲ့ဖွင့်လှစ်နေတော့ ဝန်ထမ်းရဲဘက်တွေ အရမ်းလိုနေတယ်။ အောင်ကြီးနဲ့အောင်လေးတို့ အင်းစိန်ထောင်မှာ နေသားကျတာနဲ့ ကော့သောင်းဆီအုန်းစခန်းကို ရဲဘက်တွေအနေနဲ့ထုတ်လိုက်ရင် မင်းမောင်တို့နဲ့ပြန်ဆုံကြပြီး သတ်ပွဲဖြတ်ပွဲတွေ ဖြစ်ကြဦးမှာပေါ့။

အခုတော င် မင်းမောင်က ထွက်ပြေးဖို့ အကြိမ်ကြိမ်ကြိုးစားတယ်။ နောက်ဆုံး သူ့လက်မသူ ဓားနဲ့ခုတ်ဖြတ်ပြီး စခန်းဆေးရုံမှာ တက်နေရတာ။ မကြာခင် ဆင်းလာတော့မှာ"

"ကျွန်တော်လည်း ရပ်ဆွေရပ်မျိုးဆိုတော့ မင်းမောင်နဲ့ သွားတွေ့လိုက်ပါဦးမယ်ဆရာ။ ပြဿနာတွေ ဆက်မဖြစ်ကြဖို့ ကျွန်တော် အသေအချာ ရှင်းပြလိုက်ပါ့မယ်"

"ကိုတင်ထွန်း . . . မင်းမောင်နဲ့မတွေ့ခင် မင်းမောင်တပည့် စောရဲလေးနဲ့ အရင်တွေ့ပါ။ စောရဲလေးက ဆင်ခြင်တုံတရားရှိတယ်။ မင်းမောင်နဲ့စကားပြောရင် စောရဲလေးကိုပါခေါ်ပြီးမှ ပြောပါ"

"အခု သူတို့ ဘယ်စခန်းမှာလဲဆရာ"

"ပါဆယ်ပါညန်းစခန်းမှာ။ ကိုတင်ထွန်းလည်း ပါဆယ်ပါညန်းစခန်းမှာပဲ တာဝန်ကျမယ်ထင်ပါတယ်"

"ဟုတ်ကဲ့ . . . ပါဆယ်ပါညန်းစခန်းမှာ ဆရာလည်းရှိနေတာဆိုတော့ ဆရာလည်း မင်းမောင်ကို ကူပြောပေးပါနော် ဆရာ"

"ကူတော့ ပြောပေးပါ့မယ်။ ဒါပေမဲ့ မင်းမောင်က ပေကပ်ကပ်၊ ဂျစ်ကန်ကန်။ လောကကြီးကို အကောင်းမြင်တတ်သူမဟုတ်ဘူး။ ဝိုင်းဖျောင်းဖျရင်တော့ နားဝင်ကောင်းပါတယ်"





"ဟုတ်ကဲ့ပါဆရာ"

ထိုညက ရေတံခွန်စခန်းတွင် ညစာစားကြပြီး ကျွန်ုပ်တို့ ပါဆယ်ပါညန်းစခန်းသို့ ပြန်ခဲ့ကြပါသည်။ အရာရှိဝန်ထမ်းနှင့် ရဲဘက်သစ်များကတော့ ရေတံခွန်စခန်းတွင် ကျန်ခဲ့ကြပြီး မနက်ဖြန်လူခွဲမှ ပါဆယ်ပါညန်း၊ အော်ကြီးနှင့် ဟပ်စတင်းစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြရမည် ဖြစ်ပေသည်။

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်မျှော်မှန်းသလိုပင် ရဲဘက် (၅၀)၊ ဝန်ထမ်း (၅)ယောက်နှင့် ထောင်မှူးတစ်ယောက်၊ ကျွန်ုပ်တို့ ပါဆယ်ပါညန်းစခန်းသို့ ခွဲတမ်းချပြီး ရောက်လာကြသည်။ ထောင်မှူးမှာ ခနုဖြူသား ကိုတင်ထွန်းဖြစ်ပေသည်။

ပါဆယ်ပါညန်းစခန်း၌လည်း ရှေ့တန်းတပ်ခွဲများဖြစ်ကြသည့် ပေါင်းရှင်းနှင့် ကျွန်းခွေမီးရှို့၊ ငုတ်ထုတ် တပ်ခွဲနှစ်ခုရှိရာ ပေါင်းရှင်းတပ်ခွဲကို ထောင်မှူးဦးထွန်းအောင်လွင်က တာဝန်ယူထားသဖြင့် ကျွန်းခွေမီးရှို့၊ ငုတ်ထုတ်တပ်ခွဲ (၂)တွင် တပ်ကြပ်ကြီး ဦးထွန်းမောင်ပင်ရှိရာ ထောင်မှူးကိုတင်ထွန်းကိုလည်း ဦးထွန်းမောင်နှင့်တွဲ၍ တာဝန်ချထားလိုက်ပါသည်။

ထောင်မှူးကိုတင်ထွန်း တံကောင်းသည်မှာ သူစတင်အလုပ်ဆင်းသောရက်မှစတင်၍ ပင်ပန်းဆင်းရဲလှသော ကျွန်းခွေ၊ မီးရှို့၊ ငုတ်ထုတ်လုပ်ငန်းများပြီးစီး၍ မျိုးထုပ်ပါ ဆီအုန်းပျိုးပင်များအား အတန်းလိုက် ကျင်းတူး၍ မြေချစိုက်ပျိုးဆိုန်ဖြစ်ရာ အတော်သက်သာပါသည်။

မင်းမောင်လည်း ဆေးရုံကဆင်းပြီဖြစ်၍ ဆီအုန်းပင်စိုက်ပျိုးရေးလုပ်ငန်းတွင် တစ်နိုင်တစ်ပိုင် ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်ရာ ထောင်မှူးကိုတင်ထွန်းနှင့် မင်းမောင်တို့ဆရာတပည့် ပြန်ဆုံကြပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆီအုန်းပျိုးပင်အထုပ်များကို အောက်ချိုင့်ခြံစခန်းမှ ထွန်စက်နောက်တွဲယာဉ်ဖြင့် သယ်ဆောင်ပြီး ထွန်စက်လမ်းဘေးတွင်ချ၍ စိုက်ကွင်းသို့ သယ်ဆောင်ရသည်။ ပျိုးပင်အထုပ်များဖြစ်၍ တစ်ပင်လျှင် သုံးပိဿာခန့် အလေးချိန်ရှိသည်။

ရဲဘက်များမှာ ဝန်ထမ်းများလစ်သည်နှင့် လေးလှသော မြေထုပ်များကို ဖျက်ဆီး၍ အပင်ကိုသာသယ်ကြသည်။ ပျိုးပင်ပေါက်များမှာ မြေသြဇာထည့်ထားသော ပိုလီဘက်အိတ်မဲထဲ၌ ပျိုးထောင်ထားခြင်းဖြစ်၍ ပျိုးအိတ်မပါပဲ မြေချစိုက်ပျိုးပါက ဓာတ်မြေသြဇာနှင့် ရေဓာတ် ခန်းခြောက်သဖြင့် သေရင်သေ၊ မသေပါကလည်း မကြီးထွားတော့ချေ။ ထို့ကြောင့်လည်း မြေချစိုက်ပျိုးသည်နှင့် ဝန်ထမ်းများက ဂရုတစိုက် ကြီးကြပ်ရသည်။

ရဲဘက်အင်အား (၂၀၀)ကျော်၊ မြေကေပေါင်းများစွာအတွက် ဝန်ထမ်းအင်အားမှာ နည်းလှသဖြင့် ဘက်စေ့အောင်တော့ မကြည့်နိုင်ကြပါ။ ထို့ကြောင့်လည်း ရဲဘက်များက ပညာပြပြီး မြေထုပ်နှင့်မြေထုပ်မပါအပင်များအား ရော၍သယ်ကြသည်။ ထောင်မှူးသစ်ကိုတင်ထွန်းကတော့ မသိရှာပါ။ ကျွန်ုပ်နှင့် တပ်ကြပ်ကြီး ဦးထွန်းမောင်တို့ကသာ ဆူပူကြိမ်းမောင်းနေကြရသည်။

ထိုအထဲတွင် ရဲဘက်မင်းမောင်မှာ အဆိုးဆုံးဖြစ်သည်။ ဗလတောင့်သော်လည်း ရေသာခိုသည်။ လူလစ်သည်နှင့် ပျိုးထုပ်များအား ဖျက်ဆီးပြီး အပင်ကိုသာသယ်သည်။ ထို့ကြောင့်လည်း ကျွန်ုပ်က မင်းမောင်နှင့်တွဲ၍ ဝန်ထမ်းတစ်ဦးအား ချထားလိုက်သဖြင့် မင်းမောင်မခိုကပ်သာတော့ပါ။ ကျေနပ်ဟန်တော့မရှိ။ ကျွန်ုပ်ကသာ ထောင်မှူးသစ်ကိုတင်ထွန်းအား သဘောပေါက်အောင် ရှင်းပြရတော့သည်။





"ကိုတင်ထွန်းရယ် ဒီတနင်္သာရီဒေသက မိုးများတယ်။ နွေရာသီမှာလည်း မိုးရွာပါတယ်။ ဒါပေမဲ့ ပျိုးပင်တွေအတွက်က ရေဓာတ်မလုံလောက်ဘူး။ ပျိုးထုပ်ပါရင်တော့ မြေသြဇာနဲ့ ရေအစိုဓာတ်ကို ထိန်းထားနိုင်ပါတယ်။ ပျိုးထုပ်ကိုဖျက်ဆီးလိုက်ရင်တော့ ပျိုးပင်ဟာ သေရင်သေ၊ မသေရင်တောင်မှ မကြီးထွားတော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ ပျိုးထုပ်ခွံအိတ်တွေကို မဖျက်ဆီးဖို့ တားနေရတာပါ"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော် သဘောပေါက်ပါတယ်။ လက်ကြောမတင်းတဲ့ ရဲဘက်တွေကို ကျွန်တော် ပညာပေး စည်းရုံးပါ့မယ်"

"ဆီအုန်းမျိုးစေ့တွေကို ပါပူးဝါ၊ နယူးဂီနီနိုင်ငံက ဝယ်ရတာပါ။ နိုင်ငံခြားငွေနဲ့ပေါ့။ လေယာဉ်ပျံနဲ့သယ်လာပြီး ဒီရောက်မှ စိုက်ပျိုးရေးပညာရှင်တွေက ပျိုးပင်စခန်းမှာ ခက်ခက်ခဲခဲ ပျိုးထောင်ကြရတာ။ နေ့စဉ် ရေလောင်းရတယ်။ မှိုနဲ့ပိုးမွှားတွေမဝင်အောင် နေ့စဉ် စစ်ဆေးကာကွယ်ရတယ်။ မြေသြဇာကျွေးရတယ်။ (၆) လသက်တမ်းရှိမှ ပျိုးထုပ်နဲ့အတူ မြေချစိုက်ပျိုးနိုင်တာ။ အဖိုးတန်အပင်တွေပါ။

ဒါကြောင့် ကျွန်တော်တို့ ဂရုစိုက်နေရတာပါ။ အပင်ဖြစ်ထွန်းအောင်မြင်လာရင်တော့ မိုးရာသီမှာ အချိုးကျ ဓာတ်မြေသြဇာကျွေးပြီး ပေါင်းသင်ပေးရုံပါပဲ။ နောက်ပိုင်းမှာ သက်သာသွားပါပြီ။ အရိပ်ထဲမှာ ဆီအုန်းသီးခူးရုံပဲ ရှိပါတော့တယ်"

ထိုနေ့က နေ့လယ်ခင်းနားချိန်၌ ရိုးမတောင်ခြေတောစပ်၌ ချက်ပြုတ်စားကြပြီး ထောင်မှူးကိုတင်ထွန်းနှင့် မင်းမောင်၊ စောရဲငွေ တို့တွေ့ဆုံကြပြီး စကားပြောနေကြသည်။ တစ်နယ်တည်းသားချင်းဖြစ်ကြ၍ အလွန်ဝမ်းသာနေကြဟန်တူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာထမင်းစားတော့လည်း ထောင်မှူးကိုတင်ထွန်းက ကျွန်ုပ်တို့ထံမှ ထမင်းဟင်းတောင်းယူပြီး မင်းမောင်တို့နှင့် တစ်ဝိုင်းတည်း စားနေကြသည်။ ကျွန်ုပ်တို့နှင့်လှမ်းသဖြင့် သူတို့ပြောကြသော စကားများကိုတော့ မကြားရပါ။

ပထမပိုင်းတော့ နယ်သားချင်းပြန်ဆုံကြရ၍ ဝမ်းသာနေကြဟန်တူပါသည်။ နောက်ပိုင်းတော့ မင်းမောင် မှိုင်တွေနေသည်ကို တွေ့ရသည်။ ထောင်မှူးကိုတင်ထွန်းက မမယ်လှသေဆုံးကြောင်း ပြောလိုက်ဟန်တူပေသည်။ သို့သော် တခြားသူနှင့်ရပြီး ကွဲသွားခြင်းဖြစ်၍ လူဆိုးလူမိုက်မင်းမောင်အနေဖြင့် နှလုံးသားရှိသူမဟုတ်သဖြင့် ခံစားရမည်ဟု ကျွန်ုပ်မထင်ပါ။

ထိုနေ့က ညနေပိုင်း အလုပ်ပြန်ဆင်းတော့ မင်းမောင် လေးကန်ကန်ဖြစ်နေသော်လည်း မြေသြဇာထုပ်များကိုမဖျက်စီးပဲ ကုန်းထမ်းနေသည်ကို တွေ့ရသည်။ စောရဲလေးကတော့ ပုံမှန်အလုပ်လုပ်နေသည်။ ညနေလေးနာရီခွဲတွင် အလုပ်သိမ်းသည်။ ဆီအုန်းစိုက်ငေ တစ်ဝက်ခန့်ကျန်သေးသည်။ မနက်ဖြန်တွင်တော့ ပြီးစီးမည်ဟု ခန့်မှန်းပါသည်။

မင်းမောင်၏ လက်မပြတ်သောဒဏ်ရာကြောင့် နောက်တန်းဖိုကြီးတွင် အလုပ်ပြောင်းပေးရန် ကျွန်ုပ် ထောင်ပိုင်အားတင်ပြရန် ကြံရွယ်မိသေးသည်။

သို့သော် ဆီအုန်းစိုက်ခြင်းလုပ်ငန်းမှာ မနက်ဖြန်တွင် ပြတ်ရန်ရှိပြီး မင်းမောင်၏နယ်သား ထောင်မှူးကိုတင်ထွန်းနှင့် စောရဲလေးတို့ပါ အတူရှိနေကြ၍ လုပ်ငန်းပြီးမှ ထောင်ပိုင်အားတင်ပြရန် ကျွန်ုပ် ဆုံးဖြတ်လိုက်မိသည်။

✿ ✿ ✿

❑

နောက်တစ်နေ့မနက် ထောင်ဖွင့်ချိန်၌ ဆူးကြိုးဝင်းထဲမှ ဆူဆူညံညံအသံများကို ကြားရကြသည်။ နောက်တန်းတပ်ကြပ်ကြီး ဦးတင်ရွှေ လာရောက်သတင်းပို့မှ အကြောင်းစုံကို သိရတော့သည်။

လူမိုက်မင်းမောင်တစ်ယောက် အဆောင်ခေါင်မိုးတွင် သူ၏လုံချည်ကွင်းကိုချိတ် ၍ သူ့ကိုယ်သူ အဆုံးစီရင်သွားခြင်းဖြစ်သည်။ စာတစ်စောင်လည်း ရေးသွားခဲ့သည်။ မမယ်လှကို သူတကယ်ချစ်ပြီး သူ မရှိသည့်အတွက် မမယ်လှသေဆုံးရခြင်းဖြစ်ကြောင်း၊ သူသာရွာတွင်ရှိနေပါလျှင် မမယ်လှကို ကူညီသည့်အနေဖြင့် တရားဝင်လက်ထပ်ယူမည်သာဖြစ်ကြောင်း၊ မမယ်လှမရှိတော့သဖြင့် သူ့ဘဝတွင် မျှော်လင့်ချက်မရှိတော့ပဲ ဆက်လက်အသက်ရှင်နေထိုင်ရန် အကြောင်းမရှိတော့ကြောင်း စသဖြင့် စာအရှည်ကြီး ရေးသွားခဲ့ရှာပါသည်။

ကျွန်ုပ်တို့ သေမှုသေခင်းဖွင့်၍ ဆရာဝန်နှင့် ကော့သောင်းရဲစခန်းအား အကြောင်းကြားရပါတော့သည်။ တပည့်ဖြစ်သူ စောရဲလေး၏အပြောအရ သူ့ဆရာမင်းမောင်မှာ မမယ်လှအား အလွန်ချစ်၍ တန်ဖိုးထားကြောင်း၊ လူပျိုလှည့်ရာ၌ပင် အခွင့်အရေးမယူ၊ မော်ရွှား ဖြင့်ပင်မထိ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိသားဖသားပီပီ မမယ်လှထံမှ ချစ်ခွင့်အဖြေရသည်နှင့် လူကြီးစုံရာနှင့် တောင်းရမ်းယူမည်ဟုသာ ပြောခဲ့ကြောင်း၊ ထို့ကြောင့် မမယ်လှကလည်း ရမ်းကားဗိုလ်ကျသော ပင်လောင်းရွာသူကြီးသား ချက်ကြီးထက် မင်းမောင်ကို မျက်နှာသာပေးခဲ့ကြောင်း သိရတော့သည်။

ကျွန်ုပ်တို့ထင်သလို မင်းမောင်မှာ မဆိုးပါ။ လူမိုက်ဖြစ်သော်လည်း ကိုယ်ချင်းစာတရားနှင့် ခွင့်လွှတ်တတ်၊ ချစ်တတ်သော နှလုံးသားရှိသည်။ တကယ်စစ်မှန်သော ရှားပါးအချစ်မျိုးဖြစ်ပေသည်။ လူဆိုးလူမိုက်နှလုံးသားက ဖြူစင်သန့်ရှင်းခွင့်လွှတ်ကြောင်း ပြသသွားခဲ့ခြင်းလည်း ဖြစ်ပေသည်။

အသက်သေဆုံးသည်နှင့် မင်းမောင်၏ဝိညာဉ်မှာ မမယ်လှရှိရာ သုံးပန်လှရွာသို့ ပင်လယ်ကိုကျော်ဖြတ်ပြီး ဒုန်းစိုင်းပြေးတော့မည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော် သေဆုံးသွားသူအတွက် အသက်ရှင်၍ ကျန်ရစ်သူများက ကောင်းမှုလုပ်၍ ကုသိုလ်ပြုရန် မင်းမောင်မေ့သွားဟန်တူပေသည်။ ရခဲလှသောလူ့ဘဝကို လက်နက်ချ၊ စွန့်လွှတ်သွားခြင်းအတွက်တော့ ကျွန်ုပ်တို့ နှမြောမိပါသည်။

သို့သော် ယခင်ဘဝများက အထုံရေစက်ပါသူများအတွက်တား၍ရကောင်းသောအရာလည်း မဟုတ်ပါ။ အဖန်ငါးရာငါးကမ္ဘာကို မကြောက်ကြသူများအဖွဲ့တွင် လူတစ်ယောက် တိုးသွားပြန်ပြီဟုသာ မှတ်ချက်ပြုမိပါတော့သည်။

✿ ✿ ✿

# အခန်း (၄)

❑

သူကတော့ ဦးညီညီလွင်။ ထောင်မှူးတစ်ဦး ဖြစ်သည်။ ကရာတေး ခါးပါတ်နက်အဆင့် ရထားသူလည်းဖြစ်သည်။ ကျွန်ုပ်တို့ထက် စီနီယာကျသည်။ သို့သော် သူက မကြာခဏ ပြဿနာဖြစ်ပွားတတ်၍ ရာထူးမတက်။ အမြဲတမ်း ထောင်မှူးပင်ဖြစ်နေသည်။

ထို့ကြောင့်ပင် အပေါင်းအသင်းများက သူ့အား ကရာတေးညီညီလွင်၊ သို့မဟုတ် (L.P.J) ဟုခေါ်ကြသည်။ (L.P.J) ဆိုသည်မှာ သံစုံတီးဝိုင်းအမည် မဟုတ်ပါ။ (Loyality Permentant Jailor) သဘောရှိသော အမြဲတမ်းထောင်မှူးဟု ခေါ်ဆိုကြခြင်းဖြစ်ပေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူက အချင်းချင်းကိုတော့ ပြဿနာမရှာတတ်။ အထက်အရာရှိနှင့် သူစိမ်းတစ်ရံကိုသာ ပြဿနာရှာခြင်းဖြစ်သည်။ သူက လွန်သည်ဟုလည်း မဆိုသာပါ။ တစ်ဖက်သားက စကားပြောရာတွင် တင်စီးခြင်း၊ မောက်မာခြင်း ပြုလာပါက ခွင့်မလွှတ်တော့။ ပြဿနာကို မီးထွန်း၍ရှာတော့သည်။

ပြဿနာဖြစ်သည်နှင့် သူက ရိုက်ရ၊ ထိုးရ၊ ကြိတ်ရမှ ကျေနပ်သည်။ ပြဿနာဖြစ်လာပြီး အမှုဖြစ်မည်။ ရာထူးကျသည်။ ထိခိုက်ဒဏ်ရာရမှာကို သူ လုံးဝမမှုပါ။

ဦးညီညီလွင်က ကျွန်ုပ်တို့ထက်စော၍ ကော့သောင်းဆီအုန်းစခန်းသို့ ရောက်နေခြင်းဖြစ်သည်။ ကျွန်ုပ်က ပါဆယ်ပါညွန်းခြံတွင် တာဝန်ကျနေစဉ် သူက အောက်ချိုင့်ဆီအုန်းခြံတွင် တာဝန်ကျနေခြင်းဖြစ်သည်။

တစ်နေ့ ကျွန်ုပ် အောက်ချိုင့်ဆီအုန်းခြံသို့ ရိက္ခာကိစ္စနှင့် ခေတ္တရောက်စဉ် ဦးညီညီလွင်နှင့် ထောင်မှူးတစ်ဦးတို့ ရုံးခန်းထဲ၌ ချက်ထိုးနေကြသည်။ ပိတ်ရက်မဟုတ်ပဲ နားနေကြခြင်းဖြစ်သည်။ ကျွန်ုပ်ကို မြင်သည်နှင့် ဦးညီညီလွင်က ကစားခြင်းကိုရပ်၍ . . .

"ဟာ . . . လာဟေ့ ညီလေး . . . ထိုင် ။ ဘာကိစ္စရှိသလဲ။ ဘာကူညီရမလဲ"

"ကျွန်တော်တို့ ပါဆယ်ပါညွန်းခြံမှာ ကုလားပဲနည်းနည်းလိုလို့ လာချေးတာပါ။ နှစ်အိတ်၊ သုံးအိတ်လောက်ပါ အစ်ကို။ သင်္ဘောဆိုက်မှာ နှစ်ရက်သုံးရက်ပဲ ကြာတော့မှာမို့ပါ"

"ရပေါ့ . . . ညီလေးရာ။ အစ်ကိုတို့က ဟပ်စတင်းစခန်းပြောင်းရတော့မှာဆိုတော့ အဆင်သင့်လုပ်ထားပါတယ်။ ညီလေးက





ပဲအိတ်သုံးအိတ်လိုချင်ရင် လေးအိတ်ယူသွားမှ အဆင်ပြေမယ်။ ပေါင်ပြည့်မယ်။ ကိုယ်တို့ထောင်ပိုင်က ပြောင်းခါနီးရွှေ့ခါနီးမို့ ပဲအိတ်နဲ့ဆန်အိတ်တွေကို နှစ်အိတ်ကို သုံးအိတ်လုပ်ပြီးခိုးထားတာ။ ဒီစခန်းကို နောက်ပြောင်းလာမယ့် တာဝန်ခံကတော့ နာပေရော့ပဲ"

"အဟုတ်ပဲလား အစ်ကို"

"အဟုတ်ပဲပေါ့ကွ ညီလေးရ။ ညီလေး မရှိမဖြစ်လိုအပ်ရင်တော့ ယူသာသွားတော့။ နောက်ပြီး ညီလေးဒီစခန်းမှာ နေ့လယ်စာစားပြီးမှပြန်ရမယ်။ ညီလေးမနာအောင် အစ်ကို ဟင်းကောင်းလည်း ချက်ကျွေးမယ်"

"ဘာဟင်းချက်မှာလဲ အစ်ကိုရ"

"မန်ဒါလီသား။ တောကောင်သားမဟုတ်ဘူး။ စားရခဲတယ်။ မန်ဒါလီတောင်မှ ရိုးရိုးမန်ဒါလီမဟုတ်ဘူး။ ဒီစခန်းက စခန်းတာဝန်ခံထောင်ပိုင်မွေးထားတဲ့ မန်ဒါလီ။ အကြီးဆုံးအကောင်ကိုမှ ချက်မှာ"

"ဟာ . . . အစ်ကိုကလည်း ပြဿနာဖြစ်နေပါဦးမယ်"

"ဘာပြဿနာမှမဖြစ်ဘူး ညီလေး။ စိတ်သာချ . . ။ အစ်ကို တာဝန်ယူတယ်။ ပြဿနာဖြစ်လာရင်လည်း အစ်ကိုဘာ့သာရှင်းမယ်။ ညီလေး အေးအေးအနားယူရင်း ဒီကထောင်မှူးနဲ့ ချက်ကစားရင်းစောင့်။ အစ်ကို ပဲကိစ္စရယ်၊ မန်ဒါလီကိစ္စရယ် ရှင်းလိုက်ဦးမယ်"

ကျွန်ုပ်တို့ ချက်နှစ်ပွဲကစားပြီးတော့ ထမင်းနှင့်ဟင်းများကို ရဲဘက်များက စားပွဲပေါ်သို့ လာချပေးသည်။ ပူပူနွေးနွေးများဖြစ်သည်။ မန်ဒါလီသားဆီပြန်ဟင်း၊ ပဲဟင်းချိုနှင့် အသီးအရွက်ကြော်ဟင်းတစ်ခွက်လည်း ပါသေးသည်။

www.burmeseclassic.com



"စား . . . ညီလေး၊ အားရပါးရစား။ မန်ဒါလီကြီးက အထီးကြီးမို့ သုံးပိသာလောက်ရှိတယ်။ တစ်ဝစားပေရော့။ ညီလေးလိုချင်တာ ကုလားပဲအိတ်သုံးအိတ်နော်။ ကိုယ်သုံးအိတ်ပဲ ဘောက်ချာဖွင့်ပြီး လေးအိတ်ပေးလိုက်မယ်။ ဒါမှ သုံးအိတ်ပြည့်မှာ"

"အစ်ကိုကြီး ကျွန်တော် အစ်ကိုကြီးနဲ့ပေါင်းပြီး ခိုးသလိုဖြစ်နေပါဦးမယ်"

"ညီလေး . . . ကိုယ်က ရိက္ခာတာဝန်ခံထောင်မှူးပါ။ ကိုယ်ကိုင်ထားတာကို ကိုယ်ပြည့်အောင်ပေးတာ ဘာဖြစ်သလဲ။ ပြဿနာမရှိဘူး"

ထိုနေ့က ရဲဘက်များဖြင့် ပဲအိတ်လေးအိတ်ကိုထမ်းပြီး ကျွန်ုပ်တို့အတွင်းလမ်းမှ ပါဆယ်ပါညှန်းစခန်းသို့ ပြန်ခဲ့ကြပါသည်။ ဦးညီညီလွင်မှာ သို့ကလိုလူစားမျိုးဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် အောက်ချိုင့်ခြံစခန်းတာဝန်ခံကို လွှဲပြောင်းယူရသူမှာ ကျွန်ုပ်ပင်ဖြစ်နေပြန်သည်။ ပဲအိတ်၊ ဆန်အိတ်၊ အလျှော့များအား ကျွန်ုပ်ပင် လက်ခံယူရပြန်သည်။

သို့သော် ဦးညီညီလွင်က ပဲအိတ်ဆန်အိတ်အပိုများကို သူဝှက်ထားရာမှ ကျွန်ုပ်အား ထုတ်ပေးသွားသည်။ ထောင်ပိုင်နှင့် ဦးညီညီလွင်မှာ အဆင်ပြေကြပုံမပေါ်ပါ။ သို့သော် ကျွန်ုပ်အတွက်တော့ အဆင်ပြေအောင် သူလုပ်ပေးသွားသည်။

✿ ✿ ✿

❑

အောက်ချိုင့်ခြံစခန်းမှာ ယာယီပျိုးစခန်းသာဖြစ်၍ ကျွန်ုပ်ရောက်သည်နှင့် ရဲဘက်များနှင့် ဝန်ထမ်းများဘားတိုက်၊ ရိက္ခာအဆောက်အဦရုံးခန်းနှင့် အရာရှိအိမ်ယာများအား အကုန်အသစ်ပြန်ဆောက်ရသည်။

ထို့အပြင် စခန်းဆေးရုံကိုလည်း အသစ်ပြန်ဆောက်ရရာ (၆)လခန့်ကြာတော့ ကျွန်ုပ်တို့စခန်းကလေးမှာ သစ်လွင်တောက်ပြောင်နေသည်။ စခန်းအနောက်ဘက်မှ တနင်္သာရီရိုးမကြီးနှင့် တန်းစီ၍ စနစ်တကျစိုက်ထားသော ဆီအုန်းပင်တန်းများဖြင့် အလွန်ပင်ရလှသည်။

ထိုအချိန်တွင်မှ ငှက်ဖျားရောဂါစွဲသဖြင့် ထောင်မှူးဦးညီညီလွင် စခန်းသို့ ဆေးကုသရန်ရောက်လာသည်။

"ဟာ . . . ညီလေးရာ စခန်းက ပြောင်းလဲသွားလိုက်တာ အလွန်ကျက်သရေရှိသွားတာပဲ။ ကြည့်စမ်းပါဦး။ ဘောလီဘောကွင်းနဲ့ ဆိုင်ခန်းတွေနဲ့ စနစ်ကျလိုက်တာ။ ညီလေးရဲ့ နှစ်ထပ်ရုံးအိမ်ကြီးကလည်း သားနားလိုက်တာ အလွန်ပါပဲ။ ဒွါနက ငွေချေးသလား"

"အစ်ကိုရယ် ယာယီစခန်းတွေပဲ။ ဘယ်က ငွေချေးပေးရမလဲ။ ကျွန်တော့်အစီအစဉ်နဲ့ ကျွန်ုပ်ဖော်လုပ်တာပါ။ ဒီဒေသမှာ သစ်ဝါး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တာပဲ။ လုပ်အားလည်းရှိတယ်။ သစ်ခွဲတဲ့ ထားဝယ်သားတွေဆီက နည်းနာခံ၊ လွှငှား၊ သစ်ခွဲပြီး ဆောက်လိုက်တာပါ''

''ကောင်းပါ့ ညီလေးရာ။ အရင်ထောင်ပိုင်ကတော့ သူ့အိတ်ထဲပဲထည့်ဖို့ လုံးပန်းတယ်။ ဝန်ထမ်းနဲ့ ရဲဘက်အခွင့်အရေးကို ငဲ့ကြည့်တာမဟုတ်ဘူး။ အခုတော့ စိတ်ချမ်းသာလိုက်တာကွာ။ အောက်ချိုင့်ခြံစခန်းက အလွန်သန့်ရှင်းသပ်ရပ်သွားတာပဲ''

''ကဲ . . . အစ်ကိုရေ့၊ ဆေးရုံတက်ရမယ်ဆိုရင်လည်း ဆေးရုံမှာ သွားမတက်နဲ့တော့။ ရုံးအိမ်ကြီးအပေါ်ထပ်မှာ ဧည့်ခန်းနှစ်ခန်းတောင် ကျွန်တော်စီစဉ်ထားပါတယ်။ ဒီမှာပဲနား၊ ဒီမှာပဲစားပြီး ဆေးခန်းပြပေါ့။ ငှက်ဖျားရောဂါဆိုတာ ဆေးမှန်မှန်စားပြီး အနားယူရင် ခဏနဲ့ပျောက်ပါတယ်''

''အေး . . . အေး . . . ညီလေး၊ ကျေးဇူးပဲ။ အစ်ကို့ရောဂါတောင် ညီလေးတို့စခန်းရောက်တာနဲ့ တစ်ဝက်သက်သာသွားပြီ''

''ဒါနဲ့ ညီလေးတို့ရော ငှက်ဖျားမဖြစ်ကြဘူးလား''

''အစ်ကိုရေ . . . စခန်းက သန့်ရှင်းနေတော့ ဝန်ထမ်းရော ရဲဘက်ပါ ငှက်ဖျားရောဂါ အဖြစ်နည်းပါတယ်။ ရေကိုလည်း အရင်လို စမ်းချောင်းကရေကို သောက်ရေ၊ သုံးရေအတွက် မသုံးတော့ဘူး။ ဗိုကြီးအနားမှာ ရေတွင်းတူးလိုက်တယ်။ ရေလည်းအောင်ပါတယ်။

ဒါကြောင့်လည်း ဝမ်းလျှောရောဂါတောင် မဖြစ်ကြပါဘူး။ ထမင်းကျန် ဟင်းကျန်ကို နေ့စဉ်တွင်းတူးပြီးမြှုပ်တယ်။ မိလ္လာလည်း ဒီလိုပဲ။ ဒါကြောင့် စခန်းထဲမှာ ခြင်၊ ယင်တောင် အတော်ရှားပါးတယ်''





''ကောင်းပါတယ် ညီလေးရာ။ ကုသိုလ်လည်းရ၊ ရောဂါလည်းကင်းတာပေါ့''

ကျွန်ုပ်၏ အောက်ချိုင့်ခြံစခန်းတွင် ဆီအုန်းစက်ရုံ၊ စီမံကိန်းအတွက် စက်မှု (၁)မှ အင်ဂျင်နီယာ ဦးဉာဏ်ဝေနှင့် အဖွဲ့သားများ ရောက်ရှိနေသည်။ အဖွဲ့သားများမှာ ယာယီတဲထိုး၍ နေထိုင်ကြသော်လည်း ဦးဉာဏ်ဝေက ကျွန်ုပ်နှင့် ခင်မင်သဖြင့် ကျွန်ုပ်၏ ရုံးခန်းအပေါ်ထပ် အခန်းတစ်ခန်းယူကာ လာရောက်နေထိုင်သည်။

ဦးညီညီလွင်လည်း ရောက်လာပြန်သဖြင့် ဧည့်ခန်းတစ်ခန်း၌ နေထိုင်သည်။ စားရေးသောက်ရေးကိုတော့ ကျွန်ုပ်က တာဝန်ယူပါသည်။ တောတွင်းစခန်းဖြစ်၍ ဆန်၊ ဆီ၊ ဆားနှင့် ဟင်းသီးဟင်းရွက်ပေါသည်။ တောကောင်သားလည်း မကြာခဏရ၍ အသားဟင်းလျာလည်း မရှားပါ။

တစ်နေ့တွင် ဟပ်စတင်းနှင့်အော်ကြီးဒေသ စခန်းဆေးရုံများအတွက် ဆရာဝန်လင်မယား ဆိုင်ကယ်ကလေးနှစ်စီးကိုငှား၍ ကော့သောင်းမြို့မှ ရောက်လာကြသည်။ ဆရာဝန်မှာ ဖြူဖြူသေးသေး (ဆ.မ) လက်မှတ်ရထားသည်မှာ ကြာသေးပုံမပေါ်။ ဇနီးဖြစ်သူကတော့ ဖြူဖြူဖွေးဖွေး၊ ခပ်တောင့်တောင့်၊ ခပ်ဖြောင့်ဖြောင့်။ ကျွန်ုပ်တို့အောက်ချိုင့်ခြံတွင် စခန်းဆေးရုံရှိသဖြင့် ကျွန်ုပ်တို့စခန်းအား လာရောက်သတင်းပို့ခြင်းဖြစ်သည်။

နေ့လယ်စာစားချိန်ဖြစ်သဖြင့် ကျွန်ုပ်က ဧည့်သည်များအား နေ့လယ်စာစားရန် စီစဉ်ပေးပြီး ကျွန်ုပ်၏စခန်းတွင်ရှိနေသည့် အင်ဂျင်နီယာဦးဉာဏ်ဝေ၊ ထောင်မှူးဦးညီညီလွင်တို့ဖြင့် မိတ်ဆက်ပေးသည်။ အမျိုးသမီးက ရဲတင်းစွာ ဖက်လှဲတကင်း လက်ဆွဲနှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာ ထမင်းစားသောက်နေကြစဉ် ကျွန်ုပ်က ဝန်ထမ်းတစ်ဦးအား ကျွန်ုပ်တို့စခန်းအုပ်စု ထောင်ပိုင် (ပါဆယ်ပါညန်းစခန်း) ထံသို့ ဆရာဝန် နေရာချထားရန်အတွက် အကြောင်းကြားရသည်။ အော်ကြီးနှင့် ဟပ်စတင်းစခန်းများအတွက် ခန့်ထားခြင်းဖြစ်ကြောင်း အကြောင်းပြန်ကြားပြီး ကွပ်ကဲမှုစခန်း (လဲမွန်)သို့ပို့ပေးရန် အကြောင်းပြန်ကြားလာသည်။

"ကဲ ... ဆရာနဲ့ဆရာမတို့ တာဝန်ကျတာက ဒီစခန်းဆေးရုံ မဟုတ်ဘူးတဲ့။ ဒီမှာလည်း ဆရာဝန်ကရှိနေတယ်။ ဒါကြောင့် ဆရာမနဲ့ ဆရာတို့ကို ကျွန်တော် လဲမွန်စိုက်ပျိုးရေးစခန်း၊ ကွပ်ကဲမှုဌာနချုပ်ကို လိုက်ပို့ပေးပါမယ်။ စားသောက်နားနေပြီး ညနေမှ သွားကြတာပေါ့"

"ကျွန်မက ဒီစခန်းကလေးသာယာလွန်းလို့ ဒီစခန်းမှာ တစ်ညလောက်အိပ်ချင်တာ မရဘူးလား"

"ကျွန်တော်တို့အုပ်စု ထောင်ပိုင်က ညနေ လဲမွန်ကွပ်ကဲမှုရုံးချုပ်မှာ အစည်းအဝေးလုပ်မှာမို့ ဒီနေ့ညနေပဲ ပို့နိုင်းပါတယ်ခင်ဗျ"

"ရှင်တို့ယူနီဖောင်းဝတ်တွေက ဒီအတိုင်းချည်းပဲ။ တစ်သွေးတစ်သံ တစ်မိန့်ပဲနော်။ ဒါဆို ကျွန်မခရီးပန်းလာလို့ ရေမိုးချိုးပြီး တစ်ရေးလောက် အိပ်ချင်သေးတယ်။ ရေချိုးခန်းရောရှိရဲ့လား"

"ရှိပါတယ် ဆရာမ။ အောက်ထပ်မှာပါ။ ရေလောင်းအိမ်သာလည်းရှိပါတယ်"

အမျိုးသမီးက စားသောက်ရေမိုးချိုးပြီးတော့ အခန့်သားပင် ကျွန်ုပ်၏အခန်းထဲသို့ ဝင်အိပ်သည်။ ကျွန်ုပ် အင်ဂျင်နီယာဦးဉာဏ်ဝေ၊ ထောင်မှူးဦးညီညီလွင်နှင့် ဆရာဝန်တို့ကတော့ ဧည့်ခန်း၌ထိုင်ကြပြီး





စခန်းများအကြောင်း ပြောဆိုနေကြသည်။

ညနေစောင်းမှ ဆိုင်ကယ် (၃)စီးဖြင့် လဲမွန်ကွပ်ကဲရေးစခန်းသို့ သွားကြရာ ချန်းဖန်းရွာအရောက်တွင် ဆရာမက မုန့်ဆင်းဝယ်ပြီး သူ့ယောကျ်ားဆရာဝန်အား တိုးတိုးကပ်ပြောနေသည်ကို တွေ့ရသည်။ ဆရာဝန်က ကျွန်ုပ်ထံလျှောက်လာပြီး ...

"ဆရာ ... ကျွန်တော့်ဇနီးက တောင်ဆင်းတောင်တက်လမ်း စိတ်မချလို့ စက်အားကောင်းတဲ့ ဆရာ့ဆိုင်ကယ်ကို စီးချင်တယ်လို့ ပူဆာနေပါတယ်။ ဆရာ ကူညီပါဦး"

"ရပါတယ်ဗျာ။ ဧည့်သည်တွေပဲ ကူညီရမှာပေါ့"

ဆရာမမှာ ဘောင်းဘီရှည်ဝတ်ထားသဖြင့် ဆိုင်ကယ်ကို ခွထိုင်ပြီး ကျွန်ုပ်ခါးအားဖက်ထား၍ စီးသည်။ ကျွန်ုပ်မှာ လဲမွန်စခန်းသို့ အမြန်ရောက်ရန်ဆုတောင်းပြီး ခပ်သွက်သွက်စီးရာ ဆိုင်ကယ်မြန်လေ ကျွန်ုပ် ဒုက္ခရောက်လေပင်ဖြစ်တော့သည်။ ရဲတင်းလှသော ဆရာမကြီး ကျွန်ုပ်တို့စခန်း၌ တာဝန်မကျသည်ကိုပင် ကြံဖန်ကျေးဇူးတင်ရသေးတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

လဲမွန်ကွပ်ကဲရေးစခန်း၌ အစည်းအဝေးလုပ်၊ ညစာစားကြပြီး ဆရာဝန်လင်မယားက လဲမွန်စခန်းတွင် ညအိပ်ကြသည်။ ကျွန်ုပ်တို့ကတော့ မိမိတာဝန်ကျရာစခန်းသို့ ပြန်လာကြသည်။ ထို့ကြောင့်လည်း ရှေ့တန်းစခန်းများသို့ ရောက်ရှိသွားသော ဆရာဝန်လင်မယားဖြင့် အဆက်ဖြတ်သွားတော့သည်။

ကျွန်ုပ်၏စခန်း၌ ဆေးခန်းပြရင်း အနားယူနေသော ထောင်မှူးဦးညီညီလွင်က ကျွန်ုပ်စခန်းသို့ ပြန်ရောက်သည်နှင့် . . .

"ညီလေးရေ . . . ဆရာမကြီးက ရန်ကုန်ဆေးရုံကြီးက ကွန်ပေါင်ဒါ ဆရာမကြီးကွ။ ဆရာဝန်ကလေးကို ဆေးကျောင်းတက်ဖို့ထောက်ပံ့ပြီး Keeping လုပ်ထားတာလို့သိရတယ်။ ဒါကြောင့် သူက ဆရာဝန်ကလေးကို အပေါ်စီးကဆက်ဆံပြီး နိုင်နေတာ"

"အစ်ကိုကြီးရယ် ဟုတ်မှလည်းလုပ်ပါဗျာ။ Keeping ဆိုတာက ယောက်ျားက မိန်းမပွေပြီးထားတာ မဟုတ်ဘူးလား။ အခုတော့ ပြောင်းပြန်ဖြစ်နေပြီ"

"ညီလေး . . . အစ်ကိုက စခန်းဆေးရုံသွားရင်း ပြည်မက ပြောင်းလာတဲ့ ဝန်ထမ်းကလေးတွေဆီက သိရတာ။ အမျိုးသမီးက ပေါက်လည်း အတော်ပေါက်ရောက်တယ်လို့လည်း သိရတယ်"





"ကျွန်တော်တို့နဲ့ ဝေးပါတယ်။ အစ်ကိုတို့ပဲ ရှေ့တန်းစခန်းတွေမှာ ဆုံကြဦးမှာဆိုတော့ ဆင်ဆင်ခြင်ခြင် ထိမ်းထိမ်းသိမ်းသိမ်း နေကြဖို့ အရေးကြီးပါတယ်"

"ဟဲ . . . ဟဲ . . . ညီလေးရယ်၊ အစ်ကိုက ကာရာတေး ခါးပတ်နက်အဆင့် ရထားတယ်။ အရှောင်အတိမ်း ဂျက်ဆီကျိန်းလို လျှင်ပါတယ်။ ပူမနေပါနဲ့။ ရှောင်တဲ့ကြားထဲက တွေ့ကြတော့လည်း ကံပေါ့ညီလေးရာ . . . ဟဲ . . . ဟဲ"

"ကဲ . . . ညီလေး၊ ညစာစားသောက်ပြီးရင် ဘန်းနွားရွာပွဲဈေးကို သွားကြရအောင်။ မနက်ဖြန်အစ်ကိုလည်း ဟပ်စတင်းစခန်းပြန်မှာဆိုတော့ နှုတ်ဆက်ပွဲအနေနဲ့ စားကြသောက်ကြတာပေါ့"

"အစ်ကို ညစာလည်းစားပြီးပြီ။ မိုးလည်းချုပ်နေပြီ။ ကျွန်တော်တို့ဝန်ထမ်းတွေအနေနဲ့ ကောင်းပါ့မလား"

"ဟ . . . ဘာလို့မကောင်းမှာလဲ ညီလေးရ။ ညလယ်စာပေါ့။ ဒီပွဲက ဟိုဘက်ကမ်းကအဖွဲ့တွေလည်း လာကြမှာ။ ရုပ်သေးရော၊ လေးကောင်ဂျင်ဝိုင်းတွေ၊ စားသောက်ဆိုင်တွေ အကုန်ပါတယ်။ တစ်နှစ်တစ်ခါမှလုပ်တာ။ ပျော်စရာကောင်းတယ်။

အစ်ကိုက ညီလေးတို့အရင် ဒီစခန်းမှာ နှစ်ပေါက်အောင် နေဖူးတော့ ဒီနားကရွာတွေအကြောင်း ကောင်းကောင်းသိနေတယ်။ ရွာလူကြီးတွေနဲ့လည်း ခင်နေတာ"

ထိုအချိန်တွင် အင်ဂျင်နီယာဦးဉာဏ်ဝေကလည်း . . .

"ဟုတ်ပါတယ် ဆရာသိန်းဝင်း။ ကျွန်တော်လည်း ဗိုက်မှာပါ။ လေ့လာရင်း အပျော်ကစားကြတာပေါ့။ လေးကောင်ကျင်းဆိုရင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်လည်း စိတ်ဝင်စားတယ်။ ဆရာတို့ မရှုံးစေရဘူး။ ကျွန်တော့်တာဝန်ထားပါ၊ နိုင်ကိုနိုင်ရစေ့မယ်"

ထို့ကြောင့်လည်း ကျွန်ုပ်တို့ ဆိုင်ကယ်နှစ်စီးဖြင့် တစ်မိုင်ခန့်သာဝေးသော ဘန်နွားရွာပွဲဈေးတန်းသို့ သွားကြသည်။ ပွဲဈေးတန်းမှ စားသောက်ဆိုင်တန်းများဖြင့် အတော်စည်ကားသည်။ တစ်ဖက်နိုင်ငံမှ လက်ထိုးရုပ်သေးပွဲကလည်း ပြနေသည်။

သို့သော် လူကြီးမရှိ။ ကလေးများနှင့် မိန်းမများသာ ကြည့်နေကြသည်။ လူကြီးများက လေးကောင်ဂျင်ဝိုင်းနှင့် စားသောက်ဆိုင်များတွင်သာ စည်ကားနေကြသည်။ လေးကောင်ဂျင်ဝိုင်းမှာ ခွန်နှစ်ဝိုင်းတိတိရှိသည်။

လေးကောင်ဂျင်ဝိုင်းများရှေ့ ရောက်သည်နှင့် ဦးညီညီလွင်က ထိုးရန် အိတ်ကပ်ထဲမှ ပိုက်ဆံနှိုက်နေသဖြင့် အင်ဂျင်နီယာဦးဉာဏ်ဝေက ...

"ဆရာညီ ... အသာနေပါ။ ဆရာသိန်းဝင်း (၂၅)ကျပ်တန်တစ်ရွက်ပေး။ ဒါကိုပဲ အရင်တည်မယ်။ လောဘလည်းမကြီးနဲ့။ စားဖို့သောက်ဖို့ပြည့်စုံရင် တော်ရောပေါ့။ ရှုံးရင် ကျွန်တော်ပြန်လျှော်မယ်"

ဦးဉာဏ်ဝေက လေးကောင်ဂျင်ခွန်နှစ်ဝိုင်းကို လိုက်ကြည့်ပြီး လှေ့လာသည်။ ကျွန်ုပ်တို့ကလည်း နောက်က လိုက်ကြည့်ကြသည်။ လေးကောင်ဂျင်ဒိုင်က အသံဝဲဝဲ၊ မြန်မာသံမပီမသနှင့် အော်သည်။

"ရပ်ကြည့်လို့ အမြတ်မရှိ၊ ထိုးကြည့်မှ အကျိုးရှိ။ လာ ... ဆရာတို့ ထိုးကြပါ။ လေးကောင်ဂျင်ဖွင့်တော့မယ်"

အင်ဂျင်နီယာ ဦးဉာဏ်ဝေက မထိုးပါ။ ပထမအစဝိုင်းဘက်သို့ ပြန်လျှောက်လာသည်။ သူကျေနပ်အောင် စစ်ဆေးကြည့်ရှုပြီးမှ ...





"ဆရာသိန်းဝင်း ဒီဒိုင်က ဉာဏ်မပါဘူး။ ရှင်းတယ်။ ဖားကို (၂၅) ကျပ်ပုံထိုးလိုက်"

ကျွန်ုပ်က ဖားနေရာတွင် (၂၅)ကျပ်တန်တစ်ရွက် ချထိုးလိုက်ရာ ဒိုင်ဖွင့်နိုင်းတော့ ဖားပေါ်လာ၍ အလျှော်ရသည်။ ဦးဉာဏ်ဝေက နောက်တစ်ဝိုင်းသို့ပြောင်းပြန်ပြီး စောင့်ကြည့်အကဲခတ်၍ မြွေကို ထိုးခိုင်းသည်။ အလျှော်ရပြန်ပါသည်။ နောက်ဝိုင်းများရှေ့၌ လိပ်နှင့်ပုစွန်တို့အား ထိုးခိုင်းသဖြင့် ထိုးရာ ဆက်တိုက်အလျှော်ရသည်။ လေးကောင်ဂျင်လေးဝိုင်းပြီးသည်နှင့် အင်ဂျင်နီယာ ဦးဉာဏ်ဝေက ...

"ကဲ ... တော်လောက်ပြီ။ စားဖို့သောက်ဖို့လည်း လုံလောက်ပြီ။ ဆိုင်တစ်ဆိုင်ဝင်ပြီး ကြိုက်ရာမှာစားကြပေရော့"

ကျွန်ုပ်တို့ ဘီယာနှင့်ခေါက်ဆွဲကြော်။ ဦးညီညီလွင်က အရက်နှင့်အမြည်း မှာစားကြသော်လည်း အရက်မသောက်သော အင်ဂျင်နီယာ ဦးဉာဏ်ဝေက Lipovitan-D တစ်ပုလင်းသာ မှာသောက်သည်။ ဝိုင်းရှင်းတော့ ပိုက်ဆံများက ပိုနေသေးသဖြင့် ဦးညီညီလွင်က ...

"ဆရာကြီး ငွေပိုသေးတာပဲ။ ထပ်ထိုးချင်သေးတယ်။ ကျွန်တော့်မှာလည်း ငွေပါပါတယ်"

"ဆရာသိန်းဝင်းကို အရင်းငွေ (၂၅)ကျပ် ပြန်ပေးလိုက်၊ ပိုငွေနဲ့ ခင်ဗျားစိတ်ကြိုက်ထိုး။ ကျွန်တော့်အကူအညီတော့ မရတော့ဘူးနော်"

"ဟုတ်ကဲ့ ဆရာကြီး"

ကျွန်တော်တို့ ဆိုင်တွင်ထိုင်စောင့်နေကြစဉ် ဦးညီညီလွင်နှင့် ကျွန်ုပ်၏တပည့် သံချောင်းတို့ သွားထိုးကြပြန်သည်။ တစ်ချိန်မျှမထိပါ။ ငွေကုန်တော့မှ ပြန်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးရာ ဘယ်လိုဖြစ်မှန်းမသိပါဘူး။ ဒိုင်ချည့်စားသွားတာပဲ"

"မနေမြောနဲ့တော့။ စားသောက်ပြီးပိုငွေကို ဒိုင်ပြန်ပေးလိုက်တာပါ။ အရှုံးမရှိပါဘူး။ ကဲ . . . စခန်းပြန်ကြမယ်"

"လောင်းကစားဝါသနာပါသူ ဦးညီညီလွင်ကို နှစ်သိမ့်ပြီး ကျွန်ုပ်တို့ ဆိုင်ကယ်နှစ်စီးဖြင့် စခန်းပြန်လာကြသည်။ စခန်းရောက်တော့ ညဥ့်သန်းခေါင် (၁၂)နာရီခန့်ရှိပါပြီ။ ညဥ့်အိပ်ရာဝင်ရင်း အင်ဂျင်နီယာ ဦးဉာဏ်ဝေအကြောင်းကို ကျွန်ုပ် စဉ်းစားနေမိသည်။ သူက ပုတီးစိပ်သည်။ တရားထိုင်သည်။ သက်သတ်လွတ်တော့ မစားပါ။

သို့သော် သူက စိတ်ရင်းအလွန်ဖြူစင်သည်။ ကျွန်ုပ်ကိုလည်း အလွန်ချစ်သည်။ အရက်ဝိုင်းလုပ်လျှင်လည်း သူဝင်ထိုင်သည်။ စကားပြောသည်။ သို့သော် ဘယ်တော့မှ အရက်မသောက်။ ဘီယာပင် မသောက်။ Lipovitan-D အချိုရည်ကိုတော့ သူကြိုက်၍ သောက်တတ်သည်။

နောက်တစ်နေ့မနက်တွင် မနက်စာစားပြီးသည်နှင့် ပါဆယ်ပါညန်းစခန်းမှ ကားကြုံဖြင့် ထောင်မှူးဦးညီညီလွင် လဲမွန်စခန်းမှတစ်ဆင့် သူတာဝန်ကျရာ ဟပ်စတင်းစခန်းသို့ ပြန်သွားသည်။

မကြာပါ။ တစ်ပတ်ခန့်အကြာမှာပင် ဦးညီညီလွင်တာဝန်ကျရာ ဟပ်စတင်း၊ ဆီအုန်းစခန်းခွဲ မီးလောင်သည်။ ရုံးခန်းနှင့် ရိက္ခာဂိုဒေါင်တစ်ခြမ်း မီးလောင်သွားသည်။ မီးမှာ တောစပ်မှလောင်သည်ဟုသိရသည်။

ဝန်ထမ်းအချို့ အပြောအရသိရသည်မှာ ထောင်မှူးဦးညီညီလွင်မှာ ဆေးရုံမှပြန်လာသည်နှင့် စခန်း၌ စည်းကမ်းပျက်သည်ဟုဆို





ကာ ဝန်ထမ်းရဲဘက်များအား စည်းကမ်းကိုင်တော့သည်။

စခန်းပတ်ဝန်းကျင်အားလည်း လှည့်ပတ်၍ စခန်းခွဲတာဝန်ခံ ထောင်မှူးညီညီလွင်ပြန်လာပြီး တောစောင့်၊ တောင်စောင့်စခန်းကို ခိုကပ်စားနေတဲ့ ပြိတ္တာ၊ တစ္ဆေ မှင်စာကအစ ဝေးရာရှောင်ရှားကြစေ။ ငါညီညီလွင်အမိန့်ဆိုပြီး အမိန့်ပြန်သတဲ့။ မကြာပါဘူး . . . တစ်ပတ်လောက်အကြာမှာပဲ စခန်းကိုမီးလောင်တာတဲ့။ မီးလောင်တာတောင် ရဲဘက်ဘားတိုက်နဲ့ ဝန်ထမ်းဘားတိုက်တွေကို မီးမလောင်ပဲ ဦးညီညီလွင်နေထိုင်တဲ့ရုံးခန်းနဲ့ အနီးက ရိက္ခာဂိုဒေါင်တစ်ခြမ်းကိုပဲ မီးလောင်တာ။

ဒါကြောင့် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုလုပ်ပြီး ဦးညီညီလွင်ကို နှစ်တိုးရပ်ပြီး ပြစ်ဒဏ်ပေးတဲ့အနေနဲ့ အော်ကြီးစခန်းကိုပို့ကြောင်း ကြားသိရတော့တာပဲ။ အမြဲတမ်းထောင်မှူး ဦးညီညီလွင်တစ်ယောက် (L.P.J) ဘဝနဲ့ ပင်စင်သွားတဲ့အထိ ရာထူးမတက်ပဲ နေရတော့မည်ထင်ပါသည်။ ဦးညီညီလွင်တစ်ယောက် ငြိမ်သွားပြီဟု ကျွန်ုပ်တို့ မှန်းဆနေမိသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

သို့သော် မဟုတ်ပါ။ အော်ကြီးစခန်းခွဲသို့ ပြောင်းရွှေ့ခံရပြီး နောက် အမှုတစ်ခုက တက်လာပြန်သည်။ ဤအမှုကတော့ (L.P.J) ကာရာတေး ဦးညီညီလွင်တစ်ယောက် ဆိုးဝါးသောပုဒ်မဖြင့် ထောင်ကျရမည့်ကိန်းပင် ဆိုက်တွေ့ချေပြီဖြစ်သည်။

ကွပ်ကဲမှုရုံးမှ ဦးညီညီလွင်အကြောင်းကို ကောင်းစွာသိသော ဆရာဦးမြင့်ဟန်နှင့် ကျွန်ုပ်တို့အား ရှေးဦးစုံစမ်းစစ်ဆေးမှုပြုရန် (P.E) တာဝန်ပေးအပ်တော့သည်။

အမှုဖြစ်စဉ်မှာ ဟပ်စတင်းဆီအုန်းစခန်းမှ စခန်းမီးလောင်မှုဖြင့် ထောင်မှူးဦးညီညီလွင်အား အော်ကြီးဆီအုန်းစခန်းခွဲသို့ ပြောင်းရွှေ့လိုက်စဉ် အော်ကြီးစခန်း၌ ဆရာဝန်လင်မယားဖြင့် တွေ့ဆုံကြတော့သည်။

အပြောအဆို၊ အဝင်အထွက်ကောင်း၍ ညက်ညက်ကလေး ဆက်ဆံတတ်သော ဦးညီညီလွင်နှင့် ဆရာဝန်လင်မယားတို့ အတိုင်းထက်အလွန် ခင်မင်မိကြတော့သည်။ တစ်စခန်းတည်းဖြစ်၍ အတူစား အတူသွား ရောနှောမိကြသည်။





တစ်နေ့တွင် ဆရာဝန်ကတော် အမျိုးသမီးက ပင်လယ်ကမ်းစပ်တွင် ဓာတ်ပုံရိုက်လိုသည်ဆို၍ ဦးညီညီလွင်က ရိုက်ပေးကြောင်း၊ အစပိုင်းတွင် လုံလုံခြုံခြုံရိုက်ရာမှ နောက်ပိုင်းတွင် အမျိုးသမီးက အဝတ်အစားများ တစ်လွှာချင်းချွတ်ပြီး နောက်ဆုံး အပေါ်နှင့်အောက်သာပါသည့် ဘီကီနီရေကူးဝတ်စုံဖြင့် (Post ) အမျိုးမျိုးလုပ်ပြကာ အရိုက်ခံကြောင်း၊ ထို့ကြောင့် ထိုအချိန်မှစပြီး ဦးညီညီလွင်နှင့် ဆရာဝန်ကတော်တို့ ငြိစွန်းသွားကြကြောင်း၊ မကြာခဏလည်း ချိန်းတွေ့ကြကြောင်း စစ်ဆေးရာ၌လည်း ပေါ်လွင်ပြီး နှစ်ဦးနှစ်ဖက်ကလည်း ဝန်ခံကြပါသည်။

အမှုကို မုဒိမ်းမှုဖြင့် ဆရာဝန်က တိုင်ကြားခြင်းဖြစ်သည်။ သို့သော် နှစ်ဦးနှစ်ဖက် အလိုတူအလိုပါ ဆက်ဆံမှုဖြစ်နေသည့်အပြင် အမျိုးသမီးကလည်း အမှုမဖွင့်လိုကြောင်း ငြင်းဆန်နေသည်။

ထို့ကြောင့် ကျွန်ုပ်တို့က မယားခိုးမှုဖြင့် အမှုဖွင့်နိုင်ကြောင်း ပြောကြားသော်လည်း အမျိုးသမီးက လက်မခံပါ။ နောက်ဆုံး အမျိုးသမီး၏ဆန္ဒအရ ဆရာဝန်က အမှုကို ပိတ်သိမ်းသွားတော့သည်။

ဦးညီညီလွင် အလွန်ကံကောင်းပါသည်။ အမှုသာဆက်ဖွင့်ပါက (P.E) မှ (D.E) ထို့နောက် ရာဇဝတ်မှုဖြစ်၍ ထောင်ကျမှာ အသေအချာပင်။ အမှုဆက်လက်မဖွင့်သည်ကို ကျွန်ုပ်တို့ ဆက်လက်စုံစမ်းကြည့်တော့မှ အဖြေက ပေါ်လာသည်။

ဆရာဝန်ကတော်၌ အိမ်ထောင်ရှိသည်။ ဆရာဝန်မှာလည်း အိမ်ထောင်ရှိသည်။ ယခု ကော့သောင်းစခန်းများသို့ ထွက်လာကြသည်မှာလည်း (Living Together) အဖြစ် ပေါင်းသင်းနေကြခြင်းသာဖြစ်ပြီး တရားဝင်အိမ်ထောင်သည်မဟုတ်ကြောင်း သိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးတွင် နေထိုင်ကြသည့်လူများသည် လွန်စွာဆန်းကြယ်ပေစွ။ အနောက်တိုင်းအိမ်ထောင်ရေးစနစ်ကို အတုခိုးသည်လား၊ ပင်ကိုယ်ကပင် ဝါသနာပါ၍လားတော့ မသိနိုင်ပါ။ နှစ်ခုစလုံးလည်း ဖြစ်နိုင်ပါသည်။

မည်သို့ဖြစ်စေ ကျွန်ုပ်တို့၏ဇာတ်လိုက်ကျော် (L.P.J.) ထောင်မှူး ဦးညီညီလွင်ကတော့ လူမှုရေးဖောက်ပြန်သော၊ ကြောက်စရာကောင်းသည့် ရာဇဝတ်မှုကြီးမှ လွတ်မြောက်သွားခြင်းဖြစ်ပေသည်။ ဆရာဝန်လင်မယားလည်း အရှက်ရပြီး ရန်ကုန်ပြန်ပြောင်းသွားကြသည်။

✿ ✿ ✿

❑

ဇာတ်လမ်း ဤတွင်ပြီးဆုံးပြီဟု စာရှုသူများ ထင်ကြပေမည်။ သို့သော် မထင်လိုက်ပါနှင့်။ ကော့သောင်းမြို့နယ်၊ အော်ကြီးစခန်းတွင် ကျန်ခဲ့သော ကျွန်ုပ်တို့၏ဇာတ်လိုက်ကျော် (L.P.J) ထောင်မှူး ဦးညီညီလွင်၏ဇာတ်လမ်းက ဆက်ရန်ကျန်ပါသေးသည်။

ဦးညီညီလွင်မှာ ကာရာတေး ခါးပတ်နက်အဆင့်ရှိသူ ဖြစ်သဖြင့် ညနေစောင်းတွင် သစ်ပင်အောက်၌ လေ့ကျင့်ကစားလေ့ရှိကြောင်း၊ တုတ်၊ ဓားသိုင်းအပြင် ကြိုးသိုင်းကိုလည်း ကစားလေ့ရှိကြောင်း၊ ကြိုးသိုင်းကစားရာတွင် သစ်ပင်ကိုင်းပေါ်သို့ ကြိုးကိုပစ်တင်၍ ခြေဖြင့်ခတ်ခြင်း၊ ခေါင်းဖြင့်တိုက်ခြင်း၊ တစ်ပတ်ကျွမ်းထိုး၍ ကြိုးစကိုခုန်ကန်ခြင်း စသဖြင့် အမျိုးမျိုး လေ့ကျင့်ကစားလေ့ရှိကြောင်း၊ တစ်ညနေတွင် ကြိုးစဖြင့်ကစားနေရာမှ ကွင်းမပါသောကြိုးက လည်ပင်းတွင်ပတ်၍ ကြိုးဆွဲချသလို သေဆုံးသွားခြင်းဖြစ်ကြောင်း ကြားသိရတော့သည်။ သူ့ကိုယ်သူပင် (Suicide) လုပ်သည်လား။ ရှေးဘဝက အထုံရေစက်ကြောင့် ကြိုးဖြင့်သေရခြင်းလားဟုတော့ မပြောတတ်ပါ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အများအမြင်ကတော့ သူ့ကိုယ်သူသတ်သေသည်ဟု ထင်မြင်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူ၏နေ့စဉ်မှတ်တမ်း၌ ဆရာဝန်ကတော် ပြန်သွားသည့်နေ့မှစ၍ သူ့တွင် ပျော်ရွှင်မှုများကုန်ခန်းသွားကြောင်း၊ လောကကြီး၌ ဆက်လက်နေထိုင်ရန် စိတ်မဝင်စားတော့ကြောင်း ရေးသားထားခဲ့သည်။

သို့သော် အချို့သောဝန်ထမ်းများအမြင်ကတော့ တောစောင့်၊ တောင်စောင့်နတ်များကို စော်ကားသဖြင့် သစ်ပင်စောင့်ရုက္ခစိုးက သေဒဏ်အပြစ်ပေးခြင်းဖြစ်သည်ဟု ယုံကြည်ကြသတည်း။

❁ ❁ ❁

❑

နောက်တစ်ဦးကတော့ ဦးဝေယံ။ သူက စစ်တပ်ဘက်မှ တပ်ကြပ်ကြီးစာရေးအဆင့်ဖြင့် ပြောင်းလာသူ။ ရုံးကိစ္စတွင် နိုင်နင်းကျွမ်းကျင်သည်။ လူတော်တစ်ယောက်လည်းဖြစ်သည်။ ထို့ကြောင့် အကျဉ်းဦးစီးဌာနရောက်သည်နှင့် သူ့အား ထောင်မှူးကြီးရာထူး တိုးမြှင့်ပေးပြီး ကော့သောင်းမြို့နယ်၊ အော်ကြီးရဲဘက်စခန်းခွဲတွင် စခန်းတာဝန်ခံအဖြစ် တာဝန်ပေးသည်။ သူက ကော့သောင်းမြို့နယ် ဆီအုန်းစခန်းသို့ ကျွန်ုပ်တို့အရင် ရောက်ရှိနေသူဖြစ်သည်။ ထို့ကြောင့်လည်း အခြေကျနေပြီဖြစ်သည်။

ဦးဝေယံက အရက်သောက် အတော်ကြမ်းသည်။ စီးကရက်ကလည်း အလွန်ကြိုက်သည်။ သူ့အသားက ညိုသလို၊ ဆေးလိပ်သောက်လွန်း၍ နှုတ်ခမ်းကပြာနေသည်။ ထို့အပြင် အမျိုးသမီးကိစ္စတွင် အလွန်ဝါသနာပါသည်။

ဝန်ထမ်းဇနီးမယားကိုပင် အလွတ်မပေး။ မကြာခဏ တိုင်ကြားခံရ၍ ကွပ်ကဲမှုစခန်းက ထောင်ပိုင်များက သတိပေးပေါင်းလည်းများပြီဖြစ်သည်။ သို့သော် ဦးဝေယံက မလျှော့ပါ။ တောခေါင်ခေါင်စခန်းများဖြစ်၍လည်း သူ့နည်းသူ့ဟန်ဖြင့် ဖြေရှင်း၍ ပြီးမြောက်သွားသော အမှုများက မနည်းတော့။

---



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ပါဆယ်ပါညွန်းအုပ်စုထောင်ပိုင်က အော်ကြီးဒေသ စစ်ဆေးရန် ကျွန်ုပ်အားခေါ်သည်။ ကျွန်ုပ်လည်း မရောက်ဖူးသဖြင့် ဒေသန္တရဗဟုသုတရရန်အလို့ငှာ လိုက်သွားပါသည်။

ကျွန်ုပ်တို့ ချုန်းဖန်းရွာဆိပ်ကမ်းမှ စက်လှေဖြင့် ပင်လယ်ပြင်ကိုဖြတ်ကာ ကမ်းစပ်အတိုင်းသွားကြသည်။ အော်ကြီးချောင်းအတွင်း ဝင်ပြီးမှ ဆက်သွားကြသည်။

အော်ကြီးဒေသမှာ ယခင်က လူအသွားအလာနည်း၍ သစ်ကြီးဝါးကြီးများ ပေါများလှသည်။ ကမ်းပါးပေါ်တွင် လမုနှင့် ကနစိုတောများက အလွန်ကြီးမားပြီး ပိတ်ဆီးနေသည်။ ကမ်းပါးယံတွင် မီးခိုးတလူလူနှင့် မီးသွေးဖောင်းခေါ် မီးသွေးဖုတ်သောဖိုများရှိသည်။

ကနစိုသားမှာ ရေငန်သားဖြစ်ပြီး အလွန်မာကျောသဖြင့် မီးသွေးဖုတ်ရာတွင် အလွန်ကောင်းမွန်သည်။ ရရှိလာသော မီးသွေးများကို တစ်ဖက်နိုင်ငံသို့ ဈေးကြီးကြီးဖြင့် တင်ပို့ရောင်းချသည်။ ထို့ကြောင့်လည်း မီးသွေးဖောင်းများ များလာသလို ကမ်းစပ်မှ ဒီရေတောလည်း တဖြည်းဖြည်း ပါးစပြုလာသည်။

အော်ကြီးချောင်းများတွင် တောနက်သော်လည်း ဆီအုန်းစိုက်ပျိုးရန် သစ်ခုတ်၊ အပြောင်ရှင်း၊ ကျွန်းခွေမီးရှို့ကြသောကြောင့် တောမှာ တဖြည်းဖြည်း ပြုန်းတီးလာပြီး တောတွင်းစခန်းများဖြစ်သော်လည်း နေမှာ ပူပြင်းလှသည်။ အီကွေတာရာသီဥတုရှိသော ဒေသဖြစ်သော်လည်း သစ်ရိပ်ဝါးရိပ် ကင်းမဲ့လာသဖြင့် လွင်တီးခေါင်ဒေသဖြစ်လာသည်။

တောနှင့်တောင်ကတုံးများကို မီးရှို့ပြီး ဆီအုန်းပင်ပေါက်များအား တနစ်တကျ တန်းစီစိုက်ပျိုးထားသဖြင့် စိမ်းစိမ်းစိုစိုတော့ရှိသည်။





သို့သော် တစ်တောင်ခန့်သာရှိသေးသော အပင်ပေါက်များဖြစ်၍ အရိပ်မရ။ မနက် (၁၀)နာရီခန့်၌ပင် ရာသီဥတုက ပူလွန်းလှသည်။

အော်ကြီးလှေဆိပ်တွင် အော်ကြီးစခန်းတာဝန်ခံ ထောင်မှူးကြီး ဦးဇော်ထူးက လာရောက်ကြိုဆိုနေသည်။ ချောင်းဖြင့်နီးသော ဒေသဖြစ်၍ ပျိုးခြံစခန်းအား ရေပေါပေါဖြင့်လောင်းထားရာ ပျိုးပင်ပေါက်များ စိမ်းလန်းစွာ ဖြစ်ထွန်းနေသည်။ ဦးဇော်ထူးမှာ ကချင်လူမျိုးဖြစ်၍ အလွန်အလုပ်ကြိုးစားသည်။

"ဆရာတို့ ကြွပါ။ ဆရာတို့လာမယ်ဆိုလို့ တောကောင်သား အမျိုးမျိုး ချက်ထားပါတယ်။ ခေတ္တနားကြပြီး စားကြသောက်ကြတာပေါ့နော်။ ကဲ . . . စခန်းရုံးပေါ်ကို ကြွကြပါ"

စခန်းရုံးမှာ တောင်ကုန်းကလေးတစ်ခုပေါ်၌ တည်ထားခြင်းဖြစ်သည်။ မြေစိုက်ဖက်မိုးတဲသာဖြစ်သော်လည်း အတော်ကျယ်ပြန့်သည်။ ရုံးခန်းနှင့် စခန်းတာဝန်ခံ ထောင်မှူးကြီးအိမ်ကို တွဲဆောက်ထားခြင်းဖြစ်သည်။ တောင်ကုန်းပေါ်တွင် ဆောက်ထားသည်သာမက တောင်သရက်ပင်ကြီးနှစ်ပင်က အုပ်မိုးထားသဖြင့် လေဝင်လေထွက်ရပြီး သစ်ရိပ်ကြောင့် အတော်အေးချမ်းသည်။

အောက်ဘက်တွင် ကျယ်ပြန့်သော ဆီအုန်းပျိုးခင်းနှင့် တောင်ကုန်းကလေးများပါမှ ဆီအုန်းစိုက်ခင်းများအား အပေါ်စီးက လှမ်းမြင်နေရသည်။ အရှေ့ဘက်၌တော့ မခုတ်ရသေးသောတောကြီးက အုံ့မှိုင်းနေသည်။

ကျွန်ုပ်တို့ ခေတ္တနား အပန်းဖြေကြပြီး နေ့လယ်စာ စားကြသည်။ ဟင်းများမှာ အတော်စုံလင်သည်။ တောကောင်သားငှက်များ ဖြစ်ကြသည့် ချေသား၊ မျောက်သား၊ တောကြက်သားအမြင်ချောင်းဖြင့်

www.burmeseclassic.com



နီးသဖြင့် ငါးအမျိုးမျိုးအကြော်နှင့် ဆီပြန်ဟင်းများလည်း ပါသည်။ အသီးအရွက်ဟင်းတော့ မပါပါ။

ကျွန်ုပ်၏ထောင်ပိုင်ကြီးက . . .

"ဦးဖော်ထူး . . . အသီးအရွက်ဟင်းတော့ မပါပါလားဗျ"

"ဟုတ်ပါတယ် . . . ဆရာ။ ဒီမှာက အသီးအရွက်ရှားတယ်။ အသားငါးပေါတယ်။ ဆရာတို့စားချင်ရင်တော့ ညနေ စီစဉ်ပေးပါ့မယ်"

"ဒီအချိန်ဟာ မီးလောင်မြေမှာ ပဒပ်စာပေါက်တယ်။ သရက်သီးကင်းတွေလည်း ပေါ်နေပြီ။ ဖင်ပြွန်းသီးချဉ်ရည်ဟင်းလည်း ရနိုင်တာပဲ။ ကျွန်တော်တို့ ပါဆယ်ပါညွန်းအုပ်စုမှာတော့ သရက်သီးကင်း၊ ပိန္နဲသီးကင်း၊ ပိန္နဲသီးနဲ့ တညင်းသီးတောင်ပေါ်နေပြီ။

ချောင်းရိုးမြောင်းရိုးတွေမှာလည်း ဖရစ်ရိုးနုတွေ ရနိုင်ပါတယ်ဗျာ။ နောက်ပြီး ဦးဖော်ထူးတို့ဆိပ်ကမ်း ချောင်းဘေးမှာ မြေကွက်လပ်တွေ အများကြီးပဲ။ ရှင်းပြီး . . . ချဉ်ပေါင်၊ ခရမ်း၊ မုံလာ၊ မုံညင်း၊ ပဲအမျိုးမျိုးစိုက်ပါလား။ ရေနဲ့နီးတော့ ဗူးပင်၊ ဖရုံပင်လည်း စိုက်နိုင်တာပဲ။ ဒီတစ်ခါ ခင်ဗျားဆင်းလာရင် ကျွန်တော် မျိုးစေ့တွေပေးပါ့မယ်။

ကျွန်တော်တို့ဆီမှာတော့ ရာသီမရွေး၊ အသီးအရွက်က ဝန်ထမ်းတင်မက ရဲဘက်တွေကိုပါ နေ့စဉ်ကျွေးနိုင်တယ်။ အခုလို ပူပြင်းတဲ့အချိန်ဟာ လူတွေအတွက် အသီးအရွက်က ဗိုက်တာမင်မျိုးစုံကို ပေးနိုင်တယ်။ ရာသီဥတုဒဏ်ကို ခံနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် လာယူပါ့မယ်။ မနက်ဖြန်ကစပြီး အပြောင်ရှင်း မြောင်းဖော်ပါ့မယ်။ ကျွန်တော် လကုန် လစာထုတ်ဖို့လာရင်း ဆင်းလာပါ့မယ်"

ညနေ နေအေးချိန်တွင် ကျွန်ုပ်တို့ လုပ်ကွက်တွင်းဆင်း၍





လှေလှော်လာကြသည်။ တောခုတ်လက်စနေရာတွင် ကညင်ပင်ကြီးတစ်ပင်ကိုခုတ်ထားရာ ကညင်ပင်ကြီးမှာ ပေ (၂၀၀) ကျော် အလျားရှည်ပြီး လုံးပတ်အမြင့်မှာ ကျွန်ုပ်အရပ်ထက် (၁)ပေကျော်မြင့်သဖြင့် (၇)ပေကျော်ပေလိမ့်မည်။ အမိကရအပင်ကြီး ဖြစ်ပုံရသည်။ ထောင်ပိုင်ကြီးက . . .

"ဆရာဦးဖော်ထူး . . . . ဒီအပင်ကြီးခုတ်တုန်းက ဘာထူးခြားတာ ဖြစ်သေးသလဲ"

"ထူးခြားတာပေါ့ ဆရာရယ်။ (၁၀)ပေလွှတွေ ဟိုဘက်ဒီဘက်ပေါက်သွားပေမဲ့ အပင်ကြီးက မလဲဘူး။ အော်ကြီးရွာက အဘိုးဦးအောင်မြတ်က ကန်တော့ပွဲပေးပြီး တောင်းပန်ခိုင်းမှ နောက်နေ့မနက်မှာ တောင်းပန်ပြီး ခုတ်တဲ့လက်နက်တွေကို အပင်မှာထောင်ထားရတယ်။ ညဘက်ရောက်မှ လေမတိုက်ပဲ သူ့အလိုလို လဲသွားတာ။ မထူးဆန်းဘူးလားဆရာရယ်"

"အမိကရသစ်ပင်ကြီးတွေက ဒီလိုပဲဗျ။ ကျွန်တော်လည်း ပဲခူးရိုးမ၊ ရန်ကုန်မန္တလေး အမြန်လမ်းစခန်းမှာ ကြုံဖူးတယ်။ ရေနက်ကြီးစခန်းနားမှာပေါ့။ ဦးဖော်ထူးပြောသလိုပဲ ကန်တော့ပွဲပေးမှ နောက်တစ်နေ့ညမှာ သူ့အလိုလိုလဲသွားတာ။ ကညင်ဖြူပင်ကြီးပဲ။ ဒီအပင်ကြီးလောက်ပဲ ရှိလိမ့်မယ်ထင်တယ်"

ကျွန်ုပ်ကဝင်ပြောရာ ထောင်ပိုင်ကြီးကလည်း . . .

"ဟုတ်တယ်ဗျ။ ကျွန်တော်တို့ ပါဆယ်ပါညွန်းစခန်းဆောက်တုန်းကလည်း သစ်လိုတာနဲ့ ကညင်ပင်ကြီးတစ်ပင် ခုတ်ဖူးတယ်။ ခုလိုပဲ လွှပေါက်သွားပေမဲ့ မလဲဘူး။ ငြိမ်းဆင်ပြီးခုတ်တာ လိမ့်ကျလို့ ရဲဘက်နှစ်ယောက် ဆေးရုံတင်ရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



တော်သေးတာပေါ့။ အသက်အန္တရာယ်မဖြစ်ပေမဲ့ ခြေကျိုးလက်ကျိုးတော့ ဖြစ်သွားကြသေးတယ်။ တတ်သိနားလည်တဲ့သူတွေပြောမှ ကန်တော့ပွဲပေးပြီး တောင်းပန်မှ အပင်ကြီးလဲသွားတာ။ ဒါတောင် အစိုးရတာဝန်နဲ့မို့တဲ့လေ။ အပြင်အရပ်သားဆိုရင်တော့ အသက်အန္တရာယ်ပါ ထိခိုက်တတ်တယ်လို့သိရတယ်''

''ဟုတ်ပါတယ် ဆရာ။ ကျွန်တော်တို့လည်း ဆီအုန်းပင်တွေစိုက်မှာမို့ အရိပ်မရအောင် အပြောင်ရှင်းရပေမဲ့ အဓိကရသစ်ပင်ကြီးတွေ ခုတ်ရာမှာတော့ အတော်သတိထားရပါတယ်။ 'ဥတုရာသီ တောကိုမှီ' ဆိုတဲ့ စကားပုံအတိုင်းပဲ။

ကျွန်တော်တို့ရောက်စက ဒီနေရာဟာ တောကြီးမျက်မည်းပေါ့ ဆရာရယ်။ တောကောင်က အလွန်ပေါတာ။ အခုတော့ ဆီအုန်းပင်တွေစိုက်ဖို့ အပြောင်ရှင်းရတော့ ပူချက်က တအားပဲ။ သိသာတာကတော့ တောကောင်တွေပါးသွားပြီး ရေထွက်စမ်းတွေ ခမ်းကုန်တာပဲ။ တောစပ်မှာတော့ မျောက်လောက်ပဲရှိတော့တယ်''

''ဦးဇော်ထူး ... ဒီတောထဲမှာ ဘာတောကောင်တွေ ရှိနိုင်သေးသလဲ''

''ဟုတ်ကဲ့ ဆရာ။ ချေ၊ မျောက်၊ ဝက်ဝံ၊ စပါးကြီးမြွေနဲ့ တောကြက်၊ တောငှက်လောက်တော့ ရှိပါသေးတယ်။ ဒါတောင် တောနက်ထဲဝင်မှ ရနိုင်တော့တာပါ။ ကျွန်တော်တို့ရောက်စတုန်းကတော့ ကျားတောင်ရှိတယ်ဆရာ။

ကျွန်တော်တို့အခုနေတဲ့ ရုံးနေရာမှာပဲ စတည်းချ တဲထိုးပြီး လက်နက်ကိုင်အစောင့်နဲ့ နေ့ညမပြတ် ကင်းစောင့်ကြရတယ်။ ရဲဘက်တွေရောက်လာမှ တောကောင်တွေပါးသွားတာ။ ရဲဘက်တွေကတော့





ထုံးစံအတိုင်း ပဒပ်၊ မြွေ၊ ဖားကအစ ချမ်းသာပေးတာ မဟုတ်ဘူးလေ။ စားလို့ရတာ အကုန်စားတာပဲ''

ညနေဘက်တွင် ဦးဇော်ထူးတို့စခန်းနှင့် မဝေးလှသော အော်ကြီးစခန်း (၂)သို့ ကျွန်ုပ် ဝန်ထမ်းတစ်ဦးနှင့် အတူသွားလည်သည်။ ထိုတွင် ကျွန်ုပ်၏မိတ်ဆွေ ထောင်မှူးဦးတင်ဝင်းရှိနေသည်။ အော်ကြီး (၂)စခန်းမှာ ယာယီတဲစခန်းသာဖြစ်သည်။ ကျွန်ုပ်တို့ နောက်တန်းစခန်းများလို သပ်ရပ်ခြင်း၊ သန့်ရှင်းခြင်းမရှိပါ။ စခန်းနေရာကလည်း ကျဉ်းသည်။

ကျွန်ုပ်တို့ ဦးတင်ဝင်းအိမ်တွင် ရေနွေးကြမ်းသောက်ပြီး စခန်းအကြောင်း မေးမြန်းပြောဆိုနေကြစဉ် ဦးတင်ဝင်း၏ အိမ်အရှေ့ဘက်၌ စခန်းခွဲတာဝန်ခံ ဦးဝေယံ၏ တဲအိမ်ကြီးဖြစ်သည်။ အိမ်ရှေ့၌ ဝါးကပ်များကာ၍ ရေချိုးခန်းလုပ်ထားသည်။ ထိုစဉ် ရေချိုးခန်းအတွင်း၌ ရေချိုးသံနှင့် မိန်းမနှင့်ယောကျ်ား စကားပြောသံကို ကြားရသဖြင့် ကျွန်ုပ်က..

''ကိုတင်ဝင်းရေ ... ဦးဝေယံမိန်းမ ပြည်မက အလည်ရောက်နေတာလား''

''မဟုတ်ပါဘူး သူငယ်ချင်းရယ်၊ သားဖွားဆရာမပါ''

''ဦးဝေယံက ယောကျ်ားကြီးပဲ။ သားဖွားဆရာမနဲ့ ဘာဆိုင်လို့တုံး ကိုတင်ဝင်းရဲ့။ ရှင်းအောင်ပြောစမ်းပါဦး''

''သူငယ်ချင်းလည်း ဦးဝေယံအကြောင်း သိသားနဲ့။ သူက အမျိုးသမီးကိစ္စ ဝါသနာအလွန်ပါတယ်။ နောက်ပြီး ပေါ်ပေါ်ထင်ထင်ပဲ။ ဘယ်သူ့မှ ဂရုစိုက်တာမဟုတ်ဘူး။ သားဖွားဆရာမကလည်း အလိုက်ရဲတယ်။ ကြည့်ပါလား။ နေ့ခင်းကြောင်တောင် အတူအိပ်ပြီး၊ အတူရေချိုးနေကြတာ။ ပတ်ဝန်းကျင်ကိုလည်း အလေးထားရမှန်း မသိကြဘူး''



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ ...။ ဝန်းထမ်းနဲ့ ရဲဘက်တွေလည်း အနီးမှာရှိနေကြတာပဲ။ ပတ်ဝန်းကျင်ကိုတော့ မထေမဲ့မြင်ပြုဖို့ မကောင်းပါဘူး"

ထိုစဉ် ထောင်မှူးဦးသီးတို့အဖွဲ့ ရှေ့တန်းမှ ရဲဘက်များနှင့်အတူ ပြန်လာကြရာ ဝက်ဝံကြီးတစ်ကောင်နှင့် စပါးကြီးမြွေတစ်ကောင်ကိုထမ်းလာကြသည်။ ခရီးရောက်မဆိုက်ပင် စခန်းခွဲတာဝန်ခံအိမ်ရှေ့၌ ချထားပြီး ဖျက်နေကြစဉ် စခန်းခွဲတာဝန်ခံ ဦးဝေယံက ကြော့မော့စွာဝတ်ဆင်ထားပြီး ဆရာမ၏ဆွဲခြင်းတောင်းကိုဆွဲ၍ နှစ်ဦးအတူ ထွက်လာကြသည်။

"ဦးသီး ဘာကောင်တွေရလာတာလဲ"

"ဝက်ဝံတစ်ကောင်နဲ့ စပါးကြီးမြွေကြီးပါ ဆရာ"

"ကောင်းတယ် ...ကောင်းတယ်။ ကျွန်တော် ဆရာမကို ရွာထဲလိုက်ပို့လိုက်ဦးမယ်။ ဝက်ဝံသည်းခြေနဲ့ စပါးကြီးသည်းခြေကို ကျွန်တော့်အတွက် ထားပေးပါ။ စပါးကြီးမြွေသားလည်း ကျွန်တော့်အိမ်က ထမင်းချက်ကောင်လေးကို ပေးလိုက်ပါ။ ညနေ အရက်နဲ့မြည်းရအောင်လို့ပါ"

"ဟုတ်ကဲ့ပါ ဆရာ"

ဦးဝေယံတို့ထွက်သွားကြမှ မှဆိုးဦးသီးမှာ ပွစိပွစိလုပ်နေရှာသည်။

"မှတ်ကရောကွာ။ ငါကတော့ အသက်စွန့်ပြီး အမဲလိုက်ရတာ။ ရလာတော့လည်း အောက်လက်ငယ်သားကိုမညှာဘူး။ တကယ်ဆို အဖိုးတန်တဲ့ ဝက်ဝံသည်းခြေနဲ့ စပါးကြီးသည်းခြေကို တစ်ခုခုယူပေါ့။ ငါကြည်ဖြူပါတယ်။ အခုတော့ နှစ်ခုစလုံးလိုချင်တယ်တဲ့လေ"





ဦးသီးမှာ အရပ်ပုပုနှင့် ရိုင်ဖယ်သေနတ်ကြီးလွယ်ထားရင်း ဗျစ်တောက်ဗျစ်တောက်ပြောနေသည်။ လူပုစိတ်တို ဖြစ်ဟန်တူသည်။ ဦးတင်ဝင်းက ...

"ဒီလိုပဲ သူငယ်ချင်းရေ။ ဦးဝေယံက စခန်းမှာ တာဝန်ခံဆိုပြီး အရမ်းဗိုလ်ကျတာ။ ညနေအရက်သောက်ပြီးရင်လည်း အရက်မူးလာတာနဲ့ မကျေနပ်ချက်တွေကိုပြောပြီး သေနတ်တစ်လက်နဲ့ လျှောက်ပစ်တော့တာ။ ကိုယ်တို့ဆိုရင် ညနေစောင်း သူမူးလာတာနဲ့ အကွယ်အကာမှာနေရာယူပြီး ပုန်းနေကြရတယ်"

"ကိုတင်ဝင်းရယ် တောထဲမှာဆိုပေမဲ့ ဥပဒေဘောင်အတွင်း နေထိုင်ကြတာပဲ။ ဒီလိုတရားမဲ့လုပ်လို့ ဘယ်ရမလဲ။ ရုံးချုပ်ကို ဝန်ထမ်းတွေစုပေါင်းပြီး တိုင်ပေါ့ဗျာ"

"မျက်နှာတွေ ထောက်နေရတယ် သူငယ်ချင်းရေ။ ဦးဝေယံကလည်း မကြာခင် ပြည်မပြန်ပြောင်းရတော့မယ်ဆိုတော့ စခန်းတစ်ခုလုံးက ဥပေက္ခာပြုထားကြတယ် ဆိုပါတော့ဗျာ။ နိုင်သလောက်တော့ သည်းခံရဦးမှာပေါ့။

ကဲ ...သူငယ်ချင်း ခဏစောင့်ဦး။ ကိုယ်လည်း ဦးသီးဆီက အသားနည်းနည်း ထွက်တောင်းလိုက်ဦးမယ်။ သူငယ်ချင်းကိုလည်း ပေးလိုက်ချင်လို့ပါ"

"နီး ...နီး ...မလုပ်နဲ့ သူငယ်ချင်း။ ကျွန်တော်တို့ဆီမှာလည်း ပေါပါတယ်။ နောက်ပြီး ကျွန်တော်တို့က အမဲလိုက်မုဆိုးလုပ်နေရတော့ မြွေသားနဲ့ဝက်ဝံသား မစားကြပါဘူး"

"သူငယ်ချင်းရယ် ....ဝက်ဝံသားက အမျှင်ကြီးပေမဲ့ စားလို့ကောင်းပါတယ်။ စပါးကြီးမြွေသားဆိုရင် အလွန်နူးညံ့ပြီး ချိုတာ။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းမစားရင်လည်း ကိုယ့်ရှယ်ယာအတွက်တော့ ထွက်တောင်းလိုက်ဦးမယ်''

ထိုညနေက ကျွန်ုပ်တို့ ဦးဖော်ထူး၏ အော်ကြီးစခန်း၌ ညအိပ်ကြမည်ဖြစ်ကြ၍ ညဘက်တွင် ရုံးခန်း၌ စားသောက်ရင်း စကားပြောနေကြစဉ် သေနတ်သံများ ကြားရသည်။ ခြောက်လုံးပြူးသေနတ်သံဖြစ်သည်။ စခန်းခွဲ (၂) ဦးဝေယံတို့စခန်းဘက်မှ ဖြစ်သည်။ ထောင်ပိုင်ဦးယဉ်မောင်က ...

''ဘာဖြစ်တာလဲ ဦးဖော်ထူး''

''စခန်းခွဲ (၂)က ဦးဝေယံနေမှာပေါ့ ဆရာရယ်။ သူက အရက်မူးရင် ဒီလိုပဲ ခြောက်လုံးပြူးတစ်လက်နဲ့ လျှောက်ပစ်တော့တာပဲ။ ဝန်ထမ်းနဲ့ရဲဘက်တွေက သူမူးပြီးအော်ဆဲတာနဲ့ လွတ်ကင်းရာမှာ ပုန်းခိုနေကြရတာ''

''ညတိုင်းပဲလား''

''ညတိုင်းတော့ မဟုတ်ပါဘူးဆရာ။ တစ်ပတ်တစ်ခါလောက်ပါပဲ။ ဦးဝေယံက ပြောင်းခါနီးပြီဆိုတော့ ဒီလိုပဲ သည်းခံကြရတာပေါ့လေ''

''သူက ဘယ်တော့လောက်ပြောင်းမှာလဲ''

''လကုန်ရင် ပြောင်းမှာဆရာ''

''အေးဗျာ ...။ ဒီလိုသာ မူးတိုင်းလျှောက်ပစ်နေရင် မတော်တဆ တစ်ယောက်ယောက်ကိုမှန်ရင် ဘယ်လိုလုပ်မလဲ''

''သူက ခေါင်မိုးပေါ်ထောင်ပစ်တာပါ ဆရာ။ သူ့တဲခေါင်မိုးပေါ်မှာလည်း အပေါက်တွေချည်းပဲ။ အမူးပါးပါ ဆရာရယ်။ မစိုးရိမ်ပါနဲ့''





''ကျွန်တော်ကတော့ စခန်းပြန်ရောက်တာနဲ့ ရုံးချုပ်ကို အစီရင်ခံစာတင်ပြီး တိုင်မှာ။ တကယ်ဆို အုပ်စုထောင်ပိုင်အနေနဲ့ ကျွန်တော်ရောက်နေတာ သူသိရမှာပေါ့''

''ဆရာရေ ... ဒီအော်ကြီးဒေသမှာ ထောင်မှူးကြီးချင်းတူပေမဲ့ ကျွန်တော်က အုပ်စုခေါင်းဆောင် စီနီယာပါ။ ဒါပေမဲ့ ဦးဝေယံက စကားပြောလို့မကောင်းဘူး။ ကျွန်တော်နဲ့လည်း စကားများဖူးတယ်။

ဒါကြောင့် ကျွန်တော်လည်း သူလုပ်ချင်တာလုပ်ပါစေ မပြောတော့ဘူး။ အဆိုးဆုံးက မိန်းမကိစ္စပဲ။ မ,ဆိုသူက ဘယ်သူ့မှမရှောင်ဘူး။ ပသျှူးမလည်း ချမ်းသာမပေးဘူး။ အခုလည်း သားဖွားဆရာမနဲ့ ဖြစ်နေပြန်ပြီ''

''ဟုတ်ပါတယ် ဆရာ။ ဒီနေ့ ကျွန်တော် သူတို့စခန်းသွားပြီး ထောင်မှူးဦးတင်ဝင်းနဲ့တွေ့တာ ကျွန်တော်ကိုယ်တိုင်ကို မြင်ခဲ့ပါတယ်။ သားဖွားဆရာမက အသားဖြူဖြူ ခပ်တောင့်တောင့်ပဲ။ အသက်ကတော့ (၃၀)ကျော်လောက်ရှိရော့မယ်။ ကရင်ဆရာမပဲ''

''ဦးဝေယံနဲ့ ဘယ်လိုတွေ့ကြတာလဲ ဦးဖော်ထူး''

''ဦးဝေယံက အော်ကြီးရွာထဲ မကြာခဏ သွားလည်တယ်။ ရပ်ရွာလူကြီးနဲ့ တည့်အောင်ပေါင်းတယ်။ သူ့အိမ်မှာလည်း မကြာခဏ ထမင်းဖိတ်ကျွေးလေ့ရှိတယ်။ ဒါကြောင့် ရပ်ရွာကိုပိုင်တယ်ပေါ့ ဆရာရယ်။ ဒါကြောင့် သားဖွားဆရာမနဲ့ တွေ့ကြတာပေါ့''

''သားဖွားဆရာမက ဝန်ထမ်းလား၊ အရပ်လက်သည်လား ဦးဖော်ထူး''

''အော်ကြီးရွာမှာ တာဝန်ကျတဲ့ ဝန်ထမ်းပါဆရာ။ ရွာထဲမှာ သူ့ဆေးခန်းနဲ့အိမ်ရှိပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဝန်ထမ်းဆိုရင် ပိုပြီးတောင် စည်းကမ်းရှိရမှာပေါ့။ အခု တော့ နှစ်ဘက်ဝန်ထမ်းချင်း စည်းကမ်းမရှိကြတော့ ရုပ်ပျက်ဆင်းပျက် ဖြစ်ကုန်တော့တာပေါ့။ ဒေသခံတွေက ဘာမှမပြောကြဘူးလား"

"ဒီဒေသက တစ်မျိုးဆရာ။ ပိုက်ဆံရှိတဲ့ရွာသားတွေက မိန်းမ သုံးလေးဦး တစ်ပြိုင်တည်းယူထားတာ။ ဒါကြောင့် ရွာက ဦးဝေယံကို ဘာမှမပြောကြတာနဲ့ တူပါတယ်။ ဝန်ထမ်းကိုလည်း ရွာက လေးစား ကြတယ်လေဆရာ"

"အင်း ... တိုင်းရင်းသားတွေက ဒီလိုဖါပဲ။ ပြည်မကလာ တဲ့ ဝန်ထမ်းဆိုတာနဲ့ လေးစားကြတယ်။ ကြောက်ကြတယ်။ ဒါကို ကျွန် တော်တို့ဝန်ထမ်းတွေက အခွင့်အရေးမယူသင့်ဘူးပေါ့ဗျာ"

"ဟုတ်ပါတယ် ဆရာ"

ထိုညက ကျွန်ုပ်တို့ စားသောက်ကြပြီး စောစော အိပ်ရာဝင် ကြသည်။ တောတွင်းစခန်းဖြစ်သဖြင့် ငှက်ဖျားရန်ကြောက်၍လည်း ဖြစ် သည်။ ကျွန်ုပ်တို့အိပ်ရာဝင်တော့ ည (၉)နာရီခန့်သာ ရှိပါသေးသည်။

ကျွန်ုပ်တို့ ခြင်ထောင်တွင်းရောက်၍ အိပ်မပျော်မီကလေး၌ ပင် ခပ်အုပ်အုပ် သေနတ်သံတစ်ချက်ကို ကြားလိုက်ရသည်။ ဦးဝေယံ တို့စခန်းဘက်မှပင် ဖြစ်သည်။ ခြောက်လုံးပြူးသေနတ်သံ ဖြစ်သည်။ ကျွန်ုပ်တို့ကတော့ အိပ်မောကျစပင် ပြုပြီဖြစ်သည်။

နောက်တစ်နေ့မနက်စောစော၌ အော်ကြီးစခန်းခွဲ (၂)မှ ထောင် မှူးဦးတင်ဝင်း ရောက်လာသည်။ ကျွန်ုပ်က ...

"လာ ... သူငယ်ချင်း၊ ဘာကိစ္စများ အရေးကြီးလာသလဲ။ စောစောစီးစီး"





"ထောင်ပိုင်ကြီး ရှိတယ်မဟုတ်လား သူငယ်ချင်း။ စခန်းမှာ ပြဿနာဖြစ်နေလို့"

"ရှိပါတယ်။ ဆရာအိပ်တုန်းပါ။ အရေးကြီးရင် နှိုးလိုက်မယ်"

ထိုစဉ် ထောင်ပိုင်ဦးယဉ်မောင်မှာ အိပ်ရာမှထလာပြီး ...

"ဘာဖြစ်လို့လဲ ဦးသိန်းဝင်း။ ကျွန်တော်နိုးပါပြီ"

"စခန်းခွဲ (၂)က ဦးတင်ဝင်းပါဆရာ။ သူတို့စခန်းမှာ ပြဿနာ ဖြစ်နေလို့တဲ့ လာသတင်းပို့တာပါ"

ဆရာဦးယဉ်မောင်မှာ မျက်နှာပင်မသစ်သေးပဲ ကျွန်ုပ်တို့စကား ဝိုင်းသို့ လာထိုင်သည်။

"ဘာပြဿနာဖြစ်လို့လဲ ဦးတင်ဝင်း"

"ညဦးပိုင်းက ထောင်မှူးဦးသီးနဲ့ ဦးဝေယံတို့စကားများကြ တယ်ဆရာ"

"ဘာအကြောင်းနဲ့လဲ ဦးတင်ဝင်း"

"ထောင်မှူးဦးသီးက ရှေ့တန်းတပ်ခွဲလိုက်ရင်း မုဆိုးလုပ်တယ် ဆရာ။ အဲဒါ မနေ့ညနေက တပ်ခွဲအလုပ်သိမ်းတော့ ဝက်ဝံတစ်ကောင် နဲ့စပါးကြီးမြွေတစ်ကောင် ရလာပါတယ် ဆရာ။ ဦးဝေယံက စပါးကြီး မြွေသည်းခြေရော ဝက်ဝံသည်းခြေပါတောင်းတော့ ဦးသီးက တစ်ခုခု ယူဖို့တောင်းပန်ရင်းနဲ့ စကားများကြတာပါ"

"အေးဗျာ ...။ ဒါကတော့ ဦးသီးမှန်တာပေါ့။ သူက အသက် စွန့်ပြီး မုဆိုးလုပ်ရတာ။ ဝက်ဝံသည်းခြေနဲ့ စပါးကြီးသည်းခြေကလည်း ဆေးဘက်အသုံးဝင်တော့ အလွန်တန်ဖိုးကြီးတာ။ တစ်ခုခုရရင် တော်ရောပေါ့"

"ဟုတ်ပါတယ် ဆရာ။ အရင်ကလည်း ဦးသီးက ဦးဝေယံ



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာကို အမြဲတမ်းပေးပါတယ်။ အခုတစ်ခါတော့ သူ့မိန်းမကြီး လေဖြတ်ချင်သလိုဖြစ်လို့ စပါးကြီးသည်းခြေကို ပြန်တောင်းရာက စကားများကြတာပါ''

''ဘာဖြစ်သွားကြသေးသလဲ''

''ဦးဝေယံ သေပြီဆရာ''

''ဟင် . . . ဦးသီးက သေနတ်နဲ့ပစ်တာလား။ မဟုတ်သေးပါဘူး။ ကျွန်တော်တို့ကြားတာ ရိုင်ဖယ်သေနတ်သံ မဟုတ်ပါဘူး။ ခြောက်လုံးပြူးသေနတ်သံပါ''

''ဟုတ်ပါတယ် ဆရာ။ ဆရာဦးဝေယံက ခြောက်လုံးပြူးသေနတ် ကျည်ဆန်မှန်လို့ သေတာပါ''

''ဘယ်လိုဖြစ်တာလဲ။ ရှင်းရှင်းပြောစမ်းပါဦး ဦးတင်ဝင်းရယ်''

''ညဦးပိုင်းက ဦးဝေယံနှင့်ဦးသီး စကားများကြတာကို ပြောခဲ့ပြီးပါပြီဆရာ။ ဦးဝေယံအရက်မူးပြီး ဦးသီးကိုဆဲတယ်။ မိုက်ရင် အိမ်ပေါ်တက်လာဖို့ကိုလည်း ချဲလင့်ခေါ်တယ်။

ဦးသီးကလည်း ဆရာသမားတစ်ယောက်အနေနဲ့ ပထမတော့ သည်းခံနေပြီး သူလည်း အရက်သောက်ပြီး သွေးကြွလာတာနဲ့ သူ့ရိုင်ဖယ်သေနတ်ကြီးကို ကိုင်တော့တာပါ။ သူကလည်း လူပုစိတ်တိုလေ။

အဲဒါကြောင့် ကျွန်တော်တို့လည်း ဝိုင်းဆွဲထားပြီး ချော့ရတာပေါ့။ မကြာပါဘူး ဦးဝေယံက ဦးသီးအိမ်ဘက်ကို ဆဲပြီး သေနတ်နဲ့ နှစ်ချက်သုံးချက်ပစ်တယ်။ ကျွန်တော်တို့လည်း ဝပ်နေရတာပေါ့။

သေနတ်သံတိတ်သွားပြီး မကြာပါဘူး ကျွန်တော်တို့စခန်းက သူမကျေနပ်တဲ့သူတွေကို တစ်ယောက်ချင်း နာမည်ခေါ်ပြီးဆဲတယ်။ ကျွန်တော့်ကိုပါ ဘာမကျေနပ်ချက်ရှိသလဲမသိဘူး ငါနဲ့ကိုင်ပြီးဆဲတာ။





နောက်ဆုံးတော့ သားဖွားဆရာမကို ဆဲတယ်။ နောက်တစ်ခါလာရင် သတ်ပစ်မယ်လို့လည်း အော်နေတယ်။ မကြာပါဘူး သေနတ်သံတစ်ချက်ထွက်လာပြီး အော်သံငြိမ်သွားတာပဲ။ ဘယ်သူမှလည်း သွားမကြည့်ရဲဘူး။ အခုမနက်မှ သူ့တပည့် ထမင်းချက်ရဲဘက်က လာသတင်းပို့လို့ ကျွန်တော်တို့သိရတာပါ။ ဆရာတို့လည်း လိုက်ကြည့်ကြပါဦး''

ကျွန်ုပ်တို့အဖွဲ့ လိုက်ကြည့်ကြတော့ ဦးဝေယံမှာ ဦးခေါင်းကို သေနတ်ကျည်ဆန် ဖောက်ထွင်းသွားသဖြင့် သွေးအိုင်ထဲ၌ လဲကျသေဆုံးနေပြီဖြစ်သည်။ ခြောက်လုံးပြူးသေနတ်ကို လက်ကဆုပ်ထားဆဲဖြစ်သည်။ သူတစ်ပါး လုပ်ကြံသတ်ဖြတ်သည်တော့ မဖြစ်နိုင်ပါ။

ထို့ကြောင့် ကျွန်ုပ်တို့လည်း အော်ကြီးကျေးရွာရဲကင်းကို အကြောင်းကြားရသည်။ ရဲများရောက်လာ၍ စစ်ဆေးကြသည်။ ဦးခေါင်းရှိ သေနတ်ဒဏ်ရာမှာ ယမ်းခိုးကပ်နေခြင်းမရှိ။ ကျည်ဆန်မှာ ဦးခေါင်းရိုးအတွင်း၌ ဝင်နေသည်။ အဝင်ဒဏ်ရာမှာ အပေါက်ကျယ်သည်။ နောက်ဆုံးမှဖြစ်စဉ်ကို သိရတော့သည်။

ဦးဝေယံ အရက်သောက်သောနေရာနှင့် (၅)ပေခန့်အကွာတွင် မြေဆောင့်ဒင် သံထည်ကြီးများအား မျက်နှာလှည့်၍ အစီအရီတင်ထားသည်။ အရက်မူး၍ မဲမဲမြင်ရာကိုပစ်ရင်း ကျည်ဆန်က ပြန်ကန်ထွက်ပြီး မှန်ခြင်းဖြစ်သည်။ မိမိကိုယ်ကိုလုပ်ကြံခြင်းလော၊ မတော်တဆလောဟူသည်ကိုတော့ ဘုရားရှင်မှ သိပေလိမ့်မည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၅]

❑

ကျော်ဟိန်းကို လူတကာသိကြသော်လည်း ကျော်ဟိန်းကတော့ လူတကာကို မသိနိုင်ဟူသောစကားကဲ့သို့ ကျွန်ုပ်တို့ အကျဉ်းထောင်လောက၌လည်း ထောင်မှူးကြီးကျော်ကျော်ကို လူတကာသိကြသည်။ အပါတ်စဉ် (၆) ထောင်မှူးသင်တန်း တက်စဉ်ကတည်းက သူက နာမည်ကြီးသူတစ်ယောက်ဖြစ်သည်။

အသားညိုညို၊ အရပ်မြင့်မြင့် စကားပြောချိုသည်။ လူတကာနှင့်တော့ တည့်အောင်မပေါင်းတတ်။ သို့ဖြစ်ရာ၍ဝါသနာက ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းအမှုကို ပြုတတ်သည်။ သန်းခေါင်သန်းလွဲ၌ပင် ဆိတ်ကွယ်ရာ၌ တစ်ဦးတည်း တရားထိုင်နေတတ်သည်။





ထို့အတူ ကြိတ်ဝိုင်း၊ ဖဲဝိုင်း၌လည်း ညဥ့်နက်သန်းခေါင်ထိုင်တတ်သည်။ အရက်တော့မသောက်။ ဘီယာတော့သောက်တတ်သည်။ သူ့စတိုင်က အမြဲတမ်း ကြော့နေအောင် ဝတ်စားဆင်ခြင်တတ်ခြင်းဖြစ်သည်။ ယူနီဖောင်းဝတ်လျှင်လည်း အလွန်သေသပ်သည်။ သူ့ရှူးဖိနပ်က မှန်ကြည့်လို့ရအောင် မဲနက်ပြောင်လက်ပြီး ရောင်ပြန်ဟပ်နေတတ်သည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့လောက၌ သူ့ကို ကိုကျော်ဟု ပင်ခေါ်ကြပါသည်။

အနယ်နယ်အရပ်ရပ်တွင် လှည့်လည်တာဝန်ထမ်းဆောင်ကြရင်း ၁၉၈၄ ခုနှစ်တွင် ကျွန်ုပ်တို့ ကော့သောင်းမြို့နယ်၊ ဆီအုန်းစိုက်ပျိုးရေးစခန်းသို့ ရောက်ရှိနေခြင်းဖြစ်ပြီး ကိုကျော်မှာ ရေတံခွန်စခန်းတာဝန်ခံ ထောင်မှူးကြီးဖြစ်သည်။

ရေတံခွန်စခန်းမှာ (၁၀) မိုင်ရွာနှင့်နီးပြီး ကော့သောင်းမြို့သို့သွားရန် နီးသော အစဉ်းဆုံး ဆီအုန်းစခန်းလည်းဖြစ်သည်။ ကျွန်ုပ်တို့စခန်းများက အတွင်းပိုင်းကျသည်။

ရေတံခွန်စခန်းမှာ ဆီအုန်းပင်များ စတင်စိုက်ပျိုးစဉ်က ထိပ်ဆုံးစခန်းဖြစ်၍ ကွပ်ကဲမှုဌာနချုပ်လုပ်ထားသည်။ ယခုတော့ ပါဆယ်ပါညန်း စခန်းအုပ်စုဝင်ဖြစ်သည်။

စခန်းအုပ်စုကြီး (၃)ခုခွဲတော့ ကွပ်ကဲမှုဌာနချုပ်ရုံးကို ပါဆယ်ပါညန်း၊ အော်ကြီးနှင့် ဟပ်စတင်းစခန်းများအလယ်ဗဟို လဲမွန်စခန်းသို့ ပြောင်းလဲဖွင့်လှစ်သည်။ ထို့ကြောင့် ရေတံခွန်စခန်းမှာ စခန်းခွဲတစ်ခုဖြစ်သွားပြီး ထောင်မှူးကြီးတစ်ဦးက တာဝန်ခံအဖြစ် အုပ်ချုပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေတံခွန်စခန်းမှာ တောင်ပေါ်မှစီးကျသော ရေများက နွေ၊ မိုး၊ ဆောင်း ရှိနေတတ်သဖြင့် ရေတံခွန်စခန်းဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဘင်္ဂလားပင်လယ်ကြီးဖြင့် နီးသဖြင့် ပင်လယ်အစားအစာလည်း ပေါသည်။

စခန်းကို တောင်ကုန်းပေါ်၌ တည်ထားခြင်းဖြစ်ပြီး သစ်တောလည်းရှိသဖြင့် ပင်လယ်လေဝင်ပြီး အလွန်အေးချမ်းသည်။ စခန်းကုန်းပေါ်သို့ တက်ရသည်ကတော့ အလွန်မတ်စောက်သည်။ လှေတံခါးထစ်ပင် လုပ်ထားရသည်။

ရုံးတည်ရှိရာကုန်းပေါ်၌ ယခင်က ရွာဟောင်းဖြစ်ပုံရသည်။ အုန်းပင်၊ သရက်၊ တညင်းနှင့် ပိန္နဲပင်များလည်းရှိပြီး ရာသီအလိုက် သီးပွင့်နေကြသည်။ တနင်္သာရီရိုးမနှင့်လည်း ဆက်နေပြီး တစ်ဖက်က ပင်လယ်ကြီးဖြစ်သည်။ အခြားစခန်းများလောက် နေရာမကျယ်ပြန့်။ သို့သော် သားကောင်စုံတော့ ပေါများသည်။

ထို့ကြောင့် ရေတံခွန်စခန်းသည် သားကောင်ပေါသည်။ ပင်လယ်စာပေါသည်။ ကော့သောင်းမြို့နှင့် သွားလာရန်လွယ်ကူသဖြင့် အလွန်အဆင်ပြေသော စခန်းတစ်ခုဖြစ်သည်။ ထိုရေတံခွန်စခန်း၌ ကျွန်ုပ်တို့၏ ဇာတ်လိုက်မင်းသားကြီး ကိုကျော်နေသည်။

ကျွန်ုပ်တို့ စခန်းများအုပ်စုတွင် ပုံမှန်လစဉ် အစည်းအဝေးရှိသည်။ လုပ်ငန်းတိုးတက်မှု ညှိနှိုင်းအစည်းအဝေးဖြစ်သည်။ မနက် (၉)နာရီမှ နေ့လယ် (၁၂)နာရီထိဖြစ်ရာ နေ့လယ်စာကို ဓါးဆယ်ပါညန်းစခန်းက ကျွေးမွေးညှဲခံသည်။ ကျွန်ုပ်တို့တွင် Honda Super Cub ဆိုင်ကယ်ကလေးများ ကိုယ်စီရှိကြရာ သွားလာရေးအဆင်ပြေသည်။





လဲမွန်ခြံတာဝန်ခံ ထောင်မှူးကြီးဦးအုန်းမောင်သာ ဆိုင်ကယ်မစီးတတ်သဖြင့် ဆိုင်ကယ်ကယ်ရီကို ငှားစီးရရှာသည်။ လစဉ်အစည်းအဝေးဆိုသော်လည်း ခြံကိုယ်စီ၊ လုပ်ငန်းအစီရင်ခံစာ ဖတ်ကြားပြီးသည်နှင့် လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးကြပြီး ကိုယ်ရေးကိုယ်တာစကားဝိုင်းသို့ ရောက်သွားတတ်သည်။

ကိုကျော်မှာ မင်းသားလိုနေတတ်သဖြင့် မြာပွေသူလည်းဖြစ်သည်။ စွံလည်းစွံသည်။ ထို့ကြောင့် အုပ်စုထောင်ပိုင်က မကြာခဏအသွားအလာဆင်ခြင်ရန် သတိပေးရသည်။ ကိုကျော်ကလည်း ခြေများသူဖြစ်သည်။ စီးတော်ယာဉ်ကလေးလည်းရှိ၍ သူက (၁၀)မိုင်ရွာ၊ (၇)မိုင်ရွာ၊ လေယာဉ်ကွင်းနှင့် မရီဆိုင်။ ကော့သောင်းမြို့ တောင်၊ အနောက် ရပ်ကွက်များသို့ မကြာခဏ သွားလေ့ရှိသည်။

နယ်မြေကျဉ်း၍ ဝန်ထမ်းနည်းသော ကျွန်ုပ်တို့လောကတွင် ဘယ်သူဘာလုပ်၍ ဘာဝါသနာပါသည်ကို မစုံစမ်းပဲ သတင်းက ပြန်ရတတ်သည်။ ထို့ကြောင့်လည်း ကျွန်ုပ်အုပ်စုထောင်ပိုင်က မကောင်းသောသတင်းများရ၍ ကိုကျော်အား သတိပေးနေခြင်းဖြစ်ပေသည်။

ကိုကျော်ကလည်း လူကြီးသူမ ဆုံးမစကားကို ရိုကျိုးစွာ နာခံတတ်ပါသည်။ ရှေ့တွင်သာဖြစ်သည်။ နောက်ကွယ်တွင်တော့ ဟုတ်ပြီ၊ ဟုတ်ကဲ့ ပြောခဲ့သော်လည်း အရှိန်ကိုမထိန်းနိုင်။ လုပ်ချင်တာလုပ်တော့သည်။ သူက သွားလာလျှင်လည်း တစ်ယောက်တည်း။ တပည့်မခေါ်ပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

တစ်နေ့ နေ့လယ်ခင်း၌ဖြစ်သည်။ အော်ကြီးဒေသမှ ရဲဘက်တပ်စိတ်မှူးဝင်းအောင် သစ်ပင်ပိ၍ ကော့သောင်းဆေးရုံကြီးသို့ တင်ပို့ထားရာမှ သေဆုံးသည်ဆို၍ ကျွန်ုပ်တို့အဖွဲ့များ အခေါင်းစပ်၍ Hino (TE) ကားပေါ်တင်ပြီး အသုဘချရန်သွားကြသည်။

ဆေးရုံရောက်တော့ သတိမေ့၍မြောနေသော ရဲဘက်ဝင်းအောင်မှာသတိပြန်ရလာသည်။ မသေသေးပါ။ သို့သော် မျှော်လင့်ချက်တော့မရှိတော့ကြောင်း ဆရာဝန်ကပြောလာသည်။ ကျွန်ုပ်တို့ မိုးချုပ်သည်ထိစောင့်ရင်း ဆရာများပြုစုမှုကို ကြည့်ကြရသည်။

မိုးချုပ်မှ စခန်းသို့ခေါင်းကြီးပြန်တင်ပြီး ပြန်လာကြသည်။ Hino (TE) ကားကြီးမှာ ရေတံခွန်စခန်းမှဖြစ်၍ ကျွန်ုပ်တို့ ခေါင်းကြီးကို ကားပေါ်၌ပင်ထားခဲ့၍ ပါဆယ်ပါညန်းစခန်းသို့ ဆိုင်ကယ်ဖြင့် ပြန်လာခဲ့ကြပါသည်။

နောက်တစ်နေ့မနက် မိုးလင်းစအချိန်၌ပင်ဖြစ်သည်။ သတင်းတစ်ခုဝင်လာသည်။ ကိုကျော်သတင်းပင်ဖြစ်သည်။ (၁၀)မိုင်ရွာတွင် ကိုကျော်တစ်ယောက် ညဘက်လူပျိုလှည့်စဉ် ရပ်ကွက်ကဝိုင်းဖမ်းပြီး





ချုပ်နှောင်ထားသဖြင့် စခန်းက သတင်းရသောကြောင့် သွားခေါ်ရသောသတင်းဖြစ်သည်။

ထို့အပြင် ရဲဘက်တပ်စိတ်မှူးဝင်းအောင်မှာလည်း ညက သေဆုံးသွားကြောင်း သတင်းကိုလည်း ရရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့အဖွဲ့ ရေတံခွန်စခန်းမှတစ်ဆင့် ကော့သောင်းမြို့သို့ ဆင်းရပြန်သည်။

ရေတံခွန်စခန်းရောက်တော့ ကိုကျော်ကို အကောင်းအတိုင်းတွေ့ရသဖြင့် ကျွန်ုပ်က ...

"ကိုကျော် ... အကောင်းကြီးအတိုင်းပါပဲလား။ ဘာမှမဖြစ်ဘူးလား"

"သူတော်ကောင်း နတ်ကောင်းဆောင်မ,တာပဲ ဘာဖြစ်ရမှာလဲ။ အဲဒါ ခင်ဗျားတို့လုပ်ကြတာ"

"ဘယ်လို ... ကျွန်တော်တို့က လုပ်ကြတာဟုတ်သလား။ အသွားမတော်တစ်လှမ်းတဲ့ သတိထားဦး။ ကိုယ်ဖြစ်ကိုယ်ခံပဲ ကိုကျော်ရေ"

"ခင်ဗျားတို့ မကောင်းဘူးဗျ။ ညက အခေါင်းကြီးကို ကျွန်တော်တို့စခန်းမှာ ထားခဲ့တယ်မဟုတ်လား။ ဒါကြောင့် စခန်းကိုခိုက်ပြီး စခန်းတာဝန်ခံကျုပ်ကို ထိခိုက်တာ။

"ကိုယ့်ဆရာရယ် ... အခေါင်းက အသစ်ကြီးပါ။ မနေ့က ညနေစောင်းအထိ ရဲဘက်ဝင်းအောင်က မသေသေးဘူး။ ညကမှ တကယ်သေတယ်ဆိုတဲ့ သတင်းကြားလို့ ကျွန်တော်တို့ အခုသွားကြမှာပါ။

အခေါင်းကြီးကို ဆေးရုံမှာလည်း ထားလို့မှမရတာ။ မသေသေးတဲ့လူတစ်ယောက်အတွက် အခေါင်းစပ်ပြီး စောင့်ဆိုင်းနေရတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတော့ လျှကြားလို့မှမတော်တာဗျာ။ ဒါကြောင့် စခန်းကိုပြန်သယ်လာရတာပါ။ ကားကလည်း ခင်ဗျားတို့စခန်းက ကားလေ။

ကျွန်တော်တို့က ဆိုင်ကယ်နဲ့လာကြတာ။ ဘယ်လိုသယ်မလဲ။ နောက်ပြီး ကိုကျော်လည်း ခေတ်ပညာတတ်ပါပဲဗျာ။ ဒါမျိုးတွေ အယုံအကြည်မထားစမ်းပါနဲ့။ ရဲဘက်တွေရဲ့ကိစ္စတိုင်းမှာ ကျွန်တော်တို့တာဝန်ရှိပါတယ်။ ဝင်းအောင်ဆိုတာက ရဲဘက်တပ်စိတ်မှူး။ အလုပ်တာဝန်ထမ်းဆောင်ရင်း အသက်စွန့်ရရှာတာ''

''ဟုတ်ပါတယ် သူငယ်ချင်းရယ်။ တိုက်ဆိုင်ပြီး ဖြစ်ရတာပါ။ စိတ်ထဲမထားပါနဲ့''

ကျွန်ုပ် ကိုကျော်အားရှင်းပြပြီး ထောင်မှူးဦးမြင့်ဦးကလည်း ပြေရာပြေကြောင်း တောင်းပန်သည်။ သို့မှသာ ကိုကျော်စိတ်ပြေသွားဟန်ဖြင့် ...

''ကိုယ်သဘောပေါက်ပြီ သူငယ်ချင်းတို့။ ကိုယ်လည်း လိုက်ခဲ့မယ်။ ဝင်းအောင်က အော်ကြီးစခန်းက ရဲဘက်မဟုတ်လား''

''ဟုတ်ပါတယ် ကိုကျော်။ ကျွန်တော်တို့ ပါဆယ်ပါညန်းစခန်းကတစ်ဆင့် ထွန်စက်ကြီးနဲ့ ဆေးရုံကိုပို့ရတာပါ။ အတော်သနားစရာကောင်းပါတယ်။

ဒါကြောင့်လည်း ကျွန်တော်တို့က ရဲဘက်ဆိုပေမဲ့ လုပ်ဖော်ကိုင်ဘက်လိုသဘောထားပြီး ဘုန်းတော်ကြီးတောင် ပင့်လာပါသေးတယ်။ ဒါပေမဲ့ ကိုကျော်က ညကမှ ပြဿနာဖြစ်ထားတော့ နားပါဗျာ။ မလိုက်ပါနဲ့။ ကျွန်တော်တို့အဖွဲ့နဲ့တင် လုံလောက်ပါတယ်''

''ဘာလဲ ကိုသိန်းဝင်းရ၊ ကျွန်တော့်ကို ရွာနဲ့ ပြဿနာဖြစ်မှာစိုးလို့လား။ စိတ်ချ။ ဒီတစ်ခါတော့ ကျွန်တော်က သေနတ်တွေပါ





ယူလာမှာ''

''အဲဒါကြောင့်ပြောရတာပါ ကိုကျော်ရယ်။ ပြဿနာဖြစ်ထားတာက ညကမှဆိုတော့ ခင်ဗျားရဲ့ရန်ဘက်တွေနဲ့တွေ့ရရင် စိတ်မထိန်းနိုင်ကြပဲ ပြဿနာဖြစ်မှာစိုးလို့ပါ''

''မရဘူး သူငယ်ချင်း။ ကားနဲ့မခေါ်ရင် ကိုယ်က သေနတ်ကိုင်ပြီး ဆိုင်ကယ်နဲ့လိုက်မှာ''

''ကဲ ...ကဲ ...ကားခေါင်းထဲကိုကြွပါ ဆရာကျော်ရယ်။ ပြဿနာတော့မရှာပါနဲ့။ ဆိုင်ကယ်နဲ့သွားတာလည်း မသင့်တော်ပါဘူး။ ကျွန်တော်တို့ကတော့ အသုဘကိစ္စနဲ့ ဈေးဝယ်ကြ၊ စားကြသောက်ကြမှာနဲ့ မိုးတော့ချုပ်လောက်တယ်''

ကိုကျော်က ကားခေါင်းထဲ၌ ဘုန်းတော်ကြီးနှင့်အတူ ထိုင်ပြီး သူ၏ရဲဘော်နှစ်ယောက်အား ရိုင်ဖယ်သေနတ်ကြီးများကို ကိုယ်စီကိုင်ခဲ့စေပါသည်။ (၁၀) မိုင်ရွာရောက်တော့လည်း အခြေအနေက ငြိမ်သက်နေပါသည်။ ပြဿနာတစ်ခုဖြစ်ခြင်းမှာ တစ်ဖက်ဖက်ကမှားလို့ပင် ဖြစ်ပါလိမ့်မည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်ုပ်တို့ ကော့သောင်းဆေးရုံရောက်တော့ ဆရာဝန်၊ ဆရာမများနှင့်တွေ့၍ (Death Certificate) ယူသည်။ ပြီးနောက် ဝင်းအောင်အလောင်းအား အဝတ်အစားသစ်လဲပေးပြီး ခေါင်းသွင်းသည်။ ပြီးမှ ဆေးရုံအနောက်ဘက် သင်္ချိုင်းတွင် ကျင်းတူးနေစဉ်အတွင်း အသုဘတရားနာ၊ သရဏဂုံတင်၍ အမျှဝေသည်။

ပြီးမှ ရဲဘက်ဝင်းအောင်အား သွားလိုရာသွားနိုင်ကြောင်း အမိန့်ပြန်တမ်းအားဖတ်ကြားပြီး အခေါင်းထဲထည့်သည်။ မြန်မာ့ရိုးရာထုံးတမ်းစဉ်လာအတိုင်း ကူးတို့ခ၊ ထမင်းထုပ်နှင့် ဆေးလိပ်များကို ထည့်သည်။ ပြီးမှ မြေကျင်းထဲထည့်၍ မြေမြှုပ်သင်္ဂြိုဟ်ခြင်းအမှုကို ပြုပါသည်။

ရဲဘက်အကျဉ်းသားတစ်ဦးဖြစ်သော်လည်း နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရင်း ကွယ်လွန်သူတစ်ဦးအနေဖြင့် ကျွန်ုပ်တို့ လေးစားစွာ ဂုဏ်ပြုခြင်းဖြစ်ပါသည်။ ရက်လည်သည့်နေ့၌လည်း သံဃာတော်များအားပင့်ဖိတ်၍ ရက်လည်ဆွမ်းကျွေး အမျှဝေမည်ဖြစ်ကြောင်းကိုလည်း အသိပေးခဲ့ပါသည်။





ကိစ္စဝိစ္စများပြီးမှ ကျွန်ုပ်တို့ ကော့သောင်းမြို့ထဲဆင်း၍ ဦးကျော်ဆိုင်တွင် ဘုန်းတော်ကြီးအား နေ့ဆွမ်းကပ်၍ ကျွန်ုပ်တို့လည်းစားကြသည်။ ပြီးမှ ဆရာတော်အား ဘုရားပေါ်ပို့၍ ကျွန်ုပ်တို့လည်း စခန်းအတွက် ဈေးဝယ်ရသည်။ ကော့သောင်းမြို့နှင့် စခန်းမှာ (၁၅)မိုင်ခန့်သာဝေးသော်လည်း တောတွင်းစခန်းဖြစ်၍ ကြုံလျှင်ကြုံသလို ဈေးဝယ်ရပါသည်။

ကျွန်ုပ်တို့သာမက ဝန်ထမ်းမိသားစုကလည်း ဈေးဝယ်ကြသည်။ ကိစ္စများပြီးတော့ ညနေစောင်းချေပြီ။ အပြန်လမ်းကတော့ တာဝန်များပြီးဆုံးပြီး ညနေ နေအေးအေးတွင် ကားစီးရသည်မှာ အဆင်ပြေသည်။ ရေတံခွန်စခန်းပြန်ရောက်တော့ စခန်းခွဲတာဝန်ခံကိုကျော်က ဘာစိတ်ကူးပေါက်သည်မသိ ကျွန်ုပ်တို့အား ညစာစားပြီးမှပြန်ရန် ပြောဆိုပြီး ဘီယာတိုက်သည်။

ဝန်ထမ်းများကိုလည်း ထမင်းကျွေးသည်။ ထိုနေ့ညကတော့ ကျွန်ုပ်တို့ ချန်းဖန်းရွာမှ ဘုန်းတော်ကြီးပါ ပင့်လာသဖြင့် Hino Ranger ကားဖြင့်လာကြရာ မိုးချုပ်သော်လည်း လူအင်အားတောင့်သဖြင့် လမ်းခရီးလုံခြုံရေး စိတ်ချရပါသည်။

ပါဆယ်ပါညန်းစခန်းရောက်တော့ ထောင်ပိုင်အားသတင်းပို့ပြီး နှစ်မိုင်သုံးမိုင်ခန့်ဝေးသော ချန်းဖန်းဘုန်းတော်ကြီးကျောင်းသို့ ဆရာတော်အား ပြန်ပို့ရသည်။ ဘာသာခြားဒေသတွင် ချန်းဖန်းဘုန်းတော်ကြီးကျောင်းမှ ဗုဒ္ဓဘာသာဝင်ဘုန်းတော်ကြီးများမှာ သာရေးနာရေးကိစ္စများတွင် လွန်စွာ အားကိုးအားထားရာဖြစ်ပါပေသည်။

ရက်လည်ဆွမ်းကျွေးနေ့တွင်လည်း ကျွန်ုပ်တို့ ပါဆယ်ပါညန်းစခန်းကပင် ကမကထလုပ်၍ ဘုန်းတော်ကြီးငါးပါးအား ပင့်ဖိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းသွတ်တရားနာ၊ ရေစက်ချ အမျှဝေပါသည်။ ရဲဘက်ဝင်းအောင်မှာ အစိမ်းသေဖြစ်သော်လည်း ခြောက်လှန့်ခြင်းကို မကြားရပါ။ သူက ရဲဘက်များထဲ၌ စိတ်ထားကောင်းသူ အလုပ်ကြိုးစားသူတစ်ယောက်လည်း ဖြစ်သည်။

နောက်တစ်ပတ်ခန့်အကြာတွင် ကျွန်ုပ် တပည့်တစ်ဦးကိုပါ ခေါ်၍ ငွေထုတ်ရန် ကော့သောင်းမြို့သို့ ဆိုင်ကယ်ဖြင့် ဆင်းရပြန်သည်။ (၁၀)မိုင်ရွာအထွက်တွင် ကိုကျော်၏ကောင်မကလေးအား အအေးဆိုင် ရောင်းနေသည်ကို တွေ့ရသည်။ ဆိုင်ကယ်သံကြားပြီး အကျႌဦးစီးဌာန ယူနီဖောင်းဝတ်ထားသော ကျွန်ုပ်တို့အား တစ်ချက်လှမ်းကြည့်သည်။

အမျိုးသမီးလေးမှာ ပသျှူးမကလေးဖြစ်သော်လည်း အသားဖြူဝင်း၍ အတော်လှပချောမောသည်။ အသားညိုပြီး ကုလားဖြင့်တူသော ကျွန်ုပ်တို့ဖာတ်လိုက် ကိုကျော်နှင့်တော့ ကျီးကန်းနှင့်ဗျိုင်းလို အတော်ခြားနားပေသည်။ နဖူးစာ ရွာလည်သည်ဟု ဆိုရမည်ဖြစ်ပင် ဖြစ်သည်။ ကိုကျော်နှင့်ရွာသားများ ပြဿနာဖြစ်ထား၍ ကိုကျော်မှာ ခြေငြိမ်နေဟန်တူပါသည်။

ကျွန်ုပ်တို့ ရုံးကိစ္စများနှင့် ဘဏ်ကိစ္စများအားဆောင်ရွက်ပြီး ညနေစောင်းပြန်လာစဉ် ကော့သောင်းမြို့အထွက် (၃)မိုင်ရွာ လွန်းထိုးကွေ့တွင် ကျွန်ုပ်၏ဆိုင်ကယ် ထိန်းနေသည့်ကြားထဲမှ လက်ယာဘက်မြောင်းထဲသို့ ထိုးကျသည်။ ဆိုင်ကယ်မှောက်ခြင်းလည်းမဟုတ်။ တော်ပါသေးသည်။

ခါးစောင်းခန့်နက်သော မြောင်းထဲသို့ ဆိုင်ကယ်တစ်စီးလုံးနှင့် လူပါကျသော်လည်း ဒဏ်ရာအနာတစ်ခုမျှ မဖြစ်ပါ။ ဆိုင်ကယ်မားကတ်များတော့ ကျိုးပဲ့သွားသည်။ သို့သော် ဆိုင်ကယ် ဘာမျှမဖြစ်ပါ။





ကျွန်ုပ်နှင့် တပည့်သံချောင်းတို့ ဆိုင်ကယ်ကို မြောင်းထဲမှ မ,တင်ပြီးစီးရာ အကောင်းအတိုင်းပင်။ မည်သည့်ပရလောကသား နှောင့်ယှက်သည်၊ စ,နောက်သည်မသိပါ။ လွန်းထိုးကွေ့ကျကာမှ လက်ကိုင်ကိုမထိန်းနိုင်ခြင်းမှာ အတော်ထူးဆန်းလှသည်။ လမ်းတစ်လျှောက်လုံး လက်ကိုင်မှာပုံမှန်အတိုင်းပင်။

တပည့်သံချောင်းမှ ...

"ဆရာ ... စောစောက ဘာဖြစ်တာလဲ"

"အေး ... အဲဒါ ငါလည်းမစဉ်းစားတတ်ဘူး။ ဖြစ်ရိုးဖြစ်စဉ်တော့မဟုတ်ဘူး။ အဲဒီနေရာကျမှ လက်ကိုင်ကို မထိန်းနိုင်ပဲဖြစ်တာ တော်သေးတာပေါ့။ အရှိန်နည်းလို့ ဘရိတ်ကလည်း ဖမ်းမရဘူးလေ။ ဟော့ ... အခုတော့လည်း လက်ကိုင်ရော၊ ဘရိတ်ရော ကောင်းနေပြန်တယ်"

"ဆရာ ... ရဲဘက်ဝင်းအောင်များ နှုတ်ဆက်တာလား မသိဘူး"

"အေးကွ ...။ ပရလောကသားတစ်ဦးဦး နှောင့်ယှက်တာတော့ အမှန်ပဲ။ ဒဏ်ရာအနာတစ်ခုမဖြစ်လို့ တော်ပါသေးတယ်။ ဆိုင်ကယ်သာပျက်ရင်တော့ ငါတို့ အပြန်ခက်ပြီ။ မိုးကချုပ်တော့မှာ ချမ်းဖန်းရွာလိုင်းကားလည်း ပြန်တက်သွားလောက်ပြီ"

ကျွန်ုပ်တို့ဆရာတပည့် စကားပြောရင်း အေးအေးလူလူပင် (၃)မိုင် တောင်တက်လမ်းအတိုင်းတက်ပြီး တောင်ကိုပတ်၍ ဘင်္ဂလားပင်လယ်ပြင်ကြီးကို မျှော်ကြည့်မိသည်။ ပင်လယ်ပြင်၏ နေဝင်ဆည်းဆာအလှကိုတောင်ပေါ်ပတ်လမ်းမှ ရှုကြည့်ရသည်မှာ အလွန်သာယာသည်။ နေလုံးနီနီရဲရဲကြီးက ပင်လယ်ရေပြင်ကို မေးတင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သံချောင်းရေ ..."

"ဗျာ ... ဆရာ"

"ဒီနေရာမှာသာ ငါတို့ အစောကလိုဖြစ်သွားရင် သွားပြီပေါ့ကွာ နော်"

"ဟုတ်ပါ့ ဆရာရယ်။ တောင်ပေါ်ချောက်က အနက်ကြီး။ အရိုးတခြား၊ အသားတခြားပဲနေမှာ။ လူတွေလည်း အတော်နဲ့သိကြမှာ မဟုတ်ဘူးနော်"

"ဟုတ်ပါ့ကွာ။ နောက်ပြောင်တတ်တဲ့ ပရလောကသားကိုပဲ ကြဖန်ကျေးဇူးတင်ရဦးမယ်"

ကျွန်ုပ်တို့ ဆိုင်ကယ်ကလေး (၇)မိုင်လေယာဉ်ကွင်းကိုကျော်ပြီး မကြာမီ (၁၀)မိုင်ရွာသို့ ရောက်လာသည်။ ကျွန်ုပ် ဆိုင်ကယ်အား စခန်းအဝင် ရွာလမ်းဘက်သို့ချိုးအကွေ့တွင် ရုတ်တရက် မှောင်မဲသွားသဖြင့် ဆိုင်ကယ်မီးကြီးကို ဖွင့်လိုက်ရသည်။

တောရိပ်တောင်ရိပ်ကြောင့်လည်း ဖြစ်ပါလိမ့်မည်။ မီးရောင်ကြောင့် လက်ဝဲဘက် ပသျှူးမကလေး အအေးဆိုင်အိမ်အောက်ထဝ်၌ နီညိုရောင်ဆိုင်ကယ်တစ်စီးကို တွေ့လိုက်ရသည်။ Super CUB (700) အမျိုးအစား ယိုးဒယားဘီးဖြစ်သည်။

ဌာနဆိုင်ရာဆိုင်ကယ်ဖြစ်၍ ကော့သောင်းတွင် ရှားသည်။ နံပါတ်ကိုလည်း တစ်ချက်ကြည့်ရုံဖြင့် ကျွန်ုပ် မှတ်မိသည်။ ရေတံခွန်စခန်းမှ ကိုကျော်၏ဆိုင်ကယ်ဖြစ်ပေသည်။ အိမ်ကြီးကတော့ တိတ်ဆိတ်မှောင်မဲနေသည်။ ကိုကျော်တစ်ယောက်တည်း လာဟန်တူသည်။ သူနှင့် ပြဿနာဖြစ်ထားသော နယ်မြေသို့ တစ်ယောက်တည်းလာရဲသည်မှာ





လွန်စွာသတ္တိကောင်းပေစွ။ ကိုကျော်အတွက် ကျွန်ုပ် လွန်စွာ ပူပင်မိသည်။

သို့သော် အနေအထားက အေးချမ်းနေသဖြင့် ကျွန်ုပ် ဆိုင်ကယ်ကိုဆက်စီးပြီး တောထဲသို့ဝင်ခဲ့သည်။ ကျွန်ုပ် စခန်းအဝင်တောလမ်း၌ ဆိုင်ကယ်တုန့်သွားသဖြင့် နောက်တွင် ကပ်ထိုင်၍လိုက်လာသော တပည့် သံချောင်းက ...

"ဆရာ ... ဘာတွေ့လို့လဲ"

"ပသျှူးမကလေးအိမ်အောက်မှာ ဆိုင်ကယ်တစ်စီး မမြင်ဘူးလား"

"ကျွန်တော်တော့ အမှတ်တမဲ့ပဲဆရာ။ အဲဒီဆိုင်ကယ်က ဘာဖြစ်လို့လဲ"

"အဲဒါ ရေတံခွန်စခန်းက ကိုကျော့်ဆိုင်ကယ်"

"သူနဲ့ဒီရွာက ပြဿနာဖြစ်ထားတယ်ဆို ဆရာ"

"အေး ... အဲဒါကို ငါလည်းမတွေးတတ်တာ။ သူတစ်ယောက်တည်းလာပုံရတယ်။ အတော်သတ္တိကောင်းတဲ့ ပုဂ္ဂိုလ်ပဲ။ ဒီတစ်ခါ ပြဿနာဖြစ်ရင်တော့ လွယ်မယ်မထင်ဘူး"

ကျွန်ုပ်တို့ တောလမ်းဆုံးတော့ ရေတံခွန်စခန်း ဆီအုန်းစိုက်ခင်းများအတွင်း လမ်းထဲသို့ဝင်လာသည်။ ရေတံခွန်စခန်း တောင်ကုန်းပေါ်က ကိုကျော်၏ရုံးအိမ်ကြီးမှာ မီးများလင်းလက်နေသည်။

ကျွန်ုပ်တို့ စခန်းသို့မဝင်တော့ပဲ ဆက်၍စီးလာရာ ရေတံခွန်ချောက်ကုန်းဆင်းရောက်တော့ အရှိန်လျှော့ပြီး ဂီယာကြီးဖြင့် ယက်ကန်ယက်ကန်ဆင်းရသည်။ ဆိုင်ကယ်ဖင်ရမ်းသွားပါက မတ်စောက်သော ကုန်းဆင်း၌ မှောက်တတ်သောကြောင့်ဖြစ်သည်။

www.burmeseclassic.com



ဤကုန်းဆင်းက မကြာခဏမှောက်တတ်ပြီး အသေအပျောက်လည်း ရှိဖူးသည်။ ထို့ကြောင့် ညမှောင်မှောင်တွင် အလွန်သတိထားရသည်။ လက်ယာဘက်တွင် ရေတံခွန်တောင်ကုန်း၊ လက်ဝဲဘက်၌ ဘင်္ဂလားပင်လယ်ကြီးနှင့် ဆက်နေသည့် နက်ရှိုင်းသော လျှိုကြီးဖြစ်သည်။ လျှိုအတွင်းမှ အပုပ်နံ့က လှိုက်၍တက်နေတတ်သည်။ ညအခါတွင် ပို၍ အနံ့ရတတ်သည်။

သို့သော် ယနေ့ညတော့ အပုပ်နံ့မရ။ ရေမွှေးနံ့တစ်မျိုးကို ရနေသည်။ ကျွန်ုပ် ရင်းနှီးကျွမ်းဝင်သော ရေမွှေးနံ့ဖြစ်သည်။ မှတ်မိပေပြီ။ Shalnal (5) ရေမွှေးနံ့။

ကျွန်ုပ်တို့ခေတ်လိုက်ကြီး ကိုကျော်သုံးနေကျ ရေမွှေးနံ့မျိုး။ ကျွန်ုပ်တွေးရင်း ကျောချမ်းသွားမိသည်။ ကိုကျော်များ တစ်ခုခုဖြစ်ပြီလား။ ကျွန်ုပ်တို့ (၁၀)မိုင်ရွာတွင် မြင်ခဲ့ရသည်ကတော့ အခြေအနေအေးချမ်းသည်။

ကျွန်ုပ် ရေတံခွန်ချောက်အောက်ခြေရောက်မှ ဆိုင်ကယ်ကို တစ်ပတ်ပြန်လှည့်ပြီး ...

"သံချောင်း ... အောက်ဆင်းပြီး ပြန်တက်ခဲ့။ ငါကုန်းပေါ်က စောင့်မယ်"

"ဟုတ်ကဲ့ ဆရာ"

ရေတံခွန်ချောက်ကုန်းဆင်းမှာ မတ်စောက်လှသဖြင့် ဆိုင်ကယ်ကို နှစ်ယောက်စီးပြီး မတက်နိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တစ်ယောက်တည်းစီးခဲ့ပြီး ကုန်းထိပ်ကစောင့်ရသည်။ သရဲကြောက်တတ်သော တပည့်ကျော်သံချောင်းမှာ အူယားဖားယားပြေးတက်လာသည်။





"ဟဲ့ကောင် ... ငါရှိသားပဲ။ ဘာဖြစ်လို့ ကြောက်နေရတာလဲ"

"ဟောဟဲ ... ဟောဟဲ ... ဟဲ ... ဟဲ ... ဆရာစောင့်နေရမှာစိုးလို့ပါ"

သံချောင်း ဆိုင်ကယ်ပေါ်ရောက်သည်နှင့် ကျွန်ုပ် ဆိုင်ကယ်ကို အပြင်းစီးပြီး ရေတံခွန်စခန်းသို့ဝင်သည်။ စခန်းအောက်မှာ မော်တော်ယာဉ်စခန်းနှင့် ဝန်ထမ်းအိမ်ရာ၊ ရဲဘက်ဆူးကြိုးဝင်း၊ တောင်ကုန်းထိပ်မှာမှ စခန်းခွဲတာဝန်ခံ ထောင်မှူးကြီးအိမ်နှင့် ရုံးခန်းဖြစ်သည်။

ကျွန်ုပ်နှင့် တပည့်ကျော်သံချောင်းတို့ ရုံခန်းအောက်ခြေတွင် ဆိုင်ကယ်ရပ်ပြီးသည်နှင့် ရုံးခန်းတောင်ကုန်းပေါ်သို့ လှေခါးထစ်များအတိုင်း အပြေးတက်ကြသည်။ သံချောင်းမှာ ဘုမသိ၊ ဘမသိ ကျွန်ုပ်နောက်မှ အပြေးလိုက်တက်သည်။

တောင်ကုန်းပေါ်သို့ရောက်တော့ ကျွန်ုပ်တို့နှစ်ဦးစလုံး 'ဟောဟဲ ... ဟောဟဲ' နှင့် အမောဆိုက်နေသည်။ ကျွန်ုပ် မနားနိုင်ပါ။ ကိုကျော်နှင့်အတူနေသော ထောင်မှူးဦးစံရကို ခေါ်ရသည်။

"ကိုစံရ ... ကိုစံရ"

"ဟေ ... ဘယ်သူတုံး ခေါ်နေတာ"

အညာသားလေသံဖြင့် ထူးပြီး ထောင်မှူးဦးစံရ ရုံးခန်းအနောက်ဘက်အိပ်ခန်းထဲမှ ဖယောင်းတိုင်ထွန်း၍ ထွက်လာသည်။

"ကိုစံရ ကျွန်တော်ပါဗျ။ ထောင်မှူးကြီးသိန်းဝင်းပါ"

"ဟေ ... သူငယ်ချင်း၊ ဘာကိစ္စအရေးကြီးလို့။ လာ ... လာ ... ရုံခန်းထဲလာ။ ကိုယ် မှန်အိမ်ထွန်းလိုက်ဦးမယ်"

ကျွန်ုပ်တို့ ရုံးခန်းထဲ ဝင်ထိုင်ပြီးနောက် ...

www.burmeseclassic.com



"ကိုစံရ ... ကိုကျော်ရှိသလား"

"မသိဘူး။ ကိုယ်မေးလိုက်ဦးမယ်"

"ထွန်းရေ ... ဟေ့ ထွန်း"

"ဗျာ"

"မင်းဆရာရှိလား"

"မရှိဘူး ဆရာစံ။ ညနေစောင်းကတည်းက ဆိုင်ကယ်နဲ့ထွက်သွားတာ"

"တစ်ယောက်တည်းလား"

"ဟုတ်တယ် ဆရာစံ။ ကျွန်တော့်ကိုနေခဲ့ခိုင်းလို့ နေခဲ့ရတာ။ သူ့မှာ ခြောက်လုံးပြူးသေနတ် ပါသွားပါတယ်"

"ကိုသိန်းဝင်း ... ကိုကျော်ဘာဖြစ်လို့လဲ။ ဘာသံကြားလို့လဲ"

"ဘာသံမှတော့ မကြားပါဘူး။ ဒါပေမဲ့ ကျွန်တော် နိမိတ်ရနေတယ်။ ကိုကျော် တစ်ခုခုဖြစ်နေပြီထင်တယ်။ ကိုကျော့်ဆိုင်ကယ်ကိုတော့ (၁၀)မိုင်ရွာက သူ့ကောင်မကလေးအိမ်အောက်မှာ တွေ့ခဲ့ရတယ်။ အခြေအနေကတော့ ငြိမ်ငြိမ်သက်သက်ပါပဲ"

"အခု ဘယ်နှစ်နာရီရှိပြီလဲ ကိုသိန်းဝင်း"

"ည (၈)နာရီထိုးတော့မယ်။ ကိုကျော်က ခုလိုပဲ ညဘက်မိုးချုပ်တာပဲလား ကိုစံရ"

"ကိုယ်က စောစောအိပ်ရာဝင်တတ်တော့မသိဘူး သူငယ်ချင်း။ ငှက်ဖျားရောဂါကြောက်လို့ ညစာစားပြီးတာနဲ့ ခြင်ထောင်ထဲဝင် စောစောအိပ်ပြီး စောစောထတာပဲ"

ထွန်းဆိုသူက ...

"ဟုတ်ပါတယ် ဆရာ။ ဆရာကျော်က မိုးချုပ်တတ်ပါတယ်"





"ကိုစံရရေ ... ကိုကျော်က မိုးချုပ်တတ်ပေမဲ့ ဒီနေ့ည သူတစ်ယောက်တည်း မဟုတ်လား။ ကျွန်တော့်စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေတယ်။ ခင်ဗျားတို့လိုက်သွားကြရင် ကောင်းမယ်ထင်တယ်"

"လိုက်ဆိုလည်း လိုက်ရတာပေါ့ သူငယ်ချင်းရာ။ ကဲ ... ထွန်း မော်တော်ယာဉ်ကို အမြန်သွား။ ဝန်ထမ်း (၁၀)ယောက် လက်နက်အပြည့်အစုံနဲ့ အရေးပေါ်ကိစ္စရှိတယ်လို့ မောင်းသန်းကားကိုခေါ်ခဲ့။ တာဝန်မှူးကိုပြော။ မြန်မြန်လုပ်"

"ဟုတ်ကဲ့ ဆရာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

"ကျွန်တော်တို့ စောင့်ဆိုင်းနေကြစဉ် (၁၅)မိနစ်အတွင်း ကားသံကြားရသည်။ ကိုစံရကပင်ဦးဆောင်ပြီး လက်နက်များထုတ်ပေးသည်။ ကားထွက်တော့ ကျွန်ုပ်တို့လည်း နောက်ကလိုက်ခဲ့သည်။ ရေတံခွန်ဆီအုန်းခြံနှင့် (၁၀)မိုင်ရွာမှာ မဝေးလှ။ (၁၀) မိနစ်အတွင်းရောက်သည်။

ကျွန်ုပ်ထင်ထားသလိုပင် ရွာထဲ၌ မီးတုတ်မီးတိုင်များနှင့် လူစုစုဝေးဝေးကိုတွေ့ရသည်။ ကျွန်ုပ်တို့ လွန်ခဲ့သောနာရီဝက်ကျော်။ တစ်နာရီခန့်က ဖြတ်သန်းလာခဲ့သော (၁၀)မိုင်ရွာမှာ ပွက်လောရိုက် ဆူညံနေသည်။

ကျွန်ုပ်တို့ကား မီးထိုးဝင်လာသည်နှင့် လူအုပ်စုကြီးက ဘေးရှောင်ပေးသည်။ ကျွန်ုပ်တို့ယဉ်များပေါ်က အသီးသီး ဆင်းလိုက်သည်နှင့် ရပ်ရွာလူကြီးနှင့် မီးသတ်များဝိုင်းလာသည်။ ကျွန်ုပ် ...

"ဘာဖြစ်လို့လဲ ဆရာကြီးတို့။ အကျိုးအကြောင်း ပြောပြပါဦး"

တစ်ယောက်တစ်ခွန်း ဆူညံစွာပြောကြရင်း မြန်မာစကားရှည်လည်သော ရပ်ရွာလူကြီးတစ်ဦးက စကားဝိုင်းထဲဝင်လာပြီး ...

"ဆရာကြီးတို့ ... ချွန်တော်ပြောပါ့မယ်။ ဆရာတို့ဆီက အရာရှိနော် ဒီက ကာလသားတွေနဲ့ရန်ဖြစ်ပြီး တစ်ခါပြန်လာတယ်နော်။ တစ်ခါ





ထပ်ရန်ဖြစ်တယ်။ သေနတ်နဲ့ပစ်တယ်နော်။ ကောင်မကလေးလည်းသေ၊ သူလည်းသေပဲ"

"ဟင် ... ဘယ်လိုဖြစ်တာလဲ။ ခင်ဗျားတို့က သေနတ်နဲ့ပစ်လို့သေတာလား"

"မဟုတ်ဆရာ၊ ကျွန်တော်တို့ မီးသတ်နော်။ သေနတ်မရှိ။ သေသွားတဲ့ဆရာက သေနတ်ယူလာတာ။ ပြီးတော့ သူပဲပစ်တာ။ မိန်းကလေးနော် သေတယ်။ ပြီးတော့ ဆရာလည်း သေတာပဲ"

"ဘယ်လိုသေတာလဲ"

"ဆရာနော် မိန်းကလေးကို သေနက်ငုံခိုင်းပြီး သတ်တယ်။ ဆရာနော် သူ့ဘာသာသူ သေနတ်ငုံပြီးသေတယ်။ တအားဆိုးနော်"

မကြာမီ ကော့သောင်းမြို့မှ ဆရာဝန်နှင့် ရဲခန်းမှူးများအဖွဲ့ ရောက်လာကြသည်။ ကျွန်ုပ်တို့ ဝန်ထမ်းချင်း လူရင်းများဖြစ်ကြသဖြင့် အိမ်အပေါ်ထပ်သို့ တက်ကြည့်ကြသည်။ မိန်းကလေးမှာ နောက်စေ့ပွင့်ပြီး ဘေးတစ်စောင်းလဲကျ သေဆုံးနေသလို ကျွန်ုပ်တို့ဖတ်လိုက်ဆရာကျော်ကတော့ ပက်လက်လန်ပြီး သေနတ်ကိုင်၍ သေဆုံးနေရှာသည်။

ဆရာဝန်နှင့် ရဲအဖွဲ့၏ စစ်ဆေးချက်အရ နှစ်ဦးသဘောတူ (Suicide) လုပ်၍ သတ်သေခြင်းဖြစ်ကြောင်း ထင်မြင်ချက်ပေးကြသည်။ စခန်းမှူးဦးကျော်တင်က ...

"ဦးသိန်းဝင်းရေ ... ဘယ်လိုဖြစ်တာလဲ။ ကျွန်တော်တို့အဖွဲ့ထဲမှာ ကိုကျော်တော့ တစ်ယောက်လျှော့သွားပြီ။ အရင်လကကိစ္စလည်း ကျွန်တော်တို့ ကြားပါတယ်။

ဆရာကျော်ကို အပျော်တမ်းဖဲ ဒေါက်မေ့နေတာ။ သူက

www.burmeseclassic.com



တကယ်ချစ်ရှာတာပဲကိုး။ ဒီလိုမှန်းသိရင် ကျွန်တော်တို့ဝင်ပြီး ကြားခံဆောင်ရွက်ပေးမှာပေါ့ဗျာ။ ဘာလို့သတ်သေစရာ. အကြောင်းရှိမလဲ''

''ကိစ္စက ရိုးဟန်မတူဘူး ဦးကျော်တင့်ရေ။ ဆုံးဖြတ်ချက်မလောပါနဲ့ဦး။ ပြဿနာတော့ ရှိဦးမယ်ထင်တယ်''

''စိတ်ချပါဆရာ။ ကျွန်တော်တို့ အသေအချာစစ်ဆေးမှာပါ။ အခုပဲ ဓာတ်ပုံရိုက်ပြီး သေမှုသေခင်းဖွင့်မယ်။ လက်ဗွေရာယူမယ်။ အင်းစိန် (CID)ကိုပို့မယ်။ သက်ဆိုင်သူတွေကိုလည်း တစ်ဦးချင်း ခေါ်စစ်ပါ့မယ်''

''အေးဗျာ ... အားကိုးပါတယ်။ အမှုမှန်ပေါ်ထွက်ဖို့ အရေးကြီးပါတယ်''

''ဒါနဲ့ ဆရာသိန်းဝင်းတို့လည်း ရပ်ရွာက အကြောင်းကြားလို့လာကြတာလား''

''မဟုတ်ပါဘူးဗျာ။ ကျွန်တော့်ကို ကိုကျော်က နိမိတ်ပြနေလို့ စိုးရိမ်ပြီး ချီတက်လာရတာပါ''

''ဘယ်လိုနိမိတ်လဲ ဆရာ''

ကျွန်တော်ညနေက ကော့သောင်းကပြန်လာတာ သုံးမိုင်လွှန်းတိုးအကွေ့မှာ ဆိုင်ကယ်ကို ဘယ်လိုမှထိန်းမရပဲ ရေမြောင်းထဲကျတယ်။ လူတော့ ဘာမှမဖြစ်ဘူး။

နောက်တစ်ခါ ရေတံခွန်စခန်းကျော်ပြီး ရေတံခွန်ချောက်ကုန်းဆင်းမှာ ရေမွှေးနံ့ရတယ်။ Shalnal -5 ရေမွှေးနံ့ပဲ။ ကိုကျော်သုံးနေကျ ရေမွှေးနံ့ပေါ့။ ဒါကြောင့် ပါဆယ်ပါညနေစခန်းမပြန်တော့ပဲ ဦးစံရတို့ကိုဝင်နှိုးပြီး ချီတက်လာကြတာ''

''ထူးဆန်းလိုက်တာ ဆရာရယ်။ အလွန်အံ့သြစရာပဲနော်။





ကိုကျော်က ဆရာ့ကိုပဲ သတိပေးတာထင်ပါရဲ့''

''ကျွန်တော့်အမြင် ပြောရရင်တော့ ပိုထူးဆန်းလိမ့်မယ်ထင်တယ်။ ကျွန်တော်တို့ သုံးမိုင်လွှန်းတိုးကွေ့မှာ ဆိုင်ကယ်မြောင်းထဲကျတုန်းက ကိုကျော်မသေသေးဘူးဗျ။

(၁၀)မိုင်ရွာကိုအဝင်မှာ သူ့ဆိုင်ကယ်ကို ဒီအိမ်အောက်မှာတွေ့ခဲ့သေးတယ်။ ရပ်ရွာကလည်း ငြိမ်သက်နေတယ်။ ကျွန်တော်တို့ဖြတ်သွားအပြီးမှဖြစ်တာ။ သေချာပါတယ်။ ခင်ဗျားတို့ စစ်ဆေးကြည့်ကြပါဦး''

''လူမှုရေးအပြင် ဘာသာရေးလည်း ပါလိမ့်ဦးမယ်ထင်တယ်။ ဆရာဦးသိန်းရေ ကောင်မလေးက ဘာသာခြား၊ လူမျိုးခြား။ ဒီရွာမှာ အချောဆုံးအလှဆုံး။ ကြိုက်ကြတဲ့လူတွေက တစ်ပုံကြီး။ ကိုကျော်က ကံထတာပါ။ ဒါပေမဲ့ အဲဒီဘာသာခြား လူမျိုးခြားကိစ္စက ပြဿနာဖြစ်ပြီး ကိုကျော့်ဆုံးဖြတ်ချက် လောကြီးသွားဟန်တူပါတယ်''

''အေးဗျာ ... ကံကောင်းရာက ကံဆိုးသွားဟန်တူပါတယ်။ ကျွန်တော်တော့ ကိုကျော့်ကို နမြောတယ်ဗျ။ အရင်က ကျွန်တော်တို့မင်းသားကြီးက အရမ်းစွံတာ။ တစ်ယောက်ပြီးတစ်ယောက်ပဲ။ ဒါပေမဲ့ အလေးအနက်မထားခဲ့ဘူး။ အခုတစ်ယောက်ကျခါမှ ဖြစ်ရလေတယ်''

''ကဲ ... ဆရာသိန်းဝင်းရေ ကျွန်တော့်လူတွေ ဓာတ်ပုံရိုက်ပြီးပြီ။ စစ်ဆေးပြီးပြီ။ သက်သေခံပစ္စည်းတွေတော့ ခဏသိမ်းမယ်။ အလောင်းကိုလည်း ဆရာဝန်ပါလာတော့ သေမှုသေခင်းစစ်ဆေးပြီးပါပြီ။ ဆရာတို့ ဘယ်လိုလုပ်ချင်သလဲ''

''ကော့သောင်းဆေးရုံမှာ စစ်ဆေးရဦးမယ် မဟုတ်လား။ (ပိုစ့် Mortem) လုပ်ဖို့လေ။ ကျွန်တော့်ဆန္ဒကတော့ ဆေးရုံမှာ သုံးရက်



www.burmeseclassic.com

www.burmeseclassic.com



လောက်ထားပြီး ကိုကျော့်မိဘတွေကိုလည်း အကြောင်းကြားရဦးမယ်လေ။

နောက်တစ်ခုက ကိုကျော်တင့်ကို မေတ္တာရပ်ခံချင်တာကတော့ ကော့သောင်းသင်္ချိုင်းမှာ ကိုကျော်နဲ့သူ့ချစ်သူကို အတူတွဲပြီး အုတ်ဂူကလေးလုပ်ပေးချင်တယ်ဗျာ။ လူမျိုးဘာသာမတူတော့ တစ်ဖက်က သဘောတူအောင် ညှိပေးစေလိုပါတယ်။ ဒီဘဝမှာမပေါင်းဆုံကြရပေမဲ့ ဝိညာဉ်ချင်းနီးစပ်အောင် ကျွန်တော်လုပ်ပေးချင်လို့ပါ''

''ကျွန်တော်ကြိုးစားပါ့မယ် ဆရာသိန်းဝင်း။ Police case ဆိုတော့ မိန်းကလေးအလောင်းကို ရွာမှာပြန်မပေးခဲ့ပဲ ကျွန်တော်တို့ သယ်သွားလို့ရပါတယ်။ ဆေးရုံကျတော့လည်း ဆရာဝန်နဲ့တိုင်ပင်ပြီး ကြည့်လုပ်ကြတာပေါ့။ ဒီရွာက ရပ်ကွက်လူကြီးတွေကို ကျွန်တော်ပိုင်ပါတယ်''

ဆရာဝန်နှင့်ရဲများ စစ်ဆေးပြီးတော့ အလောင်းများသယ်ရန် ဆေးရုံကားက မရှိ၊ ရဲစခန်းမှူးကားကလည်း ဂျစ်ကား။ ထို့ကြောင့် ကျွန်ုပ်တို့၏ Hino Ranger ကားဖြင့် သယ်ဆောင်ရန် စီစဉ်ရသည်။ အမျိုးသမီးလေး၏ မိဘများဘက်ကလည်း ကောင်းရှာပါသည်။ ကားပေါ်သို့ခင်းရန် ပလတ်စတစ်ကော်ဖော့များနှင့် ခြုံရန် စောင်အသစ်များကို ထုတ်ပေးရှာသည်။

ကျွန်ုပ်လည်း မပြန်နိုင်တော့။ Ranger ကားနောက်က ဆိုင်ကယ်ဖြင့် လိုက်ရပြန်သည်။ ဆိုင်ကယ်မီးကောင်း၍သာ တော်တော့သည်။ ကော့သောင်းမြို့ဆေးရုံကြီး၌ အလောင်းများ[illegible]ပြီး စခန်းမှူးဦးကျော်တင့်တို့အဖွဲ့က ကျွန်ုပ်တို့အား ညစာကျွေးရင်း ဆွေးနွေးညှိနှိုင်းကြသည်။

(၁၀)မိုင်ရွာမှ ကာယကံရှင်နှင့် မိဘများလည်းပါသဖြင့် နောက်





ဆုံး စခန်းမှူးဦးကျော်တင့်နှင့် ကျွန်ုပ်တို့အလိုအတိုင်း ကော့သောင်းသင်္ချိုင်း၌ မြှုပ်နှံရန် သဘောတူကြသည်။

သူတို့ဘာသာခြား ဓလေ့ထုံးစံအရ နေ့ချင်းညချင်း သင်္ဂြိုဟ်ရမည်ဖြစ်သော်လည်း ကျွန်ုပ်တို့က Police Case ကို အကြောင်းပြပြီး ဆရာဝန်ကြီးနှင့်တိုင်ပင်၍ သုံးလေးရက်ထားရန် ညှိနှိုင်း၍ရသည်။

ကိစ္စများပြီးဆုံး၍ ကျွန်ုပ်တို့ ပြန်ရန်ပြင်ဆင်နေကြစဉ် မိုးချုပ်ပြီဖြစ်သဖြင့် ကျွန်ုပ်အားစိတ်ပူပြီး လိုက်လာကြသော ပါဆယ်ပါညွှန်းစခန်းမှ ထောင်မှူးဦးမြင့်ဦးနှင့် လက်နက်ကိုင်အဖွဲ့ Ranger ကားတစ်စီးဖြင့် ရောက်လာကြပြန်သည်။

''ကိုသိန်းဝင်းရေ . . . ခင်ဗျားတို့ တစ်ခုခုဖြစ်တယ်ထင်ပြီး ထောင်ပိုင်ကစိတ်ပူလို့ ကျွန်တော်တို့ကိုလွှတ်လိုက်တာ။ (၁၀)မိုင်ရွာရောက်မှ အကျိုးအကြောင်းသိရတော့တာပဲ။ ကိုကျော်ဗျာ . . . မိုက်လိုက်တာ ကမ်းကုန်ပါပဲ''

''သူ့ကုသိုလ်ကံနဲ့သူပေါ့ ကိုမြင့်ဦးရယ်။ ကျွန်တော်တို့ကတော့ အပေါင်းအသင်းမိတ်ဆွေ၊ ဝန်ထမ်းချင်း အစအဆုံး ကူညီပေးရမှာပေါ့။ စိတ်တော့ အတော်မကောင်းဖြစ်မိတယ်ဗျာ''

ကျွန်ုပ်က ဆိုင်ကယ်ရေမြောင်းထဲကျခြင်း၊ ရေတံခွန်ချောက်တွင် ရေမွှေးနံ့ရသဖြင့်စိတ်ထဲ၌ မသိုးမသန့်ဖြစ်ပြီး ဦးစံရတို့ကိုခေါ်၍ (၁၀)မိုင်ရွာသို့ လာခဲ့ရပုံများကိုပြောပြရာ ထောင်မှူးဦးမြင့်ဦး တင်မကစခန်းမှူးဦးကျော်တင့်တို့အဖွဲ့လည်း အလွန်အံ့သြကြသည်။ သေဆုံးသောမည့်သူတစ်ဦး၏ ဝိညာဉ် လှည့်ပတ်သွားလာ အစွဲအလမ်းကြီးပုံများကိုလည်း သူတို့ လက်တွေ့ယုံကြည်သွားကြတော့သည်။

အပြန်တွင် အလွန်စိတ်လက် ပင်ပန်းနေပြီဖြစ်သော ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်မစီးနိုင်တော့။ ပါဆယ်ပါညွန်းစခန်းမှ Ranger ကားပေါ်သို့ ဆိုင်ကယ်တင်ပြီး ကားစီး၍ ပြန်ခဲ့ရတော့သည်။

နောက်သုံးရက်အကြာတွင် ကိုကျော်၏မိဘများ၊ ဌာနဆိုင်ရာ လူကြီးများ လေယာဉ်ဖြင့် ရောက်လာကြ၍ အသုဘကိုချရသည်။ မိန်းကလေးရှင်ဘက်ကလည်း သူတို့ဘာသာအရ အခမ်းအနားလုပ်ပြီး အသုဘချသည်။

ကျွန်ုပ်တို့၏ ကြိုတင်ညှိနှိုင်းချက်အရ အုတ်ဂူများကိုလည်း အတူယှဉ်တွဲ၍ ဆောက်လုပ်ခွင့်ရသည်။ ဆရာဝန်၏ Post Mortem ရင်ခွဲစစ်ဆေးချက်အရ အမျိုးသမီးတွင် ကိုယ်ဝန်(၄)လရှိနေကြောင်း သိရသည်။ ထို့ကြောင့်လည်း ရပ်ရွာနှင့်အဆင်မပြေသောကိုကျော်၊ ချစ်သူကို စည်းရုံးသိမ်းသွင်း၍ ထွက်ပေါက်ရှာသွားခြင်း ဖြစ်ပေလိမ့်မည်ဟု ကျွန်ုပ် ထင်မြင်ယူဆပါသတည်း။

✿ ✿ ✿

# အခန်း [၆]

❏

၁၉၈၅ ခုနှစ်တွင် ကော့သောင်းမြို့နယ်၊ ပါဆယ်ပါညွန်း ဆီအုန်းစိုက်ပျိုးရေးစခန်းမှ အောက်ချိုင့် ဆီအုန်းစိုက်ပျိုးရေးစခန်းသို့ ခြံတာဝန်ခံအဖြစ် ကျွန်ုပ် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရသည်။

ယခင်စခန်းတာဝန်ခံမှာ ဒုတိယထောင်ပိုင်ကြီး ဦးကိုကိုလတ် ဖြစ်သည်။ ပျိုးခင်းအပင်ဖောက်စခန်းဖြစ်၍ ယာယီစခန်းသာဖြစ်ရာ ဝန်ထမ်းနှင့် ရဲဘက်များ နေထိုင်ရာ အိမ်အားလုံးအား ဝါး၊ ဓနိတို့ဖြင့်သာ ယာယီအဆောက်ဦးများအဖြစ် ဆောက်လုပ်အသုံးပြုကြသည်။

ကျွန်ုပ်အား လွှဲပြောင်းတော့ ပျိုးပင်ဖောက် ယာယီစခန်းအဖြစ် မဟုတ်တော့။ အမြဲတမ်းစခန်းကြီးဖြစ်ပြီး စက်မှု (၁) ဆီအုန်းကြိတ်

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စက်ရုံပါ ဆောက်လုပ်မည်ဖြစ်သဖြင့် အခိုင်အမာစခန်းအဖြစ် ဆောက်လုပ်ရတော့မည်ဖြစ်သည်။ တောတွင်းစခန်းဖြစ်၍ ဘတ်ဂျက်လည်း ချပေးမည်မဟုတ်ပေ။ မိမိအစီအစဉ်ဖြင့်သာ ဆောက်လုပ်ရမည့်သဘော ဖြစ်သည်။

စခန်းမှာ အတော်ပျက်စီး ယိုယွင်းနေသည်။ ရုံးခန်းနှင့် ရုံးဝန်ထမ်းအရာရှိများနေကြသော တဲကြီးက ယိုင်နဲ့နေ၍ ကျားကန်ထားရသည်။ ရိက္ခာဂိုဒေါင်များက အကာနှင့်အမိုးက မလုံသည့်အပြင် အခင်းက ပြိုပျက်နေသည်။

ရဲဘက်ဘားတိုက်များက ဝါးကြမ်းခင်း၊ ဓနိမိုး ဓနိကာ၊ ဆူးကြိုးဝင်းတိုင်များက လျှော့ရဲရဲ။ ဝန်ထမ်းဘားတိုက်ကတော့ ကြမ်းခင်းသာကောင်းမွန်ပြီး အမိုးအကာက အပေါက်အပြဲဆိုရလျှင်တော့ စခန်းတစ်ခုလုံး မြေလှန်၍ အကုန်ပြုပြင်ရမည်ဖြစ်သည်။

အချိန်ကုန်မည်၊ ငွေကုန်မည်၊ လူအင်အား သုံးစွဲရမည်။ စခန်းသစ်ရောက်စ ကျွန်ုပ်စခန်းတာဝန်ခံမှာ တောတွင်းစခန်းဖြစ်၍ ဘာဝင်ငွေမှမရှိ။ မပြုပြင်၍လည်း မဖြစ်။ ကျွန်ုပ်က ဖြစ်သလိုမနေတတ်။ သပ်ရပ်သန့်ရှင်းမှုကို ကြိုက်သော ကျွန်ုပ် စခန်းတာဝန်ခံအသစ်ကို စခန်းဟောင်းက စိန်ခေါ်နေပြီဖြစ်သည်။

မိုးကလည်း ကျတော့မည်ဖြစ်သည်။ ကော့သောင်းဒေသမိုးမှာ ရန်ကုန်မိုးလိုမဟုတ်။ ခဏဖြင့် ရွာပြီးမရပ်။ တစ်ခါရွာလျှင် (၃)(၄) ရက် ဈွေနေတတ်သည်။ အေးတော့မအေး ပူအိုက်စွတ်စိုသော ဒေသဖြစ်သည်။

ကျွန်ုပ်ရောက်စက ယိုင်နဲ့နေသည့် ရုံးခန်းတဲကြီး၏ အခန်းတစ်ခန်းတွင် နေရသည်။ တံခါးမရှိ၊ ဟာလာဟင်းလင်းပင်၊ ထိုတွင်





အခြေစိုက်၍ ပထမဦးစွာ ဆီအုန်းစိုက်ခင်းကြီး (၇) ခင်းကို အဖွဲ့ဖြင့် ဆီအုန်းပင်များအား ရေတွက်ရသည်။ ဆီအုန်းပင်များမှာ သူ့သက်တမ်းနှင့်သူဖြစ်၍ အချို့က (၃) နှစ်ခန့်ရှိပြီဖြစ်၍ စတင်သီးပွင့်နေကြပြီဖြစ်သည်။

အချို့က မြေချစိုက်ပြီးစအရွယ်၊ အချို့က ပင်စည်ထွက်စအရွယ်၊ အရွယ်မျိုးစုံ စုံလင်လှသည်။ တောကောင်များဖျက်ဆီး၍ အစားထိုးစိုက်ပျိုးထားသော အပင်လည်း ရှိသေးသည်။ ပေါင်းမြက်မနိုင်သဖြင့် အချို့နေရာများတွင် ဆီအုန်းခင်းကို မမြင်ရ။ ပေါင်းမြက်များက ဖုံးလွှမ်းအုပ်မိုးနေသည်။

ဆီအုန်းပင်များကို အပြောင်းအလဲအတွက် ရေတွက်တော့ အတော်ဒုက္ခရောက်သည်။ ယခင်တာဝန်ခံမှာ ဆီအုန်းမျိုးဖောက် ဖြန့်ဝေခြင်းကိုသာ ဦးစားပေးခဲ့ပြီး မိမိခြံအတွင်း စိုက်ပျိုးထားသော ဆီအုန်းပင်များအား လှည့်မကြည့်သည့်သဘောပင်။

ဆီအုန်းစိုက်ကေ (၁၀၀၀) ကျော်အတွင်း (၁၀')ခြား အတန်းလိုက် စိုက်ပျိုးထားခြင်းဖြစ်သော်လည်း အချို့အတန်းများ ပျောက်နေသည်။ စစ်ဆေးခြင်းအမှုပြီးတော့ ဆီအုန်းပင်ပေါင်း ထောင်နှင့်ချီ၍ လိုနေပေသည်။

ထိုအချိန်တွင် စခန်းတာဝန်ခံဟောင်းက စိုက်ပျိုးခင်းအား လက်ညှိုးထိုးပြသည်။ ဖာထေးစိုက်ပျိုးရန်ဖြစ်သည်။ ဖာထေးစိုက်ပျိုးလျှင် အပင်အရေအတွက်တော့ ပြည့်မီမည်ဖြစ်သော်လည်း အပင်အရွယ်အစားမညီ၍ အသီးထွက်ညံ့ဖျင်းမည်ဖြစ်သည်။

ဆီအုန်းပင်မှာ လိင်စုံပင်ဖြစ်သည်။ တစ်ပင်တည်းတွင် အဖိုနှင့်အမ ပန်းပွားဆိုင်ထွက်ပြီး ဝတ်မှုန်ကူး၍ သီးခိုင်အောင်မြင်ဖြစ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ စိုက်ပျိုးပြီး သက်တမ်း (၃) နှစ်ပြည့်သည်နှင့် အသီးစတင်သီးသည်။ ခနဲသီးဖြင့် အလွန်တူသည်။ အခွံကို ကြိတ်ခြင်းဖြင့် စားအုန်းဆီရသည်။ သက်တမ်း (၅) နှစ်ပြည့်မှ တန်းဝင်စံချိန်မီ ခူးဆွတ်နိုင်သည်။

စခန်းကို လွှဲပြောင်းလက်ခံပြီး စခန်းတာဝန်ခံ အဟောင်းများပြောင်းသွားချိန်တွင် ပြဿနာတစ်ခုက ပေါ်လာပြန်သည်။ စခန်းဝန်ထမ်းရဲဘက်ကျွေးမွေးရန် တောင်ယာတာဝန်ခံကို တပ်ကြပ်ဦးအေးမောင်အား ခန့်ထားလုပ်ကိုင်စေရာ ယခင်တောင်ယာဟောင်းတွင်ရှိသော နှစ်ရှည်သရက်ပင်၊ ပိန္နဲပင်၊ ဒူးရင်းပင်၊ ဒညင်းပင်ကြီးများအား ယခင်စခန်းတာဝန်ခံဟောင်းက သင်းသတ်သွားခြင်းဖြစ်သည်။ ပင်စည်အား အောက်ခြေမှ ဝိုင်း၍ ပင်စည်ခေါက်များကို ခွာသွားခြင်းဖြစ်သည်။ မစားရတော့မည့်အမဲ သဲနှင့်ပက်သွားခြင်းဖြစ်သည်။

သို့သော် ကျွန်ုပ်က ပျားဂေဟာ စိုက်ပျိုးမွေးမြူရေးကေဒါဆင်းတစ်ယောက်ဖြစ်သည်။ သင်းသတ်သွားသော ပင်စည်များအား ရွှံ့ဖြင့် မံသည်။ အပင်ရင်းကိုလည်း မနက်ညာ ရေလောင်းပေးစေသည်။ ထို့ကြောင့် (၁)လခန့်အကြာတွင် ပင်စည် ကျိုးပေါင်းပြန်တက်ပြီး ပင်များတွင် ရွက်သစ်များ ထွက်လာသည်။ ပြန်လည်ရှင်သန်ခြင်း သဂေါ်တဖြစ်သည်။

ကျွန်ုပ်တွင် ရှေ့တန်းရော နောက်တန်းပါ အလုပ်များက တန်းစီနေသည်။ ဆီအုန်းခင်းများအတွင်း မိုးမကျမီ ပေါင်းမြက်များ အပြောင်ရှင်းရသည်။ မရှင်းနိုင်ပါက မိုးတွင်း၌ ပေါင်းမြက်များကို မနိုင်တော့ဘဲ ပေါင်းမြက်များက ဆီအုန်းပင်များအား ဖုံးအုပ်သွားမည်ဖြစ်သည်။

ထိုအခါတွင် ပေါင်းမြက်များအတွင်း တောဝက်များ၊ မြွေကြွက်ကြီးများ၊ ဖြူကောင်များက အသိုက်အအုံဖွဲ့၍ ဆီအုန်းပင်ခေါင်းများအား စားသောက်ကြပေလိမ့်မည်။ ဆီအုန်းပင်များ လျော့နည်းပါကစခန်းတာဝန်ခံအား (P.E) (D.E) လုပ်၍ အရေးယူခံရနိုင်လေသည်။

ထို့ကြောင့်လည်း ဖျက်ဆီးတတ်သည့် တောကောင်များကို နှိမ်နင်းရန် ကျည်ဆန်အသုံးပြုခွင့် ပေးထားသလို ညပိုင်းတောကောင်များကြောက်လန့်စေရန် အမြောက်ပစ်ဖောက် ခြောက်လှန့်ရန်အတွက်လည်း ဓာတ်ဆီကို အသုံးပြုရန် ထုတ်ပေးထားသေးသည်။

ကျွန်ုပ် မိုးမကျမီ ရှေ့တန်းနှင့် နောက်တန်း အလုပ်ကိစ္စများအတွက် ရဲဘက်အင်အား ထပ်တောင်းရသည်။ (၂၀၀) ရသဖြင့် စခန်းလက်ကျန်အင်အားဖြင့် (၄၀၀) ဖြစ်သွားသည်။ ရှေ့တန်းတွင် လုပ်ငန်းပေါင်းရှင်းရန် (၃၀၀) ယောက်ထား၍ ရဲဘက်တပ်ခွဲမှူး မောင်ဝင်းနှင့်တပ်ကြပ်ကြီး စောထွန်းအောင်တို့အား ရှေ့တန်းတပ်ခွဲကို ကြီးကြပ်အုပ်ချုပ်စေသည်။

ပေါင်းရှင်းရန် ရိုးရိုးကိုင်းခုတ်ဓားအစား၊ ပသျှူးဓားကောက်ကို လက်ကိုင်ရိုးရှည်တပ်ပြီး တပ်ဆင်ပေးလိုက်သည်။ ထို့ကြောင့် တစ်ဧကစိုက်ခင်းကို ယခင်က ရဲဘက် (၄) ဦး၊ မနက်မှ မွန်းတည့်အထိ ရှင်းရသော်လည်း ယခုတော့ ရဲဘက် (၂) ဦးတည်းဖြင့် တစ်မနက် (၂) ဧကရှင်းလင်းနိုင်ပေသည်။

ရှေ့ပိုင်းစိတ်ချရတော့ နောက်ပိုင်းအဆောက်အဦများ ပြင်ရန် ရဲဘက်လက်သမားဘုတ်ကို ရွေးချယ်ရပြန်သည်။ ယောက်ျားသားများဖြစ်ကြ၍ လက်သမားကိစ္စက အနည်းနှင့်အများ ယောက်ျားတိုင်းတတ်ကြပေသည်။ နောက်ပိုင်း တပ်ကြပ်ကြီး ဦးထွန်းမောင်က ယွှာရာနယ်သား၊ လက်သမားများကို ရွေးပေးသည်။ စစ်တပ်ထွက် ရဲဘက်







www.burmeseclassic.com

www.burmeseclassic.com



နောက်တန်း တပ်ခွဲမှူးဦးစိုးမြင့်က လက်သမားခေါင်းဆောင်ဖြစ်သည်။

လိုအပ်သော သစ်များကို ရိုးမအခြေတွင် လွှစင်ထောင်ထားသော ထားဝယ်သားများထံမှ ဆွဲလွှဲငှား၍ ကျွမ်းကျင်သူများနှင့် ဆွဲစေသည်။ ထို့ကြောင့် လိုအပ်သော သစ်သားဆိုဒ်မျိုးစုံကို ရသည်။ ရဲဘက်ဘားတိုက်များကို ပျဉ်ပြားခင်း၍ အရင်ပြင်သည်။ ထို့နောက် ကျွန်ုပ်နေထိုင်ရန် ရုံးခန်းနှစ်ထပ်အိမ်ကြီး၊ ပြီးနောက် အရာရှိအိမ်ရာနှင့် ဝန်ထမ်းဘားတိုက်များဖြစ်သည်။

မိုးဦးကျတော့ ကျွန်ုပ်၏စခန်းမှာ လုံခြုံသန့်ရှင်းသွားသည်။ စခန်းကုန်းပေါ်မှ ကြည့်လျှင် ဆီအုန်းပင်တန်းများမှာ (၁၀') စီ အကွာအဝေးဖြင့် ရှင်းလင်းသပ်ရပ် လှပနေသည်။ စခန်းကလည်း သန့်ရှင်းသပ်ရပ်တော့ ညှိသည်မှန်သမျှ ကျွန်ုပ်၏စခန်းအား သဘောကျပြီး ချီးကျူးစကား ပြောကြသဖြင့် ကျွန်ုပ်တို့ ဂုဏ်ယူရပါသည်။

✿ ✿ ✿

❑

ပေါင်းမြက်ရှင်းသွားတော့ စခန်းအတွင်း ခြင်ကိုက်သက်သာလာသဖြင့် အဖျားအနာ လျော့နည်းသွားသည်။ ထို့ကြောင့် စခန်းဝင်းအတွင်း ဘောလီဘောကွင်းလုပ်ပေးပြီး ပိုက်နှင့် ဘောလုံးပါ ဝယ်ပေးလိုက်သည်။ အရာရှိ၊ ဝန်ထမ်း၊ ရဲဘက် ညနေတိုင်း ကစားကြသည်၊

အုပ်ချုပ်သူက စည်းကမ်းနှင့် စေတနာထားတော့ အုပ်ချုပ်ခံဝန်ထမ်းနှင့် ရဲဘက်များလည်း စည်းကမ်းရှိကြပါသည်။ စခန်းဝင်း ရဲဘက်ဆူးကြိုးအတွင်းနှင့် ဈေးဆိုင်များအနီးတွင် အမှိုက်တစ်ပင်မျှမရှိ၊ နေ့စဉ်ညမနက် လှဲကျင်းနေ၍ စခန်းဝင်းမြေတလင်းမှာ ပြောင်ရှင်းနေသည်၊ သပ်ယပ်သော စခန်းနှင့် နောက်ခံဆီအုန်းခင်း တနင်္သာရီရိုးမ တောင်တန်းစိမ်းညို့ညို့ကြီးတို့မှာ အလွန် လိုက်ဖက်လှသည်။

ထို့ပြင် ကျွန်ုပ်တို့စခန်းမှ အရာရှိ ဝန်ထမ်းရဲဘက်များမှာ စိတ်ထားညီကြသည်။ အလှူအတန်းကိစ္စ၊ နေ့ကြီးရက်ကြီးများတွင် စုပေါင်းပြုလုပ်ကြသော ဘာသာရေးကိစ္စ အလှူမှန်သမျှ စိတ်အားထက်သန်စွာ ပါဝင်ကြသည်။ ချုန်းဖန်းရွာကြီးမှာ ကျွန်ုပ်တို့စခန်းနှင့် တစ်မိုင်ကျော်ခန့်သာ ဝေးသည်။ ထိုရွာကြီးတွင် တစ်ကျောင်းတည်းသော မြန်မာဘုန်းတော်ကြီးကျောင်း ရှိသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချန်းဖန်းရွာမှာ ရေလုပ်ငန်း၊ အရောင်းအဝယ် ကြီးစွာလုပ်သော ရွာဖြစ်၍ ပသျှူးလူမျိုးများသာမက မြန်မာနှင့် ထားဝယ်သား (မွန်လူမျိုး) များလည်း နေထိုင်ကြသည်။ ထို့ကြောင့် မြန်မာဘုန်းတော်ကြီးကျောင်းရှိသဖြင့် ကျွန်ုပ်တို့စခန်းများအတွက် အဆင်ပြေသည်။

မြန်မာ့ဓလေ့ထုံးစံအရ သာရေးနာရေးကိစ္စများတွင် ရဟန်းသံဃာတော်များ မရှိမဖြစ် လိုအပ်လှပေသည်။ ဆရာတော် ရဟန်းများ စခန်းတွင်းသို့ မကြာခဏ ကြွလာကြသဖြင့် စခန်းရှိ ဝန်ထမ်းနှင့် ရဲဘက်များ စိတ်ဓာတ်ခွန်အား တိုးတက်လာပြီး အဖျားအနာများ လျော့နည်းလာသည်။ ကိုးကွယ်ယုံကြည်မှုဆိုသည်မှာ စိတ်ဓာတ်ခွန်အားပင် ဖြစ်ပါသည်။

ကျွန်ုပ် စခန်းတောင်ယာကို ယခင်က တစ်ကေခန့်သာရှိရာမှ ယခု (၅) ကေခန့်အထိ ချဲ့ထွင်ထားပြီး နှစ်ရှည်သီးနှံအပြင် ရာသီပေါ်သီးနှံ ချဥ်ပေါင်၊ ရေပ်၊ ဘူးသီး၊ ခဝဲသီးများအပြင် မုန်ညင်းမုန်လာ၊ ပန်းဂေါ်ဖီများကိုပင် မျိုးစေ့ဝယ်ယူ၍ စိုက်ပျိုးထားရာ အလွန်အောင်မြင်သည်။

ကျွန်ုပ်တို့စခန်းရှိ ဝန်ထမ်းများနှင့် ရဲဘက်များစားသုံးရာ ပ်လျှံနေသဖြင့် အောက်ချိုင့်ဆေးရုံရှိ လူနာများအတွက်ပင် စားသုံးရန် လှူဒါန်းနိုင်ပါသေးသည်။ ကျွန်ုပ် ရွေးချယ်ခန့်ထားသော တပ်ကြပ်ဦးအေးမောင်မှာ ရှမ်းလူမျိုးဖြစ်ပြီး အင်းစိန်ထောင်တွင် တာဝန်ကျစဥ်ကတည်းက တောင်ယာများကို အုပ်ချုပ်သူဖြစ်သည်။ ထို့ကြောင့် တောင်ယာစိုက်ခင်းများမှာ အလွန်အောင်မြင်ပါသည်။

ယခင်စခန်းတာဝန်ခံ ထောင်ပိုင်ဟောင်းက သင်းသတ်သွားသော ပိန္နဲ၊ ဒူးရင်း၊ တည်းနှင့် သရက်ပင်များမှာလည်း ခြောက်၍မသေဘဲ ပိုမိုအောင်မြင် သီးပွင့်လာသဖြင့် စခန်းတစ်ခုလုံး ဝဝလင်လင် စားကြရသည်။ တောင်ယာနေရာမှာ ချောင်းမြောင်းပေါ်၍ စိုစွတ်သည့်နေရာဖြစ်သဖြင့် ချောင်းကမ်းပါးတွင် စိုက်ပျိုးထားသော ရေကြို့က်သည့် ဘူးပင်များမှာ လွန်စွာ အောင်မြင်ပြီး အသီးကြီးသည်။



ပြောင်းဖူးပင်၊ ငှက်ပျောပင်များကလည်း သီးပွင့်ဝေဆာနေသည်။ ကျွန်ုပ် အောက်ချိုင့်ခြံစခန်းတွင် တစ်နှစ်ခွဲခန့် တာဝန်ထမ်းဆောင်ခဲ့စဥ်အတွင်း လွန်စွာ စိတ်ချမ်းသာခဲ့ရသည်။

ကျွန်ုပ်တို့တာဝန်မှာ တာဝန်အရ စခန်းထွက်ရလျှင် ထုံးစံအတိုင်း (၂) နှစ်တာဝန်သာဖြစ်သည်။ (၂) နှစ်ပြည့်လျှင် မိခင်အကျဥ်းထောင် (Mother Unit) သို့ ပြန်လည်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရသည်မှာ အစဥ်အလာဖြစ်ပေသည်။ နေချင်တိုင်းလည်း ဆက်မနေရ၊ ပြောင်းချင်တိုင်းလည်း နှစ်မစေ့သေးဘဲ ပြောင်းမရနိုင်သည်မှာ ကျွန်ုပ်တို့ ယူနီဖောင်းဝတ်များ၏ တာဝန်ဖြစ်ပေသည်။ အမိန့်ကို နာခံတာဝ်ခြင်းမှာ ကျွန်ုပ်တို့၏ အလုပ်ဖြစ်ပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်ုပ် အောက်ချိုင့်ဆီအုန်းခြံတွင် တာဝန်ထမ်းဆောင်ခြင်း (၂) နှစ်ပြည့်တော့ ပြည်မသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်စာ ရောက်လာသည်။ စပ်ကူးမတ်ကူးကာလ အလုပ်လွှဲအပ်စဉ် (Joining Time) ကို တစ်လပေးထားပါသည်။ ကျွန်ုပ် ဦး–ရေး–ထောက် တာဝန်များ ကို နောင်ရောက်လာမည့် တာဝန်ခံအား လွှဲပြောင်း၊ လက်ခံ ပြုလုပ် ရန် စာရင်းကောက်၍ စီစဉ်ရပါတော့သည်။

ဝမ်းသာစရာကောင်းသည်မှာ ကျွန်ုပ်၏ စခန်းတာဝန်များအား လွှဲပြောင်းလက်ခံမည့်သူမှာ ကျွန်ုပ်တို့ သင်တန်းဆင်း သူငယ်ချင်း ထောင်မှူးကြီး ဦးကျော်ကျော်လွင် ဖြစ်ပေသည်။ ကျွန်ုပ် ဦးကျော်ကျော် လွင်အား လှိုက်လှဲစွာ ကြိုဆိုဖြစ်သည်။ သူကလည်း ကျွန်ုပ်၏စခန်း အား လွန်စွာ သဘောကျ နှစ်မြိုက်နေသည်။

"ကိုသိန်းဝင်းရေ ... ခင်ဗျားစခန်းက အလွန်သာယာပြီး သပ်ရပ်သန့်ရှင်းတယ်။ အဆောက်အဦတွေက အလွန်ကောင်းတယ်။ ဆောက်လုပ်ဖို့ ဘက်ဂျက်ချပေးသလား"

"နီး ... နီး ... သူငယ်ချင်း၊ ဘယ်ဘက်ဂျက်မှ ချမပေး ဘူး။ ကိုယ့်ဟာကိုယ် မနေတတ်လို့ ကြံဖန်ဆောက်ထားတာ။ ကိုယ်က လည်း သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်းကြိုက်တာ မောင်ရင်အသိဘဲ"



"ကျေးဇူးပဲ ... သူငယ်ချင်း။ ကိုယ်သာဆိုရင် အမှန်အတိုင်း ဝန်ခံရရင် ဒီလောက် အပင်ပန်းမခံနိုင်ဘူး။ အကုန်အကျလည်း မခံ နိုင်ဘူး။ (၂) နှစ်ပဲ နေရမှာ ဖြစ်သလိုနေမှာပဲ"

"မဟုတ်သေးဘူးလေ ... ကိုကျော်လွင်ရဲ့။ စခန်းသန့်ရှင်း သပ်ရပ်တော့ ဂုဏ်ရှိတာပေါ့။ ကျန်းမာရေးလည်းကောင်းတော့ လုပ်ငန်း လည်း အောင်မြင်တာပေါ့။ စခန်းကိုရောက်လာတဲ့ ဧည့်သည်တိုင်း စခန်း ကို သဘောကျချီးမွမ်းရင် ဘယ်လောက် ပီတိဖြစ်စရာ ကောင်းသလဲ။ အဲဒါဟာ အမြတ်တရားပဲ"

"ကောင်းပါတယ် ... ကိုသိန်းဝင်းရာ၊ ကျွန်တော် မလုပ်နိုင် တာကိုဘဲ ပြောတာပါ။ အခု ကိုသိန်းဝင်းက စနစ်တကျလုပ်ထားတော့ ကျွန်တော် လုပ်စရာမလိုတော့ဘူးလေ။ အရန်သင့် နေရုံပဲလို့ ပြောတာ ပါ"

"အင်း ... သူငယ်ချင်းမို့ ပြောရဦးမယ်။ အဲဒီစိတ်ဓာတ်က သိပ်မကောင်းဘူး။ ဦးကြင်ဥ ကဗျာထဲက ဝင်ကစွပ်ကောင်လို ခရုအိမ် ထဲဝင်နေပြီး အငှားခန္ဓာမြှောင်တဲ့ အမျိုးအစားတော့ မဖြစ်စေနဲ့ ... သူငယ်ချင်း။ ရှေ့လူက ကောင်းအောင်လုပ်သွားရင် နောက်လူက သူ့ ထက်ကောင်းအောင် မလုပ်နိုင်ရင်တောင် ရည်ရှည်တည်တံ့အောင် ထိန်း သိမ်းစောင့်ရှောက် ပြုပြင်သွားဖို့တော့ တာဝန်ရှိတယ်"

"ဟုတ်ပါတယ် ... သူငယ်ချင်းရယ်၊ ကိုယ် နောက်ပြောင် နေတာပါ။ ကိုယ်ကတော့ သူငယ်ချင်းလို ပိုကောင်းအောင်တော့ လုပ် တတ်မှာမဟုတ်ဘူး။ ဒါပေမဲ့ သူငယ်ချင်းလက်ရာတွေကိုတော့ မပျက်စီး စေဘဲ ရေရှည်တည်တံ့ကြာရှည်ခံအောင်တော့ ထိန်းသိမ်းပါ့မယ်လို့ ကတိပေးပါတယ်"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... အဲဒါဆိုရင်ပဲ ကိုယ် ကျေနပ်ပါပြီ သူငယ်ချင်း။ စခန်းမှာ ဝန်ထမ်းရဲဘက် လက်သမားအဖွဲ့ရှိပါတယ်။ သူငယ်ချင်းက စခန်းတစ်ခုလုံးအတွက် လိုအပ်တာတွေကို မြင်တတ်ဖို့ ကြည့်တတ်ဖို့ပဲ အရေးကြီးပါတယ်။

'ငါဘာလုပ်ချင်တယ်ဟေ့' လို့ ပြောလိုက်ရုံနဲ့ တပ်ကြပ်ကြီးကအစ ဝန်ထမ်းရဲဘက်အားလုံး တစ်သဝေမတိမ်း လိုက်လုပ်ပေးနိုင်အောင် လေ့ကျင့်သင်ကြားပေးထားပါတယ်။ စားသောက်ရာမှာလည်း ဟင်းသီးဟင်းရွက်၊ အသားနဲ့ငါးကအစ စားချင်ရာကိုသာ ကြိုပြောလိုက်။ အဆင်သင့် ဖြစ်စေရမယ်။

ဟင်းသီးဟင်းရွက်နဲ့ ငါးအတွက် တပ်ကြပ်ဦးအေးမောင် တောင်ယာရှိတယ်။ တောကောင်သားအတွက် ကိုင်းထောင်တဲ့ မုဆိုးအဖွဲ့ရှိတယ်။ တစ်ခါတစ်လေ ကျန်းမာရေးအတွက်လည်း ရှေ့တန်းစစ်ဆေးရင်း အမဲလိုက်ပေါ့။ ပျော်စရာလည်း ကောင်းပါတယ်။ နေတတ်ရင် ကျေနပ်စရာပါပဲ။ မနေတတ်ရင်တော့ စိတ်ညစ်စရာပေါ့ သူငယ်ချင်းရယ်"

✿ ✿ ✿

❑

အောက်ချိုင့်ခြံစခန်းသို့ ပြောင်းရွှေ့လာသော အပတ်စဉ်တူ သူငယ်ချင်းအား ကြိုဆိုနှုတ်ဆက် နေရာချထားပေးရင်း စခန်းအကြောင်း လုပ်ငန်းသဘာဝအကြောင်း ရှင်းလင်းပြရသည်။ နောက်တစ်နေ့တွင် စခန်းလုပ်ငန်း အဓိက ဆီအုန်းပင်များအား အဖွဲ့နှင့် စာရင်းကောက်၍ လွှဲပြောင်းပေးရသည်။ နေပူလွန်းသဖြင့် ဆီအုန်းစိုက်ကွေ (၁၀၀၀)ကျော်အား အဖွဲ့နှင့် မနက်ညစ် စစ်ဆေးကြရာ (၃)ရက်ခန့်ကြာသည်။

ထို့နောက် 'ဦး' ကိစ္စ၊ ရဲဘက်အင်အား (ဝရမ်း) အလွှဲအပြောင်း။ ပြီး 'ထောက်' ကိစ္စ၊ ရိက္ခာနှင့် စခန်းတွင်းရှိ အရာရှိဝန်ထမ်း၊ ရဲဘက်၊ အဆောက်အဦစာရင်း၊ လက်နက်အင်အားစာရင်းနှင့် နောက်ဆုံး 'ရေး' ကိစ္စ ဝန်ထမ်းရေးရာ ဖြစ်ပေသည်။ သူငယ်ချင်းအား အလွှဲအပြောင်းဖြစ်၍ အားလုံး အဆင်ပြေပါသည်။

ရုံးခန်းအား လွှဲပြောင်းစဉ် ကိုကျော်ကျော်လွင်က ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း . . . အိပ်ခန်း (၃) ခန်းထဲက ခုတင်စားပွဲနဲ့ ကုလားထိုင်တွေကရော စာရင်းမှာ ပါသလား"

"အဲဒါတွေလည်း ကိုယ့်လက်ထက်မှ လုပ်တာတွေပါ။ စခန်းပိုင်မဟုတ်ပါဘူး။ ဒါပေမဲ့ စခန်းပိုင်အဖြစ် လွှဲခဲ့ပါ့မယ်"

"ဒါဆို ဟိုညှော်ခန်းက ဆက်တီစားပွဲတစ်ခုနဲ့ အိုးခွက်ပန်းကန်တွေ ဘုရားစင်ပေါ်က ဆင်းတုတော်နဲ့ ဝေယျာဝစ္စပစ္စည်းတွေကိုလည်း ထားခဲ့ပါလား သူငယ်ချင်းရယ်"

"မိုးကျော် . . . မင်း မလွန်ဘူးလားကွာ။ ဆက်တီနဲ့ အိုးခွက်ပန်းကန်တွေကို ကိုယ် ထားခဲ့နိုင်ပါတယ်။ ဒါပေမဲ့ ဘုရားစင်ပေါ်က နွေမိုးဆောင်းဘုရားကတော့ ကိုယ်တို့စခန်းက မကြာခဏ အနေကဇာတင်ပြီး အလှူအတန်းလုပ်တာမို့ သိဒ္ဓိရှိတယ်လို့ ယုံကြည်နေတယ်။ ကိုယ် မထားခဲ့ဘဲ ပြည်မကို ပင့်ဆောင်သွားချင်တယ်"

"ထားခဲ့ပါ . . . သူငယ်ချင်းရာ၊ ကိုယ့်အတွက် မဟုတ်ပါဘူး။ စခန်းက ဝန်ထမ်းနဲ့ ရဲဘက်တွေအတွက်လည်း ပါပါတယ်။ ကိုသိန်းဝင်း ပြောင်းသွားပေမဲ့ နောက်မှရောက်လာကြတဲ့ ဝန်ထမ်းနဲ့ နှစ်ရှည်ထောင်ဒဏ်ကျနေတဲ့ ကိုသိန်းဝင်း တပည့်ဟောင်းတွေက ကျန်နေဦးမှာပါ။

ဒီစခန်းတစ်ခုလုံးမှာလည်း ဒီဘုရားတစ်ဆူကလွဲပြီး ရှိမှမရှိတာ။ သူငယ်ချင်း ပင့်ဆောင်သွားရင် ကိုယ်ကလည်း အတော်နဲ့ဝယ်ဖြစ်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ထားခဲ့ပါ သူငယ်ချင်း။ ကုသိုလ်ရပါတယ်"

"ငွေကုန်ကြေးကျခံပြီး ကိုယ်လုပ်ထားခဲ့တဲ့ ပစ္စည်းတွေကို ပေးခဲ့ပြီးပြီပဲ သူငယ်ချင်း။ ဒီဘုရားကိုတော့ မထားခဲ့ချင်ဘူး။ ဒီလောက်ပွတဲ့ ကော့သောင်းမြို့နယ် နွေရာသီမှာ ယိုးဒယားပန်းသီးကပ်ထားတာ





တစ်လကျော်ပြီ။ ခြောက်မသွားဘူး၊ ပုပ်မသွားဘူး။ ဟောဒီမှာ ကြည့်။ ဒါကြောင့် ဒီနွေမိုးဆောင်းဘုရားက သိဒ္ဓိဝင်နေပြီလို့ ကိုယ်ပြောတာ"

"ဟုတ်ပါတယ် . . . သူငယ်ချင်းရယ်၊ အဲဒါတွေကြောင့်လည်း ကိုယ်က တောင်းပန်နေရတာပါ။ ဘုရားဆင်းတုတော်အသစ် ဝယ်ပူဇော်ရင် အနေကဇာတင်ရမှာနဲ့ အလှူလုပ်ရမှာနဲ့ အချိန် အတော်ကြာမှာဖြစ်သလို အခုလို သိဒ္ဓိလည်း ဝင်ချင်မှ ဝင်မှာပါ"

"ကဲ . . . ထားပါတော့ ကိုကျော်ကျော်လွင်ရယ်၊ ဒီလောက်တောင်းဆိုနေမှတော့ ပေးရတော့မှာပေါ့။ ဒါပေမဲ့ ကတိတစ်ခုတော့ ပေးရမယ်။ ကျွန်တော်ကိုယ်တိုင် ကြိုးစားလုပ်ကိုင်ပြီး စခန်းကိုလှူခဲ့တဲ့ ပစ္စည်းတွေအားလုံး ခင်ဗျား အသုံးပြုပါ။ ဆင်းတုတော်ကိုလည်း စခန်းတစ်ခုလုံး ပူဇော်နိုင်ပါစေ။ နေ့ကြီးရက်ကြီးတွေမှာ အလှူလုပ်ပါ။

မကျွတ်မလွတ်သေးသူများကို အမျှဝေပါ။ ကျွန်တော်လှူခဲ့တဲ့ ဆင်းတုတော်နဲ့ ပစ္စည်းတွေဟာ စခန်းအတွက် အများအကျိုးအတွက် လှူဒါန်းထားခဲ့တာ ဖြစ်တာကြောင့် ဘုံပိုင်ပစ္စည်းပါ။ ဘယ်အကြောင်းနဲ့ မှ တစ်ဦးတစ်ယောက်တည်း အသုံးပြုဖို့ ယူဆောင်မသွားပါနဲ့။ ယူဆောင်သွားသူဟာ ဘေးအမျိုးမျိုးတွေ့ပြီး အသေဆိုးနဲ့ သေလိမ့်မယ်။ ဒါဟာ ကျွန်တော့်ရဲ့ သစ္စာစကားပါ"

"ဟုတ်ပါပြီ . . . ကိုသိန်းဝင်းရယ်၊ စိတ်ချပါ။ ကျွန်တော်လည်း ပြောင်းရွှေ့ရတာနဲ့ အစဉ်အဆက် လက်ခံကြမဲ့ စခန်းတာဝန်ခံတွေကို အသေအချာ မှာခဲ့ပါ့မယ်"

"ဟုတ်ပါပြီဗျာ . . . ကျေးဇူးတင်ပါတယ်။ ကျွန်တော်က စခန်းအတွက် လူအများအတွက် ပြောတာပါ။ တစ်ကိုယ်ကောင်း မဆန်ကြဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် အောက်ချိုင့်ဆီအုန်းခြံမှ ဦး–ရေး–ထောက် လုပ်ငန်းများကို လွှဲပြောင်းပြီးနောက် ကျွန်ုပ်အား စခန်းတစ်ခုလုံးက နှုတ်ဆက်ညစာစားပွဲ လုပ်ကြပါသည်။ အားလုံးက စခန်းရုံးတွင် ဆင်းတုတော်အား လှူခဲ့၍ ဝမ်းသာကြည်နူးနေကြသည်။ နေ့ကြီးရက်ကြီးများတွင် စုပေါင်းအလှူလုပ်ရန်လည်း အာမခံကြသည်။ ထို့ကြောင့် ကျွန်ုပ် နေ့စဉ်ညစဉ် ရှိခိုးပူဇော်၍ ပုတီးစိပ်၊ တရားထိုင်ခဲ့သော ဆင်းတုတော်အား စခန်းတွင် ပူဇော်ရန် လှူဒါန်းခဲ့ပါတော့သည်။

✿ ✿ ✿

❑

၁၉၈၆ ခုနှစ်၌ ကျွန်ုပ်မိသားစုနှင့် ပြန်ဆုံပြီး အင်းစိန် ဗဟိုအကျဉ်းထောင်တွင် ပြန်လည်တာဝန်ထမ်းဆောင်ရသည်။ မူလနေရာ အချုပ်ရုံးတာဝန်ခံပင် ပြန်ဖြစ်သည်။ ထိုအချိန်က ထောင်ပိုင်ကြီးမှာ မန္တလေးက ပြောင်းလာသော ထောင်ပိုင်ကြီး ဦးစိန်ဌေးဖြစ်သည်။

ထောင်ပိုင်ကြီးမှာ စည်းကမ်းပျက်၍ မငြိမ်သက်သော ထောင်များကို စည်းကမ်းကိုင်၍ အုပ်ချုပ်ရာတွင် အလွန်တော်သည်။ မြွေပွေးစိန်ဌေးဟု နာမည်ကျော်သော်လည်း ထောင်ပိုင်ဆိုးကြီးမဟုတ်ပါ။ စိတ်သဘောထား အလွန်တည်တံ့ပြီး စည်းကမ်းကြီးသူသာ ဖြစ်ပါသည်။

ကျွန်ုပ် အင်းစိန်ထောင်ပြန်ရောက်ပြီး (၂) နှစ်ခန့်အကြာတွင် ဒုတိယထောင်ပိုင်အဆင့် ရာထူးတိုးစာမေးပွဲကို အကျဉ်းဦးစီးဌာနရုံးချုပ်တွင် ဖြေရမည်ဖြစ်ရာ နယ်မှ စာမေးပွဲဖြေဆိုရန် ထောင်အရာရှိများ ရောက်လာသဖြင့် ကျွန်ုပ် သူငယ်ချင်း ထောင်မှူးကြီး ဦးကျော်ကျော်လွင်နှင့် ပြန်လည်ဆုံတွေ့ဖြစ်ကြသည်။

"သူငယ်ချင်း . . . ကိုသိန်းဝင်း၊ အင်းစိန်ထောင်မှာပဲ မဟုတ်လား။ ကိုယ်ကတော့ ကော့သောင်းကနေ ဟသ်ာတထောင်ကို ပြန်ရ ရတယ်။ ရာထူးတိုးရင်တော့ ထပ်ပြောင်းရဦးမှာပဲ။ ဒါနဲ့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ကော့သောင်းစခန်းအကြောင်း ပြောစရာရှိတယ်။ စာမေးပွဲအပြီး ညနေ စားသောက်ဆိုင်တစ်ဆိုင်မှာ ဆုံရင်း စကားပြောကြရအောင်''

''ကောင်းတယ် သူငယ်ချင်း။ အခုတော့ စာမေးပွဲဖြေဖို့ ကြိုးစားလိုက်ကြရအောင်။ ညနေမှ လွတ်လွတ်လပ်လပ် တွေ့ကြတာပေါ့''

ကျွန်ုပ်တို့ စာမေးပွဲဖြေအပြီးတွင် ပြန်လည်ဆုံတွေ့ကြပြီး ညနေ (၅) နာရီတွင် ထိုအချိန်က အင်းစိန်တွင် အကောင်းဆုံးဖြစ်သည့် 'ဒေင်ဥယျာဉ်စားသောက်ဆိုင်' တွင် ဆုံတွေ့ကြရန် ချိန်းလိုက်ကြသည်။

တကယ်တန်း ဆုံတွေ့ကြတော့ အပတ်စဉ်တူ အပေါင်းအသင်းများဖြစ်ကြသည့် ဦးဝင်းဆန်း၊ ဦးစောလှိုင်၊ ဦးမြဦးနှင့် ဦးစိုးသိန်းတို့လည်း ပါလာကြသည်။ မတွေ့ရတာ ကြာပြီဖြစ်၍ အပေါင်းအသင်းများ စကားလုပြောရင်း ဆက်ရက်မင်းစည်းစိမ်ကို ခံစားကြသည်။

ဝိုင်းအစတွင် ကျွန်ုပ်နှင့် ကိုကျော်ကျော်လွင်တို့ စကားများတိုးမပေါက်။ ဦးဝင်းဆန်းနှင့် ဦးစိုးသိန်းတို့က ရေပက်မဝင်။ အနိုင်လု၍ စကားပြောနေကြသည်။ ဝိုင်းအလယ်လောက်ရောက်မှ ကျွန်ုပ်နှင့် ကိုကျော်ကျော်လွင်တို့ စကားပြောနိုင်ကြသည်။

''ကိုကျော်ကျော်လွင် ... ကော့သောင်းစခန်းအကြောင်း ပြောမယ်ဆို''

''ဟုတ်ပါ့ ... သူငယ်ချင်းရယ်။ အဲဒီအကြောင်းတွေ ပြောချင်လို့ ဒီဆိုင်မှာ ချိန်းကြတာပဲ မဟုတ်လား။ အခုတော့ ငယ်ပေါင်းတွေပါလာတော့ ရှုပ်ကုန်တာပေါ့''

''အင်း ... မတွေ့ရတာ ကြာတော့လည်း ငယ်ပေါင်းတွေ စကားပြောချင်ကြမှာပေါ့ဗျာ။ စာမေးပွဲပြီးတော့လည်း မြန်မာတစ်နိုင်ငံလုံးအနှံ့ တစ်ကွဲတစ်ပြား တာဝန်ထမ်းဆောင်ကြရဦးမှာဆိုတော့ ပြော





ကြပါစေ။ ဆုံတုန်း ကြုံတုန်း''

''ဒီလို ... ကိုသိန်းဝင်းရေ၊ ကော့သောင်းက ခင်ဗျားလွှဲခဲ့တဲ့ အောက်ချိုင့်ဆီအုန်းခြံမှာ တာဝန်ထမ်းဆောင်ရတာ အလွန် စိတ်ချမ်းသာပါတယ်။ ဝန်ထမ်းရော ရဲဘက်ပါ အလွန်စည်းကမ်းရှိကြပါတယ်။ ကိုယ် (၂) နှစ်တိတိ ပျော်ပျော်ရွှင်ရွှင် တာဝန်ထမ်းဆောင်ခဲ့တာပါ။

သူငယ်ချင်းလုပ်ခဲ့တဲ့ အစဉ်အလာအတိုင်း နေ့ကြီးရက်ကြီးတွေမှာလည်း ဝန်ထမ်းရဲဘက် စုပေါင်းကြပြီး အလှူလုပ်ဖြစ်ပါတယ်။ သူငယ်ချင်းလှူခဲ့တဲ့ နွေမိုးဆောင်းဘုရားကိုလည်း တစ်နှစ်တစ်ခါတော့ အနည်းဆုံး အနေကဓာတင်ဖြစ်ပါတယ်။

အဲ ... ပြောရဦးမယ်။ သူငယ်ချင်းစိုက်ပျိုးထားခဲ့တဲ့ ဦးအေးမောင်တောင်ယာထဲက ရွှေငှက်ပျော၊ ငွေငှက်ပျောပင်တွေကလည်း နှစ်ကြီးပင်တွေဆိုတော့ သူငယ်ချင်း မစားလိုက်ရပေမဲ့ ကိုယ့်လက်ထက်ကျမှ သီးကြတာ။ အဆက်မပြတ်ဘဲ။

ဒါကြောင့် ရုံးခန်းဘုရားဆောင်က နွေမိုးဆောင်းဘုရားမှာ အဆက်မပြတ် သာသနာ့ပွဲတင်နိုင်ပါတယ်။ စခန်းလည်း သာယာတယ်၊ ပြဿနာ ကြီးကြီးမားမား မဖြစ်ဘူး။ ဆီအုန်းပင်တွေကလည်း ဆီထုတ်နေပြီ။ အောက်ချိုင့်ခြံဝန်းမှာပဲ။

စက်မှု (၁)က ဆီအုန်းစက်ရုံ စီမံကိန်းဆောက်ပြီး ဆီကြိတ်နေပြီ။ ဒါကြောင့် ဆီအုန်းစက်ရုံဝန်ထမ်းတွေနဲ့ ရဲဘက်စခန်းပေါင်းတော့ အလွန်စည်ကားတာပေါ့။ စက်မှု (၁) က အင်ဂျင်နီယာကြီး ဦးဉာဏ်ဝေလည်း အလွန်သဘောကောင်းတာ။ စခန်းကိုလည်း လိုအပ်သလို ကူညီတယ်။ သူက ကိုသိန်းဝင်းနဲ့ ရုံးခန်းကြီးမှာ အတူနေခဲ့သလို ကိုယ်နဲ့လည်း အတူလာနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူက လဲမွန်၊ အော်ကြီး၊ ဟပ်စတင်းဒေသတွေမှာ ဆီအုန်းစက်ရုံတွေ ဆောက်ရမှာမို့ နယ်လှည့်ခရီးထွက်နေရတာ များပါတယ်။ ရန်ကုန်ကိုလည်း မကြာခဏ ပြန်ရတယ်။ ဒါကြောင့် ကိုယ်နဲ့တော့ ဦးညဏ်ဝေက သူငယ်ချင်းလောက်တော့ မရင်းနှီးဘူး ဆိုရမှာပေါ့''

စခန်းမှာ သူရှိနေရင် သူက အရက်မသောက်၊ ဖဲမရိုက်ဘဲ နွေမိုးဆောင်းဘုရားရှေ့မှာ မနက်ည အကြာကြီး တရားထိုင်တယ်။ နေ့လယ်စာစားချိန်မှာတော့ ကိုယ်နဲ့အတူ ဆုံတတ်ပြီး ကိုသိန်းဝင်းအကြောင်းကို မမောနိုင်မပန်းနိုင် ပြောတော့တာပဲ။ သူက သူငယ်ချင်းကို အတော်လေးစားပြီး ခင်မင်တာ''

''ဟုတ်ပါ့ . . . သူငယ်ချင်းရယ်၊ ကိုယ်လည်း ဦးညဏ်ဝေကို အတော်ခင်ပါတယ်။ သူက တရားထိုင်တော့ အကြားအမြင်လည်း ပေါက်ပုံရတယ်။ လုပ်ငန်းခွင်မှာ အန္တရာယ်ရှိမယ်ဆိုရင် ကြိုတင်ပြီး သတိပေးတတ်တယ်''

''ဟုတ်တယ် . . . ဟုတ်တယ်။ ကိုယ့်ကိုလည်း ကြိုတင်သတိပေးလို့ နှစ်ခါသုံးခါ ဘေးလွတ်ခဲ့ရတယ်။ အလွန်တရားပြည့်တဲ့ ပုဂ္ဂိုလ်ကြီးပါ။ အခုတော့ အသက် (၆၀) ပြည့်လို့ ပင်စင်သွားလောက်ပါပြီ။ တာမွေ၊ မြလမ်းမှာနေတယ်ဆိုတယ်။ သူငယ်ချင်းက ရန်ကုန်မှာနေတာဆိုတော့ ကြုံရင် သွားတွေ့လိုက်ပါဦး။ အဲဒါနဲ့ ပြောချင်တာတွေများလို့ လိုရင်းမရောက်ဘူး ဖြစ်နေတယ် . . . ကိုသိန်းဝင်းရေ''

''ဘာအကြောင်းများလဲ မြန်မြန်ပြောပါဗျ''

''သူငယ်ချင်း . . . သစ္စာဆိုပြီး ကျိန်စာတိုက်ခဲ့တဲ့ နွေမိုးဆောင်းဘုရားအကြောင်း ပြောချင်တာပါ''





''ကိုယ် ကျိန်စာမတိုက်ပါဘူး။ စခန်းအတွက် လှူခဲ့တာကို မယူရဲအောင် ခြောက်လှန့်ခဲ့တာပါ။ နွေမိုးဆောင်းဘုရား ဘာဖြစ်လို့လဲ ပြောပါဦး ကိုကျော်ကျော်လွင်''

''ကိုယ်လည်း ကော့သောင်းဆီအုန်းစခန်းမှာ (၂) နှစ်ပြည့်လို့ ပြောင်းရခါနီးတော့ ထောင်မှူးကြီးဦးရွှေ ရောက်လာတယ်။ သူက ကျောက်မိုင်းကော်ပိုရေးရှင်း အရှုံးပေါ်လို့ ဖျက်ပြီး အကျဉ်းဌာနနဲ့ပေါင်းတော့ စာရေးကနေတစ်ဆင့် တိုးလစာအဆင့်နဲ့ ထောင်မှူးကြီးဖြစ်လာတာ။

သူတို့ကျောက်မိုင်းလောကမှာ တရုတ်မကြီးဆိုပြီး နာမည်အတော်ကြီးတယ်လို့ သိရတယ်။ ဘာကြောင့် နာမည်ကြီးသလဲတော့ ကိုယ်လည်း မသိဘူး။ သူ့ပုံစံက ဖြူဖြူဝဝ၊ တရုပ်နဲ့ အတော်တူတယ်။ ကိုယ်သိတာကတော့ ဦးရွှေဟာ အစားအသောက် ကောင်းကောင်းစားပြီး ဇိမ်အလွန်ခံတယ်၊ ဖဲရိုက်တယ်၊ အရက်သောက်တယ်၊ ကျားထိုးတယ်။ အဲဒါ သူ့အလုပ်ပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ဆီအုန်းပင်တွေ ကွင်းဆင်းပြီး အဖွဲ့နဲ့ရေတွက်တော့ မနက်ပိုင်း ဦးရွှေကွင်းဆင်းတယ်။ နေ့လယ်ပိုင်းနဲ့ ညနေပိုင်းတော့ ကွင်းမဆင်းတော့ဘူး။ ရုံးမှာပဲ ထိုင်စောင့်ရင်း ဖဲကစားတယ်၊ အရက်သောက်တယ်။

တစ်ခါတလေ ကွင်းဆင်းလိုက်လာရင်လည်း ဦးအေးမောင်တောင်ယာထဲက သရက်ပင်ရိပ်အောက်မှာ ဟက်လက်ကုလားထိုင်နဲ့ ထိုင်ပြီး ရဲဘက်တွေက နှိပ်နယ်ပေးတာကို မှိန်းခံနေတော့တာပဲ။ အလွန်အပျင်းထူပြီး မှိန်းယူတဲ့ လူကြီးပဲဗျ။ ဘယ်တော့ ပြဿနာတက်မလဲတော့ မသိဘူး ... ကိုသိန်းဝင်းရေ။

အဲဒါနဲ့ ဆက်ပြောမယ်။ ဦး–ရေး–ထောက် လုပ်ငန်းတွေ လွှဲပြီးတော့ ကိုယ်က သူငယ်ချင်းလှူခဲ့တဲ့ ရွှေမိုးဆောင်းဘုရားနဲ့ ဆက်တီတစ်စုံ၊ အိုးခွက်ပန်းကန်တွေနဲ့ အသုံးအဆောင်တွေကို စနစ်တကျ သူ့ကို လွှဲတယ်။

ကိုသိန်းဝင်းပြောခဲ့သလို သစ္စာဆို၊ ကျိန်စာတိုက်ထားတဲ့ ဘုရားဖြစ်လို့ ကိုယ်ကျိုးအတွက် ယူဆောင်မသွားရ၊ စခန်းအတွက်ပဲ ဖြစ်ရမယ်လို့လည်း မှာခဲ့ပါသေးတယ်။ ဦးရွှေကတော့ 'ဟဲ ... ဟဲ .. ဟဲ ... ဟဲ' လုပ်နေတယ်။





အဲဒါနဲ့ ကိုယ်လည်း ပစ္စည်းတွေနဲ့ဆိုတော့ ကားတောင်းပြီး ပါဆယ်ပါညွန်းအုပ်စု ထောင်ပိုင်ထံ ဝင်သတင်းပို့၊ ကော့သောင်းဆင်းပြီး (၃) မိုင်က အကျဉ်းဦးစီး ဧည့်ရိပ်သာမှာ တည်းခိုနေထိုင်ခဲ့တယ်။ သဘော်ကြီးက (၂)ရက်လောက်ကြာမှ လာမှာဆိုတော့ ထိုင်းလုပ်ပစ္စည်းလေးတွေ လက်ဆောင်ဝယ်ဖို့ ကြိုဆင်းလာတာပါ။ တရုတ်မကြီးဦးရွှေနဲ့ကလည်း သဟဇာတမဖြစ်ဘူးလေ။

နောက်ပြီး ကိုယ်ရှိနေရင် သူလည်း မလွတ်လပ်ဘဲ အနှောင့်အယှက်ဖြစ်နေမှာ စိုးလို့ပါ။ (၂) ရက်လောက်ကြာတဲ့ မနက်ခင်း 'ဟားခါး' သဘော်ကြီးဆိုက်တော့ ကိုယ်တို့ သွားကြိုကြတယ်။ သဘော်ကြီးက ညအိပ်မှာဆိုတော့ အေးအေးဆေးဆေးပေါ့။ အဲဒီ ကော့သောင်းဆိပ်ကမ်းမှာ ဘာမြင်လိုက်ရတယ် ထင်သလဲ သူငယ်ချင်းရယ်။ အလွန်အံ့ဩဖို့ကောင်းတယ်''

''တရုတ်မကြီးဦးရွှေ HINO (Ranger) ကားကြီးနဲ့ ဆိပ်ကမ်းကို ရောက်လာတယ်။ ကားပေါ်ကနေ သူ့တပည့်နှစ်ယောက်ကို ပစ္စည်းတွေ ချခိုင်းတယ်။ ဘာတွေလဲဆိုတော့ သူငယ်ချင်း စခန်းရုံးအတွက် လှူခဲ့တဲ့ ဆက်တီကုလားထိုင်နဲ့ စားပွဲရယ်၊ ရွှေမိုးဆောင်းဘုရားရယ်၊ အလှူအတန်းလုပ်ရင် သုံးဖို့ သူငယ်ချင်းထားခဲ့တဲ့ တိုက်ပန်းကန်ပြားသေတ္တာကြီးရယ်လေ''

''ဟာ ... အတော်ရက်စက်တဲ့လူပဲ။ ကိုကျော်ကျော်လွင်က မတားဘူးလား''

''မတားတော့ဘူး ... သူငယ်ချင်း၊ သူဖြစ် သူခံပေါ့။ ကော့သောင်းဆိပ်ကမ်းတောင် ရောက်နေမှတော့ တားလည်း စကားများရုံပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရတော့မှာမှ မဟုတ်ဘဲ။ ကိုယ်က စခန်းမှာအသေအချာပြောပြီး သတိပေးထားပြီးသား လောဘသမားဆိုတော့ ဘယ်တားလို့ရတော့မှာလဲ။

ဆိပ်ကမ်းရောက်မှ ဝန်ထမ်းတွေပြောလို့ သိရတာကတော့ ဦးရွှေကို တရုတ်မကြီးလို့ မှည့်ထားတာက ဓိမ်ခံပြီး၊ လောဘကြီးလွန်းလို့တဲ့လေ။ နောက်ပြီး သူ့အမြဲတမ်း ပြောလေ့ပြောထရှိတဲ့ ဆောင်ပုဒ်ရှိသေးတယ်။ ဘာတဲ့ . . . အဲ . . . ဟိုဒင်း . . . 'စခန်းတာဝန်ခံဆိုတာ တောထဲတောင်ထဲ ရောက်နေပေမဲ့ ဘုရင်ပဲလို့ ပြောတတ်သတဲ့လေ''

''အင်း . . . သူ့ဘာသာ ဘဝင်မြင့်ပြီး စိတ်ရူးပေါက်ပြီး လုပ်ချင်တာလုပ်တာက အရေးမကြီးပါဘူး။ အောက်ချိုင့်စခန်းက ဝန်ထမ်းနဲ့ ရဲဘက်တွေကို သနားပါတယ်ဗျာ။ သူက ဘုရင်ဆိုတော့ သူလုပ်တိုင်း ခံနေကြရတော့မှာပဲ''

''တွေးပူမနေပါနဲ့ . . . ကိုသိန်းဝင်းရယ်။ သူ့ဟာနဲ့သူ အလိုက်အထိုက် ဖြစ်သွားမှာပါ။ ရဲဘက်ဆိုတာက ဘဝစုံပါတယ်။ နေတတ်ကြပါတယ်။ ကိုသိန်းဝင်း ပူရမှာက ဦးရွှေကိုပဲ ပူရမှာ။ ဘုရားမ,သွားတော့ ခင်ဗျားသစ္စာဆိုခဲ့တဲ့ ကျိန်စာတွေ သူ့ကို ရှူး,မရှူး စောင့်ကြည့်ရမှာပေါ့ဗျာ''

''အများအတွက် ရည်ရွယ်ထားတာကို တစ်ယောက်တည်း လောဘကြီးပြီး အပိုင်သိမ်းတော့ အများရဲ့ မေတ္တာစေတနာကတော့ ရှူးမှာ အမှန်ပဲဗျို့။ အချိန်ကိုပဲ စောင့်ကြည့်ရမှာပဲ။ သိဒ္ဓိဝင်ဘုရားဆိုတာ နိုက်တတ်တယ်ဗျ''

''ဟုတ်ပို့ . . . ကိုသိန်းဝင်းရယ်၊ တရုတ်မကြီး လောဘအလွန်ကြီးတာပဲ။ (၂) နှစ်ပြည့် သူ ပြည်မ,ပြောင်းရွှေ့ရမှ ယူသွားတယ်ဆိုရင် လူကြားလို့ ကောင်းသေး။ အခုတော့ဗျာ . . . သူက စခန်းရောက်





ခါစ ကိုယ်တို့က ပြည်မတောင် မပြန်ရသေးဘူး။ အကုန်မ,သွားတာကတော့ တစ်မိုစိမ့်တွေးကြည့်ရင် စော်ကားတာပဲ သူငယ်ချင်း။ အရာရှိချင်းလည်း စော်ကားတယ်၊ စခန်းက ဝန်ထမ်းနဲ့ ရဲဘက်တွေကိုလည်း လူမထင်ကြောင်း ပြလိုက်တာပါပဲ''

''ဖြစ်ပြီးမှတော့ ထားလိုက်ပါတော့ ကိုကျော်ကျော်လွင်ရယ်။ သူ့ထိုက်နဲ့သူ့ကံပေါ့။ အကျဉ်းဦးစီးဌာန တစ်ဌာနတည်း အတူလုပ်နေကြရတော့ တစ်ချိန်ချိန် တစ်နေရာတည်းမှာ ပြန်ဆုံကြရဦးမှာပါ။ ပျံလေတဲ့ငှက်ခါး နားခါမှသိမယ်လို့သာ ကြိမ်းဝါးထားလိုက်တော့ဗျာ၊ ဆုံတွေ့ကျမှ ဘုရားသူခိုးဆိုပြီး ပြစ်ပြစ်နှစ်နှစ် ဆဲကြတာပေါ့''

''အဲဒီအစီအစဉ် အကောင်းဆုံးပဲဗျို့။ ခင်ဗျားအဆိုပြုတာကို ကျွန်တော် ထောက်ခံတယ်''

ထိုနေ့မှစပြီး ကျွန်ုပ်တို့ မဆုံဖြစ်ကြပါ။ (၆) လခန့်ကြာတော့ ကျွန်ုပ်က အင်းစိန်ထောင်မှ မြစ်ကြီးနား၊ ဆွမ်းပရာဘွမ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ထွက်ပါသည်။ ကိုကျော်ကျော်လွင်ကတော့ ဟသ်ာတမှ ပြည်ထောင်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရကြောင်း ကြားသိရသည်။

မင်းခစား ဝန်ထမ်းဖြစ်၍ ထားရာနေ စေရာသွားဘဝပင် ဖြစ်ပါသည်။ တောတွင်းစခန်းသို့ မိသားစုဖြင့် ခွဲခွာပြီး တတိယအကြိမ်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်း ဖြစ်လေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်ုပ်- ရဲဘက် (၄၀၀) အား တင်ဆောင်သော စင်းလုံးငှား ရထားကြီးဖြင့် အင်းစိန်ဘူတာမှ မန္တလေးမြို့ဟောင်းဘူတာ၊ မြစ်ကြီးနား မြို့အထိ ခရီးဆန်ရသည်။ မြစ်ကြီးနား ပိုးစာခြံ ရဲဘက်စခန်းတွင် တစ်လခန့် နားနေရပြီးမှ ယာဉ် (၃၇) စီး CONVOY ယာဉ်တန်းဖြင့် ဆွမ်ပရာဘွမ်စခန်းသို့ ထွက်ရတော့သည်။

ထိုအချိန်က (၁၉၉၁) ခုနှစ် KIA အဖွဲ့က လက်နက်ဖြင့် ငြိမ်းချမ်းရေးမလဲလှယ်သေး၍ နယ်မြေဒေသ မအေးချမ်းသေးပါ။ လမ်းခရီးကလည်း အလွန်ကြမ်းသည်။ တောက နက်သည်။ မြစ်ကြီးနားမှ တီယန်စွပ်ရဲဘက်စခန်းခွဲသို့ ကား (ယာဉ်တန်း) ဖြင့် (၆) ညအိပ်တိတိ သွားကြရသည်။

တီယန်စွပ်စခန်းရောက်တော့ ရဲဘက်စခန်းခွဲဖြစ်၍ ကျွန်ုပ်တို့ ရဲဘက်များကို စခန်းခွဲတာဝန်ခံ ထောင်မှူးဦးအာဂျွန်အား အပ်နှံပြီး မလိခကမ်းခြေတွင် ရေဆင်းချိုး အနားယူ အပန်းဖြေကြသည်။ လမ်းခရီးမြေကြီးပေါ်၌ အိပ်စက်ခဲ့ရသော်လည်း တီယန်စွပ်စခန်းရောက်တော့ တဲထဲ၌ လုံခြုံစွာ အိပ်စက်ရသည်။ ကောင်းမွန်စွာလည်း စားသောက်ကြရသည်။





ညစာ ထမင်းစားအပြီး မီးလှုံရင်း စကားပြောကြရာ တီယန်စွပ်စခန်းတာဝန်ခံ ဟာဂျွန်က ...

"ဆရာသိန်းဝင်းရောက်လာတာ အတော်ပဲ။ တီယန်စွပ်စခန်းခွဲကိုလည်း ဖျက်ပြီး ဆရာတို့အဖွဲ့နဲ့ ပေါင်း၊ ရှေ့တန်း ဒရုခရဲဘက်စခန်းသစ်ဆောက်ပြီး ကျွန်တော်တို့ အတူနေကြရမှာပါ ဆရာ"

"ရှေ့တန်းက ဒရုခရဲဘက်စခန်းဆိုတာ ဆောက်ပြီးသား ရဲဘက်စခန်းကြီးလား ကိုအာဂျွန်။ ဒီကနေ ဘယ်လောက်ဝေးသလဲ၊ ဒီတီယန်စွပ် ရဲဘက်စခန်းလို ဒရုခရွာထဲမှာ တည်ထားတဲ့ စခန်းလား"

"နိုး ... နိုး ... မဟုတ်ဘူးဆရာ။ အဲဒီ ဒရုခစခန်းက ရွာနဲ့မနီးဘူး။ ဒရုခချောင်းနဲ့နီးလို့ ဒရုခစခန်းလို့ ခေါ်တာ။ ဒရုခချောင်းတစ်ဖက်ကမ်း တံတားဖျက်ဆိပ်ကမ်းဘေးမှာ ယာယီရဲဘက်စခန်းကလေးရှိတယ်။

စခန်းကလေးတာဝန်ခံက တရုတ်မကြီး ဦးရွှေ၊ သူက ရှေ့တန်းလှုပ်ရှားအဖွဲ့ တာဝန်ခံခေါင်းဆောင်။ လမ်းဖောက်မဲ့ အူကြောင်းကိုလမ်းဆောက်လုပ်ရေး (ဆ. လ. က) အဖွဲ့နှင့် ရှာလိုက် တံတားဆောက်လိုက်၊ စခန်းပြန်နားလိုက်ပဲ ... ဆရာရေ"

"နေစမ်းပါဦး ... ကိုဟာဂျွန်ရဲ့ တရုတ်မကြီး ဦးရွှေက အရပ်ဘာအဆင့်လဲ သိလား"

"သိတာပေါ့ ဆရာရယ်။ သူက ဒီစခန်းရောက်မှ ဒုထောင်ပိုင်ဖြစ်တာ။ မြောက်ကြွမြောက်ကြွနဲ့ ပါလေရာမှို့ ကျွန်တော်တို့နဲ့ မတည့်ဘူး။ အခုတော့ ဒရုစခန်းတာဝန်ခံအသစ်က ဆရာဦးသိန်းဝင်းဆိုတော့ ကျွန်တော်တို့ အဆင်ပြေသွားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေကို ဒီက (ခလရ-၃၇) တပ်ရင်းမှူးလည်း မကြိုက်ဘူး။ ကြည့်ပါလား ဆရာရယ်။ တကယ်ဆို သူက ကျွန်တော်ထက် ပွဲကြီးတယ်။ နောက်တန်းမှာ ထိုင်ရမှာ။ အခုတော့ ဦးရွှေ ယာင်မှူး အဆင့်လောက်အလုပ်ကို လုပ်ရပြီး ရှေ့တန်းပြေးနေရတာ။

သူ့တပည့်က ထောင်မှူးမောင်မောင်လေး ရဲ့။ ဘုန်းကြီးမှုနဲ့ လေ့လူး လိုက်ပါ့ဗျာ။ ဆရာတပည့် သောက်စားမူးယစ်ပြီး ပျော်နေကြတာပါပဲ။ ဒရခစခန်းရောက်ရင် ဆရာ တွေ့ရပါလိမ့်မယ်''

''အေး ...အေး ...ငါလည်း အဲဒီလူနဲ့တွေ့ပြီး ရာဇဝင်ကြေး ဆပ်စရာရှိတာနဲ့ အတော်ပါပဲ''

✿ ✿ ✿

❑

ထိုညက ကျွန်ုပ်တို့တဲပေါ်တွင် မီးလုံးနေစဉ် တိုက်ပွဲဖြစ်သည်။ မလှမ်း တစ်ဖက်ကမ်းနှင့်တစ်ဖက်ကမ်း ပစ်ခတ်ကြခြင်းဖြစ်သည်။ ကျွန်ုပ်တဲအောက်သို့ ဆင်းမည်လုပ်တော့ အိမ်ရှင်ထောင်မှူး အာဂျွန်က ...

''ဆရာ ... တဲအောက်မဆင်းနဲ့။ နောက်လှန်လှဲချလိုက်။ ဆရာနောက်မှာ အိပ်ရာခင်းထားတယ်''

''တိုက်ပွဲဖြစ်တာ မဟုတ်ဘူးလား အာဂျွန်ရဲ့''

''တကယ်တိုက်ပွဲဖြစ်တာ မဟုတ်ဘူးဆရာ။ ဒီလိုပဲ တစ်ဖက်နဲ့တစ်ဖက် ညည့်မနက် နှုတ်ဆက်ပစ်ခတ်ကြတာ။ (၅) မိနစ်လောက်ကြာတော့ ရပ်သွားရော။ အန္တရာယ် မရှိပါဘူးဆရာ''

''အေးကွာ ..မင်းပြောတော့ အန္တရာယ်မရှိဘူးသာဆိုတယ် ဟိုမှာ ကြည့်စမ်းပါဦး။ အိမ်ရှေ့ထရံကိုဖောက်ပြီး ဝင်လာတဲ့ ဗိုင်းဖိုက်ကျည်ဆန်က ငါသာလှဲမချခဲ့ရင် ခေါင်းထဲ ဝင်သွားမှာပဲ အာဂျွန်ရေ''

''ဟဲ ...ဟဲ ...ဆရာကလည်း ဒါက မတော်တဆပါ။ ဝေးလည်း ဝေးပါတယ်။ မနက်ဖြန်မနက်လည်း ဒီလိုပဲဆရာ။ မလှမ်းနဲ့နော်။ အိပ်သာနေ။ ဘာမှမဖြစ်ဘူး''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးအာဂျွန် ပြောသလိုပင် နောက်တစ်နေ့တွင် နှစ်ဖက် ပစ်ခတ်ကြပြန်သည်။ ကျွန်ုပ်တို့ ရှုံးသွားပြီဖြစ်၍ အိပ်ရာကပင် မထတော့ပါ။ မနက် (၈) နာရီအထိ နေကမပွင့်။ စခန်းမှာ မလီခမြစ်ကမ်း ပါးတွင် ရှိသဖြင့် ရေခိုးရေငွေ့များက ပုံ့လွင့်နေသည်။

ဟိုဘက်ကမ်းတွင် တောင်ကျောက်ပျော့တောင်ကြီးနှင့် တောင်မြင့်ကြီး။ ကျွန်ုပ်တို့နေသော ရဲဘက်စခန်းနေရာက မလီခမြစ်ကမ်းပါး အနီးမှိုင်း။ တီယန်စွပ်ရွာနှင့် ဆက်နေသည်။ ခလရ (၃၇) တပ်ရင်းကတော့ တောင်ပေါ်တွင် နေရာယူထားသည်။

ကိုအာဂျွန်၏ တီယန်စွပ်စခန်းကို ဖျက်သိမ်းပြီး ကျွန်ုပ်တို့ အင်အားဖြင့် ပူးပေါင်းရသည်ဖြစ်ရာ အချိန် အတော်ကြာသည်။ နေ့လယ်စာပါ စားသောက်ပြီးမှ ပြောင်းရွှေ့ရသည်ဖြစ်၍ မွန်းတည့် (၁၂) နာရီ ကျော်မှ စတင်ခရီးထွက်ဖြစ်သည်။

လမ်းခရီး၌ ချောင်းကျော်၊ မြစ်ကျော်တံတားများမှာ ယာယီ သစ်သားတံတားများဖြစ်ကြ၍ အကာအရံမရှိ။ ကားတစ်စီးဖြတ်ကျော် ပြီးမှ နောက်တစ်စီးက လိုက်ကြရသည်။ ကား (၃၇) စီးပါသော ယာဉ် တန်းဖြစ်သဖြင့် အလွန်ကြန့်ကြာသည်။

တီယန်စွပ်စခန်းနှင့် ဒရုခစခန်းမှာ (၁၀) မိုင်ခန့်သာ ဝေးသော် လည်း နေ့ဝက်ခရီးသွားရသည်။ နေဝင်ခါနီးမှ ကျွန်ုပ်တို့ ဒရုခချောင်း ကို ဖြတ်ကျော်၍ တစ်ဖက်ကမ်းကူးကြပြီး ရဲဘက်များအား ဦးရွှေ၏ ယာယီရဲဘက်စခန်းမှ ရဲဘက်ဟောင်းများနှင့် ပေါင်း၍ ထားရသည်။

ရဲဘက်စခန်းဟု ဆိုရာ၌လည်း ဒရုခချောင်းကမ်းဘေးမှ ယာယီ တဲကလေးများသာ ဖြစ်သည်။ ဆူးကြိုးအကာအရံမရှိ။ တောင်ထန်း





မိုးပြီး တောင်ထန်းကာထားသော တဲတန်းရှည်ကလေးသာ ဖြစ်သည်။ အဆင့်မရှိ မြေပေါ်တွင် ဝါးထရံခင်း၍ ဖြစ်သလို နေကြရခြင်းဖြစ်သည်။

ကျွန်ုပ်တို့ ဝန်ထမ်းများနေရန် ပေးထားသော တဲအိမ်ကြီးမှာ ဒရုခမြစ်ကမ်းဘေးရှိ ယခင်ရွာပျက်မှ ကျန်ရှိနေသော မြေစိုက်တဲအိမ် ကြီးတစ်လုံးဖြစ်သည်။ အခင်းကြမ်းခင်းမရှိ။ မြေပေါ်တွင် အိပ်ရာခင်း၍ အိပ်ကြရခြင်းဖြစ်သည်။ အကာအရံကလည်း မလုံခြုံ။ ခေါင်းရင်းမှ ဒရုခမြစ်မှ လေတိုးသဖြင့် အလွန်ချမ်းအေးသည်။ ခရီးပန်းတော့လည်း အိပ်ပျော်ပါသည်။

နောက်တစ်နေ့မနက်တွင် ခလရ (၃၇) တပ်ရင်းမှူးက အစည်း အဝေးခေါ်သဖြင့် တက်ရောက်ရာ ထိုအခါမှ တရုတ်မကြီးဦးရွှေဆိုသူကို ကျွန်ုပ် မြင်တွေ့ရတော့သည်။ ဝဝ၊ အသားဖြူဖြူ၊ နှုတ်ခမ်းမွေးရေးရေး တရုတ်မျက်နှာဖြင့် ဖြစ်သည်။ တောတွင်းနေရသော်လည်း အဆီရစ် နေသော မျက်နှာဖြင့် ဗိုက်ရွှဲရွှဲ၊ မျက်စိမှေးမှေးဖြစ်ပေသည်။ (ခလရ- ၃၇) တပ်ရင်းမှူးက ကျွန်ုပ်ကို မိတ်ဆက်ပေးသည်။

"ဦးသိန်းဝင်းရေ . . . ဒီကပုဂ္ဂိုလ်က ဦးရွှေတဲ့။ ခင်ဗျားအရင် ဒီစခန်းရောက်နေတာ။ ရှေ့ပြေးအဖွဲ့ တာဝန်ခံပေါ့။ ဦးသိန်းဝင်းကတော့ ဒီ ခရုဒစခန်းတာဝန်ခံပါ။ ဒီဘက်ကမ်းမှာ စခန်းသစ်ကြီး ဆောက်ရ လိမ့်မယ်။ ရဲဘက် (၅၀၀) ဆန့်ပေါ့။ တစ်လ အချိန်ပေးမယ်။ ဒါနဲ့ ဦးသိန်းဝင်းက ဦးရွှေကို အရင်က သိသလား"

"မသိပါဘူး ဗိုလ်မှူး။ နာမည်တော့ ကြားဖူးပါတယ်။ ကျွန် တော် ကော့သောင်းစခန်းမှာ တာဝန်ထမ်းဆောင်တုန်းက စခန်းမှာ အများပူဇော်ဖို့ လှူဒါန်းထားတဲ့ ငွေမိုးဆောင်းဘုရား မ,သွားတဲ့ဘုရား သူခိုးကြီးမှန်းတော့ သိပါတယ် ဗိုလ်မှူး"



www.burmeseclassic.com

www.burmeseclassic.com



“ဩော် ... ခင်ဗျားတို့က နောက်ခံရာဇဝင်ကြောင်းနဲ့ကိုး”

“ဟဲ ... ဟဲ ... ဟဲ ... ဟုတ်ပါတယ် ဗိုလ်မှူး။ ကျွန်တော်ကလည်း ရွှေမိုးဆောင်းဘုရားကို ပူဇော်ချင်လွန်းလို့ ပင့်ဆောင်သွားတာပါ။ ခိုးတာ မဟုတ်ပါဘူး”

“စခန်းက ဝန်ထမ်း၊ ရဲဘက် အများသူငါ ပူဇော်ကြဖို့ ကျွန်တော် လှူဒါန်းထားခဲ့တာပါ။ ပုဂ္ဂလိက စိတ္တအမြင်နဲ့ ကိုးကွယ်ဖို့ မဟုတ်ပါဘူး။ နောက်ပြီး ရုံးခန်းသုံးဖို့နဲ့ အလှူအတန်းမှာ သုံးဖို့အတွက် ထားခဲ့တဲ့ ဆက်တီစားပွဲနဲ့ တိုက်ပန်းကန်ပြားတွေကိုရော ဘာကြောင့် ခင်ဗျား ယူသွားတာလဲ။ မရှက်ဘူးလား ဦးရွှေ”

“စခန်းက ပုံသေပစ္စည်းစာရင်းမှာမှ မပါဘဲဗျာ။ ဒါကြောင့် ကျွန်တော် ယူသွားတာပါ”

“အစိုးရပစ္စည်းမှ မဟုတ်ဘဲ ဘယ်လိုလုပ်ပြီး ပုံသေပစ္စည်းစာရင်းမှာ ပါမလဲ။ ကျွန်တော် ဝယ်လှူထားခဲ့တာ။ အများအကျိုးအတွက်မဟုတ်ဘဲ ကိုယ်ကျိုးအတွက်သာ အသုံးပြုရင် အသေဆိုးနဲ့ သေရမယ်လို့လည်း ကျိန်စာတိုက်ထားခဲ့တယ်။ ခင်ဗျား သတိကြီးကြီး ထားပြီး နေပေတော့ ဦးရွှေရေ”

“ရပါတယ် ... ဦးသိန်းဝင်းရယ်၊ ကျွန်တော် အယုံအကြည် မရှိပါဘူး ဘုရားကို ကိုးကွယ်ချင်လို့ ပင့်ဆောင်သွားတာပဲ။ ဘာအပြစ်ရှိနိုင်မလဲ”

“ဩော် ... ဦးရွှေ၊ ခင်ဗျား မကြားဖူးသေးဘူးကိုး။ ရှေးဟောင်းဘုရားတွေကို ခွင့်ပြုချက်မရဘဲ ကိုးကွယ်လို့ ခိုက်ကြတာကို ရခိုင်နဲ့ ပုဂံဘုရားဟောင်းတွေ သမိုင်းမှာ မကြားဖူးဘူးလား”





“အဲဒါတွေက ရှေးဟောင်းဘုရားတွေပဲဗျာ။ အခု ရွှေမိုးဆောင်းဘုရားက ယိုးဒယားနိုင်ငံလုပ် ခေတ်သစ်ဘုရားပဲ။ ဘာမျှ မဖြစ်နိုင်ပါဘူး”

“အင်း ... အဲဒါဆိုရင်လည်း အချိန်ကာလက အဆုံးအဖြတ်ကို စောင့်ကြည့်ကြတာပေါ့ဗျာ”

နောက်တစ်နေ့ မနက်မှစ၍ ကျွန်ုပ် ခေါ်ဆောင်လာသော ရဲဘက်သစ်များနှင့် ခလရ (၃၇) တောင်ခြေတွင် စခန်းသစ်ဆောက်လုပ်ရန် ကွင်းရှင်းကြရသည်။ ကွင်းရှင်းပြီးသည်နှင့် ကျွန်ုပ်နှင့် ဝန်ထမ်းများနေထိုင်ရန် တဲအိမ်များကို အရင်ဆောက်ပြီး ပြောင်းရွှေ့နေထိုင်ရန် ရဲဘက်ဆူးကြိုးဝင်း၊ ကျားမောက်၊ ကျားလှန်[illegible]င်လုပ်ရသည်။

ပြီးသည်နှင့် ရဲဘက်ရင်ကွဲဘားတိုက်[illegible]လုံးကို တစ်ပြိုင်တည်း ဆောက်သည်။ ပြီးသည်နှင့် ကျွန်ုပ်၏ရဲဘ[illegible]များအား ပြောင်းရွှေ့စေပြီး လွတ်လပ်စွာထားသည်။ ဦးရွှေကတော့ ရှေ့တန်းထွက်လိုက် စခန်းဝင်လိုက်နှင့် ဖြစ်သည်။

ကျွန်ုပ်က ဦးရွှေနှင့် အဆင်မပြေသော်လည်း သဘောထားကြီးစွာဖြင့် ရဲဘက်စခန်းက အရှေ့တောင်ဘက် မြစ်ကြီးနား–ဆွမ်ပရာဘွမ် မြေလမ်းမကြီးအနီးတွင် သူ့အတွက် တဲအိမ်ကြီးတစ်လုံးကို ဆောက်ထားပေးသည်။

ဦးရွှေကလည်း စခန်းပြန်နားသည်နှင့် တပည့်လက်သားများ တရုန်းရုန်း၊ ဈေးလာရောင်းသော ဒေသခံ တိုင်းရင်းသူကလေးများ တရုန်းရုန်းဖြင့် နေ့ညအဖွဲ့ကျနေသည်။ ကျွန်ုပ်ကတော့ သူ့ကို ညီလိုပင် သဘောထားသည်။ စကားလည်း မပြောဖြစ်။ ဆက်ဆံရေးလည်း အကြောင်းမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



သကြိန်မကျမီ ပြေလဆန်းတွင် ရဲဘက်သစ်များနှင့် ရိက္ခာယာဉ်တန်းလာမည်ဆိုသဖြင့် ကျွန်ုပ်တို့ ခရုဒရဲဘက်စခန်း၊ ဝန်ထမ်းများ၊ ရိက္ခာကုဒေါင်အသစ်နှင့် ရဲဘက်သား တိုက်အသစ်များကို ဖုတ်ပူမီးတိုက် ဆောက်လုပ်ကြရချိန်တွင် တရုတ်မကြီး ဦးရွှေက ဗိုလ်မှူးအား ပူဆာပြီး တာဝန်ဖြင့် မြစ်ကြီးနားသို့ ဆင်းသည်။ ကားကြီး (၂) စီးက ဝဘာန်မှ ဆင်းလာသဖြင့် ကျွန်တော်ကလည်း လူနာ (၁၀) ယောက်အား ဝန်ထမ်းအစောင့်များဖြင့် မြစ်ကြီးနားဆေးရုံတင်ရန် ထည့်ပေးလိုက်သည်။

ထို့ကြောင့် တရုတ်မကြီးဦးရွှေမှာ ဝန်ထမ်းနှင့် ရဲဘက်လူများ ပါလာသဖြင့် လွတ်လွတ်လပ်လပ် ခရီးသွား၍မရတော့။ သူက အကျဉ်းဦးစီး၌ာန အရာရှိတစ်ဦးဖြစ်၍ တစ်လမ်းလုံး အုပ်ချုပ်စီမံသွားရမည် ဖြစ်သည်။ ပြေလဆန်းတွင် တက်လာမည့် ရိက္ခာပို့ယာဉ်တန်းဖြင့် စခန်းသို့ ပြန်လာရမည်လည်း ဖြစ်ပေသည်။

✿ ✿ ✿

❑

တစ်ပတ်ခန့်အကြာတွင် မြစ်ကြီးနားမှ CONVOY ယာဉ်တန်း ထွက်လာသည်နှင့် နောက်တန်းစခန်းက ကျွန်ုပ်ထံ RADIO PHONE ဖြင့် အကြောင်းကြားလာသည် CONVOY ယာဉ်တန်း၊ ရဲဘက် (၄၀၀)၊ ရိက္ခာတစ်မိုးစာဖြင့် ထွက်လာပြီဖြစ်ကြောင်း၊ တာဝန်ခံအဖြစ် ဦးရွှေကို တာဝန်ပေးထားသော်လည်း ဦးရွှေသည် မြစ်ကြီးနားမြို့ပေါ်ရှိ တည်းခိုခန်းတစ်ခု၌ တည်းခိုနေစဉ် အဆိပ်သောက်၍ သေဆုံးသွားကြောင်း၊ သူသေဆုံးစဉ်၌ ဝတ်လစ်စလစ် (ကိုယ်တုံးလုံး) နှင့်ဖြစ်ပြီး အဖော်ကို မတွေ့ရသော်လည်း အခန်းတွင်း၌ အမျိုးသမီး အသုံးအဆောင်ပစ္စည်းများကို တွေ့ရကြောင်း၊ ထို့ကြောင့် သူ့ကိုယ်သူ (SUICIDE) လုပ်၍ သတ်သေခြင်းလော၊ မိန်းမဖော်က လုပ်ကြံခြင်းလော၊ မသိရသေးကြောင်း၊ မိန်းမဖော်ကို ဖမ်းမိစေရန် သက်ဆိုင်ရာရဲစခန်းက အပူတပြင်း လိုက်လံစုံစမ်း စစ်ဆေးနေပါကြောင်း။

နွေမိုးဆောင်းဘုရားကျိန်စာလော၊ တိုက်ဆိုင်မှုလော၊ ကလဲ့စားချေ၊ လုပ်ကြံခြင်းလော၊ တရုတ်မကြီးဦးရွှေမှာ အသေဆိုးဖြင့် သေရခြင်းကတော့ အမှန်ပင်ဖြစ်သည်။ ကျွန်ုပ်အမြင်တွင်တော့ တရုတ်မကြီး ဦးရွှေမှာ မိမိကိုယ်မိမိ တစ်သသနေတတ်ပြီး စိမ်ခံတတ်သူဖြစ်၍ မိမိ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မိမိ (SUICIDE) လုပ်၍ သတ်သေမည်ဟုတော့ မယုံကြည်မိပါ။ သို့သော် သူ၏အခန်းဖော်မှာ မိန်းမတစ်ဦးဖြစ်သည်။ သူက ယောကျ်ားသားဖြစ်၍ အင်အားကြီးသည်။

သူ့ကို မိန်းမသားက အနိုင်ကျင့်၍ အဆိပ်သောက်နိုင်းသည်လည်း မဖြစ်နိုင်။ ရှန့်ရင်းဆန်ခတ် အနေအထားပျက်ခြင်းလည်း လုံးဝမရှိ။ သို့ဖြင့် ပျော်ပျော်ရွှင်ရွှင်၊ ပေါ့ပေါ့ပါးပါး နေတတ်သော တရုတ်မကြီးဦးရွှေသည် မည်သည့်အကြောင်းကြောင့် အဆိပ်သောက်ပြီး သတ်သေရပါသနည်း။

နွေမိုးဆောင်းဘုရားအား အများကိုးကွယ်ပူဇော်နိုင်စေရန် ကျွန်ုပ် လုပ်ကြံဖန်တီးခဲ့သော ကျိန်စာကြောင့်လော၊ တိုက်ဆိုင်မှုကြောင့်လော တရုတ်မကြီးဦးရွှေမှာ အဖန်ငါးရာငါးကမ္ဘာ ပါရမီခတ်ခံကြောင့်လော အမျိုးမျိုးစဉ်းစားစရာအကြောင်း ဖြစ်လာပါသည်။

ဦးရွှေ၏ အခန်းဖော်အမျိုးသမီး ဖမ်းဆီးမိလျှင်တော့ အဖြေပေါ်မည်ဟု ယူဆမိပါသည်။ သို့သော် ကျွန်ုပ် ဆွမ်းပရာဘွမ်စခန်းက အလုပ်ထွက်ပြီး ပြည်မပြန်လာသည်အထိ တရားခံလည်းမရှိ၊ အဖြေလည်းမပေါ်ပါ။

ဦးရွှေ သူ့ကိုယ်သူ အဆိပ်သောက်၍ သတ်သေသည်ကို မြင်ရသောကြောင့် အခန်းဖော်အမျိုးသမီးက ကြောက်လန့်တကြား ထွက်ပြေးမိပါသည်ဆိုလျှင်တော့ အမှုဖြစ်စဉ်က ဂိတ်ဆုံးပြီဖြစ်သည်။ အမှုလည်းပိတ်သိမ်းရပေတော့မည်။ ယခုတော့ တိုးလို့တန်းလန်းအမှုကြီး ဖြစ်ပေတော့သတည်း။

✿ ✿ ✿

# အခန်း [၅]

မောင်စောနိုင်မှာ ကျွန်ုပ်၏ လက်ရုံးတပည့်တစ်ဦးဖြစ်သည်၊ ပျားဂေဟာကော်ဒါဆင်း တစ်ဦးဖြစ်၍ မွေးမြူရေးလုပ်ငန်းများ၌ အလွန်အားကိုးရသည်။ စေတနာ၊ ဝါသနာ၊ အနစ်နာခံသူတစ်ဦးလည်း ဖြစ်သည်။ သူ့အဆင့်က ဘွဲ့ရတပ်သား ထောင်မှူးလောင်းတစ်ဦးလည်း ဖြစ်ပေသည်။

၁၉၈၀ ခုနှစ်ခန့်က ကျွန်ုပ်တို့ အင်းစိန်ထောင်အတွင်း၌ မွေးမြူရေးလုပ်ငန်းများ စတင်လုပ်ကိုင်သည်။ ပထမဆုံးအသားစား မြန်မာကြက်များမွေးမြူပြီး အောင်မြင်သဖြင့် ထောင်ပိုင်ကြီး မစ္စတာ[illegible]နန်းက မြန်မာဒေသခံဝက်မျိုးများကို စတင်စမ်းသပ် မွေးမြူစေရာ အောင်မြင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အစပိုင်းက တပ်ဖွဲ့ရန်ပုံငွေဖြင့် မွေးမြူခြင်းသာဖြစ်ပြီး နောက်ပိုင်းတွင် ပျားဂေဟာခေတ်စားလာ၍ ကြက်၊ ဝက်သာမက ငုံးမွေးမြူရေးကိုပါ စီမံကိန်းလုပ်ငန်းဖြင့် တိုးချဲ့လုပ်ကိုင်လာရတော့သည်။

မြန်မာကြက်မျိုးများကို အလုပ်ဘက်ဆားဂိုဒေါင်ကြီး၌ ကြက်ခြံများဆောက်လုပ်၍ မွေးမြူသည်။ ဝက်များကိုတော့ မွေ့ရာချုပ်ဂိုဒေါင်ကြီးနှင့် အနောက်ဘက်အုတ်ရိုးကြားတွင် ဝက်ခြံများဆောက်လုပ်၍ မွေးမြူသည်။ တပ်ကြပ်ဦးကြည်မောင်က ဝက်ဆရာဖြစ်သဖြင့် ဝက်မွေးမြူရေးဌာနခေါင်းဆောင်ဖြစ်သည်။ အကျဉ်းသားလုပ်အားဖြင့် မွေးမြူခြင်းဖြစ်သောကြောင့် ဝက်ခြံများမှာ အလွန်သန့်ရှင်းသည်။

စီမံကိန်းလုပ်ငန်း တိုးချဲ့ရန်ဖြစ်လာသဖြင့် ဘွဲ့ရဝန်ထမ်းများအား ပျားဂေဟာသို့ တစ်သုတ်ပြီးတစ်သုတ် တက်စေရတော့သည်။ ပထမအသုတ်တွင် ကျွန်ုပ်၏တပည့် မောင်စောနိုင်နှင့် တပ်သားဝင်းသိန်းတို့ ပါသွားကြသည်။

စီမံကိန်းလုပ်ငန်းဖြစ်၍ ဒေသခံမြန်မာဝက်မျိုးများ တဖြည်းဖြည်းဖြုတ်ပြီး နိုင်ငံခြားဝက်မျိုးများဖြစ်သော Large White, Land Race ဝက်မျိုးများကို ရှာရတော့သည်။ (၉)မိုင်၊ (၁၀)မိုင်၊ ပဲခူးဘုရားကြီး အစိုးရဝက်ခြံများသို့ အခေါက်ခေါက်အခါခါ သွားရသည်။

အစိုးရဌာနတိုင်း၌ စီမံကိန်းအရ မွေးမြူရသည်ဖြစ်၍ သားခွဲဝက်ပေါက်များရရန်မှာ အလွန်ခက်ခဲသည်။ အစိုးရဝက်ခြံများ၌ ဝက်ပေါက်များရှိသော်လည်း ခွဲတမ်းဖြင့်သာရောင်းချသဖြင့် ချိန်းသောရက်ကို အတိအကျသွား၍ ဝက်ဖမ်းရသည်။

အစောပိုင်းက ကျွန်ုပ်၏တပည့် မောင်စောနိုင်နှင့် မောင်ဝင်းသိန်းတို့ရှိနေသဖြင့် ဝက်ဖမ်းရာ၌ အဆင်ပြေသည်။ ဝက်ဖမ်းသည်မှာ





လည်း ပညာပါသည်။ မရွေးချယ်တတ်ပဲ အုပ်စုလိုက် သိမ်းကြုံးဖမ်းပါက ရောဂါရနေသောဝက်များ၊ ကြီးထွားနှုန်းနှေးသော ဝက်များကို ရလာတတ်သည်။ ထိုဝက်များကို ခြံခွဲ၍မွေးမြူပါက အစာဖိုးသာကုန်ပြီး အရှုံးပေါ်တတ်သည်။

မြန်မာဝက်မျိုးများ မွေးမြူစဉ်က ထောင်တွင်းပေါ်များလှသည့် ထမင်းကျွန်ဟင်းကျွန်ကို ကျွေးမွေးနိုင်သဖြင့် အစားအစာအတွက် ကုန်ကျစရိတ်မရှိပါ။ ဒေသခံဝက်မျိုးများဖြစ်၍ ရာသီဥတု အပြောင်းအလဲဒဏ်ကို ခံနိုင်သည်။ ရာသီအလိုက် ကာကွယ်ဆေး ထိုးပေးရုံလောက်သာ ဖြစ်သည်။

ကာကွယ်ဆေးထိုးရာ၌လည်း အင်းစိန်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဌာနမှ ကာကွယ်ဆေးများဝယ်ပြီး ဝက်ခြံခေါင်းဆောင် တပ်ကြပ်ဦးကြည်မောင်က ကိုယ်တိုင်ထိုးပေးသဖြင့် ဆေးထိုးခပင်မကုန်ပါ။ ဒေသခံဝက်များအတွက်တော့ ဦးကြည်မောင်က ကောင်းစွာ ကျွမ်းကျင်နားလည်သည်။ သားဖွားရာ၌လည်း ပြဿနာတစ်စုံတစ်ရာ မရှိပါ။

နိုင်ငံခြားဝက်မျိုးများမွေးမြူတော့ အခက်အခဲတွေ့လာရတော့သည်။ သူတို့က ဒေသခံမျိုးမဟုတ်။ အသားဖြူပြီး ကြီးထွားနှုန်းမြန်တော့ အလွန်နုသည်။ ရာသီအလိုက် ကာကွယ်ဆေးများအပြင် ထောင်တွင်း၌ ပေါ်များသည့် ထမင်းကျွန်ဟင်းကျွန်နှင့် ကျွေး၍မရ။ သီးခြားစပ်စာကို ဝယ်၍ကျွေးရသည့်အပြင် စပ်စာအထဲ၌လည်း အားဆေးနှင့် ကာကွယ်ဆေးများထည့်ရသည်။

စပ်စာဆိုသည်မှာလည်း လတ်ဆတ်သော ဖွဲနု၊ ဆီကွဲ၊ ပဲဖတ်၊ ငါးခြောက်မှုန့်များအပြင် နိုင်ငံခြားတိရစ္ဆာန်ဆေးများဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



Adiuvit. Vitadol, Lincomix များထည့်ရသည်။ နေ့လယ်ခင်းအချိန်၌လည်း အစာစိမ်း (ကန်စွန်းရွက်၊ မုန်လာရွက်၊ ဂေါ်ဖီရွက်)တို့ကို ကျွေးရပြန်သည်။ ရေလည်း တစ်နေ့ကိုတစ်ကြိမ် ချိုးပေးရသည်။ အပူဒဏ်မခံနိုင်။ ရေကြိုက်သောဝက်များ ဖြစ်ပေသည်။

ထို့ကြောင့် မွေးမြူရေးထောင်မှူးအပြင် အချုပ်ရုံးကိုပါ တွဲဘက်လုပ်ကိုင်ရသော ကျွန်ုပ်မှာ အလွန်အလုပ်များလှသည်။ ကုန်သွယ်ရေးသို့ ဖွဲနု၊ ဆန်ကွဲ လစဉ်ရအောင် လိုက်ရသည်။ ရွှေတိဂုံဘုရားလမ်း၊ သိမ်ကြီးဈေး စီ(C)ရုံအနီးမှ အစိုးရတိရစ္ဆာန် မွေးမြူရေးဆေးဆိုင်သို့လည်း မကြာခဏသွားရသည်။

ထို့ကြောင့်လည်း ဆေးဆိုင်မန်နေဂျာ ဦးသန်းလင်းနှင့် ခင်မင်ရင်းနှီးရတော့သည်။ ကျွန်ုပ်တို့ကလည်း အင်းစိန်ထောင်ကဖြစ်၍ လက်ဆောင်ပစ္စည်းအနေဖြင့် ပန်းဂေါ်ဖီပွင့်များ၊ နိုကိုဉ၊ ကိုက်လံ၊ မုန်လာဉများအပြင် ထောင်ထွက်ကြိုးပုတီးများကိုလည်း လက်ဆောင်ပေးတတ်ပါသည်။

ထို့ကြောင့်လည်း ဆေးဆိုင်မန်နေဂျာ ဦးသန်းလင်းကလည်း ကျွန်ုပ်အား နိုင်ငံခြားဆေးကုမ္ပဏီများမှ နမူနာလက်ဆောင်ရရှိသည့် ဆေးဝါးအသစ်များကို လက်ဆောင်ပြန်ပေးတတ်ပါသည်။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းမှာ အရှိန်အဟုန်ဖြင့် တိုးတက်လာသည်။ နောက်ဆုံး ကျွန်ုပ်အား မွေးမြူရေးထောင်မှူးအဖြစ် သီးသန့်ခန့်ထားပြီး ဝက်အပြင် ငုံးမွေးမြူရေးကိုပါ တိုးချဲ့လုပ်ကိုင်ရန် တာဝန်ပေးတော့သည်။

စီမံကိန်းတစ်ခုလုပ်ဆောင်ရာ၌ (Plan) ချရသည်။ ငုံးမွေးမြူရေးမှာ ကြက်မွေးမြူရေးလိုမဟုတ်။ အလွန်နုနယ်သဖြင့်လည်းကောင်း၊





စီမံကိန်းလုပ်ငန်းဖြစ်၍လည်းကောင်း အကောင်ပေါက်ကိုဝယ်၍ မွေးမြူရန်မဖြစ်နိုင်။ ထို့ကြောင့် ထောင်အတွင်း၌ပင် ငုံးဥဖောက်စက်များတီထွင်လုပ်ကိုင်ရန် အကြောင်းကဖန်လာသည်။

ထို့ကြောင့် ကျွန်ုပ်နှင့် ထောင်ပိုင်ကြီး မစ္စတာမဂ္ဂနန်းတို့မှာ ငုံးဥဖောက်စက်နှင့် အနွေးပေးစလောင်းများလုပ်ရန် အစိုးရခြံနှင့် ပုဂ္ဂလိကခြံများတွင် လိုက်လံလေ့လာရသည်။ ခြံအတော်များများက မြန်မာထုံးစံအတိုင်း နည်းပညာမပေးလိုကြပါ။ နောက်ဆုံး သမိုင်းမှ ဦးမြတ်ဆောင်က ငုံးဥဖောက်စက်နမူနာရောင်းပြီး နည်းပညာလည်း ပေးပါသည်။

ကျွန်ုပ်၏ထောင်ပိုင်ကြီးက စက်မှုလက်မှု ဝါသနာပါသူတင်ယောက်ဖြစ်၍ လေ့လာပြီး ထောင်တွင်းမှ လက်သမားဆရာကြီးများဖြစ်ကြသော ဦးချစ်ပန်း၊ ဦးမြင့်မောင်တို့နှင့်တိုင်ပင်၍ ပုံစံဆွဲသည်။ စက်ပစ္စည်းများကို အစိုးရဆိုင်မှဝယ်ယူ၍ စမ်းသပ်ဆောက်လုပ်သည်။ နမူနာရှိ၍ အောင်မြင်ပါသည်။

ငုံးဥဖောက်စက်မှာ ကြက်ဥဖောက်စက်ထက် ဥထည့်သောလင်ပန်းများသေးပြီး အချပ်ရေများသည်။ နောက်ကျော၌ နှစ်ကရုန်းကွိုင်ကို အပူပေးပြီး အပူရှိန်မျှတအောင် အတွင်း၌ ပန်ကာခလက်တင်ဆင်ရသည်။ ဥထည့်သော သံဇကာလင်ပန်းများကိုလည်း အပူရှိန်မျှတစေရန် တစ်ပတ်တစ်ကြိမ် နေရာပြောင်းပေးရသည်။

အပူရှိန်အနည်းအများကို ချိန်ဆနိုင်ရန် သာမိုမီတာ၊ ပြဒါးတိုင်ကိုလည်း တပ်ဆင်ထားရသည်။ အပူရှိန်အနည်းအများအတွက်တော့ အလျှော့အတင်း Control ခလုတ်ရှိသည်။ အလုပ်တစ်ခုမှာ လက်တွေ့လုပ်ကြည့်မှ တဖြည်းဖြည်း အောင်မြင်လာခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးပတ်ကျော်အကြာတွင် ငုံးကောင်ကလေးများ ပေါက်တော့မည်ဖြစ်ရာ အပူပေးပြီး မွေးမြူနိုင်ရန် ‘ဘရူဒါ’ခေါ် အပူပေးစလောင်းများ လိုအပ်လာပြန်သည်။ ထို့ကြောင့် ကျွန်ုပ်နှင့်ထောင်ပိုင်ကြီး မွေးမြူရေးခြံများသို့ ကွင်းဆင်းလေ့လာပြီး သံဖြူဌာနမှ တာဝန်ခံဆရာကြီး ဦးမောင်စိန်နှင့်ပေါင်း၍ အပူပေးစလောင်းများ လုပ်ကြရပြန်သည်။

စလောင်းကိုယ်ထည်ကို ပြောင်သွပ်ပြားဖြင့် ခမောက်ပုံစံခွေပြီး အတွင်း၌ သစ်သားတန်းထည့်၍ နစ်ခရုန်းဝါယာများအား တပ်ဆင်ရခြင်းဖြစ်သည်။ အပူရှိန်အနည်းအများကိုလည်း သာမိုမီတာပြဒါးတိုင်နှင့် ချိန်ဆ၍ Control ခလုတ် တပ်ဆင်ရပြန်သည်။ ငုံးပေါက်ကလေးများမှာ လက်မခန့်သာရှိပြီး ထောင်ပေါင်းများစွာ မွေးမြူရမည်ဖြစ်သဖြင့် အပူပေးစလောင်းအများအပြားနှင့် အခန်းက လိုပြန်သည်။

ထို့ကြောင့် ကျွန်ုပ်တို့ အိပ်ဆောင်အမှတ် (၃)အား မွေးမြူရေးအဆောင်အဖြစ် ပြောင်းလဲပြီး မွေးမြူရေးစတင်ရန် ပြင်ဆင်ရသည်။ ငုံးပေါက်ကလေးများထွက်လာတော့ အပူပေးခန်းများတွင် စနစ်တကျနေရာချရသည်။ ပေ (၂၀) (၆၀) ကျယ်သော အခန်းများတွင် အပူပေးစလောင်း (၅)ခု တပ်ဆင်၍ ယိုင်ပတ်ကာဖွဲ့ခင်းပြီး အကျဉ်းသားဘုတ်သားများကို တာဝန်ခွဲပေးရသည်။

မွေးမြူရေးလုပ်ဖူးသော အကျဉ်းသားများကို ခေါင်းဆောင်ခန့်ရသည်။ အုပ်ချုပ်မှုအခန်းကိုတော့ (၃)ဆောင်အပေါ်ထပ်တွင် ရုံးခန်းဖွင့်၍ ထောင်မှူးကြီးဦးငြိမ်းအောင်က မွေးမြူရေးဌာနတာဝန်ခံ ဖြစ်လာသည်။

သူက တွံတေးရွှေသူဌေးစခန်းတွင် ငါးနှင့်ဝက်မွေးမြူလာခဲ့သူဖြစ်၍ လုပ်ငန်းကျွမ်းကျင်သည်။ (၄၅)ရက်အကြာတွင် ငုံးပေါက်





ကလေးများ မီးလွှတ်တော့မည်ဖြစ်၍ မွေးမြူရေးစင်များ အရေးပေါ်ဆောက်လုပ်ရန် လိုအပ်လာပြန်သည်။

ထို့ကြောင့် ကျွန်ုပ်နှင့်ထောင်ပိုင်ကြီး ငုံးမွေးမြူရေးခြံများသို့ ကွင်းဆင်းကြရပြန်သည်။ ငုံးများမှာ လက်သီးဆုပ်ခန့်သာရှိ၍ ကြက်လို နေရာကျယ်ကျယ်ဝန်းဝန်း မလိုပါ။ နှစ်ထပ်သံဇကာ ငုံးစင်များရိုက်ရန်သာလိုသည်။ အကျယ်အဝန်းမှာ (၄)ပေ၊ (၆)ပေဖြစ်သည်။

ထို့ကြောင့် ထောင်ပိုင်ကြီးက နမူနာပုံဆွဲပြီး လက်သမားဌာနက စင်ရိုက်သည်။ သံဖြူဌာနက သံဇကာယက်သည်။ သောက်ရေခွက်နှင့် အစာခွက်လုပ်ပေးသည်။ မကြာမီ လုပ်အားကောင်း၍ သုံးဆောင်အပေါ်ထပ်တစ်ခုလုံး ငုံးစင်များဖြင့်ပြည့်သွားပြီး အောက်ထပ်တစ်ခုလုံး ငုံးပေါက်အပူပေးခန်းများ ဖြစ်သွားသည်။

နိုင်ငံခြားဝက်မျိုးများလည်း တိုးချဲ့ပေါက်ပွားလာရာ အပြင်ခြံများက မဝယ်ရတော့။ အင်းစိန်ထောင်ခြံထွက် ဝက်မျိုးများဖြစ်လာသည်။ ငုံးနှင့်ဝက် တိုးချဲ့မွေးလာတော့ ကျွမ်းကျင်သော တိရစ္ဆာန်ဆရာဝန်များ လိုအပ်လာသဖြင့် ခေါ်ယူခန့်ထားရာ တိရစ္ဆာန်ဆရာဝန် ဦးမြေဝင်းနှင့် ဦးခင်မောင်လွင်တို့ ဝင်ရောက်လာကြသည်။

သူတို့အား ဒုတိယထောင်ပိုင် (သုံးပွင့်)ဖြင့် ခန့်ထားခြင်းဖြစ်သည်။ ဝက်များကို ထောင်တွင်း၌သာမက ထောင်အပြင်၌လည်း ဝက်ခြံများဆောက်၍ တိုးချဲ့မွေးမြူလာသည်။ ငုံးမွေးမြူရေးကိုတော့ ကျွန်ုပ်တို့ကသာ တာဝန်ယူထားပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

မကြာမီ ငုံးဥများ သောင်းနှင့်ချီ၍ ထွက်လာသည်။ ငုံးထီးနှင့် အရွယ်လွန်ဥနည်းသွားသော ငုံးမများကိုတော့ ထောင်ရိက္ခာအဖြစ် သွင်းရသည်။ အကျဉ်းသား၊ အချုပ်သားတစ်ယောက်လျှင် ငုံးကြော်နှစ်ကောင်စီကျွေးနိုင်သော အဆင့်သို့ပင် ရောက်လာသည်။

ငုံးများမှာ သူ့အပတ်နှင့်သူ နေ့စဉ်ပေါက်ပွားနေသဖြင့် (၃) ဆောင်တစ်ဆောင်တည်းဖြင့် မလုံလောက်တော့။ သိန်းနှင့်ချီ၍မွေးမြူရန်လည်း ညွှန်ကြားလာသဖြင့် အိပ်ဆောင်အမှတ် (၄)ကိုလည်း မွေးမြူရေးအဆောင်အဖြစ် တိုးချဲ့လုပ်ကိုင်ရတော့သည်။

တော်ပါသေးသည်။ ကျွန်ုပ်၏တပည့်များဖြစ်ကြသော မောင်စောနိုင်နှင့် မောင်ဝင်းသိန်းတို့ ပျားဂေဟာမှ သင်တန်းဆင်းလာကြ၍ ဖြစ်သည်။ မောင်ဝင်းသိန်းကို (၃)ဆောင်တွင် တာဝန်ချထားပြီး မောင်စောနိုင်ကို (၄)ဆောင်တွင် တာဝန်ချထားသည်။ လူပျိုလူလွတ်များဖြစ်ကြ၍ သူတို့နှစ်ဦးကလည်း နေ့နေ့ညည ထောင်တွင်း၌ ပျော်နေကြသည်။

ကျွန်ုပ်တွင် ဘယ်လက်ရုံး၊ ညာလက်ရုံး တပည့်နှစ်ဦးအားကိုးရပြီဖြစ်သော်လည်း ငုံးဥထွက်အားကောင်းသဖြင့် ပျားဂေဟာသို့ နေ့စဉ် သွားပို့ရသည်။ ငုံးစာမှာ စနစ်ကျ၍ အချိုးအစားမှန်ကန်စေရန် ထောင်





တွင်း၌မစပ်။ တည်းကုန်း အစပ်စာစက်ရုံသို့သွားပြီး စနစ်တကျစပ်ပြီး အစာများအား ဝယ်ရသည်။ စပ်စာအချိုးအစားမကျပဲ မလတ်ဆတ်သည်နှင့် ငုံးဥထွက်နှုန်းမှာ ဝုန်းခနဲ ထိုးကျသွားတတ်သည်။

ဝက်စာကို ထောင်တွင်း၌စပ်သော်လည်း ငုံးစာကို အစာစပ်စက်ရုံက ဝယ်ယူရသည်။ ငုံးစာ၌လည်း ငုံးပေါက်စအစာနှင့် ငုံးကြီးစာ ဥစားငုံးအစာဟူ၍ (၃)မျိုးခွဲထားသေးသည်။ ထို့ကြောင့် အစာလတ်ဆတ်သန့်ရှင်းစေရန် ကျွန်ုပ်ကိုယ်တိုင် ကားဖြင့် တစ်ပတ်တစ်ကြိမ် သွားရောက်ဝယ်ရသည်။

မောင်စောနိုင်ဖြစ်စေ၊ မောင်ဝင်းသိန်းဖြစ်စေ တစ်ယောက်ယောက်ကိုလည်း ခေါ်သွားရတတ်သည်။ ကျွန်ုပ်မအားလပ်ပါက စက်ရုံဝန်ထမ်းများဖြင့် ရင်းနှီးစေရန်လည်းဖြစ်ပါသည်။

အစာကြိတ်စက်ရုံက အစာစပ်တာဝန်ခံ ဦးပွကြီး၊ အလုပ်သမားခေါင်း ဦးလေးမောင်တို့ကိုလည်း လတ်ဆတ်သောကြိတ်စာများ ရရန် ပေါင်းထားရသည်။ သူတို့ကိုလည်း ထောင်ထွက်အသီးအနှံများ ကျွန်ုပ်က လက်ဆောင်ပေး၍ သူတို့က ကျေးဇူးတင်နေကြသည်။ တစ်ခါတစ်ရံ စပ်စာစောင့်ရင်း လက်ဖက်ရည်ပင် အတူထွက်သောက်ကြသေးသည်။

ကျွန်ုပ်တို့က ကျသင့်ငွေအား ချက်လက်မှတ်ဖြင့် ဝယ်ခြင်းဖြစ်သည်။ ငုံးကောင်ရေ သိန်းနှင့်ချီလာပြီဖြစ်၍ တစ်ပတ်တစ်ကြိမ် ဝယ်လျှင် ထိုအချိန်က လေးငါးသောင်းဖိုးဖြစ်သည်။ ထို့ကြောင့် စာရေးမများကိုလည်း ကျွန်ုပ်တို့က အပေါင်းအသင်းလုပ်ရပြန်သည်။ ငွေထုတ်လျှင် အပိုအလိုရှိတတ်သောကြောင့်လည်းဖြစ်သည်။ အပတ်စဉ်ဝယ်နေကျဖြစ်၍ တစ်ခါတစ်ရံ ထောင်ဂထာန်း အကြွေးကျန်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးမများက လေးယောက်ရှိသည်။ ထိုအထဲမှ ခေါင်းဆောင် နွယ်နီသန်းက ကျွန်ုပ်နှင့် အလွန်ခင်သည်။ လပေါင်းအတော်ကြာ ဆက်ဆံလာကြ၍ ရင်းနှီးကျွမ်းဝင်သည်။ သူလိုချင်သော ထောင်လုပ်ပုတီးကိုလည်း မှာတတ်သည်။ ကျွန်ုပ်က မျက်နှာမလိုက်ပဲ စာရေးမ (၄)ဦးအား တစ်ယောက်တစ်ကုံး လက်ဆောင်ပေးရာ နွယ်နီသန်းက သူ့မိဘများအတွက် မှာပြန်သည်။ ကျွန်ုပ်ကလည်း နောက်တစ်ပတ်တွင်ပေးမည် ဟုကတိပေးခဲ့သည်။

ကာလကြာလာတော့ ကျွန်ုပ်တို့လာမည့်ရက်ကိုသိသဖြင့် နွယ်နီသန်းက ကျွန်ုပ်တို့အတွက် ထမင်းဟင်းချိုင့်ပင် အပိုယူလာတတ်သည်။ ကျွန်ုပ်တို့ စုပေါင်းစားကြရင်း ရင်းနှီးမှုပိုလာခဲ့တော့သည်။

တစ်ခါတစ်ရံ နွယ်နီသန်းက အောင်ဆန်းရှိ သူ့မိဘများအိမ်သို့ အလည်ခေါ်တတ်သည်။ တစ်ခါတစ်ရံ အင်းစိန်ဈေးသို့လည်း ဈေးဝယ်လိုက်တတ်သည်။ ကျွန်ုပ်နှင့် အစာဝယ်ရာတွင် မောင်စောနိုင်က အများဆုံးပါတတ်သဖြင့် မောင်စောနိုင်နှင့် စာရေးမများလည်း ခင်မင်ရင်းနှီးနေကြသည်။

စာရေးမများက ကျွန်ုပ်ကိုမပူစာတတ်သော်လည်း မောင်စောနိုင်ကိုတော့ ပူစာတတ်သည်။ ငုံးဥနှင့် ငုံးကြော်မှာခြင်းဖြစ်သည်။ ကျွန်ုပ်တို့ထောင်တွင်း၌ ပေါများလှသောကြောင့် မောင်စောနိုင်ကလည်း တကူးတကပင် ငုံးဥကိုပြုတ်၍လည်းကောင်း၊ ငုံးထီးများကို ကြော်၍လည်းကောင်း ယူသွားတတ်သည်။

မောင်ဝင်းသိန်းက တစ်မျိုး။ သူက စာရေးမများကို အကျွမ်းတဝင်မနေတတ်။ ခပ်တည်တည်ပင် နေတတ်သည်။ ထို့ကြောင့် ကျွန်ုပ်က သတိပေးရသည်။

စိတ်ကူးသစ်စာပေ



"မောင်ဝင်းသိန်း မင်းတည်တည်နေတတ်တာ ငါသိပါတယ်။ ဒါပေမဲ့ အစာစပ်ရုံက စာရေးမလေးတွေက မင်းကို ခင်ချင်တယ်။ မင်းကအခုနေတည်တော့ သူတို့ခမျာ ဘယ်ကောင်းမလဲ။ ငါ့ကို တိုင်တိုင်ပြောကြတယ်။ လိုက်လျောညီထွေ ဆက်ဆံစမ်းပါကွာ"

"ဆရာရယ် ကိုယ့်အပူနဲ့ကိုယ်။ ကျွန်တော့်အကြောင်းလည်း သိရဲ့သားနဲ့။ မမြဝင်းက ကျွန်တော့်ကိုခေါက်သွားပြီဗျ။ ကျွန်တော် ဘယ်လိုအစားထိုးမလဲ။ ပျားဂေဟာသင်တန်းလည်း တက်ပြီးပြီ။ ထောင်မှူးလည်းမဖြစ်သေးဘူး။ ကျွန်တော်သေချင်တယ် ဆရာရယ်"

"မောင်ဝင်းသိန်းရယ် . . . မင်းယောက်ျားပါ။ ဘွဲ့လည်းရပြီးသား။ ထောင်မှူးကလည်း အနေးနဲ့အမြန် အသေအချာဖြစ်တော့မှာ။ ဘာပူစရာရှိသလဲ။ မမြဝင်းမရှိတော့လည်း မိန်းမချောတွေ ပေါမှပေါ။ မောင်စောနိုင်ကို ကြည့်ပါလား။ အမြဲတမ်းပျော်နေတာပဲ။ မင်းတို့ချင်းထဲကမဟုတ်ရင်လည်း အစာစပ်စက်ရုံက စာရေးမလေးတွေ ချောပါတယ်ကွ။ ငါအောင်သွယ်ပေးမယ်"

"မဖြစ်ပါဘူး ဆရာရယ်။ ကျွန်တော်က စောနိုင်မဟုတ်တော့ ခက်တယ်။ ကျွန်တော်ကတော့ မမြဝင်းနဲ့လွဲရရင် မိန်းမမယူတော့ပါဘူးဆရာရယ်။ လောကကြီးကလည်း မနေပျော်တော့ပါဘူး"

"ဟဲ့ကောင် . . . မိန်းမတစ်ယောက်အတွက် မလုပ်ကောင်းတာတွေ မကြံစည်နဲ့။ မင်း မမြဝင်းကို မေ့ပစ်လိုက်။ ဟိုက အထက်အရာရှိနဲ့ ညိနေတာမဟုတ်လား"

"အဲဒါပေါ့ ဆရာရယ်။ မိန်းမတွေသစ္စာမရှိတာ။ ဒါကြောင့် ကျွန်တော် မိန်းမတွေကိုမုန်းတာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လေ့နံခါးထစ် အသေမမှတ်နဲ့။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရမဲ့ အဖြစ်မျိုးကိုလည်း လက်မခံနဲ့။ မင်းလူငယ်ပဲ အသိတရားရှိရမှာပေါ့။ ဖူးစာဆိုတာဒီလိုပဲ။ ဘယ်လောက်ပဲချစ်ကြချစ်ကြ ပို ချစ်ရမဲ့သူနဲ့တွေ့ရင် ကွဲတတ်တာ ဓမ္မတာပဲ။ အသိတရားနဲ့ သတိထားပြီး မိမိကိုယ်မိမိ ဆင်ခြင်စမ်းပါကွာ။

ဒီလိုပဲ ငယ်စဉ်ဘဝမှာ ချစ်ကြကြိုက်ကြပြီး ကွဲကြလွဲကြတာ အဆန်းမဟုတ်ပါဘူး။ အရေးကြီးတာက အိမ်ထောင်သည်ဘဝမှာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲပြီး မကွဲကြဖို့က ပိုအရေးကြီးပါတယ်"

✿ ✿ ✿

❑

ကျွန်ုပ် မောင်စောနိုင်ရော မောင်ဝင်းသိန်းကိုပါ အစာစပ်စက်ရုံသို့ ခေါ်သွားတတ်သည်။ ငုံးအကောင်ရေ သိန်းချီရှိလာပြီဖြစ်၍ Hino Ranger ကားဖြင့် အခေါက်ခေါက်အခါခါ သယ်ရသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့စောင့်ရင်း အစာစပ်စက်ရုံ၌ပင် နေ့လယ်စာစားရသည်။ မောင်စောနိုင်နှင့် မောင်ဝင်းသိန်းတို့က တစ်ခေါက်စီ အင်းစိန်ထောင်သို့ ပြန်ပို့ကြသည်။

အကြိမ်များလာတော့ စာရေးမများနှင့် မောင်ဝင်းသိန်းလည်း ခင်မင်လာကြပြီး မောင်ဝင်းသိန်းမှာစ်ယောက် ငူငူငိုင်ငိုင်မနေတော့ပဲ တက်ကြွရွှင်လန်းလာသည်ကို တွေ့ရသည်။ အစာစပ်စက်ရုံသို့ သွားရမည့်အပတ်တွင် မောင်ဝင်းသိန်း ရွှင်မြူးနေတတ်သည်။

နောက်ပိုင်းတွင် အလုပ်များသဖြင့် ကျွန်ုပ်အစာစပ်စက်ရုံသို့ မလိုက်နိုင်တော့။ မောင်ဝင်းသိန်းနှင့် မောင်စောနိုင်တို့သာ သွားကြတော့သည်။ မွေးမြူရေးက အရှိန်မြင့်လာသည်။ များဂေဟာသို့ ကျွန်ုပ်တို့ ငုံးဥသွင်းရာ တစ်နေ့လျှင် ဥလုံးရေ လေးငါးသောင်းခန့်ဖြစ်တော့သည်။ ထိုစဉ်က ငုံးဥတစ်လုံးလျှင် ပြား (၂၀)ခန့်သာရသည်။ နေ့စဉ် အရေအတွက်တိုးတက်လာသဖြင့် ဝင်ငွေလည်း အလွန်ကောင်းသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က မွေးမြူရေးဝက်ကလည်း အသားထွက်ပိုလာသည်။ ထောင်ရိက္ခာတွင်မက ပိုလျှံနေ၍ ဆင်မလိုက်သို့ပင်သွင်းရသည်။ ဝက်ခြံများကိုလည်း ထောင်အပြင်ပတ်လည်၌ပင် တည်ဆောက်ပြီး တိုးချဲ့မွေးမြူလာတော့သည်။

မွေးမြူရေးလုပ်ငန်းမှာ အောင်မြင်လာသဖြင့် အခြားထောင်များသို့လည်း မွေးမြူရေးလုပ်ငန်းများ ချဲ့ထွင်လာခဲ့ရာ လေ့လော့အင်းနှင့် သာယာဝတီထောင် မွေးမြူရေးလုပ်ငန်းများမှာ အအောင်မြင်ဆုံးဖြစ်ပေသည်။

ဤတစ်ကြိမ်တော့ ကျွန်ုပ် ရှောင်လွှဲ၍မရတော့။ ပျားဂေဟာ ကေဒါသင်တန်းအမှတ်စဉ် (၁၄)သို့ တက်ရောက်ရတော့မည်ဖြစ်သည်။ အလုပ်များလွန်း၍ ထောင်ပိုင်ကြီး မစ္စတာမင်္ဂနန်းကလည်း မလွှတ်ချင်ပါ။ သို့သော် မွေးမြူရေးထောင်မှူးဖြစ်၍ ပျားဂေဟာသို့ မတက်မနေတက်ရောက်ရမည်ဖြစ်သဖြင့် ကျွန်ုပ်တက်ရောက်ရပေတော့သည်။

ကျွန်ုပ်တို့ ယူနီဖောင်းဝတ်များမှာ လူတစ်ဦးမရှိ၍ တာဝန်ပျက်ယွင်းမှုမရှိစေရ၊ ရှိသောလူက အစားထိုးပြီး တာဝန်ထမ်းဆောင်ရမည်သာဖြစ်သည်။ ရေပွားပေါက်တာမလိုချင်၊ ရေပါဖို့သာ အရေးကြီးသည်မဟုတ်ပါလား။

ပျားဂေဟာ ကေဒါသင်တန်းတက်ရတော့ ကျွန်ုပ် အနားရပါသည်။ မနက်ခင်း စာသင်ခန်းမသို့ဝင်ရသည်။ နေ့လယ်စာစားပြီးချိန်၌လည်း စာဆက်သင်ရသည်။ ညနေ နေအေးချိန်၌ လက်တွေ့ပန်းပင်များအား ပြုစုပျိုးထောင်ရသည်။ ထောင်တွင် ပင်ပန်းသမျှ ကျွန်ုပ် သင်တန်းတက်ရင်း အနားရနေပါသည်။





သင်တန်းတက်စဉ် ပျားဂေဟာတွင်သာမက မွေးမြူရေးခြံများသို့လည်း လှည့်ရသည်။ ထောက်လှမ်းရေး (၁၆) ပျဉ်းမပင်စိုက်ပျိုးရေးစခန်း၊ ရွာသာကြီးစခန်းများသို့လည်း လှည့်ရသည်။ တစ်လခန့်ကြာ ‌ဇော့ မေကျာခွဲရာ ကျွန်ုပ်အနေဖြင့် ကြက်၊ ဝက်၊ ဘဲ၊ နွားတို့မှာ လက်တွေ့နားလည်ပြီးဖြစ်၍ ရေသတ္တဝါ အထူးပြုဘာသာရပ်သို့ ပြောင်းလဲယူလိုက်တော့သည်။ ထို့ကြောင့် ကေဒါသင်တန်း (၁၄)တွင် ဘာသာရပ်ဆိုင်ရာအုပ်စုများခွဲ၍ လေ့လာရေးခရီးစဉ်များ ထွက်ကြရတော့သည်။

ကျွန်ုပ်တို့အဖွဲ့က ရေတပ်သဘော်ာ 'ဆင်မင်း'ဖြင့် ဒေးဒရဲမြို့နယ်၊ သံဒိပ်ကျေးရွာသို့ လေ့လာရေးခရီးထွက်ရသည်။ ရေလမ်းခရီးဖြစ်၍ အလွန်ပျော်စရာကောင်းသည်။ ဌာနပေါင်းစုံသင်တန်းဖြစ်သဖြင့် အပေါင်းအသင်းများတိုးခဲ့သည်။ ကျွန်ုပ်အတွက်တော့ ပျားမွေးမြူရေး သစ်ပင်ပန်းမာန်စိုက်ပျိုးရေးနှင့် ရေသတ္တဝါများမွေးမြူရေး ပညာရပ်များကို လက်တွေ့လေ့လာဆည်းပူးခဲ့ရသဖြင့် အကျိုးအမြတ်ဖြစ်ထွန်းပါသည်။

လေးလခွဲကြာ သင်တန်းပြီးတော့ ကျွန်ုပ်တို့ (Mother Unit) သို့ ပြန်ကြရသည်။ ကျွန်ုပ် အင်းစိန်ထောင်ပြန်ရောက်တော့ မွေးမြူရေးလုပ်ငန်းမှာ အရှိန်အဟုန် အတော်မြင့်နေပေပြီ။ ဖောက်စက်ကြီးများမှာ (၄)ဆောင်အောက်ခန်းတွင်အပြည့်။

ငုံးများကလည်း (၃)ဆောင်နှင့် (၄)ဆောင်တွင်အပြည့်။ ဝက်များကလည်း ထောင်တွင်းနှင့် ထောင်ပတ်လည် အပြည့်ပင်။ တိရစ္ဆာန်ဆရာဝန်များကိုလည်း ထပ်မံခန့်ထားရသေးသည်။

ကျွန်ုပ်တို့ကတော့ နဂိုရှိမူလအတိုင်းပင် ထောင်တွင်း ထောင်ပြင် စစ်ဆေးပြီး ဘက်စုံတာဝန်ယူရသည်။ လိုအပ်သည်များကို ပံ့ပိုး



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပံ့ရသည်။ လုပ်ငန်းကြီးလာသည်နှင့်အမျှ တာဝန်ကလည်း ပို ကြီးလာသည်။

ထောင်တွင်း၌ဖြစ်သော်လည်း ဗွာနဆိုင်ရာ လေ့လာရေးလာ သူများက နေ့စဉ်ပင် တဖွဲဖွဲရောက်လာကြသဖြင့် ကြိုဆိုခြင်း၊ ညွှန်ခြင်း၊ ရှင်းလင်းပြခြင်း တာဝန်များကိုလည်း ကျွန်ုပ်က တာဝန်ယူရသည်။ ပျားဂေဟာ ကေဒါသင်တန်းကျောင်းကြောင့် ယခင်လို လက်တွေ့သာမက စာတွေ့(Biology Term)ကိုလည်း ကျွန်ုပ်က ရှင်းပြနိုင်သည်။

✿ ✿ ✿

❑

မွေးမြူရေးလုပ်ငန်း အဆင့်မြင့်တိုးတက်လာသလို ကျွန်ုပ်၏ တပည့်များဖြစ်ကြသော မောင်စောနိုင်နှင့် မောင်ဝင်းသိန်းတို့၏ လူမှုဆက်ဆံရေးလုပ်ငန်းကလည်း တိုးတက်လာဟန်တူသည်။ တိုးတက်လွန်း၍ မောင်စောနိုင်နှင့် မောင်ဝင်းသိန်းတို့ အဆင်ပြေကြပုံမရ။

ကျွန်ုပ်လည်း သင်တန်းဆင်းစ အလုပ်များလွန်းလှသဖြင့် သူတို့နှင့်အတူ လက်တွဲလုပ်နေရသော်လည်း အချိန်ယူပြီး စကားမပြောနိုင်။ ပိတ်ရက်တစ်ရက်တွင် (၃)ဆောင်ဝင်းထဲရှိ သရက်ပင်အောက် စားပွဲခုံတွင် ထိုင်ကြရင်း မောင်ဝင်းသိန်းနှင့် စကားစမြည် ပြောဖြစ်ကြသည်။

"မောင်ဝင်းသိန်း ...မင်းက အခုကေဒါဆင်း ငုံးတာဝန်၊ မောင်စောနိုင်က ကေဒါဆင်း ဝက်တာဝန်ဆိုတော့ အစာစပ်စက်ရုံကို ဘယ်သူသွားကြသလဲ"

"ကျွန်တော်နဲ့စောနိုင် တစ်ပတ်စီတာဝန်ခွဲပြီး သွားကြတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက် အတူမသွားကြဘူးလား။ အခု အကောင်အင်အားကများလာတော့ အခေါက်ခေါက်အခါခါ သယ်ရမှာ။ နှစ်ယောက်သွားတော့ တစ်လဲစီနားရတာပေါ့"

"သူနဲ့ကျွန်တော် အဆင်မပြေကြဘူး ဆရာ"

"ဘယ်လိုဖြစ်ကြတာလဲ"

"အစာစပ်စက်ရုံက စာရေးမ မနွယ်နီသန်းကိစ္စပါဆရာ။ နွယ်နီက ကျွန်တော့်ဘက်ပါလာတော့ သူကျွန်တော့်ကို မနာလိုဖြစ်တာပေါ့။ သူက နွယ်နီ့ကိုကြိုက်နေတာဆရာ"

"မင်းတို့ကလည်း ကြိုက်စရာရှားလို့ နွယ်နီအပြင် သန်းသန်း၊ လှလှနဲ့ တင်တင်တို့လည်း ရှိသေးတာပဲ"

"နွယ်နီက အလှဆုံးဆရာရဲ့။ သွက်လည်း သွက်တယ်"

"အခုနွယ်နီက မင်းကို အဖြေပေးပြီလား"

"မပေးသေးပါဘူး ဆရာရယ်။ ဒါပေမဲ့ (၇၅) ရာခိုင်နှုန်းလောက်တော့ သေချာနေပြီ။ စောနိုင်က အတင်းကပ်နေတော့ (၂၅) ရာခိုင်နှုန်းလောက်တော့ ချန်ထားသေးတယ်နဲ့တူပါတယ်"

"ဩော် ... မင်းတို့က အချစ်ကိစ္စမှာတောင် ခွဲတမ်းချနေရသေးတာကိုး။ ဒါပေမဲ့ ငါပြောထားမယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ တစ်ဦးနဲ့တစ်ဦး ရန်သူလိုမဆက်ဆံကြနဲ့။ အရင်ကအတိုင်း ခင်ခင်မင်မင်နေကြ။ မင်းတို့က ငါ့တပည့်လက်ရင်းတွေ။ ဖူးစာမှန်ရင် ဆုံရမှာပဲ"

"ကျွန်တော့်ဘက်ကတော့ ဆရာပြောတဲ့အတိုင်းပါပဲ ဆရာ။ အချစ်ကို လုမယူပါဘူး။ ဖူးစာဘက်မှန်ရင် ဆုံရမှာပါပဲ။ နောက်ပြီးတော့ သူငယ်ချင်းအရင်းအချာတွေပါ။ သူကစ,မခေါ်လို့ ကျွန်တော့်ဘက်ကလည်း မခေါ်တာပါ"





"အေး ... အေး ... ငါညှိပေးမယ်။ မင်းတို့ပြန်ခေါ်ကြ။ အရင်ကအတိုင်းပဲ ချစ်ချစ်ခင်ခင်နေကြ"

"ဟုတ်ကဲ့ပါဆရာ"

မောင်ဝင်းသိန်းဘက်က အခြေအနေကိုသိရတော့ ကျွန်ုပ်မောင်စောနိုင်တာဝန်ကျရာ ထောင်တွင်းဝက်ခြံများဘက်သို့ ညနေစောင်းတွင် သွားတွေ့သည်။ မောင်စောနိုင်က ဝက်မတစ်ကောင်သားဖွားရန်အတွက် တပ်ကြပ်ဦးကြည်မောင်နှင့်အတူ စီစဉ်ဆောင်ရွက်နေကြသည်။

"ဟေ့ ... ဆရာတပည့်တွေ၊ ဘာအလုပ်ရှုပ်နေကြတာလဲ"

"ဆရာရေ ... ဒီဝက်မက အရင်တစ်သားကတည်းက မွေးဖွားရခက်တော့ ကြိုတင်ပြုစုနေကြတာ"

"ဦးကြည်မောင်ရယ် တိရစ္ဆာန်ဆရာဝန်တွေ ရှိတာပဲ။ ခေါ်ပါတော့လား။ အပင်ပန်းခံလို့ဗျာ"

"ဆရာမသိဘူး။ သူတို့က စာတွေ့ပဲကျွမ်းပြီး ဆရာလုပ်တာ။ လက်တွေ့ကျတော့ ကျွန်တော်တို့ကိုပဲ ပြန်နိုင်းတာ။ ဒါကြောင့် ဒီကိစ္စလောက်က ဆရာမတင်နိုင်ဘူး။ ကျွန်တော်တို့ဘာသာ နိုင်ပါတယ်"

"နိုင်ရင်တော့ ကောင်းပါတယ်။ မနိုင်ရင်တော့ နိုင်ငံခြားမျိုးဖီးနဲ့ဝက်မတစ်ကောင်ရဲ့တန်ဖိုးက မနည်းဘူးနော်။ တိရစ္ဆာန်ဆရာဝန်တွေကိုခန့်ထားတာ အလကားခန့်ထားတာမဟုတ်ဘူး။ ဒီလိုကိစ္စမျိုးမှာ တာဝန်ယူဖို့ခန့်ထားတာ"

"ဆရာစိတ်ချပါ။ ကြည်မောင်တို့အတွက် ဒီကိစ္စမျိုးက အသေးအဖွဲပါ။ မြန်မာနည်းရော၊ အင်္ဂလိပ်နည်းရော စုံအောင်တတ်ပါတယ်။ တိရစ္ဆာန်ဆရာဝန်တွေလို ဘွဲ့လက်မှတ်မရတာပဲ ရှိပါတယ်ဆရာ။ သူတို့နဲ့ ပြိုင်တောင်မွေးလိုက်ချင်သေးတယ်။ ဒီကိစ္စအောင်မြင်ရင် ဆရာက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကို လက်ဖက်ရည်ပဲတိုက်။ မအောင်မြင်ရင် ကျွန်တော်က လျှော်ဦးမှာ''

''ကောင်းလှပါပြီ ကြွက်ကြီးဦးကြည်မောင်ရယ်။ ကျွန်တော် ခင်ဗျားတို့နှစ်ယောက်ကို ယုံပါတယ်။ တစ်ယောက်က လက်တွဲသမား၊ တစ်ယောက်က ကေဒါဆင်း။ သေချာပေါက် အောင်မြင်မှာပါ။ အခုပဲ လက်ဖက်ရည်ချိုဝယ်ခိုင်းပြီး တိုက်ပါ့မယ်''

ကျွန်ုပ် ဝန်ထမ်းတစ်ယောက်အား ထောင်ပြင်ထွက်၍ လက်ဖက်ရည်ဝယ်ခိုင်းပြီး ဖိုးဝက်မမွေးဖွားသည်ကို စောင့်စားရင်း စကားဝိုင်းဖွဲ့ကြသည်။

''မောင်စောနိုင် ...မင်းနဲ့မောင်ဝင်းသိန်းတို့က ဘာဖြစ်ကြတာလဲ''

''အလကားပါ ဆရာရယ်''

''ဘယ်အလကားဟုတ်ရမှာလဲ။ ရည်းစားလုလု၊ အူနုကျွဲခတ်တာဆရာရေ့''

တပ်ကြပ်ဦးကြည်မောင်က ဝင်ပြောရာ မောင်စောနိုင်မှာ ငိုင်သွားတော့သည်။

''မောင်စောနိုင် ...မင်းနဲ့မောင်ဝင်းသိန်းက တရေးမ နွယ်နီသန်းကို လုနေကြတာထင်တယ်။ တခြားစာရေးမတွေလည်း ရှိပါသေးတယ်ကွာ''

''ဆရာ နွယ်နီက ကျွန်တော့်ဘက်ပါလာပြီးမှ သူ့ဘက်ပါသွားတာ။ ကျွန်တော် မခံချင်ဆုံးပဲ''

''ကောင်လေး ...အချစ်နဲ့စစ်မှာ မတရားတာမရှိဘူး။ ဆက်လုပ်''

စိတ်ကူးသစ်စာပေ



တပ်ကြပ်ကြီးဦးကြည်မောင်က မြှောက်ပေးပြန်သည်။

''မောင်စောနိုင် ...မင်းခံစားမှုကိုလည်း ငါနားလည်ပါတယ်၊ ဒါပေမဲ့ကွာ ...မောင်ဝင်းသိန်းက သူ့ရည်းစားဦးနဲ့ကွဲပြီး အခုနွယ်နီနဲ့ တွေ့မှ ပြန်လန်းဆန်းလာတာ။ ဖြစ်နိုင်ရင်တော့ မင်းအလျှော့ပေးလိုက်ပါ။ မင်းတို့ သူငယ်ချင်းချင်းပဲ။ သဘောထားကြီးစမ်းပါ''

''ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် သဘောထားကြီးပါ့မယ်၊ နွယ်နီ့အဆုံးအဖြတ်အတိုင်း ကျွန်တော် လက်ခံပါ့မယ်''

''အေးပေါ့ ...ဒါမှ ယောက်ျားပီသတာပေါ့။ မင်းတို့ချင်းလည်း ပြန်ခေါ်ကြ။ အရင်လိုပဲ ညီအစ်ကိုအရင်းတွေလို ချစ်ချစ်ခင်ခင်နေကြ။ ကြားလား''

''ဟုတ်ကဲ့ပါ ဆရာ''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ထိုစဉ် လက်ဖက်ရည်ရောက်လာသဖြင့် ကျွန်ုပ်တို့ ဝိုင်းဖွဲ့သောက်ကြသည်။ ဝက်မကြီးလည်း စတင်မွေးပြီဖြစ်သည်။ ဦးကြည်မောင်နှင့် မောင်စောနိုင်တို့မှာ အမွေးရခက်သော ဝက်မကြီးအတွက် တစ်ညလုံး မီးနေကင်း စောင့်ကြရဦးမည်ဖြစ်သည်။

ဝက်မကြီးနှင့် သားပေါက်များလည်း ကျန်းမာလို့ ချမ်းသာကြပါစေ၊ မောင်စောနိုင်တို့ အချစ်ရေးလည်း အဆင်ပြေပါစေဟု ကျွန်ုပ်ဆုတောင်းရင်း မှောင်စပျိုးပြီဖြစ်၍ ကျွန်ုပ် ထောင်အပြင်အိမ်သို့ ပြန်ခဲ့ပါသည်။

ကေဒါသင်တန်းတက်စဉ်က တာဝန်မကြီးပဲ စာသင်၊ စာမေးပွဲစစ်၊ လက်တွေ့လုပ်ရုံသာဖြစ်သော်လည်း ထောင်ပြန်ရောက်တော့ သက်ရှိမွေးမြူရေးတိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ရသဖြင့် တာဝန်အလွန်ကြီးသည်။

ညပိုင်း၌လည်း လွတ်လပ်စွာ မနားရပါ။ ညစာစားပြီးသည်နှင့် ထောင်တွင်းပြန်ဝင်ရသည်။ (၃)ဆောင်နှင့် (၄)ဆောင်မှ ငုံးဥဖောက်စက်နှင့် အပူပေးစလောင်းများ၊ ငုံးမကြီးများအတွက် ရေနှင့်အစာ ပြည့်စုံမှု ရှိမရှိ လှည့်လည်စစ်ဆေးရသည်။





ငုံးမကြီးများမှာ တစ်ချိန်လုံး အစာစားနေပြီး တစ်ပြွတ်ပြွတ်လည်း အုကြသည်။ ညပိုင်းတွင် ငုံးမကြီးများအတွက် အစောင့်မလိုသော်လည်း အပူပေးထားသော ငုံးပေါက်ကလေးများအတွက်တော့ အစောင့်က လိုသည်။

ငုံးပေါက်ကလေးများ သဘာဝက အပူရှိန်လျှော့ကျသည်နှင့် တစ်ကောင်ပေါ်တစ်ကောင်ထပ် အိပ်ကြရာ နုနယ်သော အောက်က ငုံးပေါက်ကလေးများမှာ ပိပြားမွန်းကြပ်ပြီး သေတတ်သည်။

ထို့ကြောင့် အစောင့်ရဲဘက်က စုပုံ၍ မအိပ်စေရန် စောင့်ကြည့်ပြီး ခြောက်လှန့်ပေးရသည်။ အစောင့်ရဲဘက် အိပ်ငိုက်သည်နှင့် ငုံးပေါက် လေးငါးဆယ်စုပုံပိပြီး သေတတ်သည်။

ထို့ကြောင့် ညပိုင်းတွင် ဝန်ထမ်းမရှိသဖြင့် အစောင့်ကင်းရဲဘက်များကို အဆင့်အလိုက် တာဝန်ပေး၍ စစ်ဆေးရသည်။ မွေးမြူရေးအစောင့်ရဲဘက်ခေါင်းဆောင်မှာ စစ်သားလူထွက် ချင်းလူမျိုး ဦးဆွန်ဇာကျင်ဖြစ်သည်။

ကျွန်ုပ်ရောက်တော့ ဦးဆွန်ဇာကျင်မှာ ဘာယာတန်းတွင် ကြေးလျှောက်ရင်း တစ်ခန်းဝင်တစ်ခန်းထွက် စစ်ဆေးနေသည်။

"ဦးဆွန်ဇာကျင် . . . ဘာထူးသေးသလဲ"

"မထူးပါဘူးဆရာ။ အားလုံးကောင်းပါတယ်"

"အေးဗျာ . . . ဂရုစိုက်ပါ။ ခင်ဗျားတို့ ဆရာဝင်းသိန်းကော ပြန်သွားပြီလား"

"မပြောတတ်ဘူးဆရာ။ အစောကတော့ ငုံးဥဖောက်စက်တွေနားမှာ ထမင်းစားနေသေးတယ်။ သူက လူပျိုလူလွတ်ဆိုတော့ အထဲမှာအိပ်ချင်လည်း အိပ်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ။ ကျွန်တော် အထဲဝင်ကြည့်လိုက်ဦးမယ်။ ဖောက်စက်ခန်းကတော့ ပြဿနာမရှိပါဘူး။ ဒါနဲ့ ထောင်ပိုင်ကြီးကော လာစစ်သွားပြီလား"

"ထောင်ပိုင်ကြီးက ညနေကတစ်ခေါက် လာပြီးသွားပြီဆရာ။ တစ်ရေးနိုးပြီး ညဥ့်သန်းခေါင်မှလာမှာ"

"ဂရုစိုက်ပါ ဆရာကြီး။ ညပိုင်းအတွက်တော့ ခင်ဗျားတို့ကို အားကိုးပါတယ်။ ကင်းမအိပ်စေနဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်ုပ် ဖောက်စက်ခန်းရောက်တော့ မောင်ဝင်းသိန်း ရှိနေပါသေးသည်။ သူ့ စက်များက ပြဒါးတိုင်များကို လိုက်စစ်ဆေးနေသည်။

"မောင်ဝင်းသိန်း ...ဘာထူးသလဲကွ"

"မထူးပါဘူးဆရာ။ အားလုံးအဆင်ပြေပါတယ်"

"မင်း အိပ်ပြန်အိပ်မှာလား၊ ဒီအခန်းထဲမှာပဲ အိပ်မှာလား"

"အိမ်ပြန်အိပ်လည်း မထူးပါဘူးဆရာရယ်။ ညဥ့်နက်တော့ အမေ့ကို တံခါးဖွင့်ပေးဖို့ နှိုးနေရဦးမှာ။ မနက်စောစော ပြန်ဝင်ရဦးမှာဆိုတော့ ဒီထဲမှာအိပ်တာပဲ အဆင်ပြေပါတယ်"

"ညနေက မောင်စောနိုင်နဲ့ငါတွေ့တယ်။ သူက မင်းမခေါ်လို့ သူမခေါ်တာတဲ့။ သူငယ်ချင်းချင်းပဲ ပြန်ခေါ်လိုက်ပါကွာ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်က ဘာအာဃာတမှ မထားပါဘူး"

"ကောင်းပါပြီကွာ။ ငါ သူတို့ဝက်ခြံတွေဘက် သွားလိုက်ဦးမယ်။ ဟိုမှာ ဝက်မတစ်ကောင် ညနေကတည်းကပေါက်နေတာ။ မွေး





ရခက်လို့ ဦးကြည်မောင်နဲ့ မောင်စောနိုင်တို့ စောင့်အိပ်ပြီး ကြည့်နေကြတယ်"

"ဆရာ တစ်ယောက်တည်းသွားမှာလား။ အဲဒီအလုပ်ဘက် အဝင်လမ်းက သရဲခြောက်တတ်တယ်နော်။ သတိထား"

"တော်စမ်းပါကွာ ...။ ထောင်မှူးကို သရဲခြောက်လို့ရမလား။ ငါတော့ မကြောက်ပါဘူး"

"ဆရာ ...ဒီမှာ စိတ်ချရပါတယ်။ ကျွန်တော်လည်း လိုက်ခဲ့မယ်။ ဆရာ့ကို စိတ်မချလို့ပါ"

"အေးပါ ...လိုက်ချင်လည်း လိုက်ခဲ့ပေါ့။ မင်းလည်း အညောင်းပြေလမ်းလျှောက်ရင်း သူတို့နဲ့ စကားလည်းပြောရတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်ုပ်တို့ဆရာတပည့် ထောင်အနောက်ဘက် အလုပ်ကြီးဝင်း အဝ အတွင်းအုတ်ရိုးဘေးရှိ ဝက်ခြံသို့ရောက်တော့ ဦးကြည်မောင်နှင့် မောင်စောနိုင်တို့ ညစာစားနေကြသည်။

"ဟာ ... ဒီဆရာတပည့် အခုမှ ညစာစားကြရတာလား။ ည (၁၀)နာရီတောင်ကျော်ပြီ"

"ဟုတ်ပါ့ ဆရာရယ်။ ဝက်မကြီးက (၉)ကောင်တောင်မွေး တယ်ဆရာ။ အချင်းမကျလို့ စောင့်နေရတာ။ အခုတော့ အချင်းကျ သွားလို့ စိတ်ချရပါပြီ"

"ဘာဟင်းနဲ့များ စားကြတာလဲ။ အောင်မယ် ... အသား ဟင်းနဲ့ပါလား"

"ဝက်မကြီးအချင်းလေ ဆရာ။ ချက်ချင်းမကျလို့ မောင်စော နိုင် နှိုက်ထုတ်ရတာ"

"အောင်မယ်လေးဗျာ ... မရွံမရှာ။ စားကောင်းရဲ့လား"

"စားလို့ကောင်းရင် စားကောင်းတာပေါ့ ဆရာရယ်။ ဝက် အချင်းဆိုတာက လတ်လတ်ဆတ်ဆတ် စားရခဲတယ်။ မောင်စောနိုင် က နှိုက်ထုတ်ပေးတော့ ကျွန်တော်က ချက်ရတာပေါ့။ မြည်းကြည့်ပါဦး





ဆရာ။ ကျွန်တော်ဖိုကြီးက ကြက်သွန်ဖြူနီ၊ ငရုတ်သီးနဲ့ အသေအချာ ချက်ထားတာပါ"

"တော်ပါတော့ဗျာ။ ခင်ဗျားတို့ပဲ စားကြပါ။ ကျွန်တော်တော့ ဝက်မွေးမြူရေးလုပ်ရင်း ဝက်နံ့ကိုမခံနိုင်လို့ အခုဆိုရင် ဝက်သားတောင် မစားတော့ဘူး။ ငုံးသား၊ ငုံးဥလည်း ဒီအတိုင်းပဲ။ သနားလို့ အခုမစား တော့ဘူး။

ငုံးကောင်က သေးသေးလေး။ မဆန့်မပြဲ ဥကြီးတွေဥရတော့ တချို့ငုံးမတွေဆိုရင် ဖင်ကွဲပြီး သေကုန်တယ်။ ဥအုရလွန်းလို့ အမွေး အတောင်တောင် ကျွတ်နေရရှာတာ။ သနားစရာဗျာ"

"ဆရာရယ် ... သတ္တဝါဆိုတာ လူချွတ်မှကျွတ်တာပါ။ သူ တို့က သက်တမ်းတိုတော့ ဇာတ်စကားလို စောစောသေ၊ စောစောအိပ် ရေးဝတာပေါ့"

"ဦးကြည်မောင်ရယ် ... သတ္တဝါဆိုတာ မိမိဖြစ်ရာဘဝမှာ အစွဲအလမ်းခင်တွယ်မှုတော့ ရှိကြတာပါပဲ။ ဒါသဘာဝပဲ"

"ဟုတ်ပါတယ်ဆရာ။ ကျွန်တော် နောက်ပြောင်ပြောတာပါ"

"ကြည့်ပါလား ...။ ကျွန်တော့်တပည့် မောင်ဝင်းသိန်းဆို ရင် သေချင်တယ်လို့ အမြဲတမ်းညည်းနေတာ။ အခုကြည့်ပါလား ...။ အစွဲအလမ်းလေးရှိတော့ အခုညည်းသံပျောက်သွားပြီ။ အလုပ်မှာ ပျော် နေပြီ"

"ဆရာကလည်းဗျာ"

မောင်ဝင်းသိန်းက ရှက်ပြော ပြောသည်။ မောင်စောနိုင်က တော့ စကားမပြော။ ထမင်းကိုသာ ငုံ့စားနေရှာသည်။ အပြောင်းသိ ဖြစ်သော တပ်ကြပ်ဦးကြည်မောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ငါတူတွေ ... ပြိုင်ကြစမ်း။ လုပ်ကြစမ်း။ အချစ်နဲ့စစ်မှာ မတရားတာမရှိဘူး။ နိုင်တဲ့သူကို ငါဟင်းကောင်းချက်ကျွေးမယ်"

ဦးကြည်မောင်က ခတ်ပြားဟောင်းကြီးကိုဖွင့်၍ မြှောက်ပေးပြန်သည်။ ထို့ကြောင့် ကျွန်ုပ်က မနေသာတော့ ...

"ဦးကြည်မောင်ရယ် ကျွန်တော့်တပည့်တွေ တစ်ဦးနဲ့တစ်ဦး အဆင်မပြေတာ အဆင်ပြေအောင် ကျွန်တော်ညှိပေးနေတာပါ။ ခင်ဗျား ကမြှောက်ပေးရင် ပိုဆိုးမှာပေါ့။ ဖူးစာဆိုတာ ရေးဘဝက ရေစက်ရှိလို့ ဖြစ်ကြရတာပါ။ ထိုက်တဲ့သူနဲ့ရမှာပေါ့။

ငါ့တပည့်တွေကလည်း တစ်ယောက်နဲ့တစ်ယောက် ရန်သူတွေလို သဘောမထားကြနဲ့။ ဖူးစာဖက်ပါရင် ဘယ်သူမှ ဖျက်လို့မရဘူး။ တစ်ယောက်နဲ့တစ်ယောက် သဘောထားကြီးကြပါ။ ဟုတ်သလား"

"ဟုတ်ကဲ့ပါဆရာ"

"ဟုတ်ရင် တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်ကြ"

ကျွန်ုပ်တို့ ယူနီဖောင်းဝတ်များ သုံးနေကျနည်းအတိုင်း နိုင်းစေရာ မောင်ဝင်းသိန်းနှင့် မောင်စောနိုင်တို့ လက်ဆွဲနှုတ်ဆက်ရင်း ပြေလည်မှုယူကြပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်နှင့် တပ်ကြပ်ကြီး ဦးကြည်မောင်တို့ ဝမ်းသာပီတိဖြစ်မိကြသည်။

ထိုညက မောင်ဝင်းသိန်းလည်း ဝက်အချဉ်းဟင်းကို ဝင်မြည်းသေးသည်။ စိုက်ပျိုးရေးသမားက စိုက်ပျိုးရေး၊ မွေးမြူရေးသမားက မွေးမြူရေး ထွက်ကုန်ပစ္စည်းများကို မရှုမလျှာစားကြသည်ကတော့ ထောင်တွင်းက အလေ့အထတစ်ခုဖြစ်ပေသည်။

---

စိတ်ကူးသစ်စာပေ



ထိုညက ကျွန်ုပ်တို့အပြန်မှ ထောင်ပိုင်ကြီး ဝင်လာပါသည်။

"ဦးသိန်းဝင်းတို့ ဘယ်ကလာကြတာလဲ"

"ဦးကြည်မောင်တို့ခြံကဝက်မကြီး သားပေါက်တာ သွားကြည့်တာပါ ထောင်ပိုင်ကြီး။ (၉)ကောင်ပေါက်ပါတယ်။ အချင်းမကျလို့ စောင့်နေရတာကြာတာနဲ့ မောင်စောနိုင်က နှိုက်ထုတ်လိုက်တယ်"

"ကျန်းမာရေးကောင်းရဲ့လား"

"ကောင်းပါတယ် ထောင်ပိုင်ကြီး။ ဝက်ကလေးတွေရော ဝက်မကြီးပါ ကျန်းမာကြပါတယ်"

"ကဲ ... ဒါဆို ဦးသိန်းဝင်း ပြန်နားတော့။ မောင်ဝင်းသိန်းတော့ ငါနဲ့လိုက်ခဲ့ဦး။ ဖောက်စက်ခန်းကြည့်ရအောင်"

"ဟုတ်ကဲ့ပါ ထောင်ပိုင်ကြီး"

ကျွန်ုပ် အလေးပြုနှုတ်ဆက်၍ ထောင်အပြင်သို့ ထွက်ခဲ့သည်။ မောင်ဝင်းသိန်းကတော့ ထောင်ပိုင်ကြီးနှင့်အတူ (၄)ဆောင်ဖောက်စက်ခန်းထဲသို့ ပြန်သွားပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့ ငုံးစာဝယ်သောနေ့တွင် ကျွန်ုပ်၏ ကြားဝင်စည်းရုံးမှုကြောင့် မောင်စောနိုင်နှင့် မောင်ဝင်းသိန်းတို့ ကျွန်ုပ်နှင့်အတူ အစာစပ်စက်ရုံသို့ လိုက်ပါလာကြသည်။ ကျွန်ုပ်လည်း သင်တန်းတက်နေစဉ်အတွင်း မရောက်တာကြာ၍ လက်ဆောင်ပေးရန် ထောင်ထွက်အသီးနှံများကို ယူသွားသည်။

အစာစပ်စက်ရုံ ရုံးခန်း၌ မနွယ်နီသန်းမရှိပါ။ ယနေ့ ခွင့်ယူထားသည်ဟု သိရသည်။ သန်းသန်း၊ လှလှနှင့် တင်တင်တို့ကတော့ ကျွန်ုပ်တို့အား လှိုက်လှဲပျူငှာစွာ ကြိုဆိုကြသည်။ ကျွန်ုပ်တို့ကလည်း ထောင်ထွက်လက်ဆောင်များကို ဝေငှပေးလိုက်သည်။

"သန်းသန်းရေ . . . နွယ်နီက ဘာဖြစ်လို့လဲ။ နေမကောင်းလို့လား။ ဒါမှမဟုတ် တို့လာမဲ့နေ့ကိုသိလို့ ရှောင်နေတာလား"

"ရှောင်နေတာတော့ မဟုတ်ပါဘူးဆရာ။ နေမကောင်းလို့ပါ။ သူနေမကောင်းတာကတစ်မျိုး။ စိတ်နေမကောင်းတာပါဆရာ"

"ဘယ်လို စိတ်နေမကောင်းတာလဲ။ စိတ်ရောဂါဖြစ်တာလား"





သန်းသန်းက ပြန်မဖြေပါ။ ကျွန်ုပ်ကိုတော့ ခေါင်းယမ်းပြသွားသည်။ မောင်ဝင်းသိန်းနှင့် မောင်စောနိုင်တို့ အစာအိတ်များချိန် တွယ်စစ်ဆေးရန် ရုံးခန်းပေါ်မှ စက်ရုံသို့ ဆင်းသွားသည်နှင့် သန်းသန်းက ကျွန်ုပ်အား အချက်ပြခေါ်ပြီး စာတစ်စောင်ကိုပေးရင်း . . .

"ဆရာ . . . နွယ်နီက ဆရာ့ကိုစာပေးသွားတယ်။ ဆရာသင်တန်းဆင်းမဲ့ရက်ကို သူကသိလို့ စောင့်နေတာ။ ဒီအပတ်လာမယ်မှန်းလည်း သူသိနေတယ်။ ဆရာ့တပည့်တွေနဲ့ပတ်သက်ပြီး သူလည်း ရွေးရခက်နေဟန်တူပါတယ်။ ရော့ . . . ဒီမှာပါဆရာ။ ဖတ်ကြည့်ပါဦး"

ကျွန်ုပ် နွယ်နီသန်း၏စာကို ချက်ချင်းပင် ဖောက်ဖတ်ကြည့်မိသည်။

လေးစားအပ်ပါသော ဆရာဦးသိန်းဝင်းရှင် . . .

နွယ်နီ ရိုသေစွာစာရေးပြီး အသိပေးအပ်ပါသည်။ ဆရာ့တပည့်နှစ်ဦးမှာ ဘွဲ့ရ၊ ထောင်မှူးလောင်းများဖြစ်၍ နွယ်နီအရွေးခက်နေပါသည်။ ကိုစောနိုင်က အနေအေးပြီးပျော့သည်။ ကိုဝင်းသိန်းက တည်တည်တန့်တန့်နှင့် ယောကျ်ားပီသသည်။

ထို့ကြောင့် ကျွန်မ ကိုဝင်းသိန်းကို ရွေးချယ်လိုက်ပါသည်။ ကိုစောနိုင်ကိုလည်း သနားပြီး မျက်နှာပူသောကြောင့် ယနေ့စိတ်မကောင်းဖြစ်ပြီး အလုပ်က ခွင့်ယူထားပါသည်။ ကျွန်မ၏အဆုံးအဖြတ်အတွက် ဆရာ့တပည့်နှစ်ဦးကို နှစ်သိမ့်မှုပေးနိုင်ပါရန် ဆရာ့အား အားကိုးတကြီးဆိုင်တည်ရခြင်းဖြစ်ပါသည်။

လေးစားစွာဖြင့် . . .

နွယ်နီသန်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ထင်သလို ဖြစ်လာပါပြီ။ မောင်ဝင်းသိန်းက အသားဖြူဖြူ၊ ဗလကောင်းကောင်း၊ ယောကျ်ားပီသသည်။ မောင်စောနိုင်ကတော့ အသားလတ်လတ်၊ ပိန်ပိန်သွယ်သွယ်ကလေးဖြစ်သည်။ အဆင့်တူခြင်းဖြစ်၍ အမျိုးသမီးများအနေဖြင့် ရွေးချယ်လျှင် မောင်ဝင်းသိန်းကိုသာ ရွေးချယ်ကြမည်မှာ အမှန်ဖြစ်ပေသည်။

နှယ်နီ၏အဆုံးအဖြတ်ကို ရပြီဖြစ်သော်လည်း ကျွန်ုပ်အနေဖြင့် တပည့်နှစ်ဦးအား မည်သို့အသိပေးရမည်ကို မစဉ်းစားတတ်တော့။ ယောကျ်ားပီသပြီး စိတ်ခိုင်သူ မောင်ဝင်းသိန်းပင်လျှင် သူ့ငယ်ချစ်ဦး မမြဝင်းကိစ္စတုန်းက သေချင်သည်ဟု အမြဲတမ်းပြောဆိုပြီး ညည်းတွားနေတတ်သည်။

ယခုအခြေအနေအရ မောင်စောနိုင် ခံနိုင်ရည်ရှိပါ့မလားဟု စိုးရိမ်နေမိသည်။ ထို့ကြောင့် မောင်စောနိုင်၏လက်တွဲဖော်၊ အတူနေအတူစားသည့် တပ်ကြပ်ကြီးကြည်မောင်နှင့် တိုင်ပင်ပြီးမှ နှစ်ဦးစလုံးအားအသိပေးရန် ဆုံးဖြတ်လိုက်မိပါသည်။

ထိုနေ့က ငုံးစာအိတ်များအား Hino Ranger ကားဖြင့် (၃) ခေါက်သယ်ရသည်။ မောင်စောနိုင်နှင့် မောင်ဝင်းသိန်းတို့ တစ်ယောက်တစ်လဲစီ အင်းစိန်ထောင်သို့ ပြန်ပို့ကြသည်။ ကျွန်ုပ်ကတော့ စောင့်ဆိုင်းရင်း စာရေးမများနှင့် လက်ဖက်ရည်သောက်သည်။ သူတို့ပြန်လာကြတော့မှ စာရေးမများနှင့် နေ့လယ်စာ ထမင်းအတူစားကြသည်။ မောင်ဝင်းသိန်းက ဟင်းများဝယ်လာသဖြင့် အဆင်ပြေသည်။

တတိယနှင့် နောက်ဆုံးအခေါက် ကျွန်ုပ်တို့ ငုံးစာအိတ်များတင်ပြီး ပြန်ကြရန်ပြင်တော့ သန်းသန်းက အဆင်ပြေအောင် ဆောင်ရွက်ပေးဖို့ ကျွန်ုပ်အား တိုးတိုးကပ်ပြောသည်။ ကျွန်ုပ်ကလည်း ခေါင်း





ညိတ်ခဲ့ရသည်။ နေ့လယ်ထောင်ပြန်ရောက်တော့ ငုံးစာများချပေးပြီးသည်နှင့် ကျွန်ုပ်လည်း အနားယူရန် အိမ်သို့ ခေတ္တပြန်ခဲ့သည်။

ရေမိုးချိုးပြီး ထောင်တွင်းပြန်ဝင်တော့ (၃)ဆောင်မွေးမြူရေးရုံးခန်းတွင် မွေးမြူရေးတာဝန်ခံ ထောင်မှူးကြီးဦးငြိမ်းအောင်နှင့် ငွေစာရင်းရှင်းပြီး ထောင်အနောက်ဘက် ဝက်ခြံများဆီသို့ ထွက်လာခဲ့သည်။ ဝက်ခြံတွင် တပ်ကြပ်ဦးကြည်မောင်နှင့် မောင်စောနိုင်တို့ မနေ့ကမွေးဖွားသော ဝက်ပေါက်ကလေးများအား ပြုစုနေကြသည်။ ကျွန်ုပ်လည်း တပ်ကြပ်ဦးကြည်မောင်နှင့် တပည့်များကိစ္စ ဆွေးနွေးတိုင်ပင်လို့သဖြင့် ...

"မောင်စောနိုင်ရေ ... လက်ဖက်ရည်သုံးခွက်လောက် သွားဝယ်ချေကွာ။ နေ့လယ် Tea Time အချိန်ရောက်ပြီ။ ငါ့မှာစက်ဘီးပါလာတယ်။ လက်ဖက်ရည်ကို ထောင်ဝင်စာဈေးတန်းက မဝယ်နဲ့၊ ထောင်အပြင် အင်းစိန်ဈေးရှေ့ ငါးသုံးလုံးလက်ဖက်ရည်ဆိုင်မှာဝယ်။ ရော့ ... ပိုက်ဆံယူသွား"

"ဟုတ်ကဲ့ဆရာ"

မောင်စောနိုင်ထွက်သွားမှ ကျွန်ုပ်က တပ်ကြပ်ဦးကြည်မောင်အား နှယ်နီသန်း၏စာကို ထုတ်ပြပြီး တိုင်ပင်ဆွေးနွေးရတော့သည်။

"ဆရာ ... ဒီကိစ္စကို တပည့်ကြီးတာဝန်ထားစမ်းပါ။ မောင်စောနိုင်လည်း ခေသူမဟုတ်ပါဘူး။ နောက်ဆုံး အဆင်မပြေရင်လည်း တပည့်ကြီးတူမနဲ့ ပေးစားလိုက်ရုံပါပဲ"

"ဦးကြည်မောင် ပေါ့ပေါ့မပြောနဲ့။ ဒီကိစ္စက မလွယ်ဘူးနော်။ လူငယ်တွေ အချစ်ရေးကိစ္စ။ သူတို့က ဒီအရွယ်မှာ တစ်ဖက်စွန်းရောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်။ နားဝင်အောင် ထိန်းထိန်းသိမ်းသိမ်း ပြောရမယ်။ ကျွန်တော်တစ်ယောက်တည်း မပြောရက်ကိုလို့ ခင်ဗျားနဲ့တိုင်ပင်တာ။ အရွှတ်အနောက်စကားတွေ မပြောနဲ့''

''ဆရာရယ် . . . သူတစ်ပါးစိတ်ချမ်းသာအောင် အရွှတ်အနောက်စကားပြောရတာပါ။ ဆရာစိတ်ချပါ။ ကျွန်တော် မောင်စောနိုင်ကို တာဝန်ယူပါတယ်''

မောင်စောနိုင် လက်ဖက်ရည်ဝယ်ရာက ပြန်လာတော့ ကျွန်ုပ်တို့အတူသောက်ကြရင်း . . .

''မောင်စောနိုင်ရေ . . . မင်းတို့ ထောင်မှူးလောင်းစာမေးပွဲ ဖြေရတော့မယ်။ ငါတို့လည်း တစ်ဆင့်တိုးရာထူးစာမေးပွဲ ဖြေရမှာ။ စာကျက်ထားဦး မင်းလိုအပ်ရင် မှတ်စုတွေ ငါ့မှာရှိတယ်။ မကြာခင် ရုံးချုပ်က အမိန့်ထွက်တော့မယ်လို့ ငါကြားရတယ်''

''ဝမ်းသာပါတယ် ဆရာ။ ကျွန်တော်က လက်တွေ့ပဲနားလည်တာ။ စာတွေ့တော့ အတော်ပြန်လေ့လာရဦးမှာပါ''

''လက်တွေ့တတ်မှ စာတွေ့က မခက်ပါဘူးကွာ။ အကျဉ်းထောင်လက်စွဲဥပဒေတွေကို ပြန်ကျက်ရုံပါပဲ။ စာမေးပွဲနီးရင်လည်း ထောင်ပိုင်ကြီးက သင်တန်းပေးဦးမှာပါ။ ဒါကြောင့် အခြေခံဥပဒေတွေနားလည်အောင် ကြိုတင်ဖတ်ထား။ မှတ်ထားဖို့က အရေးကြီးတယ်။ ဆရာဦးကြည်မောင်ကလည်း မောင်စောနိုင်နားချိန်ကလေးရအောင် ကူညီပါ။ ဒါမှ စာဖတ်နိုင်မှာ''

''ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် ဒိုင်ခံလုပ်ပါ့မယ်။ မောင်စောနိုင် မင်းလည်း ညနေကစပြီး နားပေရော့။ သံယောဇဉ်တွေဖြတ်၊ စာပဲဖတ်တော့။ လိုအပ်တဲ့ စာအုပ်စာတမ်းတွေကို ဆရာ့အိမ်ကသွားယူ။





မသိရင် ဆရာ့ကိုမေး။ ဝက်ခြံမှာနားမလား၊ အိမ်မှာနားမလား။ မင်းသဘောပဲ''

''ခြံမှာပဲနားမယ် ဆရာကြီး။ အိမ်မှာက ကလေးတွေနဲ့ စ ဖတ်လို့ရမှာမဟုတ်ဘူး''

''ကဲ . . . အဲဒါဆို ကျွန်တော်က အပြင်ဝက်ခြံတွေ လှည့်လိုက်ဦးမယ် ဦးကြည်မောင်။ ညနေ ငုံးစာရင်းတွေစစ်ဆေးပြီးမှ ပြ လာတော့မယ်။ မောင်စောနိုင်လေ့လာဖို့လည်း ညနေကျ တအုပ်လေ ယူလာပေးမယ်''

✿ ✿ ✿

www.burmeseclassic.com

❑

ကျွန်ုပ် ထောင်အပြင်ဝက်ခြံများအား စက်ဘီးတစ်စီးနှင့် ပတ်၍ စစ်ဆေးသည်။ ရွှေဝါထွန်းလိုင်းမှ ဝက်ခြံတွင် ဝက်များဝဲစွဲနေသည်။ ရေမသန့်၍လည်းကောင်း၊ နေ့လယ်ပိုင်း အစာစိမ်းအကျွေးနည်း၍လည်းကောင်း ဖြစ်နိုင်ပေသည်။ လိုအပ်သည်များကို ပံ့ပိုးပေးပြီး အရေပေါ် ဝက်ဝဲဆေးဖော်ရန်အတွက် ဆေးအမယ်များကို ဝယ်ပေးရသည်။ ဝက်များမှာ ဝဲစွဲ၍ ပိန်လှီနေသည်။

ကျွန်ုပ် ပျားဂေဟာ ကေဒါတက်စဥ်အတွင်း ငုံးမွေးမြူရေးက တိုးတက်လာသော်လည်း ဝက်မွေးမြူရေးက ဆုတ်ယုတ်ကျဆင်းသွားသည်။ လက်တွေ့လုပ်ကိုင်နေသော ထောင်တွင်းမှ ဦးကြည်မောင်တို့က အောင်မြင်ပြီး တိရစ္ဆာန်ဆရာဝန်များအုပ်ချုပ်သော ထောင်အပြင်ဝက်ခြံများက အနုတ်လက္ခဏာပြနေသည်။ ထောင်ပိုင်ကြီးသိလျှင်တော့ အလွန်စိတ်မကောင်း ဖြစ်ပေလိမ့်မည်။

တိရစ္ဆာန်ဆရာဝန်များက အစပိုင်းက ကြိုးစားလုပ်ကိုင်သော်လည်း နောက်ပိုင်းတွင် အလုပ်ပေါ့ဆ၍ ချက်ထိုးခြင်းနှင့်ကျားကစားခြင်းကိုသာ လုပ်နေကြသည်။ ထိုင်ရာက မထချင်ကြတော့။ အစည်းအဝေးတော့ ခေါ်ရပေဦးမည်။

✿ ✿ ✿

❑

ကျွန်ုပ် ထောင်အပြင်ဝက်ခြံများကို လှည့်ပတ်စစ်ဆေးပြီး[illegible] ညနေစောင်းချေပြီ။ မောင်စောနိုင်နှင့် မောင်ဝင်းသိန်းတို့အတွက် ထော[illegible] မှုးလောင်းစားမေးပွဲဖြေဆိုရန် စာအုပ်စာတမ်းများအားရှာပြီး ရေ[illegible] ထောင်အတွင်းပြန်ဝင်ရန် ယူနီဖောင်းဝတ်နေစဉ် ထောင်တွင်းမွေး[illegible] ရေးရုံးခန်းမှ စာရေးတင်မောင် ရောက်ရှိလာသည်။

"ဆရာရေ . . . မောင်စောနိုင်တော့ ခုတ်လိုက်ပြီးဆုံးရှာ[illegible]"

"ဟေ . . . ဘယ်လိုဖြစ်တာလဲ။ ဘယ်မှာဖြစ်တာလဲ"

"သူ့ဝက်ခြံမှာပါ ဆရာ။ ဆရာဦးကြည်မောင်က ထောင်အတွ[illegible] ဝက်ခြံတွေကို လှည့်ပတ်စစ်နေတုန်း မောင်စောနိုင်က ဝက်ခြံခေါင်[illegible] က မီးကိုပြင်ရင်း ခုတ်လိုက်တာထင်ပါရဲ့။ ဆရာဦးကြည်မော[illegible] ရောက်မှ သေနေတာသိရတာ"

"တောက် . . . ဖြစ်ရလေ မောင်စောနိုင်ရယ်။ ငါအခု[illegible] ထော[illegible] မှုးလောင်းဖြေဖို့ စာအုပ်စာတမ်းတွေနဲ့အတူ ဝင်လာဖို့လုပ်နေတာ။ [illegible] အလောင်းကဘယ်မှာလဲ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ထောင်တွင်းက ဆေးရုံမှာပါဆရာ"

ကျွန်ုပ်နှင့် စာရေးတင်မောင်တို့ ထောင်အတွင်းသို့ အပြေးအလွှား ဝင်လာခဲ့ကြသည်။ ထောင်ဆေးရုံရောက်တော့ ထောင်ပိုင်ကြီး မစ္စတာမက္ကနန်းလည်း ရောက်နေသည်။ တပ်ကြပ်ကြီးဦးကြည်မောင်လည်း ရောက်နေသည်။ မောင်စောနိုင်၏မိဘများလည်း ရောက်နေပြီ။ ငိုယိုပူဆွေး သောကရောက်နေကြသည်။ ကျွန်ုပ် တပ်ကြပ်ကြီးဦးကြည်မောင်အား လက်ကုပ်ခေါ်ခဲ့ပြီး ဆေးရုံစင်္ကြံလမ်းရောက်မှ ...

"ဦးကြည်မောင် ...မောင်စောနိုင်ကို နှယ်နိုက်စွ ပြောပြီပြီလား"

"ပြောပြီးပြီဆရာ။ ကျွန်တော် တရားချပြီး အတွင်းဝက်ခြံဘက်သွားနေတုန်း အခုလိုဖြစ်တာပဲ။ ရဲဘက်ဘုတ်ကသိမ်းသွားတော့ သူတစ်ယောက်တည်းကျန်ခဲ့တာ"

"ရှိးမှ ရှိးရဲ့လားဗျာ"

ကျွန်ုပ် မှတ်ချက်ချရင်း စဉ်းစားနေမိသည်။ မတော်တဆလော၊ တမင်လုပ်ကြသွားခြင်းလော မျက်မြင်သက်သေမရှိ၍ ကာယကံရှင်မောင်စောနိုင်တစ်ယောက်သာ အတိအကျသိပေလိမ့်မည် ဖြစ်ပေသတည်း။

ထောင်မှူးကြီးသိန်းဝင်း

BURMESE CLASSIC
www.burmeseclassic.com